www.burmeseclassic.com

# သာဓု

BURMESE CLASSIC .com

## အာယုနှင့် မေမေလတ်

ဒုတိယအကြိမ်



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအကြိမ်
အုပ်ရေ – ၁၀၀၀
၂၀၀၀ – ဖြည့်နှစ်
တန်ဖိုး – ၂၇၅ – ကျပ်

| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၇၀၄/၂၀၀၀(၉) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ၆၈၅/၂၀၀၀ (၉) |
| အဖုံးပုံနှိပ် | ဦးကျော်စိန် (၀၂၉၀၉) |
| | ကျောက်စိမ်းအော့ဖ်ဆက် |
| | ၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | ဦးကြည်ထွေး (၀၆၃၆၆) |
| | စေရက်ရောင်စုံပုံနှိပ်တိုက် |
| | ၁၃/ဘီ၊ ၅၃–လမ်း၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဒေါ်ရွှေအိမ်(၀၁၂၉၉) |
| | တိုင်းလင်းစာပေ |
| | အမှတ် – ၃၊ အောင်သိဒ္ဓိလမ်း၊ |
| | အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | အော်ပီကျယ် |
| ကွန်ပျူတာစာစီ | သန်းသန်းရီ |

ပြည်လုံးကျွတ်ဖြန့်ချိရေး
ပဉ္စမြားမောက်စာပေ
အမှတ်–၁၆၈၊ ၃၃–လမ်း၊ ရန်ကုန်မြို့။
ဖုန်း – ၂၅၃၁၈၇

# အဘယု

“တော်ပါတော့ မေမေညွန့်ရဲ့ တော်ပါတော့ ယုယု အလိမ်းချင်ဘူး၊ သနပ်ခါး အလိမ်းချင်ဘူး”

ဖြူဖြူတုတ်တုတ် ပါးဆုပ်ဖောင်းဖောင်းနှင့် ချစ်စဖွယ်ကောင်းလှသော အသက်သုံးနှစ်ခန့်အရွယ် ကလေးငယ်သည် လက်တစ်ဖက်ကို ခပ်တင်းတင်းဆုပ်၍ ဆွဲထားသော မိန်းမရွယ်တစ်ယောက်၏ လက်ထဲမှ တလွန့်လွန့်နှင့် ရုန်းကန်ရင်း ဤသို့လျှင် ဗာတွတ်တွတ် ပြောနေသောကြောင့် ...

“ငြိမ်ငြိမ်နေစမ်း ငါခေါက်လိုက်မယ်”

ချော၍လှပြီး လှသလောက် ကျက်သရေရှိသည့် အသွင်ဆောင်နေသော အဆိုပါ မိန်းမရွယ်သည် ခပ်ဆောင့်ဆောင့်ကလေး ရုန်းနေသော ကလေးငယ်အား မျက်နှာထားနှင့် တစ်ချက်ခေါက်လိုက်၏။ သို့ခေါက်လိုက်သည့် စကားလုံးမှာ အနည်းငယ် ကြမ်းသလိုလို ရှိသော်လည်း သူ့မျက်နှာထားမှာမူ ထိုကလေးအတွက်ဆိုက

www.burmeseclassic.com

www.burmeseclassic.com

အသက်ငါးနှစ် အသင့်ရှိသကဲ့သို့သော ကြင်နာမှု အရိပ်အရောင် ရောင်ခြည် ဖွာလျက် သန်းခွဲ နေသည်သာ ဖြစ်၏။

"ကြည့်ပါလား ငါရိုက်မိလိမ့်မနော် အာယု"

လက်ဝဲလက်ဖြင့် ကလေးကို ကိုင်ထားပြီး လက်ျာလက်ဖြင့် သနပ်ခါးပွတ်လိမ်းပေးရင်း လက်တစ်ဖက် ရွယ်မြှောက်၍ ငေါက်မှ အာယုလည်း အရွန်းအကန် ရပ်သွားတော့၏။ သို့သော် အာယု၏ မျက်နှာကဲကား၊ မေမေညွန့်ဆိုသူကို ကြောက်ရွံ့သောကြောင့် သူ၏ ရုန်းကန်ဟစ်အော်မှုကို ရပ်လိုက်သည့် လက္ခဏာမျိုးမဟုတ်၊ ဟစ်စုံတစ်ရာကို အကြံယူနေသကဲ့သို့သော အသွင်ဖြင့် မှင်သေသေ ငြိမ်သက်သွားခြင်းသာ ဖြစ်၏။

"မေမေညွန့် ဒါ ဘာဖြစ်တာလဲဟင်"

အာယုသည် ဖောင်းအိဖြူဖွေးနေသော လက်ခုံကလေး တစ်ဖက်ကို ခပ်ကွေးကွေး ကောက်ပြရင်းက ဤသို့ မေးလိုက်၏။

"သောက်ကောင်လေး ဉာဏ်မများနဲ့နော်၊ ခြင်ကိုက်တာမှန်း သိရက်သားနဲ့"

အမှန်အားဖြင့်ဆိုလျှင် အာယုသည် မိမိကိုယ်၌ တစ်စုံတစ်ရာသော အဖုကလေးများ တွေ့ရလျှင် "ကြမ်းပိုးထိုးသွားတယ်"၊ "ခြင်ကိုက်တာ" စသဖြင့် တစ်ခုမဟုတ် တစ်ခုကိုကား ပြောတတ်သည်။ သိသည်သာ ဖြစ်ပါလျက် ယခုကဲ့သို့ စကားမရှိစကားရှာလိုက်သည်မှာ တမင်သက်သက် ဉာဏ်ဆင်ခြင်းသာ ဖြစ်၏။ ထိုသည်ကို သူ့ မေမေညွန့်ကလည်း အတပ်သိ၏။

မျက်နှာ၊ လက်၊ ရင်ပတ်နှင့် ပေါင်၊ ခြေသလုံး စသည်တို့ကို သနပ်ခါးရေကြဲ ခပ်ရွှဲရွှဲ ပွတ်လိမ်းနေသည်ကို အာယုသည် ငြိမ်သက်စွာပင် ခံနေသေး၏။ ကျောက်ပြင်ပေါ်တွင် သွေးထားသော သနပ်ခါးများ ကုန်သလောက် ရှိသွားသည်နှင့် မေမေညွန့်သည် အာယုကို ဆုပ်ကိုင်ထားရာမှ လွှတ်လိုက်ပြီး သနပ်ခါးတုံးကို နှုံကိုင်၍ သွေးနေပြန်၏။

သနပ်ခါး လိမ်းနေစဉ်က ခပ်ကားကား မြှောက်ထားသော လက်ကလေးနှစ်ဖက်ကို ပြန်ချရန် သတိမေ့နေဟန်သည့်အလား အာယုသည် ဖြူတုတ်သော လက်မောင်းကလေးနှစ်ဖက်ကို မြှောက်မ၍ ကွတတ ရပ်နေရာမှ ထိုမ,ထားသော လက်ကလေး နှစ်ဖက်ကို ဆတ်ခနဲ ချလိုက်၏။ ချိုင်းအိုးနှင့် လက်မောင်းနှစ်ဖက် စလုံးမှလည်း သနပ်ခါးလိမ်းပြီးစ ဖြစ်သည့်အတိုင်း စိုထိုင်းထိုင်းပင် ရှိနေသေးရာ သို့လက်နှစ်ဖက်ကို ချလိုက်သည်နှင့် "ချမ်း"သွားသောကြောင့်လားမသိ အာယုသည် လက်ကလေးနှစ်ဖက်ကို ဖြန့်းခနဲ ဖြန့်မလိုက်၏။ ဤသည့်အချိန်တွင် ဖြစ်ပေါ်လာသည့် အာယု၏ မျက်နှာထားမှာ တစ်မျိုးတစ်မည် ထူးခြားလာ၏။ တောင်, မြောက်လေးပါးကို မျက်လုံးကလေး ကစားရင်း သူ့မေမေညွန့်အား တစ်ချက် စိုက်ကြည့်လိုက်ပြီးမှ ချာခနဲ လှည့်၍ အခန်းထဲမှ ထွက်ပြေးတော့၏။

ထိုသို့ အပြုအမူမျိုးကို အမြဲတမ်းလုပ်တတ်သော အာယု၏ အကျင့်ကို သိပြီးဖြစ်သော သူ့မေမေညွန့်လည်း မျက်ခြေမပြတ် အကဲခတ်ရင်း သနပ်ခါးသွေးနေရာမှ အာယုလှည့်လိုက်သည်နှင့် သိမ်းဆွဲရန် ထလိုက်သည်တွင် ရင်ရှားထားသော ထမီက ရုတ်တရက် လျှောကျသွားသောကြောင့် ထမီပြင်ဝတ်နေသည်နှင့် အာယုလည်း လွတ်သွားတော့၏။

အာယုသည် သနပ်ခါး လိမ်းနေရာ အခန်းမှ သုတ်ခြေတင်၍ ပြေးထွက်လာပြီး မျက်နှာချင်းဆိုင် တံခါးပေါက်ထဲသို့ ခပ်သွက်



www.burmeseclassic.com

www.burmeseclassic.com

သွက်ကလေး စွပ်ဝင်သွားကာ အခန်းဒေါင့် တစ်နေရာရှိ ခုတင်အနီးသို့ အလောသုံးဆယ် ချဉ်းကပ်၍ ချထားသော ဇာခြင်ထောင်ကို ပျာပျာသလဲ ဆွဲမ,လိုက်၏။

"သား သား၊ ဘာဖြစ်လာသလဲ ဘာလဲ" ဦးခေါင်းတွင် လက်ကိုင်ပုဝါစီးထားသော ခုတင်ပေါ်မှ မိန်းမရွယ်သည် လှဲနေရာမှ ကမန်းကတန်း ထ,၍ ခြင်ထောင်တစ်ချမ်းကို မ,ကာ ခြင်ထောင်ချိုပ်တွင် ချိုပ်လိုက်ရင်းက ဤသို့ မေးလိုက်သည်နှင့်–

"ဒီမှာ ကြည့်ပါဦး မေမေကြည်ရယ်၊ ဒီမှာ ဒီမှာ၊ ယုယုကိုလေ ဟိုဟို ခြင်ဒေ ကိုက်သွားဒယ် မေမေကြည်ရဲ့"

ခုတင်ပေါ်တွင် ခြေတွဲလောင်းချ၍ အာယု၏ လက်မောင်းကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားသော မေမေကြည်အား အာယုသည် မျက်လုံးဝင်းဝင်းကလေးနှင့် စိုက်ကြည့်ကာ လက်ခုံကလေးကို ခနပြရင်း ပြောလိုက်သည်နှင့် မရှေးမနှောင်းပင် မေမေညွန့်ဆိုသူလည်း အခန်းထဲသို့ ရောက်လာ၏။

"အာယု နင် လှုပါးမဝနဲ့နော်၊ ဆွေးကလေး ဥာတာပါတေးနဲ့ လာခေါ်ပြတယ်၊ လာခဲ့ သနပ်ခါးဖြင့် ပြီးအောင် မလိမ်းရသေးဘူး"

ပြောပြောဆိုဆို မေမေညွန့်က အာယု လက်တစ်ဖက်ကို သွမ်းဆွဲလိုက်သည်တွင် အာယုလည်း ကိုယ်ကလေးကြဲ၍ နောက်သို့ ဆုတ်ရှောင်လိုက်၏။

"တော်ပြီ တော်ပြီ ယုယု, အလိမ်းချင်တော့ဘူး"

"ဘာ မလိမ်းချင်ဘူးလဲ လာခဲ့"

မေမေညွန့်ကဆွဲ အာယုက ရုန်းကန်နှင့် ဖြစ်နေစဉ်–

"မညွန့်မေ ညည်းကလေးသိပ်တာ သေသေချာချာမှ ခြင်တွေ ဘာတွေ ခါရဲ့လား၊ ကြည့်စမ်းကလေးလက်မှာ ခြင်ကိုက်ဖုတွေ"



ခုတင်ပေါ်မှ မိန်းမရွယ်သည် အာယု လက်တစ်ဖက်ကို ကိုင်ပြရင်းက ဤသို့ ပြောလိုက်သောကြောင့်–

"ခါတာပဲ မမရဲ့၊ တစ်ကောင်တစ်လေ ကျန်လို့ ကိုက်တာဖြစ်မှာပေါ့။ ဒီသောက်ကောင်လေးကို ရှည်တယ်၊ လာပြီးပြရသေးတယ်"

သို့လျှင် တစ်ဆက်တည်း ပြောရာမှ မညွန့်မေသည် အာယုအား လက်နှင့် ရွယ်လိုက်သဖြင့်–

"မလုပ်နဲ့နော်၊ ညည်းကလေးကို"

"ဟုတ်သားပဲ မမကလည်း ခပ်ပိုပို၊ ဒီခွေးကောင်ကလေးကလည်း ခပ်သဲသဲ"

"ဘာ သဲတာလဲ၊ ဘာပိုတာလဲ၊ ငါတစ်နေ့တစ်လေ နေထိုင်မကောင်းလို့ ကလေးဝေယျာဝစ္စ လုပ်မပေးနိုင်ရင် ဒီလိုပဲ၊ ခြင်ထောင်ထဲက ခြင်ကိုမှ ညည်းတို့ စင်အောင် မခါနိုင်ဘူး၊ ကြည့်စမ်း နည်းတဲ့ ခြင်ကိုက်ဖုကြီးလား"

မေမေကြည်ဆိုသူ၏ စကားဆုံးသည်နှင့် မညွန့်မေလည်း အာယုကို ဆတ်ခနဲ ကောက်ချီလိုက်ကာ–

"အင်း မမသားကို မမနေကောင်းမှပဲ စိတ်ရှည်လက်ရှည်လုပ်၊ ကျွန်မတော့ မလုပ်နိုင်ဘူး"

မဲ့ပြုံးကလေး ပြုံးကြည့်ရင်း ပြောပြောဆိုဆို ထွက်သွားသောကြောင့် မေမေကြည်တွင် "ကမြင်းမနော်"ဟူသော စကားလုံးကိုသာ အံထပ်ထပ်ရေရွတ်ရင်း ကျန်ရစ်ခဲ့၏။

◆

ရန်ကုန်အရှေ့ပိုင်း၊ ပုဇွန်တောင်ရပ်ကွက်၊ ရွှေဘုန်းပွင့်လမ်းရှိ တစ်ခုသော နှစ်ထပ်တိုက်ကလေးနှင့် မျက်နှာချင်းဆိုင် မြေကွက်လပ်

www.burmeseclassic.com

www.burmeseclassic.com

တွင် ဖြစ်သလိုဆောက်ထားသော တဲကလေးတစ်ခု အတွင်း၌ အလယ်အလတ် အရွယ်ဖြစ်သော ဖနီးမောင်နံ့တစ်စုံသည် ထမင်း လက်ဆုံစားရင်း စကားတွေ ဖောင်လျက် ရှိ၏။

"ကျွန်မတော့ ခက်တာပဲ ကိုအောင်ရွှေရယ်၊ ဒီကလေး ကိုယ်ဝန်ရှိမှ သဇျစ်သီး၊ ပန်းသီး၊ ထောပတ်၊ ဘီစကွတ်ဆိုတဲ့ အဖိုးတန်တွေသာ စားချင်စားချင်နေတော့တယ်၊ ဟင်းဆိုရင်လည်း ဝက်သား၊ ကြက်သားမှ စားချင်တယ်၊ ခု ငါးပိရည်နဲ့ ပဲပြုတ်ကြော် လောက် စားရတာတောင် တစ်နေ့ သုံးနပ်ကျတယ်၊ သဘောရှိသာ စားရမယ်ဆိုရင်တော့ အင်းတစ်နေ့ ငါးနပ်လောက် စားမိမလားပဲ"

ဖနီးသည် လုပ်သူက ဘူးရွက်ပြုတ်ကို ထမင်းထဲသို့ မြှုပ်နေရာမှ ဤသို့ ပြောလိုက်သည်နှင့် ကိုအောင်ရွှေတွင် ပါးစပ်ထဲသို့ သွင်းဟန်ပြုလိုက်သော ထမင်းလုပ်သည် မေးစေ့နားတွင် ရပ်တံ့ သွားရာမှာ–

"အို စားချင်တာပဲဟာ စားပေါ့ ပန်းဝါရယ်၊ မင့်ကို ဘယ်သူက မစားနဲ့ ပြောလို့လဲ၊ တစ်နေ့ ငါးနပ်မကလို့၊ ဆယ်နပ် စားတော့ကော ဘာဖြစ်သလဲ"

ကိုအောင်ရွှေသည် စကားကို အဆုံးသတ်ပြီးသည်နှင့် ထမင်းကို ပါးစပ်ထဲသို့ ခပ်သုတ်သုတ် သွင်းလိုက်၏။ မပန်းဝါ သည်လည်း သူ့ထမင်းထဲသို့ မြှုပ်ထားသော ဘူးရွက်ပြုတ်ပေါ်သို့ ငါးပိရည်ကြဲကြဲကို ခပ်ရွှဲရွှဲဆမ်းလိုက်ပြီးမှ–

"အင်း ရှင်ကတော့ စေတနာ တစ်ခွဲသားနဲ့ စားသာစား ဆိုပေမယ့်လည်း ကျွန်မမှာက နေ့ဖို့ ညစာ ကြည့်ရသေးတယ်၊ ရှင့်ဝင်ငွေက မှန်တာမဟုတ်ဘူး။ အင်မတန် ကံကောင်းတဲ့နေ့ ငါးကျပ်ရပေမယ့်၊ တစ်ခါတစ်လေလည်း တစ်ပြားမှ မရဘူး



ဘုတ်လား၊ ဒီကြားထဲ ဆိုက်ကားရှင်ကိုပေးဖို့မှ လောက်အောင် ရတဲ့အခါ အိမ်က စိုက်ရသေးတယ်။ ဒီတော့ ကျွန်မ စားချင်တိုင်း အရမ်းကာရော စားပစ်လို့ ဘယ်ဖြစ်ပါ့မလဲ ကိုအောင်ရွှေရယ်"

မပန်းဝါ ဤသို့ ပြောလိုက်မှပင် ကိုအောင်ရွှေလည်း မိမိ တို့၏ ချို့တဲ့လှသော ဘဝကို သတိထားမိလာတော့၏။ တစ်နေကုန် တစ်နေခမ်း ပင်ပန်းတကြီး ဆိုက်ကားနင်းနိုင်မှ ကိုအောင်ရွှေမှာ ၃–ကျပ်မှ ၆–ကျပ်လောက်အထိ ရ၏။ ထိုအထဲမှ ဆိုက်ကားရှင်အား ငှားခ ၂–ကျပ် ပေးရသဖြင့် သူ့အတွက် သက်သက်မှာမူ တစ်နေ့ ၂–ကျပ်မှ ၄–ကျပ်မျှသာဖြစ်၏။ တစ်ခါတစ်ရံတွင်မူ ဆိုက်ကားရှင် အား ငှားခ ၂–ကျပ်ပေးလောက်အောင်ပင် မရရှာသောကြောင့် အိမ်မှ စိုက်ပေးရသည်မှာလည်း ရှိသေး၏။

ယင်းသည့် ဝင်ငွေ၊ ထွက်ငွေ စာရင်းကို မူလက ကိုအောင်ရွှေ လည်း မစဉ်းစားမိ၊ ဂရုလည်း မစိုက်ခဲ့ပေ။ ရသမျှငွေကို မပန်းဝါ လက်ထဲသို့ ထည့်လိုက်ခြင်းသည်သာလျှင် သူ့ဝတ္တရား၊ စားဖို့၊ သောက်ဖို့ကိစ္စသည် မပန်းဝါ၏ တာဝန်ဟု သဘောထားခဲ့ကာ တစ်နေ့တစ်လေ ဝင်ငွေနည်းသဖြင့် ဆိုက်ကားရှင်ကို စိုက်ပေးရမည့် ရှိသည့်အခါတွင်သာ "ပိုက်ဆံရှိရင် တစ်ကျပ်လောက်ပေးပါဦး၊ ဒီနေ့ မဟန်ဘူး"ဟု ပြောဆိုတောင်းရမ်း တတ်သည်မှအပ၊ ကိုအောင်ရွှေ ဘာမှ မစဉ်းစားမိ၊ ဝင်ငွေ၊ ထွက်ငွေ မျှ၊မမျှလည်း သူမသိခဲ့ဘဲ ယခု မပန်းဝါ ညည်းညည်းညူညူ ပြောလိုက်မှပင် သူတို့၏ ဝင်ငွေကို စိတ်ဝင်စားလာတော့၏၊ တွေးလာ၏၊ ဆေးလာ၏။ ဆေးရာ တွေးရာမှလည်း ခါတိုင်းထက် ပို၍ ကြိုးစား နင်းရန် စိတ်ပိုင်းဖြတ်လိုက်၏။

www.burmeseclassic.com

"ဟုတ်တယ်မှတ်လား ကိုအောင်ရွှေ၊ ခုဆိုရင် ကျွန်မတို့မှာ စားဖို့၊ သောက်ဖို့လောက်သာ မဟုတ်တော့ဘူး၊ မီးဖွားစရိတ်၊ အနီးဝယ်ဖို့နဲ့ နနွင်းမှုန့်ဖိုးကအစ၊ တိုတိုထွာထွာ ပစ္စည်းတွေဝယ်ဖို့ ငွေလိုလာပြီ။ အဲဒီတော့ ရှင်ရတဲ့ ပိုက်ဆံထဲက ခုပြောတဲ့ မီးနေစရိတ်ကလေး ရအောင်လည်း ဖဲ့ပြီး စုရသေးတော့ ဘယ်မှာ ကိုယ်စားချင်တိုင်း စားလို့ ဖြစ်မလဲ၊ ခုတလော ၅-ရက်တစ်ကြိမ်လောက်မှ ရှင့်ကို ဆီပြန်ဟင်းကလေး တစ်ခွက်လောက် ချက်မကျွေးနိုင်တာတောင် ကျွန်မဖြင့် ဝမ်းနည်းလို့ မဆုံးဘူး"

မပန်းဝါသည် သို့ပြောရင်းကပင် ကိုအောင်ရွှေအား ကရုဏာမကင်းသည့် မျက်နှာဖြင့် ဝမ်းနည်းစွာ ငေးကြည့်နေ၏။ အမှန်စင်စစ် ကိုအောင်ရွှေလောက် အေးသော လင်ယောက်ျားမျိုးကို အခြားသော အိမ်ထောင်စုတွေထဲ၌ မပန်းဝါ မတွေ့ဘူးသလောက်ပင် ရှားလှတော့၏။ ကိုအောင်ရွှေကား တစ်ခါတစ်ရံ ရုပ်ရှင်ကြည့်တတ်သည်မှအပ အခြား ပျော်ပါးမှုများ လုံးဝ ကင်းစင်သူဖြစ်သည်သာမက စားရေး၊ သောက်ရေးနှင့် ပတ်သက်၍လည်း ဇီဇာကျယ်သူမဟုတ်၊ မပန်းဝါ ချက်ပြုတ်ကျွေးသမျှသော ဟင်းနှင့် မငြိုမငြင် စားတတ်သည်သာဖြစ်လျက် ယခု မပန်းဝါ ထုတ်ပြောမှသာ မိမိ ဆီပြန်ဟင်းနှင့် ကင်းဝေးခဲ့သည်၏ အဖြစ်ကို စဉ်းစားမိတော့၏။

"ဆီပြန်ပြန် မပြန်ပြန် ဗိုက်ထဲရောက်ရင် ပြီးတာပါပဲကွာ၊ ကဲ ပန်းဝါ မင်းစားချင်တဲ့စိတ် ရှိရင်တော့ဖြင့် စားပါကွာ၊ ငါလည်း နက်ဖြန်ကစပြီး ဆိုက်ကားကို ကြိုးစားပြီး နင်းတော့မယ်၊ တစ်နေ့ တစ်ကျပ်ဖိုးလောက် ပိုစားရရင် မင်းမကျေနပ်ဘူးလား"

"တစ်နေ့ တစ်ကျပ်ဖိုးလောက်"



မပန်းဝါသည် ဤသို့လျှင် ဝမ်းထဲမှ ရေရွတ်လိုက်၏။ လွန်ခဲ့သော ၃-ရက်လောက်က သိမ်ကြီးဈေးသို့ ရောက်စဉ် သူချင်ခြင်းတပ်ခဲ့သော သဗျက်နိုင်ကြီးများကို မြင်လိုက်ရသည်နှင့် စိုစိုတင်းတင်း စိမ်းလဲ့လဲ့ဝင်းနေသော သဗျက်နိုင်ကြီးကို မရဲတရဲ ကိုင်ကြည့်ရင်း ဈေးနှုန်းကို စုံစမ်းမိ၏။

"တစ်ပိဿာ ၁၅-ကျပ်"

ထိုအသံကြားသည်နှင့် မပန်းဝါမှာ ပျာပျာသလဲ နောက်ဆုတ်ခဲ့ရတော့၏။ ယခု သူစားချင်နေသည်ကား သဗျက်သီး၊ ပန်းသီး၊ သောပတ် အစရှိသော အဖိုးတန် အစားအစာများဖြစ်၏။ တစ်ခါတစ်ရံ ယိုတစ်မျိုးနှင့် ဥာပနာထားသည့် နှစ်ထပ်ကိတ်မုန့်ကလေးများကိုပင် ကြုံကြုံဖန်ဖန် စားချင်သည့်စိတ် ပေါ်လာတတ်သေး၏။ သို့သော် မပန်းဝါမှာ အခြေအနေအရ နောက်ဆုံး၌ ထမင်းကြမ်းပိုးပိရည်ဖြင့်သာ နိဂုံးချုပ်ရရှာ၏။

သို့လျှင် တောင်တောင်ဤဤလို အစီအရီတွေးရင်း ငိုင်နေရာမှ တစ်စုံတစ်ရာ ပြောတော့မည့် ဟန်ဖြင့် မော့ကြည့်လိုက်သည်၌ ကိုအောင်ရွှေမှာ အနီးတွင် မရှိတော့ဘဲ တဲရှေ့တံခါးပေါက်တွင် ထိုးရပ်ထားသော ဆိုက်ကားကို အဝတ်စုတ်ဖြင့် ပွတ်တိုက်နေသည်ကို တွေ့ရ၏။

နံနက် နေထွက်ချိန်မှသည် ညနေ နေဝင်ချိန်အထိ ဈေးတလုံးလုံးဖြင့် တကုန်းကုန်း ဆိုက်ကားနင်းရရှာသော ကိုအောင်ရွှေ၏ ကြိုးပမ်းမှုကို မပန်းဝါသိ၏၊ သနား၏၊ ရင်ထုမနာ ဖြစ်မိ၏။ သို့သော်လည်း သူဘာမှ မတတ်နိုင်၊ ကိုအောင်ရွှေလို ပညာမဲ့ယောက်ျားတစ်ယောက်အဖို့ ထို့ထက် သက်သာသော အလုပ်သည်မရှိ။ ကြိုးစားသည့်တိုင်အောင် ထိုမျှ ဝင်ငွေကောင်းမည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော ၆–လခန့်ကဆိုလျှင် သိမ်ကြီးဈေး လက်ဖက်ဆိုင်မှ "ချင်း"အငှားလိုးခြင်းကြောင့် မပန်းဝါတွင် တစ်နေ့ သုံးမတ်၊ တစ်ကျပ် ဝင်သေး၏။ ယခုသော်ကား ရင့်မာရုံသာမက ကလေးသွားလွန်းသဖြင့် ကားထွက်နေသော သူ့ကိုယ်ဝန်ကြောင့် နာရီဝက်ပြည့်အောင်ပင် မထိုင်နိုင်ရှာဘဲ လှဲ၍ချည့် နေရသည်နှင့် ဝင်နေကျနေ့တွက်ကလေးပင် ပိတ်သွားပြန်တော့၏။

သို့လျှင် တောင်မြောက်လေးပါးကို မဟားတရားတွေးရင်းနှင့်ပင် ပန်းကန့်ခွက်ယောက်များ ဆေးကြောသိမ်းဆည်းပြီးသွားသည်နှင့် ကိုအောင်ရွှေရှိရာသို့ လျှောက်လာကာ အကြင်နာကြီးလှသော မျက်လုံးများဖြင့် ငေးကြည့်နေ၏။

"ဒီမှာ ကိုအောင်ရွှေ သိပ်အပင်ပန်းခံပြီးတော့လည်း ညဘက်ပါ ဆက်နင်းမနေနဲ့ဦးနော်"

လင်သည်၏ ပင်ပန်းမှုကို မရှုစိမ့်နိုင်သော ဇနီးကောင်းပီပီ မကြည်မလင် ပြောလိုက်သည်၌ ကိုအောင်ရွှေသည် ပျာပျာသလဲပင် မော်ကြည့်ရာမှ–

"အေးပါကွယ်"ဟူသော စကားမျှသာ ခပ်ချိုချိုကလေး ပြောလိုက်ပြီး ဆိုက်ကားကို တွန်းဆုတ်၍ ခပ်သုတ်သုတ် နင်းထွက်သွားလေ၏။

"ငါမေ့လို့ ပြောမိတယ်"

အသံကလေးများပင်ထွက်အောင် ရေရွတ်မိသော မပန်းဝါသည် တပေါင်း၊ တန်ခူး နေရှိန်အောက်တွင် တရွေ့ရွေ့ သွားနေသော ဆိုက်ကားပေါ်မှ ကိုအောင်ရွှေ၏ နောက်ပိုင်းကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့၏။



ခါတိုင်းဆိုလျှင် ၅–နာရီထက် နောက်မကျဘဲ ပြန်လာလေ့ရှိသော ကိုအောင်ရွှေသည် ယနေ့အဖို့ ည ၁–နာရီလောက်တွင်မှ ပေါက်လာသဖြင့် တစောင့်စောင့်နှင့် မျှော်နေရရှာသူ မပန်းဝါသည် မျက်ရည်လည်ရွဲနှင့် ဝမ်းပန်းတနဲ ကြိုဆိုလိုက်ရင်းက တစ်စုံတစ်ရာ ပြောတော့မည် ပြုစဉ် ကိုအောင်ရွှေလည်း အပြေးအလွှား ခုန်တက်လာရင်းက–

"ရော့ ရော့ ပန်းဝါ မင်းဖို့ လသာလမ်းထိပ်ကလေ အယုံခေါက်ဆွဲ ဝယ်လာတယ်၊ အင့် ဒီနေ့ ငါညပါ ဆက်နင်းလိုက်တာ ခြောက်ကျပ်နဲ့ သုံးမူး ရတယ်"

ကိုအောင်ရွှေသည် နမူ့ဆံစပ်နှင့် နှုတ်ခမ်းပေါ်တွင် ရွှဲသီးနေသော ချွေးများကို သုတ်ပေးရင်း ဤသို့လျှင် ဝမ်းသာအယ်လဲ ပြောကာ ခေါက်ဆွဲထုပ်ကို လှမ်းပေးနေသည့်တိုင်အောင် မပန်းဝါသည် ရုတ်တရက် လှမ်းမယူမိသေးဘဲ ကိုအောင်ရွှေကိုသာလျှင် ငေးကြည့်နေဆဲမှပင် ဝဲနေသော မျက်ရည်သည် တတွေတွေ ယိုစီးလာလေတော့၏။

"ဟင် ပန်းဝါ ဘာဖြစ်တာလဲကွယ်၊ ငါအပင်ပန်းခံခဲ့ရသမျှတွေ အလကားဖြစ်ကုန်အောင် မင်းလုပ်လိုက်တာပဲ ဒါ"

ကိုအောင်ရွှေသည် ခေါက်ဆွဲထုပ်ကို ဘုရားစင်အောက်ရှိ အင်းရှူးသေတ္တာပေါ်သို့ တင်လိုက်ကာ မပန်းဝါ၏ ပခုံးကလေးနှစ်ဖက်ကို ယုယုယယ ညှစ်ကိုင်၍ အသာအယာ ထိုင်စေပြီးမှ–

"ဘာဖြစ်လို့ ငိုနေတာလဲ ပန်းဝါရယ်၊ ငါကတော့ ခါတိုင်းထက် ပိုက်ဆံပိုရလာလို့ ပျော်နေတယ်၊ အိမ်ပြန်ရောက်တဲ့အခါကျတော့ ပျော်ရဦးမှာပဲဆိုပြီး အထင်ကြီးနဲ့ သုတ်ခြေတင်လာခဲ့တာ၊ မင်းက ဒီလိုလုပ်တော့ ဘယ်ကောင်းမလဲ၊ ကဲ ဒီနေ့ ခြောက်ကျပ်နဲ့ သုံးမူးတောင်ရလာတယ်၊ မင်း ဝမ်းမသာဘူးလား ပန်းဝါ"

www.burmeseclassic.com



ကိုအောင်ရွှေ စကားဆုံးသည်နှင့် မပန်းဝါသည် ဘယ်ညာ လက်နှစ်ဖက်ကြွေး၍ မျက်ရည်သုတ်လိုက်ပြီးမှ–

"ဝမ်းတော့ သာပါတယ် ကိုအောင်ရွှေရယ်၊ ဒါပေမယ့် အဲဒီ ဝမ်းသာတာထက် ဝမ်းနည်းတာက ပိုလို့ ငိုမိတာပါ"

"အိုကွာ"

"မဟုတ်ဘူး ကိုအောင်ရွှေ၊ သက်သက်သာသာနဲ့ ဈေးထိုင် ရောင်းလို့၊ ဒါမှမဟုတ် လူမပင်ပန်းဘဲ ငွေပိုရလို့ ဆိုရင်တော့ ဝမ်းသာစရာပါပဲ၊ ခုဟာက 'ရှင် ကျွဲလို နွားလို' ချွေးတလုံးလုံး နဲ့ ရုန်းကန်ပြီးမှ ပိုရတဲ့ ငွေမို့ ပန်းဝါ မစားရက်ဘူး၊ ရှင် ဒီလိုသာ နေ့စဉ် လုပ်နေရင်တော့ ကျွန်မ စိတ်ထိခိုက်တာနဲ့ပဲ"

"အေး အေး တော်တော့၊ တိတ်တော့၊ နက်ဖြန် ငါစောစော ပြန်မယ်၊ သွား ပန်းကန်ယူချေ၊ ခေါက်ဆွဲ စားရအောင်"

ချော့သူကချော့ ငိုသူကငို၊ မစိုမပြေနှင့် အခြေအနေမှာ ဆားအမြင်အားဖြင့် စိတ်မကောင်းစရာပင် ဖြစ်သော်လည်း ကာယကံ ရှင်များအဖို့သော်ကား ကြင်နာမှု၊ ယုယမှု သနားညှာဟူသော တောတောင် အထပ်ထပ်မှ တလိမ့်လိမ့် စိမ့်ဆင်းလာသည့် စမ်းရေယဉ်နှင့် ပမာတူသော မျက်ရည်မျိုးဖြစ်သည့်အတိုင်းသို့ ငိုရယ်ရခြင်းသည်ပင် အရသာ အဆိမ့်အအိမ့်သဖွယ် တမြိန်မြိန် ကြည်နူးသွားသည်သာ ဖြစ်၏။

ထိုနေ့မှစ၍ နေ့စဉ်ရက်ဆက် ညဉ့်နက်အောင် မနင်းနိုင်တော့ သည့်တိုင်အောင် တစ်ရက်ခြား၊ နှစ်ရက်ခြား ဆိုသလိုကား သန်းခေါင်ကျော်မှချည့် ပြန်လေ့ရှိလေ၏။ ကိုအောင်ရွှေ ဤသို့ ညဉ့်နက်သန်းခေါင်အထိ နင်းသည်မှာ အမှန်စင်စစ် မပန်းဝါ အတွက်ပင် ဖြစ်သော်လည်း သူစိတ်မကောင်းဖြစ်မည်စိုးသည်နှင့်



မျိုးသော ဆင်ခြေတွေပေးကာ "ဘီးပေါက်လို့၊ စပုတ်တိုင် လို့၊ လမ်းသရဲတွေ အရက်မူးပြီး ဟိုနင်းခိုင်း သည်နင်းခိုင်းနဲ့ လွှတ်လိုက်တယ်"စသည်တို့ဖြင့် နှစ်သိမ့်စေခဲ့လေ၏။

ကိုအောင်ရွှေသည် ဇနီးသည် မပန်းဝါအား ချစ်သည်နှင့်အမျှ တိုင်းထက်ပို၍ အပင်ပန်းခံ၏၊ မည်မျှဝေးသော ခရီးပင်ဖြစ်စေ ငြျလိုက်၏၊ မည်မျှလေးသော ကုန်ပင်ဖြစ်စေ ဆိုက်ကားသာ လျှင် ချွေးအဖြိုင်ဖြိုင် အကျခံ၍ နင်း၏။ တကယ်ချစ်သော အတွက် တကယ် အပင်ပန်းခံ၏။

မပန်းဝါသည်လည်း လင်သည် ကိုအောင်ရွှေကို ချစ်ရာ၌ နှစ်ကာကာ ရှိလှသလောက်၊ ကိုအောင်ရွှေ ပင်ပန်းမည်ကို မိ၏။ မလွဲသာလွန်း၍သာ ကြည့်နေရသည်။ စွင်စစ် ကိုအောင်ရွှေ ကားနင်းရသည်ကိုပင် မပန်းဝါ မရှုစိမ့်နိုင်၊ ထို့ကြောင့်လည်း အတွက် ပို၍ အပင်ပန်းမခံစေလို အချိန်ပို နင်းသည်ကို ကျုနပ်၊ သဘောမတူ။

ယင်းသည့် စေတနာကို အသေအချာ သဘောပေါက်လေ အောင်ရွှေ၏ အချစ်သည် မပန်းဝါအပေါ်၌ ဖွံ့ဖြိုးလေ ဖြစ်လေ ကာ အသက်ရှူမှားမတတ်မော၍ တပေါ့ပေါ့ အပင်ပန်းခံ၍ စားခဲ့သည်။

"ပန်းဝါ မင်းကို ငါချစ်လွန်းလို့လေ ချစ်လွန်းလို့၊ မင်း ချင်တယ်ဆိုတဲ့ သဖျစ်သီးဖိုးကလေး ရအောင် ကြိုးစားလိုက်တာ ၇–ကျပ် ရခဲ့တယ်"

ဤလို အနှစ်သာရနှင့် ပြည့်စုံသော စကားလုံးကလေးများကို ပန်းဝါနှင့် မျက်နှာချင်းဆိုင်၍ ပြောလိုက်ချင်သည်၊ သာယာလိုက် ချင်သည်၊ ကြည်နူးလိုက်ချင်သည်။ မည်၍မည်မျှ ချစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သက်သေတင်ပြလိုက်ချင်သည်။ သို့သော် ချစ်ဇနီးသည် မပန်းဝ စိတ်မကောင်းဖြစ်မည်စိုး၍ မပြောရက်၊ မပြောဝံ့၊ သူ့အတွက် အပင်ပန်းခံခဲ့သည်ကိုပင် သူသိလျှင် ကန့်ကွက်မည်စိုးသောကြော သူ့အတွက်ပင် ကြိတ်မှိတ်၍ အပင်ပန်းခံခဲ့၏။ သူ မရိပ်မိအောင်ပ သူ့အတွက် အပင်ပန်းခံခြင်း မဟုတ်သယောင်ယောင် ဟန်ဆော ခဲ့ရ၏။ ကိုအောင်ရွှေတို့ အချစ်ကား ထိုမျှထိအောင် နက် ဆန်းကြယ်နေတော့၏။

◆

နေလုံး မပျောက်တပျောက် တိမ်နီရောင်ကလေး တောက် သည့် တစ်နေ့သော ညနေစောင်းအချိန်ဝယ် အပြာနရော ပေါ်ပလင်အင်္ကျီကလေးကို နက်ပြာရောင်ခံ အဖြူလုံးဖော် လင်မ လုံချည်နှင့် အထက်အောက် ပဏာရ၊ အဆင်ပြေအောင် ဝတ်လ သနပ်ခါး ရေကြဲကလေးပွတ်ကာ တဲရှေ့ ခုံတန်းကလေးပေါ်တ ခပ်မှိုမှိုထိုင်နေသော မပန်းဝါသည် အလွှန့်အလွှန် ကြည်နူးနေသေ တွေးကွက်တစ်ခုတွင် လေးနက်စွာ စဉ်းစားနေသကဲ့သို့ သူ့မျက် ကလေးမှာ သာသာယာယာကလေး မြူးနေတော့၏။

*ဆင်းရဲခြင်း၊ ချမ်းသာခြင်းနှင့် အနေအထိုင် သန့်ပြ* သပ်ရပ်ခြင်းသည် မည်သို့မျှ မသက်ဆိုင်ကြောင်းကိုလည်း မပန် သည် အကောင်အထည် ဖော်၍ သရုပ်ပေါ်အောင် ပြနေသည် တူလှတော့၏။ အကယ်၍ မပန်းဝါသည်သာ ဤတဲကလေးရှေ့ မဟုတ်ဘဲ၊ မျက်နှာချင်းဆိုင် နှစ်ထပ်တိုက် ဝရံတာကလေး ရပ်နေမည်ဆိုပါက အကြောင်းစစ်မြစ်ကို မသိသူများသည် မပန် အား ရင့်ကျက်တည်ငြိမ် ဣန္ဒြေရရနှင့် ကျက်သရေရှိလှ

အထက်တန်းစား တစ်ယောက်ဟူ၍ မှတ်ချက်ချမည်သာမက၊ မပန်းဝါ၏ အရှိန်ကြောင့် ထိုတိုက်ကလေးသည်ပင် ယခင်ကထက် ပို၍ တည်ဝါခန့်ငြားလာသယောင် ထင်မိကြပေးလိမ့်မည်။

ရွှေဘုန်းပွင့်လမ်းတစ်လျှောက် ဖြတ်လျှောက်သွားလာနေသူ ဖိုပျိုအိုအို၊ ယောကျာ်း၊ မိန်းမတိုင်းအဖို့ မပန်းဝါသည် ကျက်သရေ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသော ရှုမျှော်ခင်းသဖွယ် ကြည့်ရှုကြည်နူး ခြင်းကို ခံနေရလေ၏။ မပန်းဝါနှင့် မျက်စေ့ချင်းဆုံမိသူတိုင်းသည် လည်း၊ သိသူရော၊ မသိသူပါ နှစ်နှစ်ကာကာ ပြုံး၍ နှုတ်ဆက်သွား သည်သာ ဖြစ်၏။

မပန်းဝါသည် အထိုင်ကြာ၍ ညောင်းလာလေသလော မပြောတတ်၊ ရုတ်တရက် ထ,ရပ်ကာ တဲရှေ့ မြေပိုကွက်လပ်ကလေး တွင်ပင် ထိုမှ ဤသို့ ခပ်ရှိ့ရှိ့လျှောက်နေလေ၏။ ထိုအခိုက်တွင် မျက်နှာချင်းဆိုင် တိုက်ကလေး အောက်ထပ်မှ အသက်သုံးဆယ် လောက်သာ ရှိလိမ့်ဦးမည်ထင်ရသော မိန်းမရွယ်တစ်ယောက် သံဆွဲတံခါးကို လှတစ်ကိုယ်စာ လှတ်သာရုံဖြဲ၍ ထွက်လာကာ မပန်းဝါဆီသို့ မျက်စေ့စိုက်ရင်း လျှောက်လာ၏။

"ဟော့ မဗိုက်၊ လင်တော်မောင် ပြန်မလာသေးဘူးလား"

တိုက်ကလေးမှ ထွက်လာသူလည်း မပန်းဝါအနီးသို့ ရောက် သည်နှင့် ရင်းရင်းနှီးနှီး မေးလိုက်သည်တွင်မှ မပန်းဝါလည်း သူ့အတွေးနှင့်သူ ယဉ်နေသော စိတ်ကူးကလေး ပျောက်လွင့်သွား တော့ကာ ပျာပျာသလဲ လှည့်ကြည့်လိုက်၏။

"အော် မညွန့်မေ လာလာ ဟိုမှာ ထိုင်ချည်ရအောင်"

မပန်းဝါသည် ပြောပြောဆိုဆိုပင် စောစောက သူထိုင်ခဲ့သည့် ခုံတန်းရှည်ကလေးဆီသို့ ရှေ့ဆောင်လျှောက်လာခဲ့၍ နှစ်ယောက် သားလုံး နေသားတကျ ထိုင်မိကြသည်တွင်—

www.burmeseclassic.com

www.burmeseclassic.com



"ဒီ မပန်းဝါ မွေးရင်လည်း မွေးပါတော့ ကျွန်မလည်း ခေါင်းကျိန်းလှပြီ၊ အိမ်က ကိုစောဝင်းကဖြင့် သူကလေးရှူးရှူးနေတိုင်း ကျွန်မကိုချည့် ရန်ထောင်နေတော့တာပဲ"

ညွှန့်မေ စကားဆုံးသည်နှင့် မပန်းဝါက ဖြူဖြူဖွေးဖွေးနှင့် ညီညာစွာ ချောင်ချေပြေးနေသော သွားကလေးများ ပေါ်လာသည်အထိ သဘောကျသလို ပြုံးလိုက်၏။

"ဘာရယ်တာလဲ ကျွန်မကဖြင့် ထွက်ပြေးချင်လာပြီ အဟုတ်ပဲ၊ (ဒီတစ်သက်မှာ ညွှန့် မွေးတဲ့ ကလေး ချီရလိမ့်မယ်လို့ ကိုယ် မမျှော်လင့်တော့ဘူး)ဆိုပြီး သူလက်လျှော့နေခဲ့လို့ နားအေးနေတာ ဟော အခု မပန်းဝါ ကိုယ်ဝန်ရှိလာတာလည်း မြင်ရော (ညွှန့်ရေ မပန်းဝါ မွေးရင်တော့ ကိုယ်တို့ ချီရမှာပဲနော်)ဆိုတဲ့ စကား နေ့ရှိသလောက် ပြောပြီး အခြောက်တိုက် အူမြူးနေတော့တာပဲ မပန်းဝါ၊ ကိုစောဝင်းဟာ ဘယ်လောက်များ ကလေးလိုချင်သလဲလို့"

မညွှန့်မေသည် ပဋိသန္ဓေကိန်းအောင်းရာ မပန်းဝါ၏ ခန္ဓာကိုယ် အလယ်ပိုင်းဆီသို့ အားကျသလို ကြည့်ကာ ကြည့်ကာဖြင့် ဤသို့ ပြောလိုက်သောကြောင့် -

"ဒါဖြင့်လည်း မညွှန့်မေရယ်၊ တစ်ယောက်လောက်ဖြစ်ဖြစ် မွေးပေးလိုက်ရောပေါ့တဲ့"

"အမလေး ကျွန်မ တစ်ယောက်မဟုတ်ဘူး တစ်ဒါဇင်လောက်တောင် မွေးပေးလိုက်ချင်သေးတယ် မပန်းဝါ ဒါပေမယ့်"

မညွှန့်မေသည် စကားကို ရုတ်တရက် ဆက်မပြောသေးဘဲ ဟိုဟိုဒီဒီ မျက်လုံးကစားလိုက်ပြီးမှ မပန်းဝါ၏ နားဆီသို့ ကပ်၍ တိုးတိုး၊ တိုးတိုးနှင့် ဘာဘယ်လို ပြောလိုက်သည်မသိ၊ နှစ်ယောက်စလုံး ဝါးခနဲ ပွဲကျသွားသည်ကိုသာ တွေ့လိုက်ရတော့၏။



"ကိုစောဝင်းတော့ဖြင့် ဘယ်လိုများ ဖြစ်နေတယ် မပြောတတ်ဘူး မပန်းဝါရယ်၊ ဟိုတလောတုန်းကတော့ (မပန်းဝါ မွေးရင် ကလေးကို ကိုယ်တို့ခေါ်ထားပြီး ညညကျမှ ပြန်ပို့ရရင် မကောင်းဘူးလား) ဆိုတာကတစ်မျိုး၊ (တစ်ခါတည်း အပိုင်ပေးမယ်ဆိုရင်လည်း အမွေစားအမွေခံ မွေးစားလိုက်မယ်)ဆိုတာက တစ်မျိုး နေ့ရှိသလောက် ဒါပဲ ပြောနေတော့တယ်"

မညွှန့်မေ စိတ်ပါလက်ပါ ပြောနေသလောက် မပန်းဝါသည်လည်း အလွန့်အလွန် ကျေနပ်ဝမ်းမြောက်နေသော မျက်နှာထားဖြင့် ရွှံးရွှံးစိုက်စိုက် နားစွင့်နေ၏။

မညွှန့်မေမှာ လယ်မြေဧက တစ်ထောင်ကျော်အပြင် ဆန်စက် ၂-လုံးကိုပါ ပိုင်ဆိုင်နေသော သူဌေးတစ်စုံ၏ ဒုတိယသမီးဖြစ်လျက်၊ မညွှန့်မေ၏ ခင်ပွန်းသည် ကိုစောဝင်းဆိုသူမှာလည်း အတွင်းဝန်တစ်ယောက်ဖြစ်နေသောကြောင့်၊ လောကတွင် လိုလေသေးမရှိသော ဥစ္စာအပေါင်းနှင့် ပြည့်စုံနေသည်ဖြစ်ရာ ထိုမည်သော ငွေရှင်ကြေးရှင်၊ ဥစ္စာကြီးရှင်များဖြစ်သည့် ကိုစောဝင်း-မညွှန့်မေတို့က အောက်တန်းစား ကျောမွဲမျှသာ ဖြစ်သော ဆိုက်ကားသမားတစ်ယောက်၏ ကလေးအတွက် ဤမျှ အရေးတယူ ပြောဆို စိတ်ဝင်စားရုံသာမက သေးဘဲ အပိုင်ပေးလျှင်ပင် မွေးစားဦးမည် ပြောနေပြန်သည်ဖြစ်ရာ၊ အဘယ်မျှလျှင် မပန်းဝါသည် ဝမ်းမြောက် ရွှင်မြူးမကြည်နူးဘဲ နေနိုင်ပါတော့အံ့နည်း။

"ရှင်လည်း သိသင့်သလောက် သိမှာပေါ့၊ ကိုစောဝင်းက တစ်မျိုးပဲ၊ ကလေးရူးသာ ရူးနေတယ်၊ မျက်နှာကြီး အသိမိတ်ဆွေတွေရဲ့ ကလေးတွေကြတော့ ယောင်လို့တောင် ချီတာမဟုတ်ဘူး။ တော့ ရှင့်ကလေးသာ ဘယ်ဆီနေမှန်း မသိသေးတယ်၊ သူကတော့

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုမျှား ဖြစ်နေတယ် မပြောတတ်ဘူး။ အင်း တော်တော့ကို နာအောင် မသန့်ပါ။ ပြီး ရှင်တို့ လင်မယားကိုလည်း သူ့အတော် ခင်မှာတယ်"

အမှောက်တောင်ဒေါင့်ဆီမှ ခပ်ပြင်းပြင်းကလေး တိုက်ခတ်သော လေထုသည် မညွန့်မေ၏ မျက်နှာတစ်ဝိုက် ဖော့ရမ်းသွားသောကြောင့် ဖရိုဖရဲ ဝဲ,ကျလာသော ဆံနုနုကလေးများ နဖူးပေါ်တွင် ပြန့်ကြဲသည်နှင့် မညွန့်မေလည်း သူ့လက်ဖဝါးနုနုကလေးဖြင့် စုဘ်သပ် ပင့်တင်လိုက်လေ၏။

"ဟုတ်ကဲ့ ကျွန်မတို့လည်း သိပါတယ် မညွန့်မေ"

"အတွင်းဝန်နှင့် ဆိုက်ကားသမားဆိုတာ အဆင့်အတန်းချင်း မယှဉ်သာအောင် ကွာခြားပေမယ့် ကိုစောဝင်းတစ်ယောက်ဟာဖြင့် ကျွန်မတို့ကို တန်းတူထားပြီး တွေ့တဲ့နေရာမှာ ခေါ်ခေါ်ပြောပြောနဲ့ အင်မတန်ဖော်ရွေပါတယ်၊ ဟိုတလောက ကိုစောဝင်း ဆန်းမုန့်တိုက်မှာ လက်ဖက်ရည်သွားသောက်တော့ ကိုအောင်ရွှေ ဆန်းမုန့်တိုက်ရှေ့ သစ်ပင်အောက်မှာ ဆိုက်ကားရပ်ပြီး လူစောင့်နေတာကို မြင်တာနဲ့ အတင်း ဆွဲခေါ်သွားပြီး ကျွေးလိုက်၊ မွေးလိုက်တာ စုံနေတာပဲတဲ့၊ ကိုအောင်ရွှေ ပြန်လာလာခြင်း ပြောပြလို့ ကျွန်မဖြင့် ကြက်သီးထ,လောက်အောင်ပဲ ဝမ်းသာသွားမိတယ်"

"ဟင် ဟုတ်လား၊ ကြည့်စမ်း အဲဒီအကြောင်းတွေကို ကျွန်မဖြင့် ခု ရှင်ပြောမှပဲ သိရတော့တယ်"

ထိုစကား၏ အသွားအလာကို ထောက်ချင့်ခြင်းအားဖြင့် ကိုစောဝင်း,ကဲ့သို့သော အတွင်းဝန်တစ်ယောက်သည် အောက်တန်းစား ကျောမွဲဖြစ်သော ဆိုက်ကားသမားနှင့် ဤမျှ ရင်းနှီးစွာ အတူတကွ စားသောက်ဝံ့လောက်အောင် စိတ်ထားရင့်မာလိမ့်မည်ဟု



ညွန့်မေကိုယ်တိုင် မထင်ခဲ့သည်မှာ ထင်ရှားနေတော့၏။ တစ်ဖန် "ကျွန်မဖြင့် ရှင်ပြောပြမှပဲ သိရတော့တယ်"ဟူသော စကားအရ ကိုစောဝင်းသည် ဤလို ပစ္စည်းမဲ့တစ်ယောက်နှင့် အဆင့်အတန်း မခွဲ တစ်စားပွဲတည်း ထိုင်၍ စားသောက်ခဲ့သည်မှာ တစ်စုံတရာသော အထင်ကြီးမှုကို ခံယူလိုသောကြောင့် မဟုတ်ဟု အဓိပ္ပါယ် ထွက်စရာ ဖြစ်နေပြန်၏။

"မနက်ကလည်း ကျွန်မ ပန်းသီးစားချင်လို့ သိမ်ကြီးဈေးသွားတာ စပတ်လမ်းထိပ်ရောက်တော့ ကိုစောဝင်း ရုံးတက်ဖို့ ထွက်လာနဲ့ တွေ့သွားလို့ သိမ်ကြီးဈေးထိအောင် ကားနဲ့လိုက်ပို့ပေးတယ်၊ အပြန်တောင် စောင့်ခေါ်မယ်လုပ်နေလို့ ကျွန်မလည်း အားနာတာနဲ့-

"မစောင့်ပါနဲ့တော့ ကျွန်မ ဒီမှာ တစ်နာရီလောက် ကြာမယ်လို့ ပြောလိုက်ရတယ်"

ဝမ်းနည်းရမလို၊ ဝမ်းသာရမလိုနှင့် ကပိုကရိုဖြစ်နေသော မျက်နှာထားတစ်မျိုးဖြင့် မတိုးမကျယ် ပြောလိုက်ပြီးမှ မပန်းဝါသည် မညွန့်မေဘက်သို့ ခတ်ငိုင်ငိုင်ကလေး လှည့်ကြည့်လိုက်လေ၏။

"အင်း အဲဒါတော့ ကျွန်မကို သူ့အပြောပြသား၊ ခု ရှင့်ဆီ ထွက်လာတာလည်း ဒီကိစ္စပေါ့၊ မနက်က ရှင် ပန်းသီး သွားဝယ်တာ တစ်ကားလေး ဘာလေး စီးသွားဖို့ ကောင်းတယ်တဲ့ရှင်။ ရှင် ငွေခမ်းလျှောက်သွားတာဟာ ပိုက်ဆံနမြောလို့ ဖြစ်မှာပဲတဲ့။ အဲဒါ ရှင့်ကို မေးမြန်းပြီး ဈေးသုံးဖို့ ငွေကြေပ်ရင်လည်း ကြည့်ရှုပေးလိုက်ပါလို့ အမိန့်တော်မြတ် ချမှတ်လိုက်တာနဲ့ ခုထွက်လာရတာရှင့်၊ ဘယ်လို ရေစက်ကယ် မပြောတတ်ဘူး ဒီကလေးတော့ အလွန် စိုးရိမ်သိုလ်ထူးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

မညွန့်မေ စကားဆုံးသည်နှင့် မပန်းဝါသည် ဣန္ဒြေရ
ကလေး ပြုံးလိုက်ပြီးမှ–

"ဘတ်စ်ကားနဲ့ သွားရင် လမ်းစရိတ်က အသွားအပြ
တစ်မတ်ကုန်မယ် မဟုတ်လား၊ အဲဒီ တစ်မတ်ဟာ ကျွန်မတို့
မရှိဆင်းရဲတဲ့ လင်မယားနှစ်ယောက်အဖို့ဆိုရင် ထမင်းတစ်နပ်
ဆန်ဖိုးပဲ၊ မညွန့်မေ နမြောရမှာပေါ့"

"ဖြစ်ရလေ မပန်းဝါရယ်၊ အဖိုးတန် ပန်းသီး သွားဝယ်တဲ့
က ကားခကလေး တစ်မတ်ကို နမြောရသေးတယ်လို့"

မပန်းဝါသည် မချိတရိကလေး ပြုံးလိုက်၏။

"ဒီလို ရှိပါတယ် မညွန့်မေရယ်၊ ဒါပါနဲ့ဆိုရင် ကျွန်
ကိုယ်ဝန်ရှိဖူးတာ သုံးခါရှိပါပြီ။ တစ်ခါမှ ဒီလိုချင်ခြင်းမျိုး မဖြ
ပေါ်ခဲ့ဘူးဘူး။ ဒီကလေးကျမှ ကျွန်မဖြင့် အဖိုးတန် အစားအ
တွေပဲ စားချင်နေတယ်၊ ပိုက်ဆံမတတ်နိုင်လို့ အောင့်နေခဲ့ရတာ
ဒီနေ့ထိရော၊ မနေ့ကတော့ မျိုသိပ်ထားလို့ကို မရနိုင်လွန်းလို့
ပန်းသီးတစ်လုံးတော့ ဘာပဲဖြစ်ဖြစ် ဝယ်စားလိုက်မဟဲ့ ဆိုပြီ
ထွက်သွားတာ သိမ်ကြီးဈေးရောက်တော့ ပန်းသီးတစ်လုံး သုံးမတ်
ဆိုတာနဲ့"

"ဝယ်မစားခဲ့ဘူးပေါ့ ဟုတ်လား"

"ဘယ်စားရပါ့မလဲရှင်၊ သုံးမတ်ဆိုတဲ့ ပိုက်ဆံဟာ ကျွန်မတို့
လင်မယားနှစ်ယောက်အဖို့ ညမနက်စာ ဟင်းလျာဖိုးရတယ်
မညွန့်မေ၊ ဒီလောက် ဈေးကြီးကြီးတော့လည်း ပေးဝယ်မစားရဲ
ပါဘူးရှင်"

"အို"



မညွန့်မေသည် စိတ်မကောင်းကြီးစွာဖြင့် ဤလိုလျှင် ရေရွတ်
ညည်းညူလိုက်၏။

"ဒီလောက်တော့လည်း စေ့စပ်မနေပါနဲ့ မပန်းဝါရယ်၊
သွားကတောင်းတဲ့အခါ စားပေါ့ ကဲ ကဲ"

မညွန့်မေသည် တစ်စုံတစ်ရာ ပေးတော့မည်ကဲ့သို့ ဘော်လီ
အိတ်ကို နှိုက်လိုက်ပြီးမှ–

"အို–ရှင့်လက်ထဲ ပိုက်ဆံထည့်လို့ မဖြစ်သေးပါဘူး၊
တော်ကြာ နမြောနေတာနဲ့ပဲ စားဖြစ်မှာ မဟုတ်တော့ဘူး။ ကဲ
ဒါလောက် ဖြစ်လှတာ နက်ဖြန် ကျွန်မ ဝယ်လာခဲ့မယ်၊ စားရင်စား
မစားရင်တော့ ရှင်နဲ့ ကျွန်မ သိရော"

မပန်းဝါသည် ကြည်ကြည်နူးနူးကလေး ပြုံးပြလိုက်၏။

"ကဲ ပြန်ဦးမယ်နော်"

ပြောပြောဆိုဆို ထလိုက်သော မညွန့်မေသည် အဘယ်
ကြောင့် ဟူ၍မသိ အလောသုံးဆယ် ပြန်ထိုင်လိုက်ပြီးမှ–

"အမယ်လေး သတိများနယ် မကောင်းလိုက်တာ၊ အရေးကြီး
တာမှ မေ့နေတယ်။ ဒါနဲ့ မပန်းဝါ ခု ဘယ်နှစ်လရှိပြီလဲ"

မပန်းဝါသည် ဤတစ်ကြိမ်၌ သွားလေးများပင် ပေါ်အောင်
ရယ်လိုက်ပြီးမှ–

"ရှေ့လထဲမှာပဲ မွေးလိမ့်မယ်ထင်တယ် မညွန့်မေ၊ ဘာဖြစ်
လို့လဲ"

"သိပါဘူးရှင်၊ အိမ်က ကိုရွှေစောဝင်းက မေးခဲ့ပါဆိုလို့၊
ကျွန်မအထင်တော့ မွေးဖို့၊ ဖွားဖို့ စရိတ်စက ကူညီချင်လို့နဲ့
တူတာပဲ။ ကဲသွားမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ပန်းဝါသည် ခပ်သုတ်သုတ် လှမ်းထွက်သွားသော မညွန့်မေ၏ နောက်ပိုင်းကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ရာမှ တစ်စုံတစ်ရာကို [illegible] သွေးဗိုက်ကလေးကို ငုံ့ကြည့်နေမိ၏။

◆

ထိုနေ့ လွန်မြောက်ခဲ့သည့် နောက်ပိုင်းတွင် မပန်းဝါမှာ ကိုစောဝင်း–မညွန့်မေတို့၏ ကောင်းမှုဖြင့် သပျစ်သီး၊ ပန်းသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ ရောက်ချိုသီး စသဖြင့် အသီးမျိုးစုံကို တစ်နေ့တစ်မျိုးကျ၀ဝလှိုင်လှိုင် အစာအိမ်မနိုင်အောင် စားနေခဲ့ရ၏။ မညွန့်မေမှာလည်း တစ်နေ့မပျက် ဝင်ထွက်သွားလာလျက် ရှိ၏။ တနင်္ဂနွေနေ့တစ်နေ့ကမူ ကိုစောဝင်းကိုယ်တိုင်ပင် လိုက်ပါလာပြီး မပန်းဝါ၏ ကျန်းမာရေးကို အထူး ဂရုစိုက် မေးမြန်းရင်းက–

"မှန်တာပြောရရင် ကျုပ် မပန်းဝါတို့ ဒီကို ပြောင်းလာပြီး တစ်လလောက် အကြာမှာပဲ ကျုပ်ရဲ့ နှမကလေး အရင်းတစ်ယောက်လို ခင်မင်မိတယ်၊ တစ်ချို့ ဆင်းရဲသူတွေဟာ ဘာပဲပြောပြော ယောလားဝါးလားနဲ့ ဖြစ်ကတတ်ဆန်း ညစ်ညစ်ပေပေ နေတတ်ကြတယ်။ ကျုပ်က ဘယ်သူဖြစ်ဖြစ် သပ်သပ်ရပ်ရပ်နဲ့ ရိုးရိုးသားသား နေတာကို ကြိုက်တယ်။ ကျုပ်သိသလောက်ဆိုရင် မပန်းဝါတို့ဟာ ဒီပြင် ပစ္စည်းမဲ့တွေလို ရှုပ်ရှုပ်ထွေးထွေးမဟုတ်ဘူး။ ဆင်းရဲပေမယ့် သန့်သန့်ရှင်းရှင်း နေတတ်တယ်၊ ဣန္ဒြေသိက္ခာရှိတယ်၊ ရိုးသားတယ်၊ လူ့အလိုက် လူ့ဝတ္တရား နားလည်တယ်"

အစိုးရဌာနတစ်ခု၏ ရောမ အတွင်းဝန်တစ်ယောက်မှာ ခင်မင်ရင်းနှီးစွာဖြင့် တဲရုတ်သို့လာ၍ ကြမ်းတစ်ပြေးတည်း ထိုင်ကာ ဆိုက်ကားသမားတစ်ယောက်၏ နေးကို ဤလို တန်းတူ ထား၍ ပြောလိုက်သည်၌ မပန်းဝါမှာ မနေတတ်၊ မထိုင်တတ်အောင် ပင် အမှုအရာ ပျက်၍ ပျက်၍ သွားရ၏။



"အဲသလို ဣန္ဒြေရရနဲ့ ရိုးရိုးသားသား လူပီသအောင် နေတတ်ဖို့ဟာ ဆင်းရဲတာ၊ ချမ်းသာတာနဲ့ မဆိုင်ဘူး၊ ဒါတွေဟာ ဘယ်လို လူတန်းစားဖြစ်ဖြစ် အသုံးချနိုင်တဲ့ ယဉ်ကျေးမှုတွေပဲ။ အချို့ အထက်တန်းစား အခေါ်ခံတွေဟာ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံ အင်မတန် အောက်တန်းကျတယ်၊ ရှုပ်တယ် ပွေတယ်၊ ဒီလိုဟာ တွေကျတော့ ကျုပ်နည်းနည်းမှ အရေးမလုပ်ဘူး၊ အရောလည်း ဝင်ဘူး။ မပန်းဝါတို့ ကိုအောင်ရွှေတို့ကတော့ အခြေအနေ အောက်တန်းကျသလောက် နေပုံထိုင်ပုံ၊ ဆက်ဆံပုံတွေဟာ တော်တော် အထက်တန်းကျတယ်လို့ ကျုပ်ယူဆတယ်။ အဲသလို ခင်ဗျားတို့အပေါ်မှာ ခင်မင်နေတဲ့ စိတ်တွေ ဖြစ်ပေါ်နေတုန်း [illegible]ခဲ့တဲ့ ခြောက်လလောက်က ကျုပ်အိပ်မက် မက်တယ်"

ကိုစောဝင်းသည် စကားကို ရုတ်တရက် ရပ်ကာ ဆေးတံကို [illegible]ညှိရှိုက်ဖွာလိုက်ပြီးမှ–

ကျုပ်ဘယ်လောက် ကလေးလိုချင်နေတယ်ဆိုတာ ညွန့် ပြောပြထားလို့ မပန်းဝါ သိပြီးရောပေါ့၊ အင်း အဲဒီတုန်းက အိပ်မက်ထဲမှာ ဖြူဖြူတုတ်တုတ်နဲ့ အင်မတန်ချစ်စရာကောင်းတဲ့ ကလေးတစ်ယောက် ကျုပ်တို့အိမ်ထဲကို ဝင်လာတယ်။ ကျုပ်က လည်း ဒီကလေးကို မြင်မြင်ချင်း သိပ်ချစ်သွားတာနဲ့ ပြေးထွက်လာပြီး [illegible]ယ်လည်း လုပ်ရော ဟောဒီ ညွန့်ရဲ့ မမ မညွန့်ကြည်က "ဟဲ့ ဘယ်က ကလေးလည်း သွားသွား" ဆိုပြီး မောင်းထုတ်လိုက်တာနဲ့ ကလေးဟာ တစ်ခါတည်း ထွက်ပြေးပြီး မပန်းဝါတို့အိမ်ထဲ [illegible]ဝင်သွားတာ မြင်လိုက်ရတယ်"

မပန်းဝါလည်း မရဲတရဲကလေး မော်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"ခုဆိုရင် ကျုပ်အိပ်မက်ဟာ အတော် စင်းနေတာပဲ၊ ပြီးတော့ ကျုပ်ဆေးခင်ယောလိုက်မယ် မယုံရင်ကြည့် မပန်းဝါမွေးရင် ကျုပ်အိပ်မက်ထဲကအတိုင်း ယောကျ်ားကလေး ဖြစ်မှာပဲ"

ကိုစောဝင်းက ခပ်ဟားဟားကလေး ရယ်ရင်း ပြောလိုက်ပြီး ဆေးတံကို လက်ဝါးပေါ်တွင် ခေါက်နေနိုက်-

"ဟုတ်ကဲ့ ကျွန်မကလည်း ဆုတောင်းပါတယ်ရှင်၊ သားယောကျ်ားကလေးပဲ မွေးပါရစေလို့"

"ရှိုင်းတယ်လို့ မထင်နဲ့နော်။ စကားမစပ် ဒီ့အရင်က နှစ်ယောက် မွေးဖူးသေးတယ်ဆို"

"ဟုတ်ကဲ့ ပထမ တစ်ယောက်က ၆-လ သားမှာ သေဆုံးသွားတယ်၊ ဒုတိယကလေးကတော့ မရှိသေ့စကား ဖျက်ကျတယ် ဆိုပါတော့ရှင်"

"ဩ ဩ ဒါနဲ့ ခု ဘယ်ဝမ်းဆွဲအပ်သလဲ"

ယောကျ်ားတစ်ယောက် ဖြစ်ပါလျက်နှင့် စစ်စစ်ပေါက်ပေါက် လျှောက်မေးနေသည့် မပန်းဝါလည်း ရှက်သလို ဖြစ်သွား၏။ ကိုစောဝင်းသည် ဆေးတံအိုးထဲသို့ ဆေးအသစ်ထည့်နေရင်းက မေးလိုက်သည်ဖြစ်သောကြောင့် မပန်းဝါ ဤသို့ ရှက်သွေးလျှမ်း၍ အမ်းသွားသည်ကို မမြင်လိုက်ရသော်လည်း အနီးတွင် ထိုင်နေသူ မညွန့်မေက ထိုအရိပ်အကဲကို သတိထားမိသည်နှင့်-

"အို ကိုဝင်းကလည်း ဘယ့်နှာတွေ လျှောက်မေးနေတာလဲ"

"ဟော့ ဒါလား သေသေချာချာ မေးသင့်တဲ့ ကိစ္စပေါ့ ညွှန့်ရဲ့။ ယောကျ်ားဆောင်စီး မိန်းမ မီးနေတဲ့ ကြားဖူးတယ် မဟုတ်လား။ အေး ဒါကြောင့် မေးရတာ ဒီကိစ္စမှာ ဝမ်းဆွဲဟာ အရေးကြီးဆုံးပဲ၊ သူတို့လုပ်တာ မဟုတ်ရင် လူကြီးပါ ကိစ္စများကတတ်တယ်။ ကဲ ကဲ ငါ့နှမ ပြောစမ်း ဒါရှက်စရာ မဟုတ်ပါဘူး"



ဤတွင်မှ မပန်းဝါတွင် အရှက်ပြေသလို ဖြစ်သွားတော့ကာ အသာအယာ မော်၍-

"ဟိုပေတောကုန်းက ဝမ်းဆွဲသည် ဒေါ်အုန်းကို အပ်ပြီးပါပြီရှင့် သူကတော့"

"အရပ်ဝမ်းဆွဲ မဟုတ်လား၊ မလုပ်နဲ့ မလုပ်နဲ့ ဆေးရုံ ဆောက် ဘယ်ဝမ်းဆွဲမှ မကောင်းနိုင်ဘူး။ တကယ့် တကယ် အခက်အခဲကျတော့ ဆေးရုံမှ တတ်နိုင်တယ်။ မပန်းဝါ စိတ်ကူးလွဲနဲ့။ ကဲ အဲဒီ ဝမ်းဆွဲအပ်ပြီးသားမို့ အားနာရင်လည်း ကျသင့်သလောက် ပိုက်ဆံပေးလိုက်ပေါ့ ဟုတ်လား"

ကိုစောဝင်းသည် သို့ပြောရင်းကပင် ရုပ်အင်္ကျီအိတ်ကို နှိုက်၍ အထပ်လိုက်ပါလာသော ငွေစက္ကူများထဲမှ တစ်ဆယ်တန် ဆယ်ရွက်တိတိ ရေတွက်ပြီး မပန်းဝါအား လှမ်းပေးနေသည့်တိုင်အောင် ရုတ်တရက် လက်မခံသေးဘဲ မညွန့်မေအား လှမ်းကြည့်လိုက်၏။

"ယူပါလေ မပန်းဝါရဲ့၊ အောင်မယ် အားနာစရာ လူတွေမှ မဟုတ်တာဘဲ"

မညွန့်မေကလည်း ပြောပြောဆိုဆိုပင် ကိုစောဝင်း လက်ထဲမှ ငွေစက္ကူများကို ဆွဲယူ၍ မပန်းဝါလက်ထဲသို့ ဖွတ်အတင်း ထိုးထည့်လိုက်၏။

"ဒီမှာ မပန်းဝါ၊ ကျုပ်က နှမလေးလို ခင်ရင် ကျုပ်ကိုလည်း အစ်ကိုကြီးလို ပြန်ခင်မှ သဘောကျတယ်၊ အဲဒါမှတ်ထား"

◆

နေရောင်ခြည် ဖျော့နနနှင့် အမှောင်ဘက်လုနေသည့် ထင်နေသော ညနေစောင်းအချိန်တွင် တောက်ပြောင်ဝင်းပက်နေ

www.burmeseclassic.com

သော ကြက်ဥနှစ်ရောင် ပလိုင်းမောက် ကားတစ်စင်းသည် "ဗယို အရိုးသမီးဆေးရုံ"ဝင်းအတွင်းမှ ညင်ညင်သာသာကလေး မောင်းထွက်လာပြီး လက်ဝဲဘက်သို့ ချိုးကွေ့သွား၏။

"ဘယ့်နှယ်လဲ မပန်းဝါ၊ ဆေးရုံကောင်းမှန်း သိပလား"

"ဟုတ်ကဲ့ သိပါပြီ အစ်ကိုကြီး"

အဆိုပါ ပလိုင်းမောက်ကားကြီး၏ နောက်ပိုင်း ဆားတစ်ဖက်အစ်ချက်တွင် မညွန့်မေနှင့် မညွန့်ကြည် ထိုင်လျက် အလယ်တွင်မှ မပန်းဝါသည် ကလေးကို ပွေ့ချီရင်း လိုက်ပါလာ၏။ ကား၏ ရှေ့ပိုင်းတွင်ကား ကိုစောဝင်းသည် ဒရိုင်ဘာနှင့် ကိုအောင်ရွှေတို့ အလယ်တွင် ထိုင်လျက် လိုက်ပါလာရာမှ ဤသို့ လှည့်၍ မေးလိုက်သည်ကို မပန်းဝါသည် ကလေးကို ငေးကြည့်နေရာမှ ထိုသို့ ဖြေလိုက်၏။

"မပန်းဝါဖွားတဲ့နေ့က ကျုပ်လိုက်လာမလို့ဘဲ၊ အစည်းအဝေးရှိနေတာနဲ့ မလာဖြစ်ဘူး၊ ပြန်လာလာချင်း ညွန့်ပြောပြလို့သိရတဲ့ ကိစ္စကဖြင့် အသည်းတုန်စရာပဲ။ အင်းဆေးရုံမို့ အသက်ချမ်းသာရာ ရတာပေါ့ မပန်းဝါ၊ အရပ်ဝမ်းဆွဲနဲ့သာဖြင့် ဒုက္ခပဲ ဒုက္ခပဲ"

ကိုစောဝင်းသည် ဤသို့လျှင် ညည်းညည်းညူညူ ပြောရင်း ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်၏။

"ကိုဝင်း ဟောတဲ့ ဗေဒင် သိပ်မှန်တာပဲဆရာ၊ ယောက်ျားလေးပဲ၊ ဖြူဖြူဖွေးဖွေးကြီး၊ မွေးမွေးချင်း ကိုးပေါင်ခွဲရှိသတဲ့။ အော် ဒါနဲ့လေ၊ မပန်းဝါ ကံကောင်းလို့ ကိုဝင်းရေ၊ ကလေးခေါင်းမလည်လို့ဆိုလား၊ ကန့်လန့်ဖြစ်နေဆိုလား၊ ညှပ်နဲ့ ဆွဲထုတ်ရတယ်တဲ့။ အရပ်ဝမ်းဆွဲနဲ့ ဆိုရင်တော့ ပြီးပါရော"



မပန်းဝါ မီးဖွားသည့်နေ့က မညွန့်မေ ဤသို့ ပြောပြလိုက်သည်နှင့် ကိုစောဝင်းမှာ ချွေးများပင်စို့လာသည်အထိ ထိတ်လန့်တုန်လှုပ်သွားခဲ့၏။ ယခု သူစကား စလိုက်သည်မှာလည်း ထိုအဖြစ်ကို ရည်ရွယ်၍ ပြောလိုက်ခြင်းဖြစ်ကြောင်း မပန်းဝါ သဘောပေါက်၏၊ နားလည်၏။

"ကျုပ် ကလေးမရဘူးပေမယ့် ကလေးရှုံးရှုံးနေတဲ့လူဆိုတော့ ကလေးနဲ့ ပတ်သက်တာဆိုရင် တရုတ်၊ ကုလား၊ အင်္ဂလိပ်၊ မြန်မာ အားလုံးရဲ့ နည်းတွေကို ဆည်းပူးထားတာပဲ။ အကြောင်းရှိရင် သိရတာပေါ့။ ကျုပ်တို့ မြန်မာတွေမှာ ခက်နေတာက ဆေးရုံဆို သိပ်ကြောက်ကြတယ်။ ဘာကြောက်ကြလဲဆိုတော့လဲ အဖြေရှာမတွေ့ဘူး။ များသောအားဖြင့် မွေးဖွားစရာ ကိစ္စဆိုရင် အရပ်ဝမ်းဆွဲနဲ့ ကိစ္စပြီးလိုက်ကြတာပဲ"

"ဖြေးဖြေးမောင်း၊ ဖြေးဖြေးကွေ့မှပေါ့ကွယ်"

ကိုစောဝင်းလည်း ဒရိုင်ဘာအား သတိပေးလိုက်ပြီးမှ–

"အရပ်ဝမ်းဆွဲဆိုတာ မွေးရိုးမွေးစဉ် မမှတာအတိုင်း မွေးတာမျိုးလောက်သာ ကောင်းတာကွဲ့။ အကြပ်အတည်း ဖြစ်နေပြီဆိုရင် သူတို့ တာမှ မတတ်နိုင်ဘူး။ ဗိုက်တက်နင်းလိုနင်း၊ အတင်းနှိပ်လိုနှိပ်နဲ့ ပါကြီးညှစ်သလို ညှစ်ထုတ်ကြတယ်။ ဒီလိုနဲ့ မဖြစ်သင့်တာဖြစ်ပြီး မသေသင့်ဘဲ သေကုန်ရတဲ့ ကလေးတွေဟာ တစ်နှစ်တစ်နှစ်နည်းမယ် မဟုတ်ဘူး"

ရပ်ရှင်ရုံတစ်ရုံရှေ့သို့ အရောက်တွင် ဆူညံစူးရှစွာ ကြားလိုက်ရသော အသံချဲ့စက် သီချင်းသံကြောင့် ကိုစောဝင်းလည်း စကားကို ရပ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

"သားဖွားကိစ္စနဲ့ ပတ်သက်တာဆိုရင်တော့ ဆေးရုံဟာ အကောင်းဆုံးပဲ ဘယ်လောက်ခဲယဉ်းတဲ့ ကိစ္စဖြစ်ဖြစ် ဝေဒနာမခံစားရဘဲ ပြီးသွားနိုင်တယ်။ ဘယ်လောက်များ ကောင်းသလဲဆိုရင် ခိုက်ခဲ့ပြီး ကလေးထုတ်ယူရတဲ့ အဖြစ်မျိုးရောက်တာတောင် မအောလုပ်တဲ့လူ ဘာမှ မသိလိုက်ရဘူး။ ဒီအထိ ညင်သာတယ်။ စိတ်ချရတယ်။ ပြီးတော့"

"ကဲ ကိုယ်တော်၊ ပြီးတော့မနေနဲ့ အိမ်ရောက်ပြီ"

မပန်းဝါတို့အပေါ်၌ ထိုမျှထိအောင် ဂရုတစိုက် ကူညီလုံးပန်းနေခဲ့သော ကိုစောဝင်းတို့၏ အပြုအမူမှာ တစ်ရပ်လုံးအဖို့ အထူးအဆန်းသဖွယ် တအံ့တသြ ဖြစ်နေကြရလေတော့၏။ ပစ္စည်းမဲ့လုတန်းစားပိုင်းက ကိုစောဝင်းတို့အား ချီးကျူးကြည်ညိုသွားကြသလောက် လူကုံထံပိုင်းကမူ မဟုတ်တန်းတရား သွားပုပ်လေလွင့်စကားဖြင့် ခနဲ့ကြ၏၊ ရွဲ့ကြမဲ့ကြ၏။

နေခြည်ရောင်နုနု ပေါ်ထွက်လာလုလု အချိန်ဖြစ်သည့် တစ်နေ့သောနံနက် ဝေလီဝေလင်းတွင် ကိုအောင်ရွှေသည် နံပြားတစ်ချပ် လက်တွင်ကိုင်၍ လက်ဖက်ရည် ခပ်ကြဲကြဲတွင် နှစ်ကာနှစ်ကာဖြင့် မြိန်ရေရှက်ရေစားရင်း မျက်နှာချင်းဆိုင်တွင် ထိုင်နေသူ မပန်းဝါလက်ထဲမှ ကလေးကို ကြည့်ကာ ပီတိဖြာလျက် ရှိ၏။

"သားရေ၊ ဟော့ကလေး၊ အမယ်ကြည့်စမ်း ကြည့်စမ်း။ ပန်းဝါ ငါ့သားက ရယ်တတ်နေပြီ"

အမှန်အားဖြင့် ကလေးမှာ တစ်လပင် ပြည့်သေးသည် မဟုတ်။ လူးလိုက်လွန့်လိုက်၊ မဲ့လိုက်၊ ရွံ့လိုက်နှင့် အမျိုးမျိုးလှုပ်ရှားနေရာ၌ တစ်ခါတစ်ရံ ပြုံးရယ်လိုက်သည်ဟု ထင်ရခြင်း

သာလျှင် ဖြစ်လေ၏။ ထိုအတိုင်း သဘောပေါက် နားလည်ပြီးဖြစ်သော မပန်းဝါကမူ ခေါင်းညိတ်ပြရင်း ပြုံးလိုက်ပြီးမှ-

"ရော့ပါလေ၊ ကိုအောင်ရွှေရဲ့၊ စားပါ။ ဒီမှာ အများကြီးရှိတာပဲ ဥစ္စာ"

ပြောပြောဆိုဆိုနှင့်ပင် မပန်းဝါသည် အနီးရှိ မုန့်သေတ္တာပုံးထဲမှ ဘီစကွတ် လေးငါးခုထုတ်၍ လှမ်းပေးလိုက်သည့်တိုင်အောင်-

"စားပါ မပန်းဝါရယ်၊ မင်းပဲစားပါ၊ မင်းအားရှိမှ ကလေးကျန်းမာမယ်၊ ငါက အရေးမကြီးပါဘူးကွာ"

သို့လျှင် မာမာတင်းတင်း ငြင်းပယ်နေသောကြောင့်-

"ကဲ မစားချင်လည်း လွှင့်ပစ်လိုက်တော့"

မပန်းဝါသည် ခပ်ဆောင့်ဆောင့်ကလေးပြောရင်း လက်ထဲမှ ဘီစကွတ်မုန့်များကို လက်ဖက်ရည် ထည့်ထားသော ဟင်းပန်းကန်ထဲသို့ နှစ်ထည့်လိုက်သည်တွင်မှ ကိုအောင်ရွှေလည်း အကြင်နာကြီးလှသော ဇနီးသည်အား မော်ကြည့်ရင်း ပြုံးပြလိုက်၏။

◆

မမျှော်လင့်ဘဲနှင့် ဖြစ်ပေါ်လာသော မပန်းဝါတို့၏ ကသိုလ်ကံကား ထူးခြားဆန်းကြယ်လှဘိတော့၏။ ဘီစကွတ်၊ ဟောလစ်၊ ...ဆီ၊ သကြားမှစ၍ လိုလေသေးမရှိအောင် ကိုစောဝင်းသည် ...ပြတ်မလပ် ဝယ်ပို့လျက် ရှိ၏။ နံနက် ၂-ကြိမ်ကလေးကို ...ရောက်ကြည့်ရှု အကဲခတ်လေ့ရှိပြီး ရုံးပိတ်ရက်များတွင်မူ ...စောဝင်းရော၊ မညွှန့်မေပါ တစ်နေကုန် တစ်နေခမ်း မပန်းဝါတို့ ...တွင်သာ အချိန်ကုန်လေ့ ရှိ၏။

"အညော်ကိုတော့ ကြပ်ကြပ်သတိထားရလိမ့်မယ် မပန်းဝါ။ ... ၈,တဲ့၊ ထွားတဲ့ ကလေးမျိုးဟာ အညော်နဲ့ နည်းနည်းမှ

www.burmeseclassic.com

အတည့်ဘူးလို့ကြားဖူးတယ်။ ရော့ ဒီဆေးပုလင်းယူထား၊ ညှော်နံ့ရရ၊ မရရ ကလေးအနီးမှာ အမြဲဆွတ်ပေး၊ အင့် အင့် ဒါက ဆေးတို့ပတ်တဲ့၊ ညှော်နံ့ရတာနဲ့ ကလေးရင်ပတ်၊ နဖူး၊ နား၀၊ နှာ၀တွေမှာ ပွတ်ပေး"

ဖအေအရင်းခေါက်ခေါက်ဖြစ်သော ကိုအောင်ရွှေသည်ပင် ထိုမျှ နားမလည်၊ နားမလည်၍လည်း ဂရုစိုက်ရမှန်း မသိသလောက်၊ ကိုစောဝင်းကား ဤမျှထိအောင် စေ့စေ့စပ်စပ် အသေးစိပ်၍ ဂရုစိုက်နေသည်ဖြစ်ရာ မပန်း၀ါတွင် မျက်ရည်များပင် တပေါက်ပေါက် ကျလာမိသည်အထိ ၀မ်းမြောက်ကျေးဇူးတင်မိတော့၏။

"တကယ်ပါပဲ အစ်ကိုကြီးရယ်၊ ကျွန်မမှာသာ တကယ်လို့ အစ်ကိုအရင်းတစ်ယောက် ရှိနေမယ်ဆိုရင် အစ်ကိုကြီးလောက်တော့ ဘယ်နည်းနဲ့မှ ဂရုစိုက်မှာ မဟုတ်ဘူး။ ခုလည်း ရှိပါတယ်။ စားနိုင်သောက်နိုင်ထဲက ဆွေမျိုးတွေ၊ ဒါပေမယ့် ကျွန်မတို့မှာ ငွေငါးဆယ်လောက် ပြည့်အောင် မကိုင်ဘူးတဲ့ မျက်နှာမွဲတွေမို့"

"ဒါတွေက မဆန်းပါဘူးကွယ်၊ ခုမင်းတို့ မွဲနေလို့ သူတို့က ဂရုမစိုက်ဘူး၊ လျစ်လျူရှုထားတယ် မဟုတ်လား။ အင်း မင်းတို့ ချမ်းသာလို့ သူတို့ မွဲသွားတဲ့ တစ်နေ့မှာ သူတို့ အမြင်မှန်ရလာမှာပဲ။ ကဲ ကဲ ဒါတွေ မေ့ပစ်လိုက်တော့ ဒီနေ့ ငါတူ့ကို နာမည်ပေးရမယ်၊ နို့ ကိုအောင်ရွှေက နာမည်ပေးထားသဆို "တုတ်ပေါ"လို့ ဟဲဟဲဟဲ"

ကိုစောဝင်းသည် ခွက်ထိုးခွက်လန် အတန်ကြာ ရယ်နေပြီးမှ-

"ဒီနာမည်ကြီးက တောဆန်လှပါတယ်ကွယ်၊ ဒါနဲ့ ဒီအရင်က မင်းတို့နှစ်ယောက် မွေးဖူးတယ်၊ အဖတ်မတင်ဘူးနော်။ အေး ဒီတစ်ခါ ဘာမှ မပူနဲ့၊ အစ်ကိုကြီးကိုယ်တိုင် ဂရုစိုက်မယ်



ာမည်ကိုလည်း 'အသက်ရှည်ခြင်း'လို့ အဓိပ္ပါယ်ရတဲ့ 'အာယု' ို့ မှည့်လိုက်ကွာ။ ဒီနေ့ကစပြီး ငါ့တူနာမည် 'အာယု'"

"အာယု"

မပန်း၀ါ ပါးစပ်မှ နှစ်နှစ်ခြိုက်ခြိုက် ရေရွတ်လိုက်သော သံသည် ကြည်ကြည်လင်လင်ကလေး ထွက်ပေါ်လာ၏။

"သိပ်ကောင်းတဲ့ နာမည်ကလေးပဲ အစ်ကိုကြီးရယ်၊ ကျွန်မ ဒီတစ်ခါပဲ ကြားဖူးသေးတယ် ဒီနာမည်မျိုး၊ အာယု သက်ရှည်ခြင်း"

ဤသို့လျှင် ခပ်မြုံးမြုံးကလေး ပြောလိုက်မှ မပန်း၀ါသည် ့မေ လက်ထဲရောက်နေသော အာယုကလေး၏ ပါးကို ာအယာ ဆွဲ၍ ခါလိုက်၏။

"သြော် ကိုဝင်း၊ ကင်မွန်းတပ်တဲ့ နေ့မှပဲ တစ်ခါတည်း ည်ပေးရင် မကောင်းဘူးလား"

"အေးပါလေ၊ ဒါက လွန်နိုင်တဲ့ ကိစ္စ မဟုတ်ပါဘူး။ ်းတပ်မယ့် ရက်ကလည်း သိပ်ဝေးတော့တာမှ မဟုတ်တာ"

ကိုစောဝင်းတို့မှာလည်း ဤသို့ ဤနှယ် အာယုအတွက်နှင့် ွက်လည်အောင် အလုပ်ရှုပ်ခဲ့ရစေကာမူ ယောင်၍သော်မျှ ညမိ၊ ရုံးရောက်သည့်အချိန်တွင် အာယုအကြောင်း စဉ်းစား၊ ရောက်သောအခါ၌ အာယုရှိရာ သွား၍၊ စကားပြောရာတွင် အာယုမပါက မပြီးတော့သလောက် ဖြစ်နေကြတော့၏။

"မျက်လုံးဝိုင်းပုံ၊ ကြည်လင်ပုံက အစ သူ့အမေနဲ့ တူတယ်။ ှာခေါင်း၊ ပါးစပ်နဲ့ မျက်နှာလုံးပုံကတော့ ဘယ်သူနဲ့မှ ထူးထူးခြားခြားကို ချောတဲ့အကောင်ပဲ"

ဟော့ ဟော့ ကိုယ့်သားကို "အကောင်"လို့တော့ မခေါ်ပါနဲ့၊ ကိုယ့်သား နာမည် ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"အမလေး ဖြစ်နေလိုက်တာ သူကဖြင့်၊ ကိုယ့်သားကိုယ့်သား နဲ့ သတိများလည်း ထားပါဦး ဆရာကြီး၊ ရှူးသွားပါဦးမယ်"

အမင်းစားနေသည့်အကျိုန်ဒွိပင်လျှင် ကိုစောဝင်းနှင့် မညွန့်မေ တို့မှာ အာယုအကြောင်း ပြောရင်းစားမှ ထမင်းပို၍ မြိန်သကဲ့သို့ ရှိနေသောကြောင့်–

"မင်းတို့ဉာဏ်က သိပ်ပိုလွန်းနေပြီကွဲ့နော်၊ နောင်တစ်နေ့ကျ တော့ သူတို့ကလေးဟာ သူတို့ကလေးပဲ၊ သူတို့လည်း ဒီမှာ တစ်သက်လုံးနေမယ်လို့ အတပ်ပြောနိုင်တာ မဟုတ်ဘူး။ သူတို့ ပြောင်းရာကို ကလေး ကောက်ကောက်ပါသွားတော့မှ မင်းတို့ ဝမ်းနည်းပက်လက် ဖြစ်မနေကြနဲ့ ဒါပဲ"

မညွန့်မေ၏ အစ်မဖြစ်သူ မညွန့်ကြည် ဤသို့ ဝင်ပြော လိုက်မှပင် ကိုစောဝင်းတို့မှာ အာယုအကြောင်း အပြောရပ်သွား ကြတော့၏။

ပြက္ခဒိန်စာရွက် တစ်ရွက်ပြီးတစ်ရွက် လှန်ခဲ့သည်နှင့်အမျှ အာယုကလေးမှာလည်း တစ်လထက်တစ်လ ကြီးမားထွားကျိုင်း လာတော့ကာ အာယု ငါးလသားအရွယ်ရောက်သည့်၌ မပန်းဝါတွေ နို့နာရောဂါ ဖြစ်ပေါ်လာသောကြောင့် အာယုအား နို့မတိုက်နိုင် တော့သည်အထိ အခြေအနေ တဖြည်းဖြည်း ဆိုးဝါးလာခဲ့ရာ ထိုကိစ္စနှင့် ပတ်သက်၍ အကြီးအကျယ် ဗျာများသွားသူကား ကိုစောဝင်းပင် ဖြစ်၏။

"ဒီလိုဆိုရင်တော့ မဖြစ်ဘူး ညွန့်ရေ၊ မပန်းဝါမလဲ ရော တစ်ဖက်နဲ့ ကလေးကို နို့ဖျော်တိုက်ရတဲ့ ကိစ္စဟာ မလွယ်ဘူး အဲဒီတော့ သူလည်းသက်သာအောင် အာယုအတွက်လည်း စိတ် ရအောင် အာယုကို ကိုယ်တို့ ခေါ်ထားရင် မကောင်းဘူးလား



တစ်နေ့သော ညအချိန် ကိုစောဝင်း–မညွန့်မေနှင့် ညှိခန်းတွင် ခေါင်းချင်းဆိုင်၍ ဤသို့လျှင် အရေးတကြီး တိုင်ပင် လျက် ရှိ၏။

"ဟုတ်တယ် ကိုဝင်းရဲ့၊ ကျွန်မလည်း အမျိုးမျိုး တွေးကြည့် တယ်၊ ခု ကိုဝင်းပြောသလို လုပ်ဖို့ကလွဲပြီး အခြားနည်းလမ်းတော့ ရှိတာ အမှန်ပဲ"

"ဟော့နော်–စဉ်းစဉ်းစားစားလည်း လုပ်ကြ၊ ကလေးတစ် ယောက်ရဲ့ တာဝန်ဟာ လူကြီးငါးယောက်ရဲ့ တာဝန်ထက် ကြီးတယ်၊ လွယ်လွယ်ကလေး မထင်ကြနဲ့။ ငါတော့ ဒီကလေးနဲ့ ပတ်သက်ပြီး ဘာတာဝန်မှ မယူဘူး၊ ကိုယ့်ဘာတ်ကိုယ်နိုင်မှ လုပ်ကြ ဒါပဲ"

ညှိခန်းဆောင် ခေါင့်တစ်နေရာတွင် ထိုင်၍ ပုတီးစိပ်နေ သော မညွန့်ကြည်က ဤသို့ လှမ်းပြောလိုက်သည်နှင့် ကိုစောဝင်း နှင့် မညွန့်မေပါ နှစ်ယောက်စလုံးပင် တွေဝေသွားကြလေ၏။ အမှန်အားဖြင့် မညွန့်ကြည် ပြောလိုက်သည်မှာ စေတနာကောင်းနှင့် သတိပေးလိုက်ခြင်းပင် ဖြစ်သော်လည်း အာယုအပေါ်၌ ချစ်ခင် ခြင်းမှာမှု သံယောဇဉ်ကြီးနေသည်သာ ဖြစ်သော ကိုစောဝင်းတို့မှာမူ သတိပေးခြင်းဟူ၍ပင် မယူဆနိုင်တော့ဘဲ အာယုနှင့် ပတ်သက်လျှင် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ဆန့်ကျင်ဘက် သဘောမျိုး ဆောက်ရောက်သည့် စကားမှန်က မည်သည့် စကားပင်ဖြစ်စေ လက်မခံနိုင်လောက်ပင် ဖြစ်နေကြတော့၏။

"ဒါကြောင့်မို့ သူ့အပျိုကြီး ဖြစ်နေတာ"

မညွန့်မေသည် ကိုစောဝင်းအား လက်တို့၍ မကြားတကြား ပြောလိုက်သော်လည်း ကိုစောဝင်းမှာ မပြုံးနိုင်လောက်အောင်ပင်

www.burmeseclassic.com

စိတ်ထိခိုက်သွားသည့်အလား ခေါင်းငိုက်စိုက်နှင့် ငိုင်နေတော့၏။ မညွန့်ကြည်တွင်လည်း မိမိစကားကြောင့် မတ်တော်မောင် ကိုစောဝင်း မျက်နှာထားပျက်သွားသည်ကို သတိထား အကဲခတ်မိ သည်နှင့်–

“ငါက ဒီကလေးကို မုန်းလို့ပြောတာ မဟုတ်ဘူးနော် မင်းတို့ သဘောပဲ၊ ခေါ်ချင်လည်း ခေါ်ထားပေါ့။ မင်းတို့ကတော့ လက်ပွန်းတတီး နီးနီးကပ်ကပ် ချစ်ရမှာကို မျှော်လင့်ပြီး ဝမ်းသာလုံး ဆို့နေကြတယ်။ အရင်းအချာမဟုတ်လို့ ကွေကွင်းရမှာကို သတိမ ရှေ့ရေးမတွေးကြလို့ သတိပေးရတာကွဲ့၊ မင်းတို့သဘောပဲလေ ကြည့်သာလုပ်ကြ”

မညွန့်ကြည် သူ့စကားကို အဆုံးသတ်လိုက်သည်နှင့် မ မနှောင်းပင် ဝရံတာတွင် ရပ်နေရာမှ လှည့်ဝင်လာသူ ၎င်းတို့ မိခင်ကြီးသည် ကိုစောဝင်းတို့နှင့်အတူ ဧည့်ခန်းတွင် ဝင်ထိုင်လို ပြီး...

“ဟဲ့ နေကြစမ်းပါဦး၊ မင်းတို့ကသာ မောင်နှမချ ကတောက်ကဆ ဖြစ်ချင်နေကြတယ်၊ ပန်းဝါကကော သူ့ကလေး မင်းတို့ ပေးထားမယ်တဲ့လား”

အလွန် စကားနည်းလှသော အဖွားကြီးက ကောက် ငင်ကာ မေးလိုက်သည်နှင့်...

“သူရော၊ ကလေးပါ ကောင်းဖို့ စီစဉ်တာပဲ မေမေရ ဘာ မပေးထားနိုင်စရာရှိသလဲ၊ ကျွန်တော်တို့ကသာ ခေါ်ထား ဆိုရင် ဝမ်းမြောက်ဝမ်းသာနဲ့ ပေးထားမှာပါ”

“အေး ကလေးဆိုတာ အိမ်ဆည်းလည်း၊ အိမ်ခလောက် ကလေးရှိတဲ့ အိမ်ဟာ ဆူဆူညံညံနဲ့ သာလည်း သာယာတ



ပျော်စရာလည်း ကောင်းတယ်၊ စိတ်ညစ်စရာလည်း ပါသပေါ့ကွယ်။ မင်းက ကလေးသိပ်လိုချင်နေတဲ့ လူဆိုတော့၊ အေးလေ–ခေါ်ချင် လည်းခေါ်ထားပေါ့။ ဒါပေမယ့် သိပ်မချစ်ကြနဲ့နော်၊ ကိုယ် အပြီး အပိုင်ရတာ မဟုတ်ဘူး”

ထိုနေ့ ညတွင်ပင် ကိုစောဝင်းတို့လည်း မပန်းဝါတို့ထံ ကူးလာပြီး အကျိုးအကြောင်း ပြောပြသည်၌ လူမမယ်ကလေးကို သူတစ်ထူးလက်ထဲ၌ ပေးထားရန် လုံးဝ စိတ်မကူးခဲ့သည် မှန်သော် လည်း ကိုစောဝင်းတို့မှာ မိဘဖြစ်သော မိမိတို့ထက်ပင် အစစအရာရာ ဂရုစိုက်သည်ကတစ်ကြောင်း၊ ကျေးရွာကလည်း မကောင်းသည်တွင် ယခုကဲ့သို့ အာယုကို ခေါ်ယူစောင့်ရှောက်မည် ဆိုသည်မှာလည်း မိမိရော၊ ကလေးပါ ကောင်းဖို့အတွက် ဖြစ်သည်ကို စဉ်းစားမိသည့် အတိုင်း မဆိုင်းမတွဘဲ သဘောတူ ခွင့်ပြုကြ၏။

နောက်တစ်နေ့ မိုးလင်းသည်နှင့် ကိုစောဝင်းသည် မပန်းဝါ တို့ တဲသို့ အူးယားဖားယား ရောက်ရှိလာပြီး...

“မပန်းဝါ အာယုဖြင့်ကွယ် ညကများ အိပ်လိုက်တာ တုံးပဲ။ အားကြီးအေးတဲ့ ကလေးပဲဟေ့။ အစ်ကိုကြီးဖြင့် ဝမ်းသာလုံး ဆို့နေလို့ ထင်ပါရဲ့ကွယ် အိပ်လို့တောင် မပျော်ဘူး။ ဪ ဒါနဲ့ ကိုအောင်ရွှေ။ အစ်ကိုကြီးတို့ အိမ်ကို အချိန်မရွေး လာနိုင်တယ် နော်၊ ကြားလား အားမနာနဲ့၊ မပန်းဝါကတော့ နေ့လည်နေ့ခင်း အားတဲ့အခါ အိမ်မှာပဲ လာနေပေါ့ကွယ်”

ဤအစီအစဉ် အတိုင်းပင် စခန်းသွားခဲ့ရာမှ ၆–ရက်၊ ၇–ရက်သာ ကြာသောအချိန်တွင် မပန်းဝါ၏ နို့နာရောဂါမှာ သက်သာသည်ဟူ၍ မရှိဘဲ တိုး၍သာ ဆိုးလာသဖြင့် နောက်ဆုံး ဆေးရုံတက်ရသည်အထိပင် ဖြစ်လာခဲ့၏။

www.burmeseclassic.com

သခင် သခင်က ရုပ်ရှင်ပြဇာတ်များဖြင့်သာ အပျင်းဖြေ ခဲ့သော ကိုစောဝင်တို့မှာလည်း အာယုကလေး မွေးဖွားခဲ့သည်မှစ၍ အာယုအတွက်သွား၊ အာယုအတွက်ဝယ်၊ အာယုကိစ္စအလုပ်ရှုပ်၊ အာယုအကြောင်းပြောရင်း ပျော်နေရသည်နှင့်ပင် ရုပ်ရှင်ပြဇာတ် သတိမရနိုင်အောင် ဖြစ်နေကြတော့၏။

"ဟော့ ညွန့်၊ နို့ဘူးကို သေသေချာချာ ရေနွေးနဲ့ ဆေးပါကွယ်။ နို့သီးခေါင်းက ပိုအရေးကြီးတယ်ဟော့၊ ဖင်ပြန်ခေါင်းပြန် လှန်ပြီး ဆေးနော်၊ အော် မနေ့က ကိုယ်ဝယ်လာတဲ့ သွားပွတ်တံ အဲသေး စားကလေးကော၊ အဲဒါနဲ့ ကျကျနန တိုက်"

"ကဲ ရွှေကိုယ်တော် သိပ်ပိုမနေနဲ့၊ ကိုယ့်ဟာကိုယ်လာ လုပ်ချည်"

အာယုကလေးကို လက်ဝဲလက်ဖျန်ပေါ်တွင် ထိုင်စေကာ လက်ယာလက်ဖြင့် ရင်ကို သိုင်းဖက်၍ ဖက်ချီထားရင်း အနီးတွင် ရပ်၍ သြဇာပေးနေသော ကိုစောဝင်းအား မညွန့်မေက မျက်စောင်း ကလေးနှင့် မော်ကြည့်ကာ သို့ပြောလိုက်သည်နှင့်…

"စိတ်မဆိုးပါနဲ့ မိန်းမရာ။ မင်း သားကလေး နေထိုင် မကောင်း ဖြစ်မှာစိုးလို့ ပြောတာကွဲ့။ ကဲ သားရေ အာယုလေး၊ သားမေမေက ပင်ပန်းလို့ ညည်းနေပြီ၊ မွှေးမွှေးပေးလိုက်၊ မွှေးမွှေး ပေးလိုက်။

ကိုစောဝင်းသည် ဤသို့ပြောရင်း ချီထားသော အာယုကလေး ၏ နှာခေါင်းနှင့် မညွန့်မေ၏ ပါးကို ကပ်ပေးလိုက်သောကြောင့် မညွန့်မေတွင်လည်း နစ်နစ်ခြိုက်ခြိုက် သဘောကျသွားတော့ကာ လက်သုတ်ပုဝါကိုပင် ထ,၍ မယူနိုင်တော့ဘဲ လက်တွင် စိုနေသော ရေများကို ထမိတွင် ကမန်းကတန်း သုတ်လိုက်ပြီး အာယုကလေးကို လှမ်းဖက်၍ ဘယ်ပြန်ညာပြန် အားရပါးရ နမ်းပစ်လိုက်၏။





"မေမေက ညည်းတာဟုတ်ပါဘူး သားရယ်နော်၊ သားဖေဖေ က ပိုလွန်းလို့ ပြောတာသိလား။ မေမေက ငါ့သားလေးအတွက် ဆိုရင် အေးသင်တို့တောင် မနိုင်ဘူး၊ စိတ်မချလို့နောကွယ်"

သားဦးအရူးဆိုသည်မှာ စင်စစ် သားဦးက ရူးသည်မဟုတ်၊ မိဘက ရူးခြင်းသာလျှင် ဖြစ်တန်ရာ၏။ ကိုးလလွယ် ဆယ်လထား၍ ကိုယ်ဝမ်းမှ မွေးဖွားလိုက်ရသော သားမဟုတ်ဘဲလျက်နှင့်ပင် ညွန့်မေတို့ ဇနီးမောင်နှံမှာ ရူးမတတ် မြူးနေကြပြီး ခေါင်းညိတ် ခေါင်းခါ ဘာမျှ မတတ်သေးသော လ,သားအရွယ် ကလေးငယ် ကိုပင် တကယ့် လူကြီးပမာ ဘာဘာညာညာ ပြောဆိုနေသေး သတော့၏။

❖

မပန်းဝါသည်လည်း နို့နာပျောက်ကင်း၍ ဆေးရုံမှ ဆင်းလာ ခဲ့ပြီ။ အာယုကလေးမှာလည်း ဝူးဝူးဝါးဝါးနှင့် ပြုံးတတ်၊ ရယ်တတ်၊ ပျော်မြူးတတ်နေလေပြီ။ ကိုစောဝင်းနှင့် ကတိထားခဲ့သည့်အတိုင်း ဆိုလျှင် မပန်းဝါ နို့နာသက်သာသည်နှင့် အာယုကို ပြန်ပို့ရတော့ မည်ဖြစ်ရာ ခွေးကလေး၊ ကြောင်ကလေးများသော်မှ လပိုင်းအထိ မွေးမြူခဲ့ရလျှင် သံယောဇဉ်ဖြစ်တတ်သေးလျက် မက်မက် မောမော ကလေးလိုချင်နေသည့် ကိုစောဝင်းတို့အဖို့ဆိုလျှင် အာယုကို မိဘထံ ပြန်ပို့ရန်မှာ လွယ်ကူလှသော ကိစ္စမဟုတ်ပေ။

သို့စေကာမူ ကိုစောဝင်းတို့အဖို့ လိုအင်ဆန္ဒ ပြည့်ဝစေရန် အခြေအနေက ဖန်တီးပေးလိုက်၏။ မပန်းဝါ၏ နို့အနာရောဂါ ပျောက်ကင်းလာသည် မှန်သော်လည်း နို့လုံးလုံး မထွက်တော့ဘဲ နို့ကန်းသွားသည် ဖြစ်သောကြောင့်…

www.burmeseclassic.com

www.burmeseclassic.com

"မထူးပါဘူး မပန်းဝါ၊ ရှင်မှ နို့မထွက်တော့တာ ကလေး ပြန်မခေါ်နဲ့ဦးသေး၊ ကျွန်မတို့ပဲ ဆက်ပြီး ပြုစုပါ့မယ်"

ဤသို့သော အကြောင်းပြချက်ဖြင့် အာယုအား ဆက်လက် စောင့်ရှောက်ခွင့်ကိုယူကာ ကြည်ဖြူရွှင်ပြုံး နှလုံးဆီစိမ့်၍ တမြိန့်မြိန့် ကျေနပ်နေကြပြန်လေ၏။

သို့နှင့်ပင် အာယုကလေး အခါလည်သားသို့ ရောက်ခဲ့တော့ ကာ စူးစူးဝါးဝါးနှင့် စကားလုံးရှာသလို ရေရွတ်ခဲ့သော အာယုမှာ "မမ, ဘဘ" ဟူသော စကားနှစ်လုံးကိုမူ ပီပီသသကြီး ပြောဆိုနေ သာမကသေး...

"ဗိုလ်ချုပ်အောင်ဆန်း အလေးပြု"

ဤသို့ ဆိုလိုက်သည်နှင့် အာယုသည် သူ့ခေါင်းကလေးကို ချစ်စဖွယ်ငုံ့ချ၍ အရိုအသေပြုနေပြီ ဖြစ်၏။ ကိုစောဝင်းနှင့် မညွန့်မေမှာလည်း အာယုအား ချစ်လိုက်ကြသည်မှာ တုန်နေတော့ ၏။ မညွန့်မေ၏ မိခင်ကြီးသည်ပင် တဖြည်းဖြည်း မြေးအတုကလေး ကို ယုယုယယ လုပ်လာ၏၊ ချစ်လာ၏။ သူတို့သုံးယောက်သာလော အာယုကို အိမ်ခေါ်ထားမည် ပြုစဉ်က အတော်ကလေး ကန့်ကွက် ခဲ့သော မညွန့်ကြည်သည်လည်း မနေနိုင်၊ ချိုလား၊ ပွေ့လား နမ်းရှုတ်လားနှင့် ပြုစုယုယလာရုံသာမဟုတ် အာယုကလေး၏ ဝေယျာဝစ္စကိုပါ ကူညီလုပ်ကိုင်လာတော့၏။

"ဒီလိုတော့လည်း ညွန့်တို့ အပျိုကြီးက လိမ္မာသားပဲနော် ကိုဝင်း၊ တော်တော်ကြာ ညွန့်တို့ထက်များ သည်းနေဦးမလား မသိဘူး။ နောင် သူကိုယ်တိုင် သနပ်ခါးလိမ်းပေးရမှ ကျေနပ် တယ်။ ဘယ်တုန်းကမှ ကလေးနဲ့ ပတ်သက်ပြီး အနွံအတာ ခံ ခဲ့တဲ့ တို့အစ်မဟာ အာယုနဲ့ကျမှ ဘယ်လိုဖြစ်သွားတယ် မသိဘူး"



အာယုမှာ လူ့ပြည်မရောက်မီကတည်းကပင် ကုသိုလ်ထူး လာသူ ဖြစ်သည့်အတိုင်း ကိုစောဝင်းတို့၏ ကူညီစောင့်ရှောက်ခြင်း ကို ခံခဲ့ရ၏။ မွေးဖွားပြီးခဲ့သည်တွင်လည်း သူဌေးသားတစ်ယောက် နှင့် မခြား အပြုအစု ခံနေရသည့်ပြင် ကလေးကို ခံမင်တတ်သူ မဟုတ်သည့် မညွန့်ကြည်ပင်လျှင် အရေးတယူ ဂရုစိုက်လာရသည့် အခြေသို့တိုင်အောင် အာယု၏ ဇာတာသည် ထက်မြက်ခဲ့တော့၏။

❖

အာယုကလေး အခါလည်ကျော်၍ ရှစ်လမျှပင် စွန်းခဲ့လေပြီ။ နို့ဘူးနှင့်လည်း လွတ်ခဲ့ပြီ။ သို့သော် အာယုကား သူ့မိဘရင်းများ ဖြစ်သော ကိုအောင်ရွှေ၊ မပန်းဝါတို့ လက်ထဲသို့ ပြန်မရောက်ခဲ့သေး။

တစ်နေ့သော ၁၂–နာရီလောက်တွင် ကိုအောင်ရွှေသည် ယခင်သူနှင်းနေကျ ဖြစ်သော ခပ်နွမ်းနွမ်း၊ ခပ်နုတ်နုတ် ဆိုက်ကား မဟုတ်တော့ဘဲ တောက်ပ ဝင်းလက်နေသည့် အသစ်စက်စက် ဆိုက်ကားတစ်စင်းကို ကြော့ကြော့မော့မော့နှင့် ရင်ကလေးကော့၍ ပေါ့ပါးဖျတ်လတ်စွာ နင်းလာခဲ့ပြီး တဲရှေ့ မန်ကျည်းပင်ကြီး အောက်တွင် ထိုးဆိုက်လိုက်၏။

"ပန်းဝါရေ သွားကွယ်၊ အာယုလေး ခေါ်ချည်စမ်းပါ"

ကိုအောင်ရွှေသည် နဖူးတွင် သီးနေသော ချွေးများကို လက်ညှိုးဖြင့် သပ်လိုက်ရာမှ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း ဤသို့ ပြောလိုက်သည်နှင့် မပန်းဝါတွင် ရင်ထဲ ဆို့သွားသည့်နှယ် မျက်နှာကလေး ငယ်ကျသွား၏။

"အို ကိုအောင်ရွှေကလည်း ဒီလောက် နေပူနေတဲ့ဥစ္စာ ကလေးသွားခေါ်လို့ ဖြစ်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com

*အမှန်အားဖြင့်* မပန်းဝါသည် ဤသို့ပြောရန်မဟုတ်၊ ပြောလည်း မပြောသင့်သည်ကို မပန်းဝါ နားလည်၏။ သို့ပါလျက် အဘယ်ကြောင့် ဤသို့ ပြောလိုက်ရသည်မှာ အကြောင်းရှိ၏။

လွန်ခဲ့သော သုံးရက်လောက်က မပန်းဝါနှင့် အလွန်ရင်းနှီးသော ဧည့်သည် မိန်းမကြီးနှစ်ယောက် ပေါက်လာသည်၌–

"ဘယ်မလဲဟေ့ ညည်းကလေး ခေါ်စမ်းပါဦး၊ သတင်းကြားရတာ အားရစရာကြီးပဲ။ တော်တော်ထွား၊ တော်တော်လှတယ်ဆို၊ ဘယ်မလဲ ကြည့်ရအောင် ညည့်သား ခေါ်ပါဦး"ဟု တတွတ်တွတ် ပြောဆိုခေါ်နိုင်းစဉ်က မပန်းဝါသည် မညွန့်မေတို့ တိုက်သို့ ခပ်သွက်သွက် ကူးသွားပြီး အကျိုးအကြောင်းပြော၍ ကလေးကို ခေတ္တထည့်လိုက်ရန် ပြောသည်တွင် မညွန့်မေက "ခေါ်ချင်လည်း ခေါ်သွားလေ၊ မြန်မြန်သာပြန်ပို့"ဟု လိုက်လျောခွင့်ပြုစေကာမူ မျက်နှာထားမှာကား လုံးဝ ကျေနပ်ပုံမပေါ်ပေ။

"ဘာလဲ ဘာလဲ၊ ကလေးကို ခေါ်သွားဦးမလို့လား နေပူကြီးထဲမှာ၊ ညည်းတို့ အဲဒါတွေ ခက်တာပဲ၊ သွားသွား ကလေးတွေ့ချင်တဲ့ ဧည့်သည်တွေ ဒီကို ခေါ်လာခဲ့"

ဘုရားစင်ရှေ့တွင် လက်လှည့်စက်တစ်လုံးနှင့် အလုပ်ရှုပ်နေသော မညွန့်ကြည်က ဤသို့ ဝင်ပြောလိုက်သည်နှင့် မပန်းဝါရင်ထဲတွင် နင့်ကနဲ နင့်အောင် စိတ်ထိခိုက်သွားသော်လည်း အမူအရာမပျက်ရန် သတိကြီးစွာ ထားလိုက်ရပြီးမှ–

"ဟုတ်ပါရဲ့ မမကြည်ရယ်၊ ကျွန်မကလည်း ပြောပါသေးတယ်၊ နေပူလွန်းလို့ မခေါ်ပါရစေနဲ့ဆိုတာ အတင်းခေါ်ခိုင်းနေတာနဲ့"



သူတို့ကျေးဇူးနှင့် မကင်းသောကြောင့် သူတို့ ငြိုငြင်မည်ကိုလည်း စိုးရသေးသည်နှင့် မပန်းဝါသည် ဤသို့လျှင် သူတို့ကျေနပ်အောင်ပြော၍ ပြန်ခဲ့ရပြီး–

"ဒေါ်ဒေါ်ပုတို့ လာတဲ့နေ့မှပဲ ကလေးက အိပ်နေတယ်။ ခက်တာက အာယုဟာ အိပ်ပျော်နေတုန်း နိုးလိုက်ရင် လန့်တတ်လွန်းလို့ မနိုးဝံ့ဘူး။ နောက်တစ်ခေါက်လာမှပဲ ဒေါ်ဒေါ်ပု မြေးကို ကြည့်ပါတော့နော်"

မပန်းဝါမှာ ဧည့်သည်များ ကျေနပ်အောင်လည်း တစ်ဖက်က ကဖောထေးထေး ပြောရသေး၏။

ယခုတစ်ဖန် ကိုအောင်ရွှေကလည်း ခေါ်ခိုင်းနေပြန်ပြီ သွားခေါ်၍လည်း သူတို့က ထည့်မည်မဟုတ်သည်မှာ သေချာသောကြောင့် မပန်းဝါသည် ဤသို့ ကြိုတင်၍ ကာကွယ်ပြောပြောလိုက်ရခြင်း ဖြစ်၏။

"ဘာဖြစ်လဲကွာ၊ အဝတ်နဲ့ အုပ်ပြီး ခေါ်လာပေါ့"

"အင်း ရှင်ကပြောတော့ သိပ်လွယ်တယ်၊ ကလေးက တိုက်ထဲမှာသာ အမြဲနေရတာမို့ နည်းနည်းမှ အပူရှပ်ခံတာ မဟုတ်ဘူးသိရဲ့လား။ ဟိုတနင်္ဂနွေနေ့က ကားနဲ့ ခေါ်သွားတာတောင် အပြန်မှာ ကိုယ်နည်းနည်းနွေးလာလို့၊ ကဲပါ ကိုအောင်ရွှေရယ် ညကျမှပဲ ခေါ်ပါတော့။ ထမင်းခူးလိုက်တော့မယ်နော်"

အိမ်ထောင်သည် ယောကျ်ားတစ်ယောက်အဖို့ အလုပ်ခွင်မှ ပြန်လာသည့်အခါတွင် သာယာမှု၊ ကြည်နူးမှုတစ်ခုခုကို တွေ့မြင်လိုက်ရမှသာလျှင် သူပင်ပန်းခဲ့သမျှတွေ မေ့ပျောက်၍ စိတ်၏ ချမ်းသာခြင်းကို ရမည်ဖြစ်၏။ အိမ်ရှင်မတို့သည် ဤအချက်ကို အကွက်လည်အောင် ဖန်တီးပေးတတ်ဖို့ လို၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအကွက်ကို ချက်ချက်ချာချာ သိသည်၊ နားလည်သည်သာ ဖြစ်သော မပန်းဝါသည် ကိုအောင်ရွှေ ပြန်လာသည်နှင့် အာယု ကလေးကို ထိုးပေးလိုက်ပြီး ဖအေနှင့်သား တဟားဟား ကြည်နူးနေသည်ကို ကြည့်လို၏။ ဤသို့သော ကိုအောင်ရွှေ၏ သာယာမှုတွင် သူသည်လည်း ဆေစုယူချင်ရှာ၏။ သို့သော် သူတို့အဖို့ လိုသေးသော ချိုအောင် အဖက်ဖက်က ကောင်းမွန်ခဲ့ကြသည့် ကိုစောဝင်း၊ ညွှန့်မေနှင့် မညွှန့်ကြည်တို့သည် အာယုနှင့် သူ့မိဘများ၏ အချိန်မရွေး ကြည်နူးပျော်ရွှင်မှုကို ချုပ်ချယ်ထားသကဲ့သို့ ဖြစ်နေတော့၏။

ကိုအောင်ရွှေမှာလည်း လူရိုးလူအေးတစ်ယောက် ဖြစ်သည့်အတိုင်း တစ်စုံတစ်ရာ အတိုက်အခံ ပြောမနေတော့သဖြင့် ကလေး ခေါ်ရေး,မခေါ်ရေး ပြဿနာမှာ ထိုမျှနှင့်ပင် ပြီးပြတ်သွားခဲ့၏။

မပန်းဝါ ခူးခပ်ပြင်ဆင်ပေးသော ထမင်းကို ကိုအောင်ရွှေသည် မြိန်မြိန်ရှက်ရှက် စားသောက်လျက်ရှိစဉ် မပန်းဝါသည် အနီးတွင် ထိုင်၍ ယပ်တောင်ကလေး တစ်လက်ဖြင့် ယပ်ခပ်ပေးလိုက်၊ ကိုအောင်ရွှေ နမူးမှစို့လာသော ချွေးများကို အဝတ်စကလေးဖြင့် သုတ်ပေးလိုက်နှင့် မယားကောင်း ပီသစွာ ဝတ္တရားကို ဆောင်ရွက်လျက် ရှိနေရင်းကပင် တစ်စုံတစ်ရာကို ပေါက်ပေါက်ရာရာ တွေးမိသလို မျက်နှာကလေး အိုသွားပြန်တော့၏။

အာယုသည်ကားဆိုလျှင် နစ်ခါလည်သားနီးနီး ရှိနေပြီဖြစ်၍ တွတ်တီးတွတ်တာ ပြောနေသည့်အတိုင်း အကယ်၍ အာယုသာ ယခုအိမ်တွင် ရှိနေမည်ဆိုပါက ထွားကြိုင်းလှသော ခန္ဓာကိုယ် တုတ်တုတ်ကလေးကို မနိုင့်တနိုင် သယ်ရင်း ဟိုလျှောက်၊ သည်သွားနှင့် လမ်းသလားလိုက်၊ သူ့အဖေဆီပြေးလာလိုက်၊ ဟင်းပန်းကန်ရှိက်





ထိုက်နှင့် အမျိုးမျိုးသော ချစ်စဖွယ်အမူအရာကလေးများကို တွေ့မြင်ရပေမည်။ ကိုအောင်ရွှေသည်လည်း ထမင်းကောင်းကောင်း စားရမည်မဟုတ်၊ ငါးဖတ်ကို အရိုးထွင်၍ ရင်တွင်းမှ ဖြစ်ပေါ်လာသော စေတနာဖြင့် သားကလေးအား ခွန့်ပေးလိမ့်မည်။ သားကဟင်းချိုပန်းကန်ကို လက်ညှိုးထိုးပြလျှင်လည်း ဟင်းချိုကို ကျကျနနမှုတ်၍ သားကလေးကို တိုက်ပေလိမ့်မည်။ ဤလို ထိုလိုသော အဖြစ်ကလေးများသည် သားသမီးရှိသူ ဇနီးမောင်နှံများအဖို့ အသာသာဆုံးသော ရှုမျှော်ခင်းကလေးများပင် မဟုတ်ပါလော။

"ဟင်း"ခနဲ မပန်းဝါသည် သက်ပြင်းကလေး ချလိုက်၏။ အမှန်စင်စစ် မိမိတို့ ခံစားရမည်သာဖြစ်သည့် ထိုထိုသော ဘိတာမှုကလေးများကို အာယုသည် မိမိတို့အားမပေး၊ ကိုစောဝင်းနှင့် မညွှန့်မေတို့ ရင်ခွင်၌သာ ရွှင်မြူးတီတာ၍ ပလီပလာ သာယာနေတော့၏။

အကြောင်းရင်းကို စစ်လိုက်ပြန်သောအခါတွင်လည်း အာယုသည် ဘာမှ မသိတတ်သေးသော ကလေးမျှသာ ဖြစ်သောကြောင့် သက်သာရာတွင် ပျော်မည်သာဖြစ်၏။ အာယုကို ကိုစောဝင်းတို့ ခေါ်ယူပြုစုထားသောကြောင့် မပန်းဝါတို့မှာ ရင်သွေးကို အလယ်တွင်ထား၍ အားပါးတရ မပျော်ရ၊ မရွှင်ရသည်ကား မှန်၏။ သို့ဖြစ်လျှင် ကိုစောဝင်းတို့သည် တရားမျှတမှု ကင်းမဲ့နေပြီလော၊ မနှောင် ဆန်သည်ဟု ဆိုမည်လော။

ထိုသို့ ထင်ရန်လည်း မပန်းဝါတို့အဖို့ မဖြစ်နိုင်၊ အာယုအပေါ်၌ ချစ်သော ကိုစောဝင်းတို့၏ အချစ်ကား မပန်းဝါတို့ထက် ပိုလျှင်သာပိုမည် လျော့မည်ကား မဟုတ်ပေ။ စားစရာဆိုလျှင်လည်း လိုလေသေးမရှိ၊ ကစားစရာများမှာ ဗီရိုနှင့်အပြည့်၊ လက်တွင်းလှည်း

www.burmeseclassic.com

www.burmeseclassic.com

ပင် ကြိမ်နှင့်ထိုးထားသည့် အပေါစားမဝယ်၊ ဘိလပ်လုပ်အကောင်းစားကို နှစ်ရာနီးပါးပေး၍ ဝယ်ခဲ့ကြ၏။ ဖြောင့်ဖြောင့်တန်းတန်းမှ လမ်းမလျှောက်နိုင်သေးမီ "အာယုစီးဖို့"ဟု ဆိုကာ ကိုစောဝင်းသည် ကလေးစီး မော်တော်ကားကို တစ်ရာကျော်ပေး၍ ဝယ်ခဲ့၏။ ယုတ်စွအဆုံး သံပတ်ပေး၍ ကစားရသော ကပ္ပလီ ဂွမ်းထိုးအရုပ် လက်တစ်ဆုပ်စာလောက် သေးသေးလေးကိုပင် ၁၅-ကျပ်ပေး၍ ဝယ်၏။ အာယုအတွက်ဆိုလျှင် ဈေးမရှောင်၊ ငွေကို မနမြောဘဲ ရက်ရက်ရောရော အကုန်ခံခဲ့ကြ၏။

ထိုမျှသာလော၊ မကသေးပါ။ အာယုကို အကြောင်းပြု၍ သူ့မိဘများမှာလည်း အစစအရာရာတွင် ခါတိုင်းထက် ချောင်ချိခဲ့၏။ ကိုအောင်ရွှေရော၊ မပန်းဝါပါ အဝတ်အစားအတွက် မပူရ။ အချိန်ကျလျှင် လှလှပပ ဝတ်ကြရ၍ ကိုစောဝင်းက ဝယ်ပို့၊ မညွန့်မေကပေးနှင့် အဖာအထေး ဝတ်ခဲ့ရသည့် ဘဝမှပင် ကျွတ်ခဲ့လွတ်ခဲ့၏။

"ပန်းဝါရေ ရော ရော။ ဒါက ညည်းဝတ်ဖို့ ဒီလုံချည်ကို မောင်အောင်ရွှေကို ပေးလိုက်၊ သန်ဘက်ခါ တန်ဆောင်တိုင်ပွဲတော် မဟုတ်လား။ အေး ဘုရားသွားတော့ ဝတ်ဖို့"

အလွန်စေ့စပ်၍ ကပ်စေးနဲလှသော အပျိုကြီး မညွန့်ကြည်က ပင်လျှင် မန္တလေး ပိုးလုံချည်နှစ်ထည်ကို အသစ်စက်စက် ဝယ်ပေးခဲ့ဖူးသဖြင့် သူတို့ သူတို့အပေါ်၌ မပန်းဝါသည် အဘယ်သို့ သဘောထားရမည်နည်း။

"ကိုအောင်ရွှေတို့ သူများဆိုက်ကား နင်းရတာ သိပ်ချောင်လည်ပုံ မပေါ်ဘူးကွယ်၊ ဆိုက်ကားတစ်စင်းလောက် ဝယ်ပေးလိုက်ရရင် မကောင်းဘူးလား၊ ညွန့်ရေ ဟင်"





"သိပ်ကောင်းတာပေါ့ ကိုဝင်းရယ်၊ သူတို့ခမျာ ဆိုက်ကားငှားခတောင် ပြည့်အောင်မရလို့ အိတ်ထဲက စိုက်ပေးရသေးသတဲ့"

"ကဲ၊ မင်းတို့ ပါးစပ်ကသာ ပြောမနေကြနဲ့ ဝယ်ရင်လည်း မြန်မြန် ဝယ်ပေးလိုက်"

မညွန့်ကြည်ကပင်လျှင် စေတနာ ဗရပွနှင့် မဆိုင်းမတွ ဆောက်ခံခဲ့သည်။ တိုက်တွန်းခဲ့သည်။

"တစ်ပတ်ရစ်လောက်ဆို တော်ပါပြီ အစ်ကိုကြီးရယ်"

ဆိုက်ကားဝယ်ရန် တိုင်ပင်စဉ်က ကိုအောင်ရွှေ ဤသို့ ပြောလိုက်သည်ကိုပင်-

"အိုဗျာ၊ ဘယ်လောက် ပိုကုန်မှာမို့လဲ၊ အသစ်သာ ဝယ်ပါ။ အားလုံး အသစ်သာဆိုရင် ဘယ်လောက်ကျမလဲ၊ ဒါသာပြော၊ ကျုပ်ဝယ်ပေးမယ်။ နောက်ပြီး ငှားခတွေ၊ ဘာတွေလည်း ကျုပ်ယူမှာ မဟုတ်ဘူးနော်။ |အဲဒါ အပြီးအပိုင် ခင်ဗျားကို ဝယ်ပေးတာပဲ"

လူ့သဘာဝကို အသေးအမွှားကစပြီး နားလည်သော ကိုစောဝင်းသည် ဆိုက်ကားအသစ်စက်စက် တစ်စင်းကို ဝယ်ပေးရုံသာမကသေးဘဲ၊ ဆိုက်ကားသမားများ အထူး ဂုဏ်ယူလေ့ရှိသည့် သားရေလုံးဟွန်းနှင့် ဒိုင်နမိုမီးခွက်များပါ ဝယ်ယူတပ်ဆင်ပေးခဲ့၏။ ထိုမျှလောက် မိမိအပေါ်တွင် ကောင်းနေသော ကိုစောဝင်းတို့ အပေါ်၌ မပန်းဝါသည်လည်းကောင်း၊ ကိုအောင်ရွှေသည်လည်းကောင်း မည်သို့ သဘောထားရမည်နည်း။

မည်သို့ပင်ဖြစ်စေ မပန်းဝါ၏ စိတ်ရင်းအမှန်ကား ကိုယ့်ရင်သွေး ထွေးထွေးပိုက်ပိုက်နှင့် အတူအိပ်၍ အတူစားချင်သည်သာ ဖြစ်၏။ သို့သော် အာယုကလေးသည် ကိုစောဝင်းတို့အိမ်တွင် နေရသည်မှာ မိမိတို့ လက်ထဲတွင် နေရသည်ထက် အဖက်ဖက်က

www.burmeseclassic.com

သာသည်။ သာမန် ကျောပူခေါင်းပူ ဖြစ်ရုံမျှဖြင့် ဆရာဝန်ရောက်လာသည်။ ဆေးဆိုသည်မှာလည်း အာယုအတွက် သီးသန့်ဗီရိုတစ်လုံးဖြင့် သုံးမကုန်အောင် ဝယ်ထားသည်။ အဝတ်အစားဆိုလျှင်လည်း ဥတုသုံးပါးအတွက် အအေးထည်၊ အနွေးထည် လိုလေသေးမရှိအောင် ချုပ်ထားရသည်။ ရင်ဘတ်တွင် ကာတွန်းရုပ်ကလေးဖြင့်သေသေသပ်သပ် ချုပ်ထားသော ဘောင်းဘီနှင့် တွဲလျက်၊ ကျောက်ကွဲအင်္ကျီတစ်ထည်တည်းကိုပင် နှစ်ဆယ်နီးပါးပေး၍ ဝတ်ဆင်ခဲ့သည်။

ယခုကဲ့သို့ တွေးမိပြန်သောအခါ၌လည်း မပန်းဝါမှာ သားကလေးနှင့် အတူတကွ ခေါ်ထားလိုသည့် စိတ်များကို ကြံဖန် ဖြေဖျောက်ပစ်ရပြန်၏။

"ငါပြန်ခေါ်ရင် ငါ့သားလေးပဲ ဒုက္ခရောက်မယ်၊ သူတို့လို လည်း ပေါင်မုန့်၊ ထောပတ်သုတ်တို့၊ ဘီစကွတ်တို့ မကျွေးနိုင်ဘူး၊ အို ဘာပဲဖြစ်ဖြစ် သူတို့ဆီ ထားရတာလည်း သားလေးအဖို့ ကောင်းပါတယ်လေ"

ဤသို့ဖြစ်၍ ဤသို့ပင် နေခဲ့သည်မှာ တစ်လလည်းမဟုတ်၊ တစ်နှစ်လည်းမက လပေါင်း သုံးဆယ်ကျော်မျှပင် ကြာခဲ့လေပြီ။ မပန်းဝါတို့မှာလည်း အာယုကလေးနှင့် အတူအိပ်၊ အတူစား အတူနေထိုင်ခွင့် မရခဲ့သည်မှအပ အချိန်မရွေး တွေ့နိုင်၊ ရှိနိုင်၊ ချစ်နိုင်ခဲ့သည် ဖြစ်သောကြောင့် ကြာသော် ရိုးနေသလိုလို ဖြစ်သွားခဲ့သော်လည်း တစ်ခါတစ်ခါတွင်သော်ကား ကိုယ့်ရင်သွေး၊ ကိုယ့်သားကို အတူတူသာ ခေါ်ထားချင်စိတ် ပေါက်လာတတ်သေး၏။ ထိုသို့ ပေါ်လာသော စိတ်သည်လည်း ကြာကြာမခံ၊ ဟိုအကြောင်း ဤအကြောင်း၊ အကောင်းချည့်ဖြစ်သော အကြောင်းအမျိုးမျိုးကို ငဲ့ရထောက်ရသည်နှင့်ပင် ပျောက်ပျက်သွားပြန်၏။



"ဟော မောင်အာယု မင်း ဘယ်သူ့သားလဲ မှန်မှန်ပြောနော် မညာနဲ့"

တရားသူကြီးတစ်ဦး၏ သမီးနှင့် သမက် အိမ်အလည်လာစဉ် အာယုသည် မျက်နှာစိမ်းနေသောကြောင့် ရုတ်တရက် အဖြေမပေးဘဲ ငေးကြောင်ကြောင် လုပ်နေသည်နှင့်–

"ပြောလိုက်လေ သားရဲ့၊ ဒေါ်လေးချိုချိုက မေးနေတယ်။ ကကဲ ပြောလိုက် လူလိမ္မာဆိုတာ 'မေးရင် ဖြေရတယ်'ဟု မညွန့်မေက စကားဝင်ထောက်လိုက်မှ အာယုသည် မိမိကို ချီထားသူ ချိုချိုအား မော့်ကြည့်လိုက်၏။

"ဩ မောင်အာယုက လူလိမ္မာလား"

ချိုချို ဤသို့ မေးလိုက်သည်နှင့် အာယုသည် သွက်သွက် လက်လက် ခေါင်းညိတ်ပြလိုက်ပြီးမှ–

"ယုယုက လူလိမ္မာပေါ့၊ လူမိုက်ကလေ ဟိုဟို ဘာလဲ ထောင် ထောင်ထဲမှာ နေရတယ်"

တစ်အိမ်သားလုံး ဝုန်းခနဲ ပွဲကျသွားတော့၏။

"ဘယ့်နှယ် ကိုစောဝင်း ခင်ဗျားသားက သိပ်လည်ပါလားဗျာ ...င် ဟုတ် ဟုတ်သေးတော့ဗျာ"

ညီ့သည်၏ ချီးကျူးခြင်းကို ခံလိုက်ရသော ကိုစောဝင်းမှာ ...ဘယ် ဖအေအရင်းတစ်ယောက်၏ ကျေနပ်ခြင်းမျိုးဖြင့် ဝမ်း ...ပျော်သွားတော့၏။

"ဒီလိုဗျ တစ်ခါက ညနေဘက် ကားနဲ့ လျှောက်လည်ကြရင်း ...ထောင်ကြီးနားရောက်တော့ သူက မေးတယ်၊ ဒါဘာလဲ ဖေဖေ့ ...ကျွန်တော်လည်း ဒါးကို အရပ်ခိုင်းပြီး သေသေချာချာ ရှင်းပြော ...လိုက်တယ်၊ မင်း လိမ်လိမ်မာမာ နေရမယ်၊ လူမိုက်ဖြစ်ရင်တော့

www.burmeseclassic.com


ဒီထောင်ထဲ ရောက်မှာပဲလို့ ပြောပြတာကို သူမေ့ဟန်မတူဘူး၊ မှတ်ဉာဏ်တော့ တကယ်ကောင်းတဲ့ ကလေးပဲ ကိုဖေတင်”

“ကဲ ကဲ ဆိုပါဦးကွဲ့. မင်းဘယ်သူ့သားလဲ”

အာယုသည် သူမကြားချင်ဆုံးသော မေးခွန်းပေါ်လာသည့်အလား စိတ်ရှုပ်သွားသလို မျက်နှာအိုသွားကာ ခပ်လှမ်းလှမ်းတွင် ထိုင်နေသော မပန်းဝါကိုလည်းကောင်း၊ မျက်နှာချင်းဆိုင်၌ မညွန့်မေကိုလည်းကောင်း၊ ချိုချိုနှင့် ယှဉ်ထိုင်နေသူ မညွန့်ကြည်အားလည်းကောင်း တစ်လှည့်စီ ကြည့်လိုက်ပြီးမှ-

“မေမေညွန့်သား”

အာယုသည် မညွန့်မေအား လက်ညှိုးထိုးပြရင်း ဤသို့ ပြောလိုက်သည်နှင့်-

“ဘာပြောတယ် အာယု”

မညွန့်ကြည်လည်း ဤသို့မေးရင်း အာယုအား ခပ်တည်တည် ကြည့်လိုက်သောကြောင့်-

“အလကားပြောတာ မေမေကြည်၊ ယုယုလေ မေမေကြည့်သားပေါ့၊ မေမေကြည့် ဗိုက်ကြီးထဲက မွေးတာလေ”

ဝေါခနဲ ရယ်လိုက်သော အသံများမှာ တစ်အိမ်လုံး ဆူညံသွားတော့၏။

“အာဂလာတဲ့ ချာတိတ်ပဲ”

“မင်း သိပ်လည်ပါလားကွဲ့. မောင်အာယုဟင်”

ကိုဖေတင်နှင့် ချိုချိုတို့မှာ မအံ့သြဘဲ မနေနိုင်အောင် ဖြစ်သွားရာမှ မျက်ရည်ကျမတတ် ရယ်ရင်း ဤသို့ ချီးကျူးလိုက်ကာ-

“ကဲကွယ် မင့် ဖေဖေကကော”

အာယုသည် ကိုစောဝင်းဆီသို့ မေးငေါ့ပြလိုက်၏။

“လာဦးသား မေမေကြည် ပြောမယ်”ဟု၍ မညွန့်ကြည်က ခေါ်လိုက်သဖြင့် အာယုသည် ချိုချို၏ ပေါင်ပေါ်မှ လျှောဆင်းကာ မညွန့်ကြည် ရင်ခွင်ထဲသို့ ပြေးဝင်သွား၏။

မပန်းဝါမှာမူ ပိုင်သာပိုင် မဆိုင်ဆိုသကဲ့သို့ အာယု၏ မိခင်အဖြစ်ဖြင့် ထင်ပေါ်ခွင့် မရသည်ကို တွေးရင်း ဝမ်းနည်းမိသည်ထက် ယခုကဲ့သို့ မိမိသားကလေး မင်းစိုးရာဇာ လူကုံထံများအလယ်၌ ထည်ထည်ဝါဝါ ဖြစ်နေသည်၏ အဖြစ်ကို ကြည့်ကာ ကြည်နူးနေရသည်က ပို၍ အရသာ ရှိသကဲ့သို့ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေ၏။

“ဒီမှာသား ဟောဒီ ဒေါ်လေးတို့က နားထောင်ချင်လို့ပါတဲ့ကွယ် အေဘီစီဒီ ဆိုပြလိုက်ပါဦး”

အာယုသည် ချေသည်များကို ရှက်နေသည့် အမူအရာဖြင့် ခင်တင်တင်လုပ်နေသောကြောင့် မညွန့်ကြည်က သုံးလေးကြိမ် တိုက်တွန်းမှပင်-

“အေ၊ ဘီ၊ စီ၊ ဒီ၊ စသဖြင့် အာယုသည် အထစ်အငေါ့မရှိဘဲ လျှောက်လျှောက်ကြီး ဆိုသွားကာ အယ်လ်၊ အမ်၊ အင်န် ဟူသော အသံတူစာလုံးများရောက်မှ ကိုစောဝင်း ဝင်ထောက်ပေးရ၏။ အမ်န် ဆခ်လက်၍ ဆိုသွားပြန်ပြီး ဇွီနှင့် ဘီ မှားသွား၏။

“ကဲ ဇွီနော် ပြန်ဆို”

ကိုစောဝင်းက ထောက်ပေးသည်ကို-

“ဘွီ မဟုတ်ဘူးကွ ဇွီ”

“အိုကွယ် မောင်စောဝင်းကလည်း နည်းနည်းပါးပါး လွှတ်ရင် လွှတ်ရောပေါ့ ကလေး ခေါင်းရှုပ်သွားပါ့မယ်”

www.burmeseclassic.com

ကိုစောဝင်း ယောက္ခမကြီးက ဤလိုဟန့်လိုက်သဖြင့်–

"ကဲ ဒီပြီးတော့ကော"

အာယုသည် အတန်ကြာ စဉ်းစားနေပြီးမှ–

"ဘဘာလ–လ–လ–လ ယူ"

တစ်အိမ်သားလုံးရဲ့ အုံးအုံးကျွက်ကျွက်နှင့် ရယ်သံချင်းရောသွားတော့၏။

"ဒဘာလှသားရဲ့ ဘယ်နှယ့် မင်းဟာက ဒဘာလ–လ–လ–လယူရယ်လို့"

မညွန့်မေက ဤလို ပြင်ပေးသည်ကိုပင် အာယုသည် မညွန့်မေအား မျက်စောင်းထိုးကြည့်ရာမှ–

"မေမေညွန့်က မသိဘဲနဲ့၊ ဟိုဟို အင်္ဂလိပ်ကျောင်းနေရင် ဗိုလ်နဲ့တူအောင် ဒီလိုပဲ ချိုးရတယ်။ ဒဘာလ လ လ လယူ အိပ်(စ)ဗိုင်ဇက်"ဟု အဆုံးသပ်လိုက်သည်နှင့် ကိုဖေတင့်တို့ ဇနီးမောင်နှံမှာ ဖြစ်ပေါ်လာသည့် နှစ်သက်သဘောကျမှုကို မျိုသိပ်မထားနိုင်တော့ဘဲ အာယုကို မညွန့်ကြည်လက်ထဲမှ ဆွဲချိုပြီး တစ်လှည့်စီ မွှေးရမ်း၍ အားပါးတရ နမ်းပစ်လိုက်ကြ၏။ ထိုအခြင်းအရာကို မြင်လိုက်ရသော မပန်းဝါကား ကြက်သီးထကမန်းကြည်နူးသွားတော့၏။

"ကျွန်တော်တော့ အံ့တာပဲ ကိုစောဝင်းရယ်၊ ဒီလောက်ငယ်ငယ်လေးနဲ့ အေ ဘီ စီ ဒီ အစအဆုံး ရတယ်ဆိုတာ ကျွန်တော် ဒါ ပထမမြင်ဖူးကြားဖူးခြင်းပဲ"

"ဟုတ်တယ် မမညွန့်၊ သူ့ကို ခုကတည်းက ဘော်ဒါ ပို့ထားရင် ကောင်းမှာပဲ"



"ကျွန်မ ပြောသားပဲ ဟော့ ကိုဝင်း အဖြစ်သည်းနေတယ်လေ၊ သူ့သားကို မခွဲနိုင်ဘူးဆိုပြီး ဆရာမတစ်ယောက် ခေါ်သင်ရလို့တဲ့"ဟု မဲ့ကာရွဲ့ကာ ပြောလိုက်သော မညွန့်မေ၏ စကားမဆုံးသေးမီ ကိုဖေတင် ပေါင်ပေါ်မှနေ၍ အာယုသည် "မေမေညွန့်မေမေညွန့်"နှင့် တတွတ်တွတ် ခေါ်နေသောကြောင့်–

"ဘာလဲ သား ဟင် ဟင်"

"ယုယု အိမ်မှာ စာအသင်ဘူး ကျောင်းကို တွားမယ်"

"အေး အေး သွားရမှာပေါ့ သားရယ်၊ ငါ့သားက ဘယ်ကျောင်းမှာ နေမလဲ"

"ဟို ဟို ဒါဂျီလင် ကျောင်းမှာနေမယ်"

ဤတစ်ကြိမ်၌ အာယုမှာ ကိုဖေတင်၏ ပေါင်ပေါ်တွင် ရှိနေသည် ဖြစ်သောကြောင့် ကိုဖေတင်သည် အာယုကလေးအား အသာအယာ ညှစ်၍ နမ်းလိုက်၏။ ချိုချိုကလည်း ပါးဖောင်းဖောင်းကလေးကို ဆွဲ၍ ခါလိုက်၏။

"ခုတလော အရာရှိပိုင်းနဲ့ ဓနရှင်ပိုင်းမှာ ဒါဂျီလင် ခေတ်စားနေလို့ ကျွန်မတို့အိမ်မှာလည်း ပြောပြောနေကြရင်းက သူ့ကိုပါ ဒါဂျီလင် ကျောင်း ပို့မယ်လို့ ပြောထားမိတာနဲ့ သူကပါ ဒါဂျီလင် ဖြစ်နေတယ်"

ကိုစောဝင်းတို့ အိမ်သားတစ်စုမှာလည်း ဤသို့လျှင် အာယုအတွက် ဂုဏ်ယူ၍ အာယုကြောင့် ပျော်ကာ၊ အာယုတစ်ယောက် ရှိသည့်အတွက်ပင် ခါတိုင်းထက် သာယာစိုပြေသည်ဟူ၍ တစ်ထစ်ချ မှတ်ယူထားကြ၏။ ထိုသို့ ဖူးဖူးမှုတ်ချစ်နေရသည့်အထဲတွင် လုပ်ငန်းဆောင်တာ ဟူသမျှမှာလည်း အာယုရောက်လာသည့် နေ့မှစ၍ တစ်နေ့တစ်ခြား ဖွံ့ဖြိုးတိုးတက်လာပြန်သောကြောင့် အာယုမှ

www.burmeseclassic.com

www.burmeseclassic.com

အာယု တင်ယုတည်း ယူပြီး တစ်ချစ်တည်း ချစ်နေကြသည်မှာ အမြင်ကတ်စရာပင် ကောင်းနေတော့၏။

“သော့ သော့ ချဉ်းစဉ်းစားစားလုပ်နော်၊ ကလေးတစ်ယောက်နဲ့ အားနည်းတာ လူကြီး ငါးယောက်ထက်ပိုတယ်၊ ခေါ်ချင်ခေါ်ထား ခင်ပွန်းလောင်းနဲ့ ဝတ်သက်ပြီး ဘာတာဝန်မှ ငါမယူဘူး။ ဒါပဲ”

မေန်းဝါ နို့နာပေါက်စဉ်က အာယုကလေးအား အိမ်သို့ခေါ် ဆောင်ရန် တိုင်ပင်ကြစဉ် မညွန့်ကြည်သည် ဤလို စကားမျိုးဖြင့် သဘောမတူနိုင်သယောင်ယောင် ပြောခဲ့ဖူးသော်လည်း ယခုအခါ တွင်မူကား အာယု ကိုယ်ကလေး အနည်းငယ် ပူရုံမျှဖြင့် နေမထိ ထိုင်မထိနှင့် အူယားဖားယား ဗျာအများဆုံး ဖြစ်နေတတ်သူမှာ အပျိုကြီး မညွန့်ကြည်ပင် ဖြစ်တော့၏။

မညွန့်ကြည် အပျိုကြီး ဖြစ်နေရသည့်အကြောင်းရင်းမှာ တွေးမိတိုင်း စိတ်မချမ်းမြေ့ဖွယ်ရာ ကောင်းလှတော့၏။ မညွန့်ကြည်မှာ ရုပ်ရည်အားဖြင့် မညွန့်မေလောက် ပြေပြေပြစ်ပြစ် မရှိသည့် တိုင်အောင် ကြည့်ပျော်ရှုပျော် အတော်အသင့် လှသူဖြစ်လျက် ကိုယ်လုံးကိုယ်ပေါက်မှာမူကား မညွန့်မေထက် အချိုးအဆစ်ကျသူ ဖြစ်၏။ ပစ္စည်းဥစ္စာလည်း ကြွယ်ဝသူဖြစ်ပါလျက် ယနေ့တိုင်အောင် အိမ်ထောင်မကျသေးသည်မှာ ရသည့်လူကို အလိုမရှိ၊ သူအလိုရှိသူ ကလည်း သူ့ကိုမယူလို၊ ထိုနှစ်ချက်ကြောင့်ဖြစ်၏။ မညွန့်ကြည်ကား စိတ်ထက်၍ မာနကြီးသူဖြစ်သည့်အတိုင်း မြို့အုပ်ဝန်ထောက်လောက် ကိုပင် သူနှင့်မတန်ဟု ယူဆခဲ့၏။

သူကသာ ဤလို မာနထန်၍ မာန်တင်းနေသည်။ မင်းစိုးရာဇာပိုင်း၊ သူဌေးပိုင်းက မဆိုထားဘိ၊ သာမန် အလယ်အလတ်တန်းစား ယောကျ်ားများကပင် မညွန့်ကြည်အား မယူဝံ့၊ မယူရဲ ဖြစ်နေခဲ့ကြသည်။ သို့ ဖြစ်ရသည်မှာလည်း အခြားကြောင့် မဟုတ်။

“မညွန့်ကြည်တော့ မယူဝံ့ဘူးဆရာ၊ မျက်ရည်ခံမှည့်ကြီးနဲ့”

ဤသည်လျှင် မညွန့်ကြည် အပျိုကြီး ဖြစ်ရခြင်း၏ အကြောင်းရင်း ဖြစ်တော့၏။ မည်သည့်ခေတ်၊ မည်သည့်ကာလက မည်သည့်အချက်ကို အကြောင်းပြု၍ ဤအစွဲအလန်း အယူဝါဒသည် ပေါက်ပွားခဲ့သနည်း။ မည်သည့်အထောက်အထားနှင့် တွက်၍မှ အဓိပ္ပါယ်မရှိသော ထိုအယူအဆသည် ယခုခေတ်သို့တိုင်အောင် စွဲလမ်းယုံကြည်နေကြသေးသည်မှာ မြန်မာများအဖို့ ရှက်စရာပင် ကောင်းနေပေတော့သည်။

မာနကြီးသော မညွန့်ကြည်ကလည်း ရသည့်လူကို မယူနိုင်၊ သူလိုချင်သူကလည်း “မျက်ရည်ခံမှည့်” ကြောင့် မယူဝံ့။ ဤသို့နှင့်ပင် မညွန့်မေမှာလည်း အပျိုကြီးအဖြစ်ဖြင့် တစ်ကိုယ်တည်း နေခဲ့ရရှာတော့၏။

❖

“မေမေညွန့် ရေခဲချောင်းစားမယ်၊ ရေခဲချောင်းစားမယ် မေမေညွန့်”

“အာယုနော် ဘာလဲနင်၊ ဟိုတစ်နေ့က ရေခဲမုန့်စားလို့ ချောင်းဆိုးတယ် မဟုတ်လား၊ မစားရဘူး”

“ရေခဲမုန့်က ချောင်းဆိုးတယ်၊ ရေခဲချောင်းက ချောင်းမဆိုးဘူး၊ ဝယ်ပေးပါ မေမေညွန့်ရဲ့၊ ရေခဲချောင်း ဝယ်ပေးပါ”

“ပြောလို့ မရဘူးလား အာယု၊ ငါခေါက်လိုက်မယ်နော်”

ထိုအသံကို ကြားလိုက်ရသည်နှင့် အကျီကြယ်သီး တပ်ရင်းပြီးထွက်လာသော မညွန့်ကြည်သည် ပျာပျာသလဲ အာယုကလေးကို ပွေ့ချီပြီး–

www.burmeseclassic.com

"ညည်း တယ်ခက်ပါလား မညွန့်မေရယ်၊ နည်းနည်းပါးပါး လည်း ချွေချွေတာတာ ပြောမှပေါ့အေ့။ အော်ဖို့ ငေါက်ဖို့လောက် စိတ်ကူးနေတာပဲ ညည်း"

"အော်မှာပေါ့၊ မမသားကိုက ကဲအားကြီးတယ်၊ ပြောမရ ဆိုမရ ချောကလေး"

ချက်နာထားနှင့် ပြောနေသည် မှန်သော်လည်း မညွန့်မေ သည်းလိုက်ရလိုက် ချစ်သောအသွင်သည် ဖုံးကွယ်၍မရ၊ မျက်လုံး နှင့် အမူအရာက ပြလျက်ရှိ၏။

"လာ သား၊ သူနဲ့ မခေါ်နဲ့။ မေမေကြည်နဲ့ အိပ်ရာထဲမှာ ပုံပြောရအောင်နော်"

မညွန့်မေလည်း အာယုကို ချော့ရင်း အခန်းတွင်းသို့ လှမ်းဝင်ခဲ့ကာ ကုတင်ပေါ်တွင် ပှက်လက်လှန် အိပ်ချလိုက်ပြီး အာယုအား ဗိုက်ပေါ်တွင် ခွထိုင်စေလျက်—

"ကဲ သားက ပုံပြော၊ မေမေကြည်က နားထောင်မယ်နော်။ သားပြောပြီးမှ မေမေကြည် ပြောမယ်နော် ဟုတ်လား"

အာယုသည် မျက်ခုံးကလေးချီ၍ ခေါင်းညိတ်ပြလိုက်ပြီး တစ်စုံတစ်ရာကို ခပ်တွေတွေ စဉ်းစားနေ၏။

"ရှေးရှေးတုန်းက ကျားကြီးတစ်ကောင် ရှိရောတဲ့"

"အဲဒီကျားကြီးက ဘယ်လိုအော်သလဲ သားရယ်"

"ဝူးဝူးနဲ့ အော်တာပေါ့ မေမေကြည်ရဲ့"

"အို သားကလည်း ဝူးဝူးက ဆင်အော်တာလေ"

"အုံး အုံးလို့ အော်တယ် ဟုတ်လား မေမေကြည်"

"အေး ပြောပါဦး ကျားကြီးက"



"ကျားကြီးကလေ အုံး အုံးနဲ့ အော်ပြီး မေမေကြည်ဆိုတဲ့ ကောင်ကလေးကို ကိုက်ဖို့"

ထိုစကားကြောင့် မညွန့်ကြည်သည် အားပါးတရ ရယ်မိ လေရာ ဗိုက်ပေါ်တွင် ထိုင်နေသော အာယု ကိုယ်ကလေးပင် တသိမ့်သိမ့်ခါသွား၏။

"မေမေကြည်ဆိုတဲ့ ကောင်ကလေး ဟုတ်ပါဘူး သားရဲ့၊ မေမေကြည်ဆိုတဲ့ မိန်းမကြီးကို ကိုက်မလို့ လာတော့ အင်း ဘာဖြစ်သလဲ"

"လာရော၊ ကျားကြီးက မေမေကြည်ကို ကိုက်ဖို့လာတော့ အာယုဆိုတဲ့ ကောင်ကလေးက တစ်ခါတည်း ဟိုဟို ဓားကြီးနဲ့ ယူပြီးတော့လေ ဟောဒီလို ခုတ်လိုက်ရော"

"အောင်မယ်လေး၊ အာယုဆိုတဲ့ ကောင်လေးက ဓားကြီးနဲ့ ခုတ်လိုက်တော့ ကျားကြီးက ထွက်ပြေးရောလား"

"သေသွားတာပေါ့ မမကြည်ရဲ့ နောက်တစ်ခါ ကြောင်ကြီး က လာဂျန်ရော ညောင် ညောင်နဲ့"

"အင်း လာရော၊ လာတော့ ဓားကြီးနဲ့"

"အို မေမေကြည်ကလည်း ဒီတစ်ခါကျတော့ ဓားကြီးနဲ့ မဟုတ်ဘူး၊ ချတင်းဂန်းနဲ့ ကျစ်လိုက်တာပေါ့၊ ဒက် ဒက် ဒက်"

အာယုသည် လက်ကလေးနှစ်ဖက်ကို သေနတ်ကိုင်သကဲ့သို့ ရှေ့ဆင့်နောက်မြှောက်၍ ဟန်ပါပါပြရင်း ပြောလိုက်သောကြောင့် မညွန့်ကြည်သည် အလွန်သဘောကျသွားသည့် အလား တအား ကြုံးဖက်လိုက်ပြီးမှ အာယုပါးကလေးကို နမ်းလိုက်၊ ကိုက်လိုက်၊ ငုံလိုက်၊ ခဲလိုက်ဖြင့် မချင့်မရဲ သဘောကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com

“တတ်လှချည်လား သားရယ်၊ စတင်းဂန်းတွေ ဘာတွေ မင်းသိနေပြီကိုး၊ သားကို ဘယ်သူသင်ပေးသလဲ ပြောစမ်း မေမေ့ကို”

“ဟိုဒင်းဆေ့ါ မေမေကြည်ရဲ့၊ ဟို ဟို ကိုကို ဘသန်းလေ”

“ဩ ဩ ကိုကိုဘသန်း သင်ပေးသလား”

“သားရေ၊ ဟော သား အာယုလေး”

သို့အော်ရင်း ကမန်းကတန်း ပြေးတက်လာသော ကိုစောဝင်းသည် အာယု ထွက်အလာကို မစောင့်နိုင်တော့ဘဲ မညွန့်ကြည်တို့ အိမ်ခန်းထဲသို့ ဇွတ်ဝင်လာသဖြင့် အာယုလည်း ကိုစောဝင်း အသံကြားကတည်းက မတ်တတ်ရပ်ပြီး ဖြစ်နေသောကြောင့် ကိုစောဝင်းသည် အာယုကို ဆွဲယူမြှောက်ချီ၍ အခန်းထဲမှ ထွက်သွားတော့မည် အပြုတွင်–

“ဒီမှာ မောင်စောဝင်း၊ မင်းရယ်၊ မမကြည်ရယ်၊ မညွန့်မေရယ်၊ အာယုပါခေါ်ပြီး ကန်တော်ကြီး သွားကြရင် မကောင်းဘူးလားကွဲ့ဟင်”

မညွန့်ကြည် ဤသို့ ပြောလိုက်သည်နှင့် ကိုစောဝင်းလည်း ငုံ့ကြည့်လိုက်ကာ–

“အချိန်မရှိတော့ဘူး မမကြည်၊ ၅–နာရီခွဲနေပြီ၊ ၆–နာရီထိုးရင် မပန်းဝါ ကလေး လာခေါ်မှာ မဟုတ်လား”

“အင်းလေ ဒါကြောင့် သွားရအောင် ပြောတာပေါ့၊ ခုတလော အာယုကို သူ့အမေအိမ် ညနေ ညနေ ခေါ်ခွင့်ပြုတာ ၁၀–ရက်တောင် မပြည့်သေးဘူး။ ကောင်လေးဟာ တစ်မျိုးဖြစ်လာတယ်။ သူ့အဖေနဲ့ အမေကို ခင်တတ်လာတယ်။ ဒီအတိုင်းသာ တစ်လလောက်ဆက်ပြီး ခွင့်ပြုထားရင်တော့ အာယု တို့အိမ် နေတော့မှာ မဟုတ်ဘူး။ သူ့မိဘတွေဆီ ပြန်သွားလိမ့်မယ်”



ထိုစကား ကြားလိုက်ရသည်နှင့် ကိုစောဝင်းမှာ အတော်ကလေး အံ့အားသင့်သွားသည့် အမူအရာဖြင့် မညွန့်ကြည်အား အတန်ကြာ စူးစိုက်ကြည့်ရှုနေပြီးမှ–

“မမကြည် အစကတော့ ကျွန်တော်တို့ကိုပြောတယ်။ အချိန်တန်တော့ သူ့ကလေးဟာ သူ့ကလေးပဲ၊ မပိုင်တဲ့ ဝက်ကို မင်းတို့ မွေးချင်ရသလား။ တစ်နေ့ သူ့မိဘဆီ ပြန်သွားရင် ဝမ်းနည်းပက်လက်တော့ မဖြစ်ကြနဲ့၊ ဘာညာနဲ့။ အင်း ခုတော့ မမကြည်ကစပြီး သံယောဇဉ် ကြီးနေပြီ”

“မင်း ဒါတွေ ရေရွှးမနေနဲ့ ဟိုတုန်းကပြောတာ ဟိုတုန်းက စကားပဲ။ ခုကြည့်လေ နေ့လည်ကတောင် မင့်သားက လုပ်နေသေးတယ်။ ပန်းဝါတို့အိမ် သွားမယ်လေး ဘာလေးနဲ့၊ ငါဖြင့် ဒီကောင်လေးကို ချစ်တောင် မချစ်ချင်တော့ဘူး”

ကိုစောဝင်း လည်ပင်းကို ကျုကျုနနဖက်၍ မျက်လုံးကြောင်ကြောင်နှင့် ယောင်ပေပေ နားထောင်နေသော အာယုကလေးသည် မညွန့်ကြည် ဤသို့ ပြောလိုက်သည်နှင့် မျက်နှာကလေး ငယ်ကျသွားရာမှ တဖြည်းဖြည်း မဲ့ပြီး ဝါးခနဲ ငိုချလိုက်တော့၏။

“သား သား မငိုနဲ့လေ၊ ဘာဖြစ်လို့လဲ”

ကိုစောဝင်းသည် ပျာပျာသလဲ ချော့ရင်း မေးလိုက်၏။

“မေမေကြည်က ယုယုကို အ အ ချစ်တော့ဘူးတဲ့”

ဝမ်းနည်းပက်လက်နှင့် ထစ်ထစ်ငေါ့ငေါ့ ပြောရင်း ရှိုက်၍ ရှိုက်၍ ငိုနေပြန်သောကြောင့် ကိုစောဝင်းလည်း အတန်တန် ချော့ရင်းက–

“အလကားပြောတာပါကွယ်၊ သားကို မေမေကြည် ချစ်ပါတယ်။ မေးကြည့်စမ်း ချစ်သလားလို့”

www.burmeseclassic.com

www.burmeseclassic.com

အာယုသည် သွက်သွက်လက်လက် ခေါင်းခါပစ်လိုက်၏။

"မချစ်ဘူးတဲ့ ဖေဖေရဲ့၊ မေမေကြည်က မချစ်ဘူးတဲ့ ယုယုကို မချစ်တော့ဘူးတဲ့"

"ကဲ ချော့လိုက်ပါဦး မမကြည်ရယ်၊ ကလေး စိတ်မချမ်းသာအောင် လုပ်မနေပါနဲ့တော့"

နေ့လည်လောက်က အာယုသည် မပန်းဝါဆီ သွားလိုကြောင်း ပြောခဲ့သည်ကို ဂရုဏာဒေါသောဖြင့် သဘောမကျ ဖြစ်နေသည် မှန်သော်လည်း အာယုကလေး ယခုကဲ့သို့ ရှိုက်ကြီးတငင် ငိုလိုက်သည်ကို မြင်ရသည်တွင်မူ မညွှန့်ကြည်မှာ မကြည့်ရက်၊ မရှုစိမ့်နိုင် ငိုင်သွားသည်အထိ ဝမ်းနည်းနေခိုက် ကိုစောဝင်းက ဤသို့ ပြောလိုက်သည်တွင်မူ သတိရလာတော့ကာ ကပျာကယာ ထ၍–

"ကြည်စားတာပါ သားရယ်၊ မေမေကြည်က သားကို ချစ်ပါတယ်။ ချစ်တာမှလေ ဟောဒီလောက် အများကြီး ချစ်တယ် နော် နော်"

မညွှန့်ကြည်သည် ကိုစောဝင်း လက်ပေါ်တွင် ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်နေသော အာယုကလေးအား ဤသို့လျှင် နှစ်သိမ့်လိုက်မှ ကျေနပ်သွားသလို အငိုရော အရှိုက်ပါ ရပ်သွား၏။

"ကဲ–မမကြည် သားကို စစ်ဗိုလ်ကြီးလို ဝတ်ပေးလိုက်စမ်းပါ၊ သား ပြီးတော့ အောက်ဆင်းခဲ့နော်"

ကိုစောဝင်းသည် အာယုကို မညွှန့်ကြည်လက်သို့ လှမ်းပေးခဲ့ပြီး မိမိအိပ်ခန်းသို့ ဝင်၊ အဝတ်အစားလဲပြီး မျက်နှာသုတ်ပုဝါ ပခုံးတွင် ပတ်ပြီး အောက်ထပ်သို့ ဆင်းသွား၏။

◆



၁၅–မိနစ်ခန့်အကြာတွင် ရေမိုးချိုး၍ အဝတ်အစားပါ လဲလှယ်ပြီးစီးပြီဖြစ်သော ကိုစောဝင်းသည် ဧည့်ခန်းတစ်နေရာတွင် တစ်စုံတစ်ရာသော ပစ္စည်းတစ်ခုကို စောင်ကြီးဖြင့် အုပ်ရင်း လုပ်ရှုပ်နေသည်ကို တွေ့ရ၏။

ထိုအခိုက် အဝတ်အစား သစ်သစ်လွင်လွင်နှင့် အပြင်မှ ပြန်လာဟန်တူသော မညွှန့်မေသည် အိမ်ထဲသို့ ဝင်လိုက်သည်နှင့် လှုပ်လှုပ်ရှရှ ဖြစ်နေသော ကိုစောဝင်းကို မြင်ရသောကြောင့်...

"ဘာလုပ်နေတာလဲ ကိုဝင်းရဲ့ ကြည့်စမ်းပါဦး၊ စောင်တော့ ပစ်ရပါပြီ ဖုံတွေထဲမှာ"

"အိုကွယ် မျက်လှည့်ပြမလို့ပါ၊ သွားသွား မြန်မြန် အဝတ်လဲချည်"

မညွှန့်မေ အပေါ်ထပ်တက်သွားသည်နှင့် မရှေးမနှောင်းပင် မပန်းဝါ ရောက်လာသဖြင့်...

"ကဲ အတော်ပဲဟေ့၊ မင်းဖို့ အစ်ကိုကြီး ဝယ်လာတယ် နဦး" ဟု ပြောပြောဆိုဆို ဧည့်ခန်းစားပွဲပေါ်တွင် တင်ထားသော အထုပ်တစ်ထုပ်ကို လှမ်းပေးလိုက်သည်၌ မပန်းဝါလည်း ရင်းရင်း နှီးနှီးပင် ဆွဲယူဖွင့်ကြည့်လိုက်သည်၌ အရယ်ထဲမှ ဖက်ရှင်မယ်များပင် ညီသူမျှ ဝတ်သည်ကို မတွေ့ရသေးသော နောက်ဆုံးပေါ် နက်ပြာခံတွင် အဖြူကွင်းဆက် ဇဖော်ထားသည့် ထိုဘရက်ကိုး လုံချည်တစ်ထည်ကို တွေ့ရ၏။

"မညွှန့်မေနဲ့ မမကြည်တို့ကတော့ အင်မတန် ဂျီးများလွန်းလို့ သူတို့အတွက် ဝယ်မလာဘူး၊ မင်းကတော့ နက်ပြာကို ဝတ်လေ့ဝတ်ထရှိလို့ နက်ပြာကိုရွေးဝယ်လာတယ်။ ဟော့ အစ်ကိုကြီး ကိုတော့ အားမနာနဲ့နော် မကြိုက်ရင် အဲဒီ စာအိတ်မှာပါတဲ့ လိပ်စာအတိုင်း သွားလဲချည်"

www.burmeseclassic.com

www.burmeseclassic.com

"ကြိုက်ပါတယ် အစ်ကိုကြီးရဲ့၊ နက်ပြာက ကျွန်မ အနှစ်သက်ဆုံး အရောင်"

"ဟော့ ပန်းဝါ၊ ဘာလာလုပ်လဲ"

မပန်းဝါ စကားမဆုံးမီပင် ထိုသို့သော အသံ ရှူးရှူးကလေး ပေါ်လာသဖြင့် လှေခါးဆီသို့ မော့ကြည့်လိုက်သည်တွင် စစ်ဖက်ဆိုင်ရာ ကမ္ဗတိန်တစ်ယောက်၏ ယူနီဖောင်းသဏ္ဍာန်အတိုင်း ချုပ်လုပ်ဝတ်ဆင်ထားသော အာယုကလေးကို သူ့မေမေကြည်နှင့်အတူ ဆင်းလာသည်ကို တွေ့ရ၏။

"ဟော့ မေးနေတာ မကြားဘူးလား၊ ဘာလာလုပ်လဲ"

အာယုသည် မညွန့်ကြည်၏ ရင်ခွင်ထဲမှ မေးကလေးထိုးကာ ထိုးကာဖြင့် မပန်းဝါအား မေးလိုက်ပြန်၏။

"လာလည်တာပေါ့ သားရယ်၊ မလာရဘူးလား"

မပန်းဝါသည် လှေခါး၏ အောက်ဆုံးထပ်သို့ ရောက်သွားရင်း မေးလိုက်သည်၌ အာယုသည် တစ်စုံတစ်ရာ ဘာ... ထပ်မပြောတော့ဘဲ မပြုံးမရယ် လုပ်နေသောကြောင့်-

"မလာနဲ့လို့ ပြောလိုက်၊ ပြောလိုက်လေသား"

မညွန့်ကြည် ဤသို့ သင်ပေးလိုက်မှ-

"သွားမလာနဲ့ ကျန်တော့"

သို့ပင် ပြောလိုက်ရသော်လည်း အာယု၏ မျက်နှာထားမှာ တစ်ဖက်သား ကျေနပ်အောင်သာ ပြောလိုက်သကဲ့သို့ စိတ်ပါလက်ပါ အမူအရာမျိုး မရှိလှပေ။

"ကဲ လာဟော့ သားရေ မျက်လှည့်ပြမယ်"

ကိုစောဝင်းသည် တစ်စုံတစ်ရာကို ဆောင်ဖြင့် အုပ်ထားသည့်နေရာမှ လှမ်းခေါ်လိုက်သည်နှင့် မညွန့်ကြည်လည်း အာယု... ချီထားရာမှ ကြမ်းပေါ်သို့ ချပေးလိုက်သည်တွင် အာယုလည်း ကိုစောဝင်းရှိရာသို့ သုတ်ချေတင်သွား၏။

"နေဦးလေ သားရဲ့၊ ဒီဆောင်ကို မဖွင့်နဲ့ဦး။ ဒီမှာ ဖေဖေ ...းမယ်။ သား ဗိုလ်ချုပ်အောင်ဆန်းကို သိတယ် မဟုတ်လား၊ ...း သိတယ်၊ ဒါဖြင့် ဗိုလ်ချုပ်က ဘယ်လို အင်္ကျီဝတ်ထားသလဲ"

"ယုယုလို အင်္ကျီညိုးနဲ့ ချစ်တားလို ဝတ်တာပေါ့"

"အေး။ စစ်သားလို ဝတ်ထားတယ်၊ ခု ယုယုက စစ်သားလို ...တ်ထားတော့ ယုယုက ဘာလဲ"

"ချစ်ဗိုလ်ကြီးပေါ့ ဖေဖေ့ရဲ့၊ ဟိုဟို ဗိုလ်ချုပ်လေ"

"ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းက ဘာစီးသလဲ သားရယ်"

အာယုသည် အတန်ကြာတွေနေပြီးမှ-

"ညင်းကြီးလေ၊ ညင်းကြီး စီးတာပေါ့၊ ဓာတ်ပုံထဲမှာ"

"ကဲ၊ ဒါဖြင့် ငါ့သားကလည်း ဗိုလ်ချုပ်ဆိုတော့ မြင်းကြီး ...ချင်ဘူးလားကွယ်"

အာယုသည် မျက်မှောင်ကလေးကုတ်၍ စဉ်းစားနေ၏။

"ကြောက်တယ် ဖေဖေရဲ့၊ လိမ့်ကျယင် လိမ့်ကျယင်"

"လိမ်မကျဘူးဆိုရင်ကော သားရယ်"

"စီးမှာပေါ့ ဖေဖေ ကိုင်ထားရမယ်နော်

"ကဲ ကြည့်နော်၊ ဖေဖေက ငါ့သားစီးဖို့ မြင်းတစ်ကောင် ...လိုက်မယ်"ဟု ကိုစောဝင်းသည် ပြောပြောဆိုဆို အနီးရှိ ...ကြီးကို ဆွဲလှန်လိုက်သည်နှင့် ဆေးရောင်စုံ ပြောက်ကျားနှင့် ...းနားနား လုပသည့် မြင်းရုပ်ကြီးတစ်ခုကို တွေ့ရ၏။ ...လေးမှာ အံ့ဩဝမ်းသာနှင့် ဘာလုပ်ရမှန်းမသိအောင် ...တွေတွေကလေး ကြည့်နေပြီးမှ-

www.burmeseclassic.com



"ညင်းကလေးဟယ် မေမေ"

အာယုသည် အနီးတွင် ရပ်နေသော မညွှန့်ကြည်၊ မညွှန့်မေ နှင့် မပန်းဝါ ၎င်းတို့သုံးယောက်အနက်မှ ပန်းဝါဘက်လှည့်၍ ဤသို့လျှင် "မေမေ"ဟု ခေါ်၍ တစ်ခုံတစ်ရာ ဆက်ပြောတော့မည်မှ ပြီးမှ မျက်နှာကလေးပျက်သွားကာ မညွှန့်ကြည်ဘက်သို့ လှည့် လိုက်၏။

"မေမေကြည်၊ ဒါ ယုယုတို့ ညင်းကလေးနော်၊ ဖေဖေ ယုယုဖို့ ဝယ်လာတယ်"

လက်ကလေး ခါကာခါကာနှင့် လှိုက်လှိုက်လှဲလှဲ ဝမ်းသာ နေရှာသောက် ကိုစောဝင်းတို့မှာလည်း အာယု၏ ဝမ်းသာမှုကို ကြည့်ရင်း နှစ်သိမ့်ကြည်နူးနေကြရတော့၏။

"မေမေ"ဟူ၍ ကိုယ့်မအေအရင်း ခေါက်ခေါက်ကို ခေါ်ချင်လျက်နှင့် မခေါ်ဝံ့အောင် ဖြစ်နေရှာသည့် အာယုကလေး၏ စိတ်ကျဉ်းကျပ်မှုကို မပန်းဝါသည် တွေးမိတိုင်း ရင်ထုမနာဖြစ်ရ ရှာ၏။ မသိနားမလည်သော ကလေးဆိုလျှင် အရေးမကြီးသ နေပေလိမ့်မည်။ အာယုမှာမူ အသက်ပင် ငယ်သော်လည်း အရွယ် မလိုက်အောင် အကင်းပါးနားလည်သူကလေး ဖြစ်သည့်အတိုင်း "မေမေ"ဟု ခေါ်ပြီးမှ မျက်နှာပျက်သွား၏။

သို့ မျက်နှာပျက်သည်မှာလည်း စိတ်ထိခိုက်သွားသောကြော ဖြစ်၏။ စိတ်ထဲတွင် ဖြစ်ပေါ်နေသမျှသော ပုံပန်းသဏ္ဌာန်သ မျက်နှာပေါ်တွင် လာ၍ထင်၏။ ပေါ်၏။ ယင်းသည့်အတိုင် တွေးမိသော မပန်းဝါသည် အဘယ်မှာလျှင် သားအတွက် ရေ မပွေဘဲ ရှိပါတော့အံ့နည်း။

တစ်ဘက်ကလည်း တွေးစရာ ပေါ်လာပြန်သည်။ မပန်းဝါကို အာယုကလေးက မေမေဟု ခေါ်သည်ကိုပင် မညွှန့်မေတို့သည် သဘောမကျနိုင်၊ "ဘယ်က မေမေလဲ၊ ဒေါ်ဒေါ် မပန်းဝါ"ဤသို့ လည်း အမြဲဝါဒ ဖြန့်ကြသေး၏။ မညွှန့်ကြည်တို့ ထိုမျှလောက် ဖြစ်သည်းနေသည်ကို အပြစ်ဆိုမည်လော၊ တစ်စုံတစ်ယောက်ကို ထိခိုက်နစ်နာစေသလော၊ အမှန်စင်စစ်သော်ကား အာယုကလေးကို ချစ်လွန်းလှသော စိတ်ကြောင့်သာလျှင် အမှားအမှန်ကို မဝေဖန် နိုင်တော့ဘဲ သည်းနေကြခြင်းသာ ဖြစ်၏။

ဤလို တွေးမိပြန်သောအခါ၌လည်း မပန်းဝါမှာ ဤဤထိုထို ဘပိုကရိအတွေးများကို အဝေးသို့ လွှင့်လိုက်ရတော့၏။

ကိုစောဝင်းသည် အာယုအား ကျုံင်းမှ မ,ချီ၍ မြင်းရုပ် ကလေးပေါ်သို့ တင်လိုက်ပြီး ခြေဖျားကလေးနှစ်ခုကိုလည်း ခြေနင်း ကွင်းထဲသို့ ထည့်ပေးလိုက်ကာ–

"နင်း သားရေ နင်းလိုက်၊ နေဦး ရော့ ဇက်ကြိုးကို ကိုင်ထား"

ပထမသော် စမ်းတဝါးဝါးနှင့် ရှုံ့နေရာမှ ၁၀–မိနစ်လောက် အကြာတွင် အာယုလည်း အတော်ကလေး သွက်လာတော့၏။ မြင်းရုပ်ကို စီစဉ်ထားသည်မှာ ဆန်းလှ၏။ ခြေနင်းကွင်းတစ်ဖက်ကို နင်းလိုက်သည်နှင့် မြင်းကုံးနှီးနှင့်တကွ ခါးလည်ပိုင်းသည် နိမ့်ကျ သွားပြီး အခြားတစ်ဖက်ကို နင်းလိုက်ပြန်လျှင် ကြွတက်လာ၏။ သို့မြင်းရုပ်၏ ခါးလည်ပိုင်း နိမ့်တုံမြင့်တုံ လှုပ်ရှားသည်နှင့်အမျှ မြင်းဇက်သည်လည်း ရှေ့တိုးနောက်ငင် ရွေ့လျားကာ ခပ်သွက်သွက် နင်းလျှင် ခပ်သွက်သွက် လှုပ်ရှားပြီး တကယ် မြင်းစီးနေသကဲ့သို့ပင် ဖြစ်နေသောကြောင့် အာယုမှာလည်း အပျော်ကြီး ပျော်နေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

"ကြည့်ပါဦး အစ်ကိုကြီး အစ်ကိုကြီးသား သဘောကျနေပုံကို။ အင်း ဒါဆို အတော်ပေးရမှာပဲနော်"

မပန်းဝါသည် စိတ်မောလှမောနှင့် ပြောလိုက်၏။

"ကိုဝင်းတို့များ ဒီအထိ မကောင်းတာ။ ညည အိပ်ရတာ အိုက်လွန်းလို့ စားပွဲတင် ပန်ကာသေးသေး တစ်ခုလောက် ဝယ်ခဲ့ပါ ဆိုတာ ၁၀-ရက်လောက်ရှိပြီ၊ နေ့တိုင်း မေ့လာတာချည့်ပဲ။ သူ့သားဖို့ကျတော့ တကူးတကန့် လိုက်ရှာပြီး ဝယ်တယ်"

မညွန့်မေ ဤသို့ ပြောလိုက်သည်မှာ အမှန်စင်စစ် မလိုမုန်းထား၍ ပြောလိုက်ခြင်းကားမဟုတ်။ ကိုစောဝင်းသည် မယားဖြစ်သော မိမိထက် အာယုကို ပို၍ ချစ်ကြောင်း၊ အရေးပေးကြောင်း သရုပ်ဖော်လိုက်ခြင်းမျှသာ ဖြစ်ပါသည်။ ဤသည်ကိုပင် ကျေနပ်နှစ်သိမ့်နေသည့် အရိပ်အရောင်သည် မညွန့်မေ၏ မျက်နှာပေါ်တွင် ရာခိုင်နှုန်းပြည့် ကွန့်မြူးလျက် ရှိတော့၏။

"ဟော့ ဘယ်သူဘာပြောပြော ကိုယ့်သားပဲ အရေးကြီးတယ်။ ခု ဒီမြင်းရုပ်ဟာ မြန်မာပြည်မှာ ကိုယ့်သား ပထမ စီးရခြင်းပဲ။ စက်ဘီးတို့၊ မော်တော်ကားတို့က ရိုးနေပြီ။ ဘာများ အဆန်းရှိမလဲလို့ ရှော့သာလမ်းအရုပ်ဆိုင်ဝင်ကြည့်တာ ဒီမြင်းရုပ်တွေ့တာနဲ့ ဝယ်လာခဲ့တယ်။ ဒါတောင် နမူနာတစ်ခုတည်းရောက်တာမို့ မရောင်းပါရစေနဲ့ဆိုလို့ အတင်းဝယ်ခဲ့ရတယ်။ တစ်ရာ့အစိပ်တောင်ပေးခဲ့ရတယ်"

ထိုစကားကြားလိုက်ရသည်နှင့် မပန်းဝါမှာ မျက်ရည်များ လည်လာသည်အထိ ရင်တလှပ်လှပ်နှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရှာ၏။ အာယုမှာမူ မည်သူဘာပြောပြော သူ့မြင်းရုပ်တွင်သာ သူစိတ်ဝင်စားနေတော့၏။ ယခုအချိန်၌ အာယုမှာ မည်သူ့ခေါ်၍မျှ လိုက်မည်မဟုတ်။ သူ့မြင်းရုပ်နှင့်သူ ကျေနပ်နေသည်ဖြစ်ရာ



ဒီအချက်ကို အကွက်ကောင်းယူ၍ မညွန့်ကြည် တကယ့်စေတနာယောင်ယောင် အသံကောင်း ဟစ်လိုက်သည်မှာ…

"ကဲ သားတော်တော့။ ဒီမှာ ပန်းဝါ လာခေါ်နေပြီ လိုက်သွားဦး။ သွား တော်ကြာ ပြန်လာမှ ထပ်စီးပေါ့နော်"

ဤစကား အစစ်အမှန် ဝမ်းတွင်းပါ စေတနာမဟုတ်။ အာယု လိုက်လိမ့်မည် မဟုတ်ဟု အတတ်သိ၍ ပြောလိုက်ခြင်းမျှသာ ဖြစ်၏။

"ဟင့်အင်း ယုယု မလိုက်ဖူး တွား တွား၊ ပန်းဝါနော် အမရှုပ်နဲ့ ငါမြင်းစီးနေတယ်"

"အမယ်လေး မရှုပ်ပါဘူး သားရယ်၊ စီးပါ စီးပါ"

မပန်းဝါလည်း ဤသို့ပြောရင်းက ဆတ်ခနဲ ထ၍ အာယုအား ပွေ့ဖက် နမ်းရှုံ့ပြီး လုံချည်ထုပ်ဆွဲ၍ တိုက်ထဲမှ ထွက်ခဲ့၏။

အာယုနှင့် ပတ်သက်၍ တစ်အိမ်လုံးတွင် မညွန့်ကြည်သည် သည်းဆုံး ဖြစ်နေတော့၏။ မပန်းဝါနှင့် အာယု ဆက်ဆံရာ၌ပင် ညီအစ်မကဲ့သို့ "ဒေါ်ဒေါ်မပန်းဝါ"ဟု ခေါ်စေ၍ "နင် ငါ"နှင့် ပြောမှ သဘောကျ၏။

ကိုအောင်ရွှေမှာ လူအေး လူရိုးတစ်ယောက် ဖြစ်သည့်အတိုင်း ညွန့်မေတို့ တိုက်သို့ တစ်လနေ၍ တစ်ခေါက် ကူးသူ မဟုတ်လေ။ အလိုက်သိတတ်သော ကိုစောဝင်းကလည်း ကိုအောင်ရွှေနှင့် အာယု ဖအေနှင့်သား တွေ့ဆုံ ပျော်ရွှင်နိုင်စေရန် ညနေ ၆-နာရီ ၈-နာရီ အထိ အိမ်သို့ ခေါ်ထားခွင့် ပြုခဲ့၏။

အာယုမှာ တုတ်တုတ်ဖွေးဖွေးနှင့် တကယ်ချစ်စရာကလေး ဖြစ်သည်သာမက ကိုစောဝင်းကဲ့သို့သော လူကုံထံ အရွှင်းဝန်တစ်ယောက်၏ အရေးပေး မွေးမြူထားခြင်း ခံနေပြန်သည်၌

www.burmeseclassic.com



အာယုမှာ တစ်ရပ်လုံး၏ ကလေးသရဖူ ဖြစ်နေလေတော့၏။ ဂုဏ်ရည်တူ လူချမ်းသာများအဖို့ အာယုကို ချီချင် ချစ်ချင်လျှင် ကိုစောဝင်းတို့ တိုက်သို့ ကူးသွားက တွေ့နိုင်ပွေ့နိုင်သော်လည်း အလယ်အလတ် တန်းစားနှင့် မရှိဆင်းရဲသားများမှာကား အာယုကလေး မပန်းဝါတို့ အိမ်ရောက်မှသာ တွေ့နိုင်၊ ချီနိုင်၊ မွှေ့နိုင်၊ နမ်းနိုင်ခွင့် ရကြတော့၏။

လွန်ခဲ့သော ၁၀-ရက်လောက်ကစ၍ အာယုအား ညနေ ၆-နာရီမှ ၈-နာရီအထိ ခေါ်ခွင့်ပြုထားသည့်နေ့မှစ၍ မပန်းဝါတို့ တဲကလေးမှာလည်း တစ်နေ့တစ်ခြား စည်ကားနေတော့၏။

လူကြီးကလေးသဖွယ် စကားကြွယ်လှသော အာယုအား တွေးပိုက်ချီပွေ့၍ မွှေ့ရမ်းနမ်းရှုံ့ရန် စောင့်မျှော်နေကြသော လူပရိသတ်မှာ ကြီးကြီးငယ်ငယ် အရွယ်ရွယ် အစားစားအားဖြင့် ဆယ့်လေးငါးယောက်မျှ ရှိ၏။

“ဒီနေ့တော့ အာယုကို ခေါ်လို့ရမှာ မဟုတ်ဘူး။ ဟိုမှာ သူ့အဖေ ကိုစောဝင်း မြင်းရုပ်တစ်ခု ဝယ်လာလို့ သဘောကျနေတယ်”

မပန်းဝါ ပြန်လာလာချင်း ကြားလိုက်ရသော ထိုစကားကြောင့် အာယု ပရိသတ်မှာ “ဟင် အို”နှင့် ထိုလို ရေရွတ်ပြီး စိတ်ပျက်စွာပင် ပြန်သွားကြလေ၏။ ထိုပရိသတ်ထဲမှ ၁၀-နှစ်အောက် ကလေးငယ်များကမူ သူတို့၏ အသည်းကျော်ဖြစ်သော အာယုကလေးအား တစ်နေ့ မတွေ့ရလျှင် မနေနိုင်တော့သည့်အလား မပန်းဝါ၏ စကားကြားရသည်နှင့် ကိုစောဝင်းတို့ အိမ်ရှေ့သို့ စုပြုပြေးသွားကြကာ တိုက်ထဲတွင် မြင်းရုပ်နှင့် စိမ်ကျနေသော အာယုကလေးအား သံတံခါးကြားမှ ချောင်းကြည့်ရင်း ကျေနပ်နေကြရ၏။



“ဖေဖေ ဟိုမှာ ဟိုမှာ ကိုကို ဘိုနီတို့ လာနေတယ်။ အဂါး ဖွင့်ပေးလိုက်ပါ ဖေဖေရယ်”

အာယုသည် ခေါက်တံခါးဝတွင် စုပြုရပ်ကာ “အာယုရေ ညီလေး အာယု”ဟု တတွတ်တွတ် ခေါ်ရင်း ချောင်းကြည့်နေကြသော ကလေးတစ်စုကို ကြည့်၍ ဤသို့ ပြောလိုက်သဖြင့် ကိုစောဝင်းလည်း မညွှန့်မေဘက်သို့ လှည့်၍...

“ညွှန့်ရေ ညွှန့်သားက သူ့အဖော်တွေနဲ့ ကစားချင်တယ် ဆင်ပါရဲ့ကွာ၊ တံခါးဖွင့်ပေးလိုက်ပါ”

သို့ ပြောလိုက်သည်နှင့် အနီးတွင် ရပ်နေသော မညွှန့်ကြည်က ရှော်တရက် လက်ကာပြလိုက်ပြီး-

“ဟော့ ဟော့ မလုပ်နဲ့၊ ဒါ တစ်နေ့တည်းကိစ္စ မဟုတ်ဘူး နော်၊ အစရှိ အနှောင်နှောင်ဆိုတာလို နေ့တိုင်းလာနေရင် မဖြစ်ဘူး။ ရှုပ်တယ် ဖွင့်မပေးနဲ့”ဟု ဟန့်လိုက်သောကြောင့် ကိုစောဝင်းတို့မှာ ဘာမျှ မပြောသာတော့ဘဲ ငြိမ်နေလိုက်ရ၏။

❖

တာတ်မီးတွေလည်း ပိတ် တစ်အိမ်လုံးလည်း တိတ်ဆိတ်နေပြီ ဖြစ်သော ၂-ချက်တီးခန့်အချိန်တွင် ဖယောင်းတိုင် ၁၀-တိုင်အား ထောက်သာရှိသည့် ဓာတ်မီးစိမ်း၏ အလင်းရောင်ဖြင့် မှုန်ဝါးဝါး မြင်နေရသော အာယုကလေးသည် မညွှန့်ကြည်၏ လက်ျာဘက် ဘေးတွင် ကွေးကွေးကလေး အိပ်မောကျလျက် ရှိ၏။ လက်ဝဲဘက်မှသည် လက်ျာဘက်သို့ လိမ့်ရင်း အပြင်းဆန့်လိုက်သော အနုအရာကလေးသည် တစ်မျိုးတစ်မည် အားဖြင့် ချစ်စရာကောင်းနေပြန်တော့၏။

တစ်ဖန် လက်ျာဘက်မှ လက်ဝဲဘက်သို့ ဆတ်ခနဲ လှည့်လိုက်ပြီးသည်၏ မရှေးမနှောင်းတွင်ပင် အာယု မျက်နှာကလေး

www.burmeseclassic.com

www.burmeseclassic.com


မှာ တပြည်းပြည်း မဲ့လာပြီး မကြာမီ ဝါးခနဲ ငိုချလိုက်သောကြောင့် မညွန့်ကြည်မှာ ပျာပျာသလဲ ထ၍ အခြား ဓာတ်မီးပွင့်တစ်ခုကို ခလုပ်နှိပ်ဖွင့်လိုက်ပြီး အာယုအား လှည့်ကြည့်လိုက်သည်၌ အာယုသည် ငုတ်တုတ်ကလေး ထိုင်နေရာမှ လှိုက်လှိုက်လှဲလှဲ အော်ငိုနေသည်ကို တွေ့ရ၏။

"သား ယုယု သားရယ် ဘာလဲ ဘာလဲ ဘာဖြစ်သလဲ ပြောစမ်း မေမေကြည်ကို ပြောစမ်း"ဟု မေးရင်း ချော့ရင်း အာယုကလေးအား ဆွဲယူပွေ့ချီလိုက်၏။

"ဘာဖြစ်တာလဲ မမကြည်"

တစ်အိမ်လုံးလည်း ဓာတ်မီးတွေ ထိန်သွားတော့ကာ မကြာမီ ရောက်လာသော ကိုစောဝင်းတို့က အလောသုံးဆယ် မေးလိုက်၏။

"ဟဲ့ မညွန့်ကြည် ကလေး ဘာဖြစ်သလဲ"

နောက်ဆုံးမှ ရောက်လာသော မညွန့်ကြည်၏ မိခင်ကြီးကလည်း အာယု၏ နဖူးကလေးကို အရေးတကြီး ဝင်စမ်းရင်း မေးလိုက်ပြန်၏။

"မသိဘူး မေမေ ဖြုန်းခနဲ သူ့ဟာသူ ထ,ငိုနေတာပဲ။ ညနေက တစ်ယောက်ယောက်ကများ ချောက်လိုက်သလား မသိဘူး။ ဒါကြောင့် ပြောတာ ပန်းဝါတို့အိမ်ကို မပို့ပါနဲ့ မပို့နဲ့ ပြောတာ မရဘူး။ လူကြောက်သောက်၊ ကလေးကြောက်သောက်နဲ့ သူ့ရဲ့အကြောင်း၊ တစ္ဆေအကြောင်းတွေများ ပြောလိုက်ကြသလားပဲ"

မညွန့်ကြည်သည် ဤသို့လျှင် အမျိုးမျိုးရဲ့၍ မဲ့ကာ ရွဲ့ကာ ပြောလိုက်ပြီးမှ အငိုမတိတ်သေးသော အာယုကို နနယဉ်ယဉ်ကလေး ချော့နေပြန်၏။

၁၀-မိနစ် ခန့်ကြာအောင် ဝိုင်းဝန်းချော့မော့သည်တွင်မှ အာယုလည်း အငိုတိတ်သွားတော့ကာ အသင့်ရောက်နေသော သံပုရာဖျော်ရည်ကို စိန်ပြေနပြေ သောက်နေ၏။

"ဘာဖြစ်တာလဲ သား ပြောစမ်း ဖေဖေ့ကို"

ကိုစောဝင်းသည် အာယု၏ နဖူးမှ ချွေးများကို သုတ်ပေးရင်း မေးလိုက်သည်၌ အာယုသည် ခေတ္တတွေတွေကလေး စဉ်းစားနေပြီးမှ—

"ယုယုလေ ညက အိပ်ကျော်သွားတော့ ဟိုလေ ဟို"

အာယုသည် ရုတ်တရက် စကားကို မဆက်သေးဘဲ မျက်မှောင်ကလေးကုတ်၍ စဉ်းစားနေပြန်၏။

"အဲ ဟုတ်ပြီ သား အိပ်ပျော်သွားတော့ ဘာဖြစ်သလဲကွယ်"

"အိပ်ပျော် သွားတော့ ဟိုလေ အိပ်ပို အိပ်မက် မက်တယ် ဖေဖေရဲ့၊ အာယု အိပ်မက် မက်တယ်"

ကိုစောဝင်းတို့ တစ်အိမ်သားလုံး ခွက်ထိုးခွက်လန် အတန်ကြာအောင် ရယ်နေမိကြသည်အထိ အံ့သြ သဘောကျသွားတော့၏။

"ဒီကောင်လေးနှယ်ကွယ် အိပ်မက် မက်တာလည်း သူသိနေတော့တာပဲ။ ငါဖြင့် အံ့တာပဲဟော့၊ ကဲ ပြောပါဦးကွယ်၊ ငါ့မြေးက ဘယ်လိုများ အိပ်မက် မက်လို့တုန်း"

အာယုသည် မညွန့်မေ၏ မိခင်ကြီးအား အတန်ကြာ စိုက်ကြည့်နေပြီးမှ လက်သီးကလေး ထိုးပြရင်း—

"ဖွားဖွားလေ ဖွားဖွား သေတယ်လို့ အိပ်မက်ထဲမှာ ဖွားဖွား သေသွားတယ် ဖေဖေရဲ့"

လေးယောက်စလုံးပင် အံ့သြတွေဝေနှင့် ကြက်သေ သေကုန်ကြတော့၏။

"ဘာပြောတယ်ကွဲ့ အိပ်မက်ထဲမှာ ဖွားဖွား သေသွားတယ် ဟုတ်လား"

www.burmeseclassic.com



အာယုသည် ဆတ်ခနဲ ခေါင်းငြိမ့်ပြလိုက်၏။

မညွန့်မေ၏ မိခင်ကြီးသည် တစ်ကိုယ်လုံး သိမ့်သိမ့်ခါသွားအောင် ရယ်နေသည်အခိုက်–

"အလကား ဒီကောင်လေး အိပ်မှုန်စုံမွှားနဲ့ ထင်ရာတွေ လျှောက်ပြောနေတာ"

မညွန့်မေက ဤသို့ ပြောလိုက်၍မှ စကားမဆုံးမီပင် မိခင်ကြီးက လက်တို့လိုက်ပြီး–

"ဟဲ့ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ဒီကောင်ဟာ လူ့ဝင်စားများလား မသိဘူး၊ ပြောတတ်ဆိုတတ်နဲ့ အင်မတန် အကင်းပါးတဲ့ ကလေး သူမသိတာဆို မရှိသလောက်ဘဲ၊ ကဲအေ ငါမေးပါဦးမယ်၊ ဒီမှာ အာယုလေ ဖွားဖွားသေသွားပြီးတော့ ဘာဖြစ်သေးသလဲ ပြောစမ်း"

အာယုသည် ကြောင်ပေပေနှင့် တွေနေပြန်၏။

"ဖွားဖွားလေ ဖွားဖွားသေတွားလို့ ယုယုက ငိုတာပေါ့ ဖွားဖွားမသေနဲ့ ဖွားဖွားအသေနဲ့လို့ ငိုတာပေါ့"

ပြောရင်း ဆိုရင်းကပင် မျက်နှာကလေး မဲ့လာပြီး ဝမ်းနည်းပက်လက် ငိုချလိုက်ပြန်သောကြောင့် လူကြီးအားလုံးမှာ ဝမ်းသာဝမ်းနည်း ဒွန်တွဲနေသော စိတ်ဖြင့် တိတ်အောင် ချော့နေရပြန်၏။

သို့သော် အာယုကား အငိုမတိတ်"

"အသေနဲ့ ဖွားဖွား အသေရဘူး"

ဤသို့လျှင် လိုက်လိုက်လှဲလှဲ ငိုရင်း အော်ရင်း ပြောနေပြန်သည်နှင့်–

"အေးပါ ဖွားဖွား မသေပါဘူး မြေးရဲ့၊ ဒီမှာလေ ဖွားဖွား ဒီမှာ မဟုတ်လား၊ ဘယ်မှာ သေလို့လဲ တိတ်ပါကွယ် ဖွားဖွားမှ မသေသေးဘဲ"

ပြောပြောဆိုဆို အဖွားကြီးက ဆွဲချီလိုက်မှပင် အာယု အငိုတိတ်လေတော့၏။ မညွန့်မေတို့မှာကား မျက်ရည်များ တွေတွေလည်နေရင်းကပင် အဆိမ့်ဆုံး အမြိန့်ဆုံးသော အရသာကို ခံစားနေရသကဲ့သို့ ပြုံးပြုံးကြီး ဖြစ်နေကြ၏။

"ဖွားဖွား အသေဘူးနော်"

"မသေပါဘူးကွယ် မသေပါဘူး၊ ယုယုကို ချီထားတယ် ဟုတ်လား ဘယ်မှာ သေလို့လဲ ငါ့မြေးရဲ့"

အာယုသည် ခေါင်းကို တစ်ချက် ညိမ့်ပြလိုက်ရာမှ မညွန့်မေဘက် လှည့်ကြည့်လိုက်ကာ–

"မေမေညွန့် ဖွားဖွားသေရင် မေမေကော သေမလား"

ဘာ ဘယ်လို တွေးမိသည်မသိ၊ အာယုသည် ဤသို့လျှင် ကောက်ကာငင်ကာ မေးလိုက်သောကြောင့် အားလုံးပင် ကြောင်သွားကြ၏။

"တော်စမ်း အာယု နင်တွေ့ကရာတွေ လျှောက်မေးမနေနဲ့"

မညွန့်မေ ဤသို့ ငေါက်လိုက်သဖြင့်–

"အို မညွန့်မေကလည်းကွယ် ကလေး ကျေနပ်အောင် ဖြေလိုက်စမ်းပါ သူ ဘာပြောမလဲလို့"

အဖွားကြီးသည် အာယုအား ချီထားရင်း မညွန့်မေနား ကပ်သွားကာ တိုးတိုးပြောလိုက်မှ–

"ဖွားဖွားသေရင် သူ့ဟာသူသေပေါ့၊ ငါ ဘာလို့ သေရမလဲ၊ နင့်သမေ ကိုဝင်းကို သေခိုင်းပါလား ခွေးကလေး"

ချစ်ရည်ရွှမ်းနေသော မျက်လုံးများဖြင့်ကြည့်ရင်း မညွန့်မေ ဤသို့ ပြောလိုက်သည်တွင်–

www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း ဟင့်အင်း ဖွားဖွားသေရင် မေမေရော၊ ဖေဖေရော၊ မေမေကြည်ရော အားလုံးသေ ယုယုလည်း သေမယ်"

အာယု ပြောလိုက်သော တွတ်တီးတွတ်တာ စကားမှာ သာမန် တွတ်တီးတွတ်တာမျိုးမဟုတ်၊ တစ်အိမ်သားလုံး၏ အသည်းဆိုင်တွင် စွဲနိုင်သွားလောက်အောင် ငြိမ့်ပြောင်းသာယာလှသော တီတီတာတာစကားပင် ဖြစ်သည့်အတိုင်း ဖိုင်း၍ နမ်းလိုက်ကြ၍သည်မှာ အာယု၏ ပါးကလေး ဖွေးဖွေးသည်ပင် နီထွေးထွေး အရောင်သို့ ပြောင်းလဲသွားတော့၏။

အဖွားကြီးမှာလည်း အာယု၏ ကြီးကြီးကျယ်ကျယ် ကြွယ်လိုက်သောစကားကြောင့်၊ ဖြစ်ပေါ်လာသည့် ကြည်နူးမှုတွင် နစ်မြောနေရာမှ အာယုကလေးအား တစ်စုံတစ်ရာသော စကားဖြင့် ချီးကျူးလိုက်ရန် ပါးစပ်တပြင်ပြင်နှင့် ရှိနေသော်လည်း မိမိခံစားလိုက်ရသော ကြည်နူးမှု၊ သာယာမှုနှင့်အမျှ ထိုက်တန်သော စကားလုံးကို ရှာမတွေ့နိုင် သေသည့်အလား အာယုအားသာလျှင် စိုက်ကြည့်နေမိရာ—

"ငါ့မြေးက ငါ့မြေးက အင်း"

အဖွားကြီး အူအသည်းထဲမှ စိမ့်ယိုပေါ်ထွက်လာသော အာလုပ်သံတုန်တုန်ဖြင့် ထိုမျှသာ ရေရွတ်နိုင်တော့လျက် အာယုကိုသာ တင်းတင်းကြပ်ကြပ် ဖက်၍ သွက်သွက်ခါအောင် နမ်းပစ်လိုက်တော့၏။

"ငါ့ မြေးကငယ်ပါသေးတယ်ကွယ် မသေပါနဲ့ဦး၊ ဒါကျိုလင် သွားရဦးမယ် ကြီးလာတော့ သူဌေးကြီး လုပ်ရဦးမယ် တုတ်လား၊ ဖွားဖွားက အသက်ကြီးပြီ၊ သေချင်"

"ဒါဖြင့် ဖွားဖွားလည်း အသေနဲ့၊ ယုယုလည်း အသေဘူးနော်"



"အေးအေး ဖွားဖွားလည်း မသေပါဘူးကွယ်"

ဤမျှလောက် စကားကြွယ်လှသော အာယုအား ကိုစောဝင်းတို့ အိမ်သားတစ်စုသည် အဘယ်မျှလျှင် အသည်းမစွဲဘဲ နေနိုင်ပါတော့အံ့နည်း။

"လာ သား အိပ်ကြစို့နော်"

မညွန့်ကြည်က လက်နှစ်ဖက်ဆန့်၍ ခေါ်လိုက်သည်တွင် အာယုသည် ခေါင်းကလေးကို သွက်သွက်ခါလိုက်ပြီး—

"ဟင့်အင်း မေမေကြည်နဲ့ အိပ်ဘူး ဖွားဖွားနဲ့ အိပ်မယ် ယုယု ဖွားဖွားနဲ့ အိပ်မယ်"

အာယုသည် ဤသို့လျှင် အတွန့်တက်နေပြန်သောကြောင့် အဖွားကြီးတွင်လည်း အကြည်ဆိုက်၍ အကြိုက်ကျသွားတော့ကာ အာယုအား ခပ်ထွေးထွေး ပွေ့ဖက်၍ အခန်းထဲမှ လှည့်ထွက်သွား၏။

◆

စက္ကန့်မှသည် မိနစ်နာရီ၊ ရက်လ စသဖြင့် အချိန်တွေ ကုန်ခဲ့သလောက် အာယုမှာလည်း တစ်နေ့တစ်ခြား စကားတွေတိုး၊ အသိဉာဏ်တွေ တိုးနှင့် ဖွံ့ဖြိုးလာသည်ဖြစ်ရာ၊ သို့နှင့်အမျှ ကိုစောဝင်းတို့ တစ်အိမ်သားလုံးမှာလည်း "သားနှင့်အာယု အာယုနှင့် သား" ဟူ၍ စကားနှစ်လုံးမှာ အတွင်ကျယ်ဆုံး အသုံး အများဆုံးသော စကားများအဖြစ် ပါးစပ်များတွင် သီနေကြတော့၏။

တစ်နေ့သော ညနေ ၆–နာရီခွဲခန့်အချိန် အာယုသည် ဆောင်းဘိနှင့် တွဲ၍ ချုပ်ထားသော ရင်ဘတ်တွင်သာ ပိတ်သားရှိသည့် ကျောပေါ်ကြိုးသိုင်းအကျီ နက်ပြာရောင်ကလေးကို ဝတ်လျက် မပန်းဝါတို့ တဲရှေ့တွင် ကြီးငယ် ဘုစုဖြစ်သော နွားရိုင်းသတ်ဖြင့် ပြေးကာလွှားကာ ကစားလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

ကစားသည်ဟုပင် ဆိုရသော်လည်း အနီးရှိ ခုံတန်းကလေး ပေါ်တွင် ထိုင်နေကြသော ပျိုအိုကြီးငယ် မိန်းမတစ်သိုက်သည် တစ်ယောက်ပြီးတစ်ယောက်ဆိုသလိုပင် ထ၍ ထ၍ အာယုအား နမ်းရှုံ့ ထွေ့ဖက်နေကြသောကြောင့် အာယုမှာ ဖြောင့်ဖြောင့်တန်းတန်း ကစားရသည် ဟူ၍ မရှိသောကြောင့် ကြာသော် စိတ်ညစ်လာ၍လား မသိ၊ ခါးကလေးကို စတိုင်နှင့် ထောက်လိုက်ပြီးမှ-

"ယုယုပဲ လာလာပြီး နမ်းနေကြတယ်၊ မမတို့ ယောက်ျားကို တွားနမ်းပါလား"

မျက်စောင်းကလေးခဲ၍ ပြောလိုက်လေရာ ထိုတွင်မှ မိန်းမပျို သုံးလေးယောက်လည်း တဟားဟား ရယ်ရင်းက အာယုဆီသို့ စုပြုပြေးသွားပြီး ပွေ့သူကပွေ့၊ နမ်းသူကနမ်းဖြင့် စောစော ထက်ပင် ကြမ်းကုန်ကြတော့၏။

ဤတွင် အာယုသည်လည်း ခပ်ဆောင့်ဆောင့်ကလေး ရုန်းရင်း ငိုတော့မည်ကဲ့သို့ ပဏာမပျူးရင်း အီလိုက်မှပင် ဝိုင်းဝန်း ပွေ့ချီထားရာမှ အောက်သို့ ချပေးလိုက်ကြလေ၏။ အာယုလည်း ဒေါသဖြစ်လွန်းလှသော အမူအရာနှင့် စူးစိုက်ကြည့်ရှုကာ ပါးမို ဖက်ကို သူလက် တုတ်တုတ်ကလေးနှင့် ပွတ်နေရင်းက...။

"ကောင်မဒေနော်၊ တော်တော်ထ"

ဤသို့လျှင် ကောက်ခါင်ကာ ပြောလိုက်သောကြောင့် ပတ်ဝန်းကျင်ရှိ မိန်းမကြီးငယ်တစ်သိုက်မှာ ဝါးခနဲ ပွဲကျသွားလေ၏ စောစောက မိန်းမပျိုတစ်စုလည်း သူ့စကားကလေးကိုပင် သဘော ကျလွန်းလှ၍ နောက်တစ်ချီ နမ်းဦးမည်ဟု ဟန်ပြင်လိုက်သည်။ အာယုလည်း မပန်းဝါရင်ခွင်ထဲသို့ ပြေးဝင်သွားတော့၏။





"တော်ကြပါတော့အေ၊ ညည်းတို့ အချစ်ကြမ်းလွန်းလို့ ကလေးကို ညည်းတို့ ခေါ်လို့မရတာ"

မိန်းမခပ်ကြီးကြီးတစ်ယောက်က ဟန့်လိုက်မှ မိန်းမပျိုတစ်စု လည်း ကိုယ့်နေရာကို ဝင်ထိုင်လိုက်ကြတော့၏။

"ဒီမှာဟေ့ အာယုရေ၊ ဟောဒါ တို့မေမေဆရာ"

မိန်းမငယ်တစ်ဦးက မပန်းဝါကို ဖက်၍ ဤသို့ စ,လိုက်ပြန် သဖြင့်...

"အပြောနဲ့ , အင် အပြောနဲ့ဆို"

"ဒါဖြင့် ဘယ်သူ့ မေမေလဲ"

"ယုယု မေမေ၊ ဒါ ယုယု မေမေ"

"ယုယု မေမေဖြင့် နာမည် ဘယ်သူလဲ"

"မပန်းဝါ ယုယုမေမေ"

"အာယု ဖေဖေ နာမည်ကကော"

"ကိုအောင်ရွှေပေါ့"

ထိုအသံကြားသည်နှင့် ခပ်လှမ်းလှမ်းတွင် ဆိုက်ကားရေဆေး နေသော ကိုအောင်ရွှေသည် ကမန်းကတန်း လက်သုတ်၍ ပြေးလာ ပြီး အာယုအား ချီထွေးကာ ခပ်တင်းတင်းဖက်မွှေးလိုက်၏။

"ဟောကောင်လေးတစ်ယောက်၊ ပြောတယ်နော်၊ သူ့အမေက ပန်းဝါ၊ သူ့အဖေက ကိုအောင်ရွှေတဲ့၊ သွားတိုင်လိုက်မယ်၊ ဘိုက်အိမ်မှာ သွားပြောမယ် အာယုကပြောတယ်လို့"

"အတိုင်နဲ့ မေမေ တွားတိုင်မို့တဲ့၊ ဟိုကောင်မက"

"အို ဒီလို မခေါ်ရဘူး သားရဲ့၊ မမကလို့ ပြောရတယ်၊ ကောင်မ၊ ကောင်နဲ့ ခေါ်တာဟာ လူမိုက်မှ ခေါ်ရတယ်၊ လူလိမ္မာ ဆိုတာ မမလို့ ပြောရတယ်"

www.burmeseclassic.com

www.burmeseclassic.com



မပန်းဝါသည် ထိုင်ရာမှ ထ၍ ကိုအောင်ရွှေ လက်ထဲမှ အာယုကို လှမ်းချီရင်း ဤသို့ ပြောလိုက်သည့်တိုင်အောင် အာယုသည် စိတ်ဆိုးမပြေသေးသည့် မျက်နှာဖြင့် ဟားတိုက်ရယ်နေသော မိန်းမပျိုတစ်စုအား ငေးစိုက်ကြည့်နေပြီးမှ–

"တွားတိုင်ရင် တိုင်ပါလား၊ ယုယုပြောမှာပေါ့၊ ဟို ဟို ယုယုဖေဖေက ကိုချောဝင်း၊ မေမေက မေမေ့နာမည်က မညွန့်မေလို့ ကဲ"

အာယုသည် နှုတ်ခမ်းကလေးစူကာ မျက်ခုံးကလေးချီကာဖြင့် ဤသို့လျှင် ပလီပလာ ပြောလိုက်သောကြောင့် တဝုန်းဝုန်း ပွဲကျနေလေ၏။

"ကြည့်စမ်း တိရစ္ဆာန်ကလေး တတ်လည်း တတ်နိုင်တယ်"

မိန်းမကြီးတစ်ယောက်က ထိုသို့ပြော၍–

"အလကားဟဲ့ ပန်းဝါ၊ နင့်သားဟာ အင်မတန် ပါးတယ်နော်၊ သိပ်လည်တဲ့အကောင်၊ ဟိုမှာ သူညာပြီး စားနေတာ အမေရင်း၊ အဖေရင်း ဘယ်သူဆိုတာ သေသေချာချာ သိတယ်၊ အင်း ဒါတွေနဲ့ ဟိုက ကျနေတာပဲ"

အခြားမိန်းမ ခပ်လတ်လတ်က ဤသို့ ပြောကာ–

"သူလား ဟင်း အာယုဆိုတာ တစ်ယုတည်းရှိတယ် မှတ်ပါ၊ ဟိုတစ်နေ့က မညွန့်ကြည် နေမကောင်းလို့ အနှိပ်သည် ခေါ်ပေးစမ်းပါဆိုလို့ အနှိပ်သည် သွားပို့တုန်း ကိုစောဝင်း ထမင်းပြန်စားတာနဲ့ ဆုံနေတာကိုး၊ စားသောက်ပြီးလို့ ထွက်လာတော့ ကိုစောဝင်းက သားရေ ဖေဖေ ရုံးသွားတော့မယ်နော်၊ ပြန်လာတော့ ချောကလက် ဝယ်လာမယ် ဟုတ်လား"လို့ သူ့ကို နှုတ်ဆက်တော့ ဘာပြောတယ် မှတ်သလဲ"

"ဖေဖေ တွားတော့မလား၊ ဒါဖြင့် ယုယုကို မွှေးမွှေး ပေးဦး" ဆိုပြီး ပါးကလေး ထိုးပေးလို့ ကိုစောဝင်းဆိုတာ ရုံးကိုတောင် ဆော်တော်နဲ့ မသွားနိုင်ဘူး။ ဖက်ပြီး နမ်းလိုက်တာ ဆိုတာလည်း ပြောပါနဲ့တော့။ တော်တော်လည်း လူတစ်ဘက်သား ချစ်အောင် သိပ်တတ် ပြောတတ်တဲ့ ကလေး ကျုန်မဖြင့် တွေ့မတွေ့ဘူးဘူး"

ခပ်ရွယ်ရွယ် မိန်းမတစ်ယောက်ကလည်း ဤသို့ ပြောရင်း ထောက်လိုက်ပြန်၏။

"ကဲ–ကဲ အဒေါ်ကြီးတို့ အစ်မလေးတို့ တစ်ခါတစ်လေလည်း အာယုအကြောင်း ပြောကြပါဦး"

အသက် ၂၀–ခန့် လူငယ်တစ်ယောက်သည် သို့ပြောရင်း ဆိုရင်းကပင် အာယုကလေးကို ဆတ်ခနဲ ဆွဲချီလိုက်သောကြောင့်–

"ဟဲ့ ဟဲ့ မောင်တင်အောင် မင်းကို ငါ ရှိခိုးပါရဲ့ကွယ် ခါမသွားပါနဲ့ဦး၊ မှောင်နေပါပြီ၊ တော်ကြာ ငါ့ကို ဟိုအိမ်က ခါသပုန်ထ,နေပါ့မယ်ကွယ် မလုပ်ပါနဲ့"

မပန်းဝါသည် ကမန်းကတန်း ထ,၍ ပျာပျာသလဲ တောင်းပန်နေသည့်တိုင်အောင် အဆိုပါ လူငယ်သည် မပန်းဝါ၏ စကားကို လုံးဝ နားယူမည့် အမူအရာမျိုး မပြဘဲ၊ အာယုအား ပြန်ပေးယူထားမည်ကိုပင် စိုးရိမ်သွားသည့်အလား၊ ခပ်ကြပ်ကြပ်ကလေး ဖက်ထားလိုက်ပြီး–

"အိုဗျာ မမပန်းဝါကလည်း အဝေးကြီး မသွားပါဘူး။ ဟိုရှေ့နားက ကြာခံကြီးသယ်ကလေး သွားဂေါ်မလို့ပါ။ ဒီကောင်တည်း သွားရတာ သိပ်ကြောင်တယ်ဗျ၊ ဟောအာယုပါတော့ မျက်နှာလည်း ပွင့်လန်းတယ်၊ ဟိုကခေါ် ဒီကခေါ်နဲ့

www.burmeseclassic.com

ကြာဇံကြီးဆိုင်လည်းရောက်ရော သူကလေးကလည်း အာယုကို ချစ်တာနဲ့ ခေါ်ချီထားရော အဲဒါမှ ဖိမ်ဗျ၊ အကြာကြီး ဝေါ်ရတယ် သူ့လက်ထဲက ကလေးပြန်ခေါ်ရင်း အသားချင်း ထိလိုက်ရတယ် ဆိုရင် နည်းတာ မဟုတ်ဘူး"

မောင်တင်အောင် ဆိုသူလည်း ပြောရင်း ပြောရင်းနှင့်ပင် တဖြည်းဖြည်း နောက်ဆုတ်သွားကာ ဖြုတ်ခနဲ လစ်ပြေးသောကြောင့် မပုန်းဝါမှာလည်း ဘာမျှ မတတ်နိုင်တော့ဘဲ "မြန်မြန် ပြန်လာနော်" ဟု၍သာ မှာလိုက်ရတော့၏။

❖

"တော်ပါတော့ မေမေညွန့်ရဲ့ တော်ပါတော့၊ ယုယု သနပ်ခါး အလိမ်းချင်ဘူး"

ဤဝတ္ထုအစတွင် ဖော်ပြခဲ့သည့်အတိုင်း အာယုသည် မညွန့်မေ လက်ထဲမှ တလွန့်လွန့် ရုန်းကန်ရင်း ဤသို့လူ တတွတ်တွတ် ပြောနေ၏။ နောက်ဆုံး၌ အာယုသည် မညွန့်မေ အလစ်တွင် ရုတ်တရက်ပြေးထွက်ကာ မညွန့်ကြည်ရှိရာ အခန်းထဲသို့ စွပ်ဝင်သွားသဖြင့် မညွန့်မေလည်း ချက်ချင်းပင် ဝင်လိုက်သွားပြီး အာယုအား ဆွဲချီခေါ်ယူခဲ့၏။

"ငြိမ်ငြိမ်နေနော် အာယု ငါရိုက်လိုက်မယ် သိလား"

ပါးစပ်ကသာ ရိုက်လိုက်မယ်၊ ခေါက်လိုက်မယ်ဖြင့် ပြော တတ်သော်လည်း မညွန့်မေသည် ယနေ့အထိ အာယုအား တစ်ခါ တစ်ခါသော်မျှ မရိုက်ဘူးခဲ့ပေ။

"မေမေညွန့်၊ မေမေညွန့် ယုယုကို ချစ်တယ် ဟုတ်လား"



ခပ်တင်းတင်း မာနေသော မညွန့်မေ၏ မျက်နှာထားမှာ ထိုစကားကြားလိုက်ရသည်နှင့် တစ်မဟုတ်ချင်း ကြင်လင်ချိုပြုံး လာတော့၏။

"ချစ်တာပေါ့ သားရယ်၊ ဘာဖြစ်လို့ မေးတာလဲ"

"ယုယုကို ချင်ရင်လေ ကျောကျောကို တနပ်ခါး အလိမ်းပါနဲ့နော်"

မညွန့်မေလည်း နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ရာမှ–

"ဘာဖြစ်လို့လဲ သားရဲ့၊ ကျောကို သနပ်ခါးလိမ်းတော့ ဘာဖြစ်သလဲပြောစမ်း"

"ချမ်းတယ် မေမေညွန့်ရဲ့၊ အလိမ်းနဲ့နော်"

အာယုသည် ပခုံးကလေးနှစ်ဖက်ကို တွန့်ပြရင်း ပြောနေသောကြောင့် မညွန့်မေတွင် ဂရုဏာမိုးစွေသွားပြီး ချစ်ရည်ရွှမ်းသော မျက်လုံးများဖြင့် စိုက်ကြည့်နေရာမှ ရုတ်တရက် ဆွဲမွှေ့ပြီး အာယုတစ်ကိုယ်လုံး နေရာလပ်မကျန် ရွှေပန်းကလေးများပင် ချန်ဘဲ စိတ်ရှိလက်ရှိ နမ်းပစ်လိုက်၏။

ပလီပလာနှင့် အတီအတာကောင်းသောကြောင့် ကျောကို သနပ်ခါးလိမ်းခြင်းမှ ချမ်းသာခွင့် ရခဲ့သော အာယုသည် အဝတ် အစား လဲပြီးသည်နှင့် မညွန့်ကြည်အခန်းထဲသို့ ရောက်လာကာ ခုတင်ပေါ်သို့ အတင်းတွယ်တက်ပြီး မညွန့်ကြည် ဗိုက်ပေါ်တွင် ခွ၍ ထိုင်ချလိုက်၏။

"အမယ်လေး သားရယ်၊ ဖြေးဖြေးထိုင်မှပေါ့"

မညွန့်ကြည်က ရွံ့ရွံ့မဲ့မဲ့ ပြောလိုက်သည်ကိုပင် သဘောကျ သွားသည့်အလား အာယုသည် ချစ်စဖွယ် ရယ်သွမ်းသွေးလိုက်ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com

"ဒီဗိုက်ကြီးထဲမှာ ညီညီလေး ရှိလို့လား မေမေကြည်"

"ဟဲ့ သားရဲ့ ဘာတွေ လျှောက်ပြောနေတာလဲ၊ ညီညီလေး မရှိပါဘူး။ သားက တအားတက်ထိုင်လိုက်တော့ နာတာပေါ့"

"ဟာ့ အိမ်ရှေ့အိမ်က မေမေပန်းဝါလေ၊ ဟုတ်ဖူး ဟုတ်ဖူး ဒေါ်ဒေါ်ပန်းဝါလေ ယုယုက ဗိုက်ပေါ်မှာ ထိုင်ရင် အထိုင်ရဘူးတဲ့ ညီညီလေး ရှိတယ်တဲ့"

ဤတွင် မညွန့်ကြည်လည်း မပန်းဝါတွင် ကိုယ်ဝန်ရှိနေကြောင်း သိရတော့လျက် အကယ်၍ မပန်းဝါ နောက်တစ်ယောက်မွေးပါက သူတို့အား ထိုက်သလောက်မေးကာ အာယုကို အပြီးအပိုင် မွေးစားလိုက်တော့မည်ဟူ၍ပင် စိတ်ကူးယဉ်နေမိတော့၏။

"ဘာဖြစ်လို့ အဝတ်ကြီး ပတ်တားတာလဲဟင်"

အာယုသည် မညွန့်ကြည်ခေါင်းတွင် ချည်ထားသော လက်ကိုင်ပုဝါ ကို လက်ညှိုးထိုးပြရင်း မေးလိုက်သောကြောင့်

"ခေါင်းကိုက်လို့ပေါ့ သားရယ်"

"မေမေကြည် နေမကောင်းဘူးလား"

"အေး၊ မေမေကြည် နေမကောင်းလို့ သားကို ရေချိုးမပေးနိုင်ဘူး၊ သနပ်ခါး လိမ်းလည်း မပေးနိုင်ဘူး။ ဒါကြောင့် မေမေညွန့်က ရေချိုးပေးတာ ဟုတ်လား"

အာယုသည် ခပ်တွေတွေကလေး ငိုင်နေပြီး–

"မေမေကြည် နေအကောင်းဘူးလား၊ ဟိုဟို ဟိုနေ့က မိန်းမကြီး နှိပ်ပေးတယ် ဟုတ်လား၊ ယုယုလည်း နှိပ်ပေးမယ်လေ"

မညွန့်ကြည်သည် ပြောရင်းဆိုရင်းကပင် အာယု၏ ကျောကလေးကို သိမ်းကြုံးဆွဲယူလိုက်ပြီး သူ့ရင်ခွင်ထဲတွင် ခပ်ကျစ်ကျစ်ကလေး ဖက်ထားလိုက်၏။



"အမယ်လေး နှိပ်မပေးပါနဲ့တော့ သားရယ်၊ သားပြောတာနဲ့ပဲ မေမေ ခေါင်းကိုက်ပျောက်သွားပါပြီ"

လွန်ခဲ့သော တစ်ပတ်လောက်က မညွန့်ကြည် နေထိုင်မကောင်းဖြစ်ခဲ့စဉ် အနှိပ်သည်မကြီးတစ်ယောက် နှိပ်နင်းပေးသည်ကို သတိရ၍ ပြောလိုက်ခြင်းဖြစ်ရာ ဤမျှ လိမ္မာလှသော အာယုကလေးအား မညွန့်ကြည်တို့သည် အဘယ်မှာလျှင် အသည်းမစိုဘဲ နေနိုင် ပါတော့အံ့နည်း။

"ဒီသားက မေမေ့သားကြီးနော်"

"ဟင့်အင်း၊ ဟုတ်ဘူး"

ရင်ငွေ့ကလေးပေး၍ ခပ်ဖေးဖေး ဖက်ထားရာမှ မညွန့်ကြည်သည် အာယုအား မတ်သွားအောင် ထူလိုက်၏။

"ကြည့်စမ်း၊ ဒါဖြင့် အာယု ဘယ်သူ့သားလဲ"

အာယုသည် ပြုံးစေ့စေ့လုပ်နေပြီးမှ–

"ယောဒီ ဗိုက်ကြီးထဲက မွေးတဲ့ သားပေါ့"

မညွန့်ကြည်၏ ဗိုက်ကလေးကို တစ်ဖတ်ဖတ် ပုတ်ပြရင်း ပြောလိုက်မှ မညွန့်ကြည် သဘောကျသွားကာ အာယု၏ ပါးဆုပ်မဖက်ကို ခပ်ဖွဖွဆွဲလိမ်လိုက်၏။

"ယုယုက ဒီဗိုက်ကြီးထဲက မွေးတာ၊ ပြီးတော့လေ ပြီးတော့ ယောဒီ ချိုချိုလည်း ချို့ရတယ်နော်–မေမေ"

အာယုသည် မညွန့်ကြည်၏ ရင်ညွန့်တစ်နေရာသို့ လက်ညှိုးဖြင့် ထောက်၍ ဖိရင်း ပြောလိုက်သောကြောင့် မညွန့်ကြည်မှာ ရုတ်တရက် အထိတ်တလန့် ဖြစ်သွားပြီးမှ မကြာမီပင် ကြည်ကြည်နူးနူးကလေး မြူးသွားတော့ကာ အာယုလက်နှစ်ဖက်ကိုပင် ဖယ်ရှားရန် သတိမရတော့ဘဲ–

www.burmeseclassic.com

"သားကိုလေ ဒီဗိုက်ကြီးထဲကသာ မွေးတာ သားရဲ့၊ ဒီ ချိုချိုတော့ မစို့ရဘူး၊ သားငယ်ငယ်တုန်းက နို့ဘူးသောက်ရတယ် ဟုတ်လား"

အာယုသည် ခပ်တွေတွေကလေး ငိုင်နေတော့၏။

"ဒါဖြင့် ဒါဖြင့် မေမေကြည့်က ယုယုမေမေ ဟုတ်ဘူးပေါ့။ ချိုချိုမှ အချို့ရပဲ၊ ဟော ဟော မပန်းဝါကလေ ယုယုကို ချိုချိုတိုက်တယ်၊ ကဲ"

သို့ပြောလိုက်သည်ကိုကား မညွန့်ကြည်သည် နည်းနည်း ကလေးမျှ မခံနိုင်၊ သဘောမကျသလို မျက်နှာညိုသွားရာမှ–

"ကြည့်စမ်း ခွေးကလေး၊ နင် လူပါးမဝနဲ့နော်"

"အင်း အင်း၊ ဒါဖြင့် မေမေကြည် အခု အခု ချိုချို တိုက်ပါလား၊ ယုယုမေမေဆိုရင် ချိုချိုတိုက်မှပေါ့"

"ကဲ ဒါလောက်တောင် ဖြစ်လှတဲ့ ခွေးကလေး ရော့"

မညွန့်ကြည်သည်လည်း ပြောပြောဆိုဆိုပင် ထိုင်ရာ ထ၍ မ,တင်ထားသော ခြင်ထောင်ကို ချလိုက်သောကြောင့် အာယုနှင့် မညွန့်ကြည်သည် မည်သို့မည်ပုံ အဖြစ်မျိုးစုံ ဖြစ်နေကြ သည်ကိုကား ထင်ရှားစွာ မတွေ့ရတော့ပေ။

နာရီဝက် မရှိတရှိ အကြာတွင် အောက်ထပ်ဆီမှ ကိုစောဝင်း အသံပေါ်လာသဖြင့် အာယုလည်း မညွန့်ကြည် ခုတင်ပေါ် အလောသုံးဆယ် ဆင်းပြီး ပြေးထွက်လာကာ လှေကားထိပ်သို့ ရောက်သည်နှင့်–

"အာယု ဖေဖေရေ၊ အာယု ဖေဖေရေ"



အာယုသည် လှေကားထိပ် ပထမဆုံး အဆင့်တွင် ခြေတွဲ လောင်းချရင်း လှမ်းခေါ်လိုက်သောကြောင့် အောက်ထပ် ဧည့်ခန်း တွင် ခြေပစ်လက်ပစ်ထိုင်နေသော ကိုစောဝင်းလည်း အာယုဆီသို့ သမင်လည်ပြန် လှည့်ကြည့်လိုက်ရာမှ–

"လာလေ သားရဲ့ ဖြေးဖြေးဆင်းနော် လိမ့်ကျမယ်"

အာယုကား တုတ်တုတ်မျှပင် မလှုပ်သေးဘဲ"

"ဟင့်အင်း၊ ယုယုဟာ ယုယု ဆင်းအလာဘူး၊ လာခေါ်ပါ"

"ကဲကွယ် ညွန့်ရေ ဒီသားက မူယာမာယာတွေ များနေ ပြန်ပြီ။ သွားခေါ်လိုက်ပါဦး ညွန့်ရယ်"

ကိုစောဝင်း ဤသို့ ပြောလိုက်သည်နှင့် ကြို့ကြို့ရှုံ့ရှုံ့ထိုင်ကာ ဒိနုပ်ချွတ်နေသော မညွန့်မေသည် သူ့ဝါသနာအတိုင်းပင် ခေါ် ဆောင့်ဆောင့်ကလေး ထလိုက်ပြီးမှ အာယုဆီသို့ မျက်စောင်းထိုး ကြည့်ရင်း–

"နင် တော်တော် လူပါးဝနော် အာယု၊ ခါတိုင်းလည်း ကိုယ့်ဟာကိုယ် ဆင်းနေကျပဲဟာ ဆင်းလာတာ မဟုတ်ဘူး" နည်းနည်းလေးဖြစ်ဖြစ် ပိုလိုက်ရမှ"

ပြောပြောဆိုဆို မညွန့်မေသည် လှေကားဆီသို့ လျှောက် သွား၏။

"ဟင့် အင်း ဟင့် အင်း၊ မေမေညွန့် မခေါ်ရဘူး၊ ဖေဖေ လာခေါ်ပါ။ ယုယုဖေဖေ လာခေါ်ပါ"

ဤသို့လျှင် တာနေခိုက် ပဒုမ္မာအကျီကို အောက်အနားပတ်မှ ကိုင်၍ ဆွဲကာဆန့်ကာဖြင့် ထွက်လာသော မညွန့်ကြည်လည်း အာယုအနီးသို့ ရောက်သည်နှင့်–

"လာ သား လာ လာ၊ မေမေကြည်နဲ့ အတူတူဆင်းမယ်နော်"

"ဟင့်အင်း ဖေဖေနဲ့မှ ဆင်းမယ်၊ ဖေဖေလာခေါ်ပါ"

www.burmeseclassic.com

www.burmeseclassic.com

မညွန့်ကြည်က မွေ့ချိလိုက်ရန် ကိုင်လိုက်သည်ကိုပင် ရှန်းကန် ရှန်းကန်လုပ်ရင်း ပြောလိုက်သောကြောင့် ကိုစောဝင်းလည်း ခပ်ဟဲဟဲ ရယ်လိုက်ပြီးမှ လှေကားပေါ် ပြေးတက်သွားကာ အာယုအား မွေ့ချီခေါ်ယူခဲ့၏။

အောက်သို့ရောက်၍ နေသားတကျ ထိုင်မိသည်နှင့် ကိုစောဝင်းသည် အာယုကလေးအား ပေါင်ပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်စေပြီး–

"ဖေဖေ အလုပ်လုပ်ပြီး ပြန်လာလို့ မောရတဲ့အထဲ ငါ့သားနဲ့ တစ်ခါတည်း မောအောင် လုပ်တာကိုးကွဲ့."

ကိုစောဝင်း ဤသို့ ပြောလိုက်သည်နှင့် အာယုသည် ကိုစောဝင်း၏ ပါးစပ်နှစ်ဖက်ကို ကိုင်၍ အသာအယာ ပွတ်နေပြီးမှ နှုတ်ခမ်းကလေး စူစူနှင့် မျက်ခုံးကလေးချိုလိုက်ကာ–

"မောပါနဲ့ ဖေဖေရယ်၊ ဖေဖေ အလုပ်လုပ်တာ ယုယု စားဖို့ ဟုတ်လား၊ ယုယုလည်း ယုယုလည်း ကြီးလာရင်လေ ကြီးလာရင် ဖေဖေ့လို အလုပ်လုပ်မှာပေါ့ ဖေဖေရဲ့"

"လိမ္မာလိုက်တာ ငါ့သားကြီးက ကဲကွယ်၊ သားအလုပ်လုပ်လို့ ပိုက်ဆံတွေရရင် ဘယ်သူ့ပေးမလဲ"

"ဖေဖေရယ်၊ မေမေရယ်၊ ဖွားဖွားရယ် ပေးမှာပေါ့"

"မပန်းဝါတို့ကိုကော မပေးဘူးလား ငါ့မြေးရဲ့"

ဖွားအေကြီးက ဝင်မေးလိုက်သဖြင့်–

"ပေးမှာပေါ့၊ ဘတ်ချကားတစ်ခု ဝယ်ပေးလိုက်မှာပေါ့ ဟိုဟို မနေ့တုန်းက ကိုအောင်ချွေကလေ ပိုက်ချန် ချထားတယ်တဲ့"

အာယု ဤသို့ ပြောလိုက်သည်နှင့် တစ်အိမ်သားလုံး တဝုန်းဝုန်း ရယ်မောရင်း တအံ့တသြ သဘောကျနေကြတော့၏။

◆



အသက်အရွယ်နှင့်မလိုက်အောင် အကြံကိုပြောတတ်၍ ငါးနှစ်ပလိမ္မာ ချက်ချက်ချာချာရှိလှသော အာယုကလေးမှာ တစ်လထက်တစ်လ အသိဉာဏ်တိုးတက် စကားတွေလည်း ပီပီသသနှင့် သွက်လာတော့၏။ ပြောလွယ်ဆိုလွယ် နားလည်လွယ်သည်နှင့် အမှု ရိုက်၍ ဆုံးမရသည်ဟု မရှိဘဲ စကားတစ်ခွန်းကို အများဆုံး သုံးကြိမ်လောက် ပြောထားရုံမျှဖြင့် အသည်းစွဲအောင် မှတ်ထားတတ်၏။ ဒါမကိုင်ရဘူးဆိုလျှင် လှည့်၍မျှပင် မကြည့်တော့သည်အထိ အသိဉာဏ်နှင့်၊ အမှတ်အသားကြီးသူ ကလေးဖြစ်ရာ အာယ်မှာလျှင် ကိုစောဝင်းတို့ ဖူးဖူးမှုတ်၍ အသက်ဘူး လုပ်မထားဘဲ ရှိပါတော့အံ့နည်း။ ထိုနေ့မှာ တနင်္ဂနွေနေ့လည်းဖြစ်၊ ညနေ ၆–နာရီပွဲတွင်လည်း ရုပ်ရှင်ကြည့်ရန် စီစဉ်ထားသည့်အတိုင်း ကိုစောဝင်း၊ မညွန့်မေတို့သည် ခပ်စောစော ထမင်းစားလျက်ရှိကြ၏။ အာယုကလေးမှာမူ မညွန့်ကြည်၏ စည်းကမ်းပေးထားချက်အရ လူကြီးထမင်းဝိုင်းတွင် ဝင်ရှုပ်ခြင်း မပြုဘဲ အိမ်ရှေ့ဧည့်ခန်းတွင် မော်ယော်ကား၊ စက်ဘီး၊ မြင်းရုပ်များဖြင့် ရှုပ်ယှက်စွာ ဆော့ကစားလျက် ရှိ၏။

ထိုအခိုက် ဝဝဖိုင့်ဖိုင့်နှင့် အရာရှိကတော်ပိုက် ဖမ်းထားသော မိန်းမကြီးတစ်ယောက် ဝင်လာကာ အာယုကလေးအား ရုတ်တရက် ပွေ့ချီလိုက်ပြီး အနီးတွင် ထိုင်နေသော မညွန့်မေ၏ မိခင်ကြီးအား နှုတ်ဆက်လိုက်၏။

"နေကောင်းရဲ့လား ဒေါ်ဒေါ်"

"အေး ကောင်းပါတယ် တင်တင်၊ မောင်စောဝင်းတို့တော့ ဟောဟိုမှာ စောစီးစီး ထမင်းစားနေကြလေရဲ့ ရုပ်ရှင်သွားမလို့ ထင်ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်တင်တင်သည် အာယုကို ပွေ့၍ ချိုထားရင်းကပင် မောက်မော ထမင်းစားခန်းသို့ စွပ်ဝင်သွား၏။

"ယော့ ယော့ ကောင်မတွေ ဒီလို ဘာရမလဲကွယ်၊ ညည်းတို့ ဘိုင်စကုတ် သွားကြမလို့ ဟုတ်လား၊ ငါ့တောင် အသိမပေးကြဘူး"

ဤသို့ နှုတ်ခက်လိုက်ပုံကိုထောက်ခြင်းအားဖြင့် ဒေါ်တင်တင်သည် "အာကြမ်း လျှာကြမ်းနှင့် စွာကျယ်ကျယ် နိုင်လှသော မိန်းမကြီးတစ်ယောက်ဟု အကဲခတ်လျက် မညွှန့်မေတို့ နှင့်လည်း အတော်ရင်းနှီးပုံရ၏။

"သတိရပါတယ် ဒေါ်ဒေါ်တင်ရယ်၊ ဟိုအရင် ပထမပြ ကတည်းက ဒေါ်ဒေါ်တင်လို့ ကြည့်ပြီးသား ဖြစ်နေလိမ့်မယ်လို့ ထင်လို့ အကြောင်း မကြားတာပါ"

"ဘာလဲကွဲ့၊ ခုပြန်ပြနေတဲ့ ဂုဏ်ရည်မတူ သွားကြမလို့ လား၊ နို့ ပထမ ပြတုန်းကဘာလို့ မကြည့်လိုက်ကြသလဲ ဒီလောက် နာမည်ကျော်နေတာကို"

"မကြည့်လိုက်ရဘူး ဒေါ်ဒေါ်တင်၊ ကိုဝင်း အမေရိကန် သွားနေလို့"

ဤတွင် စကားပြတ်ပြီး အတန်ကြာအောင် တိတ်ဆိတ်သွား ပြန်၏။

"ဟော့ အာယုရဲ့ မင်းလည်း တစ်နေ့တစ်ခြား လှပြီး ဝ,နေတာပဲနော်၊ ဟိုဟာ ဘယ်သူလဲ၊ မင်းနဲ့ ဘာတော်လဲ"

"ဖေဖေလေ ဖေဖေတော်သာပေါ့"

"ဒီဟာကောကွယ်"

"မေမေပေါ့ ကြီးကြီးရဲ့"

"နို့ သူကကော"

"သူကလေ သူက မေမေကြည်"



"ခွေးတိရစ္ဆာန်ကလေး၊ မင်း ဒါနဲ့ ညာစားနေတာပဲနော် ...ကဲ ဒီမှာ ကြီးကြီးမေးမယ်၊ ဟောဒီ မောင်စောဝင်းနဲ့ မညွှန့်မေနဲ့ ဘာတော်လဲ"

"ဖေဖေနဲ့ မေမေပေါ့၊ ဒီကြီးကြီးလာရင် အားကြီး ...ကားများတယ်"

လေးယောက်စလုံး ဝုန်းခနဲ ရယ်လိုက်သောအသံများမှာ ...စခန်းလုံး လျှံသွားတော့၏။

"မအေပေးလေး၊ ငါ့ကိုများ စကားများတယ်တဲ့၊ ဒီမှာ ...မေးတာပြောစမ်း ဘာတော်လဲလို့"

"ဖေဖေနဲ့ မေမေပါဆို၊ ဘာဒွေ မေးနေတာလဲ တောက်တီး ...ောက်တက်"

ရယ်သံနှော၍ ဝေါခနဲ ဆူသွားပြန်၏။

"အေးလေ အဲဒါ ဘာတော်လဲလို့"

"အို ဖေဖေက မေမေ့ယောကျ်ားပေါ့၊ မေမေက ဖေဖေ့မိန်းမ ...ပဲပေါ့"

"မင့် ဖေဖေနဲ့ မေမေ အတူတူ အိပ်တယ် မဟုတ်လား"

အာယုသည် ခေါင်းကလေး ညိတ်ပြလိုက်၏။

"ညညကျရင် မင့်ဖေဖေနဲ့ မေမေကော မနမ်းကြဘူးလား"

"နမ်းဒါပေါ့"

"အို ဒေါ်ဒေါ်တင်ကလည်း ကလေးကို မတော်တရော်တွေ ...ျှောက်မေးနေပြန်ပြီ တော်ပါတော့"

မညွှန့်မေသည် ရှက်စနိုး၊ အမူအရာဖြင့် ဟန့်တားလိုက်သည့် ...ိုင်အောင် ဒေါ်တင်တင်သည် ဤလို ညစ်တီးညစ်ပတ်စကားမျိုး ...ွင် ခုံမင်တတ်သောကြောင့်လား မသိ ဆက်လက်၍...

"အေး အဲဒါ လင်မယားတော်တယ်လို့ ပြောရတယ်၊ ...တ်သားနော်"

www.burmeseclassic.com

အာယုသည် ခပ်တွေတွေကလေး ငိုင်နေ၏။

"ဒါဖင့် ဒါဖင့် ဖေဖေနဲ့ မေမေကြည်နဲ့လည်း လင်မယားပေါ့နော်၊ ဟိုနေ့ ဟို ဟိုနေ့ကလေ ဖေဖေက မေမေကြည်ကို နမ်းတယ်၊ မေမေကလည်း ဖေဖေ့ကို နမ်း"

ထိုစကားမှ မဆုံးသေးမီပင် မညွန့်ကြည်သည် ထိုင်ရာမှ ဆတ်ခနဲထလာပြီး အာယုကလေး၏ ပါးကို ဖျတ်ခနဲ ရိုက်လိုက်ပြီး

"အမျိုးယုတ်ကလေး နင် နင် ဘာတွေ လျှောက်ပြောနေသလဲဟင် ကဲ"

အာယု၏ ပါးဖောင်းဖောင်းကလေးကို ဖျောင်းခနဲ နောက်တစ်ချက် ဆက်ရိုက်လိုက်ပြန်သဖြင့် အာယုလေးမှာ မခံရစဖူး ခံလိုက်ရသဖြင့် ထိတ်လန့်တကြား ဝါးခနဲ ငိုလိုက်ရာမှ...

"လိမ်ပြောတာ လုမိုက်တဲ့ မေမေကြည်ပဲ ပြောတယ် ယုယုက အင်း အင်း လုလိမ္မာ၊ လိမ်မပြောဘူး၊ ဟို ဟိုနေ့က ဖေဖေနဲ့ မေမေကြည်နဲ့ အ အတူ တူ အိပ်တယ် အိပ်တယ် နမ်း နမ်းတယ်"

အာယုကလေးမှာ ဤသို့ပြောရင်းက တဟင်း ဟင်းနဲ့ ရှိုက်၍ ရှိုက်ကာ ငိုနေတော့ကာ ကြာသော် လိုက်သံကလေးပါ နောက်လာသဖြင့် စကားသံလည်း ပျောက်သွားတော့၏။

မညွန့်ကြည်လည်း အာယုစကားဆုံးသည်နှင့် လက်ဝါးနှစ်ဖက်တွင် မျက်နှာမြှုပ်၍ ခပ်သုတ်သုတ် ပြေးထွက်သွားတော့၏။

ဒေါ်တင်တင်မှာလည်း ကလေးကို ချီထားလျက်က ကြောင်တွေတွေ ဖြစ်နေတော့ကာ မိမိ ဆတ်ဆော့မိသည့် စကားအတွက် လည်း အားတောင့်အားနာနှင့် ဘာပြောရမည် မသိအောင် ငိုင်နေရှာတော့၏။

ကိုစောဝင်းသည် မညွန့်မေကို အသနားခံသလို မျက်နှာငယ်ကြည့်၍ မညွန့်မေကမူ ကိုစောဝင်းအား မယားငယ်နေသည်



ရှိသော မယားကြီး၏ မျက်နှာထားမျိုးဖြင့် ဒေါသအိုး ပေါက်ကွဲတော့မယောင် စူးစိုက်ကြည့်နေ၏။ တစ်စုံတစ်ရာ ဘာစကားမျှ ပြောနိုင်၊ ဝမ်းနည်းမှုကိုယ်စီဖြင့် ရီရီဝေဝေ ဖြစ်နေကြ၏။ ကြာမိ ဒေါ်တင်တင်လည်း အာယုကို အသာချ၍ စိတ်မကောင်းကြီးစွာနှင့် နှုတ်ဆက်ထွက်ခွာသွား၏။ မရှေးမနှောင်းပင် ကိုစောဝင်း သက်တရက် ထလိုက်ပြီးမှ မညွန့်မေ၏ ပခုံးနှစ်ဖက်ကို ကိုင်ကာ...

"ဒီမှာ ညွန့် အာယုကလေး ပြောတာ အမှန်ပဲ၊ ကိုယ် ဝန်ခံပါတယ်။ ကလေးမှာ ဘာမှ အပြစ်မရှိဘူး၊ ကိုယ်နဲ့ မမကြည် မှ တော့ မှားခဲ့ကြပြီ၊ အဲဒါ ညွန့်ပေးချင်တဲ့ အပြစ်ကိုပေး၊ ကိုယ် ခံယူဖို့ အသင့်ပဲ"

ကိုစောဝင်းသည် သူ့စကားကို အဆုံးသတ်ပြီးသည်နှင့် ခေါင်းငိုက်စိုက်ချကာ အခန်းထဲမှ လှည့်ထွက်သွား၏။ မညွန့်မေက မင်တွေလည်းတုန်၊ ဘဝင်တွေလည်း ခုန်နှင့် တစ်ကိုယ်လုံးထုံကာ အကြောတွေပါ ဟုန်နေတော့၏။ ဘာပြော၍ ဘာဆိုရမည် မသိ၊ ကြောင်ကြောင်ကြောင်ပင် ကြည့်မိကြည့်ရာ ကြည့်နေပြီးမှ တဟင့်ဟင့် ငိုရင်း အနီးသို့ ကပ်လာသော အာယုကလေးကို ဆွဲချီလိုက်၏။

မကြာမီပင် ငိုထားသောကြောင့်တစ်ကြောင်း၊ ဒေါသဖြစ် နေသောကြောင့်တစ်ကြောင်း၊ တစ်မျက်နှာလုံး ရဲရဲနီနေတော့ကာ မညွန့်ကြည်သည် အမူအရာ တင်းတင်းနှင့် ခပ်ပြင်းပြင်း နင်းဝင် လာပြီး အာယုကလေးအား မညွန့်မေလက်ထဲမှ ဆတ်ခနဲ ဆွဲယူ ထွက်သွား၏။

◆

အချိန်မှာ ညနေ ၅–နာရီခန့်သာ ရှိသေး၏။

ဘောင်းဘီနှင့် တစ်ဆက်တည်း ချုပ်ထားသော တိမ်ပြာရောင် ဘူတာကွဲကြိုးသိုင်းအကျီကလေးနှင့် ဖြေးဖြေးချင်း ခေါင်းငုံ့လျှောက်

www.burmeseclassic.com

www.burmeseclassic.com

လာသော အာယုကလေးသည် အိမ်ရှေ့ကတ္တရာလမ်းကို ဖြတ်ကျော် လိုက်သည်နှင့် ဘစ်ပြိုင်နက် အရှိန်ပြင်းစွာ မောင်းလာသော ဆော်ဘော်ကားတစ်စင်း၏ ဘရိတ်ဖမ်းသော အသံသည် တစ်လ လုံး ကျွံခနဲ ဆူညံသွားတော့၏။

အိမ်ပေါက်စေ့လိုလိုပင် လူအများထွက်ကြည့်ရင်း စုတ် သပ်သပ် ဖြစ်နေကြသော်လည်း ကိုစောဝင်းတို့မှာမူ ကား ကိုယ့်အ နှင့်ကိုယ် ရှိနေသောကြောင့်လော၊ အာယုလေး ထွက်လာသည်ကို မသိ၍လော မပြောတတ်၊ တစ်ဦးတစ်ယောက်မျှ ထွက်ကြည့်သည် မတွေ့ရပေ။

မပန်းဝါလည်း ရင်ဘတ်စည်တီးနှင့် ပြေးထွက်လာ လမ်းနံဘေးတွင် ပုံလျက်သား လဲနေသော ကလေးကို ပွေ့ချီ ယူသွား၍ မကြာမီပင် မပန်းဝါတို့ တဲကလေးမှာ သတင်း သူများနှင့် ပြည့်ကြပ်သွားတော့၏။

"မတိုက်မိပါဘူး လေရှိန်နဲ့ ဟပ်ပြီး လဲသွားတာပါ၊ သမားလျှင်ပေလို့ပေါ့၊ နို့မို့ရင်တော့ ပြီးရောပဲ"

ထိုသို့ ကြားလိုက်ရမှပင် ပရိသတ်အားလုံး ဟင်း သက်ပြင်းချကာ စိတ်သက်သာရာ ရသွားကြတော့၏။

"သား အာယုလေး ဘာဖြစ်လို့ တစ်ယောက်တည်း ထွက်လာရသလဲဟင် မမေညွန့်တို့ သိရဲ့လား ပြောစမ်း"

မပန်းဝါ ဤသို့ မေးလိုက်သည်တွင်မှ အာယုကလေး တဖြည်းဖြည်းချင်း ရှိုက်သံပေါ်လာပြီး ဝမ်းနည်းပက်လက် လိုက်တော့၏။ လှိုက်လှိုက်လှဲလှဲ အသည်းထဲမှ ဖြစ်ပေါ်လာ ငိုသံဖြစ်သောကြောင့်လည်း အနီးရှိ လူများပင် မျက်ရည်လည် စိတ်ထိခိုက်သွားကြတော့၏။

"သား သား မငိုနဲ့လေ ဘာဖြစ်လို့လဲ၊ မမေညွန့် အေးကို ဆူလို့လား၊ ဟုတ်လား"



အာယုသည် တစ်ခါတစ်ရံ မညွန့်မေက ဆူပူကြိမ်းမောင်း ပ်လျှင် တိတ်တဆိတ် ထွက်လာတတ်သောကြောင့် ဤလို မေးလိုက်ခြင်း ဖြစ်၏။ အာယုလည်း ရှိုက်နေရာမှ သွက်သွက်ကြီး ခေါင်းခါပြကာ...

"မမေညွန့် မဟုတ်ဘူး၊ မေမေကြည်က မေမေကြည်က င် နင် ငါတို့အိမ်မှာ မ မနေနဲ့တော့တဲ၊ သွား သွား အရိုးလေးတဲ့"

"အို မေမေကြည်က အလကား ကြည့်စားတာပေါ့ သားရယ်၊ ဘာဖြစ်လို့ ထွက်လာရသလဲ"ဟု အမျိုးမျိုး ချော့မော့ကာ ပို့မည် ပ်သော်လည်း မရဘဲ အာယုသည် "ကြောက်တယ်"နှင့် တုန်တုန် လှုပ်လှုပ် ငိုနေသောကြောင့် မပန်းဝါလည်း မညွန့်ကြည်တို့ ထိုက်သို့ ကူးလာခဲ့၏။

မညွန့်ကြည်သည်လည်း မပန်းဝါလာလိမ့်မည်ကို အတတ် သိနေဘိသည့်လား တံခါးဝမှာ အသင့်စောင့်နေသည်ကို တွေ့ရလျက် တံခါးပင် ဖွင့်မပေးတော့ဘဲ...

"ဒီမှာ မပန်းဝါ၊ ဘာဖြစ်လို့လဲဆိုတဲ့ မေးခွန်းကို မမေးနဲ့တော့ ရင်လည်း ငါမပြောဘူး၊ ခပ်တိုတိုပဲ ပြောလိုက်ပါရစေ ဒီနေ့ကစပြီး ည်းသားကို တို့အိမ်ပြန်မပို့နဲ့တော့၊ တို့ လက်မခံတော့ဘူး"

ဤသို့လျှင် ခါးခါးတူးတူး ပြောလိုက်သောကြောင့် မပန်းဝါ အဖြေမှန်ကို ဘာမျှ မသိရဘဲ မျက်ရည်လည်ရွဲနှင့် ဝမ်းနည်းစွာ ခဲ့ရ၏။

ကိုစောဝင်းတို့အိမ်မှ တိုင်ကပ်နာရီလက်တံသည် ဂဏန်း တစ်ကွက်မှ တစ်ကွက်သို့ အချက်ကျကျ ကူးပြောင်းပြသ နာရီကို လွန်ခဲ့သောအချိန်တွင်...

အိပ်မောကျနေသော အာယုကလေးကို ခပ်ငေးငေး ကြည့်သောမပန်းဝါ၏ မျက်ရည်တို့သည် အာယုမျက်နှာပေါ်သို့

www.burmeseclassic.com

တစ်ပေါက်ပေါက် ကျဆင်းလျက် ရှိနေတော့ကာ ကိုအောင်ရွှေမှာ လည်း ဆေးပေါ့လိပ်ကို ကိုင်၍ ခေါင်တစ်ခေါင်တွင် ငိုင်နေရှာ၏။

"မေမေညွန့်၊ မေမေကြည်၊ မေမေ ဦးချောဝင်း၊ ဖွားဖွား" ဤသို့လျှင် လှစေတက်စေကို ခေါ်ရင်း အာယုသည် အိပ်မော ကျနေရာမှ ယောင်လျက် ရှိ၏။

ထိုအချိန်၌ ကိုစောဝင်းတို့ တိုက်ပေါ်တွင်…

"ဟော ကိုဖေတင် ချိုချို လာလာ"

"မမကြည် အာယုကလေးကော၊ အာယု အာယု ခေါ်စမ် ပါဦး"

"မရှိတော့ဘူး ချိုချို၊ သောက်ကောင်လေးက မျိုးနဲ့ရှိ လာတာ၊ အားကြီး လက်ဆော့တယ်၊ သူ့ဖအေကို ပစ္စည်း နိုးနိုးပေးလို့ ပြန်ပို့လိုက်ပြီ"

ညှော်ခန်းနှင့်ကပ်လျက် ဘုရားဆောင်အခန်းကလေးထဲတွင် ဆေးချင်းယှဉ်၍ ထိုင်ကာ ဘုရားအာရုံပြုနေသော ကိုစောဝင်းနှင့် မညွန့်မေတို့သည် မညွန့်ကြည်ပြောလိုက်သော ထိုစကားကို ကြား လိုက်ရသည်နှင့် တစ်ယောက်မျက်နှာ တစ်ယောက် လှည့်ကြည့် မိကြ၏။ ပထမသော် တွေနေ၏။ နောက်မကြာမီ ဝေကျလာသော မျက်ရည်တို့ကား နှစ်ဦးစလုံး ပါးပြင်ပေါ်ဝယ် စိုစိုရွှဲ၍ စီး သွားတော့၏။

လူ လူ လူတွေကား၊ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက် လာလျှင် အပြစ်ကင်းမဲ့သော ကလေးကိုပင် မြှစ်ချိုး မှီမဲ့ ကဲ့ ပုတ်ခတ် ပြောဆိုပြုမူတတ်သော လူတွေပါတကား၊ ရက်စက်လေစွ ကြောက်စရာကောင်းလေစွ…။

◆ ◆ ◆



# မေမေလတ်

### စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်း

မန္တလေးမြို့၊ ရတနာဘုမ္မိရပ်နေ ပိုးကုန်သည်ကြီး ဦးလှဖေ- ဒေါ်ဝင်းတို့၏ တတိယသားထွေး ပျဉ်းမနားမြို့၊ သစ်တော ဝန်ထောက် ဦးကြည်စိန်၏ ညီ၊ ရန်ကုန်မြို့ အာသာမောရစ် သယ်ကူးသင်္ဘောကုမ္ပဏီ ငွေကိုင်စာရေးကြီး ဦးမောင်မောင်တင်- ဒေါ်ခွဲ.ခွဲ.ဦးတို့၏ မောင်၊ ရန်ကုန်မြို့၊ ရတနာဘုမ္မိ၊ ပိုးထည်တိုက်ခွဲ မန်နေဂျာ (မောင်စိန်နိုင်) ကို

ရန်ကုန်မြို့၊ ပန်းဆိုးတန်း *(Latt College)* လတ်တက္ကသိုလ် အမွှတ်ပညာသင်ကျောင်း ကျောင်းအုပ်ကြီး ဦးဘိုးလတ် *B.A.* - ဒေါ်ဒေါ်မေတို့၏ တစ်ဦးတည်းသော သမီး *(Latt College)* ဆက်တန်းပြဆရာမ မေမေလတ်(မေဘယ်လ်) *B.A* နှင့် ကော်ထိပ်ထိမ်းမြားရန် *(7-7-50)* နေ့က နှစ်ဦးနှစ်ဖက် မိဘများနှင့် ဆွေသင်္ဂဟ လူကြီးများရှေ့တွင် စေ့စပ်ကြောင်းလမ်း ပြီးပြီ ဖြစ်ပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



## ဇာစပ်ကြောင်းလမ်းခြင်း ဖြေရှင်းချက်

**(10-7-50)** နေ့ကစပြီး ဤသတင်းစာတွင် ဖော်ပြခဲ့သော (ယနေ့လည်း ပါရှိလိမ့်မည်) ကျွန်မ **မေမေလတ် B.A** နှ **ကိုစိန်နိုင်** တို့သည် ဇာစပ်ကြောင်းလမ်းခြင်း သတင်းနှင့် ပတ်သက် ကျွန်မတို့ နှစ်ဦးစလုံးကို အာရုံစူးစိုက်နေကြသော ဆွေမျိုး မိတ်သင် တို့အား အနည်းငယ် ရှင်းပြလိုပါသည်။

ထိုလူကြီးများ ဇာစပ်ကြရာ၌ ကျွန်မက **ကိုစိန်နိုင်** အ အိမ်ထောင်ရှင် လင်ကောင်းတစ်ယောက်အဖြစ် ရွေးသင့်, မရွေးသ (၃)လခန့် အကဲခတ်လိုသေးကြောင်း တောင်းဆိုခဲ့သော်လည် မအောင်မြင်ခဲ့ပါ။ ထို့ကြောင့် ထိုဇာစပ်ရေးတွင် ကျွန်မ၏ သဘေ တူညီမှုသည် ရာခိုင်နှုန်း ၅၀–လောက်သာ ပါသည်ဟု ယူဆ ပါသည်။ တစ်နည်းအားဖြင့် ထိုဇာစပ်မှု၌ ကျွန်မ **မေမေလတ်** **ကိုစိန်နိုင်**တို့သည် ဧကန်ဧကေ လက်ထပ်ကြပေတော့မည်ဟူက ပုံ ကားချ မယူဆစေလို။ ထိုအတိုင်းလည်း အဓိပ္ပါယ်မရသည် သတိပြုစေလိုပါသည်။

ထိုဇာစပ်သည့်နေ့မှစ၍ မင်္ဂလာမဆောင်သေးမီ ရက် အတွင်း ကျွန်မ မေမေလတ်အမည်ဖြင့် လက်ခံသဘောတူကြေ မကြေညာသေးသမျှ အဆိုပါ ဇာစပ်ကြောင်းလမ်းခြင်း ကျွန်မနှင့် ကိုစိန်နိုင်တို့ ဧကန်ဧကေ လက်ထပ်ကြတော့မည် ဟူ သဘောမျိုးသို့ သက်ရောက်လိမ့်မည် မဟုတ်ကြောင်း အများသိ ဖြေရှင်းလိုက်ပါသည်။

*မေမေလတ် B.A. (12-7-*

၁၉၅၀–ခုနှစ်၊ ဇူလိုင်လ ၁၂–ရက်၊ အင်္ဂါနေ့ထုတ် မြန်မာ သတင်းစာတိုင်းလိုလိုတွင် အဆိုပါ **"ဇာစပ်ကြောင်းလမ်းခြင်း"**နှင့် **"ဖြေရှင်းချက်"** သတင်းနှစ်ခုသည် သတင်းစာ ပရိသတ်အဖို့ အခြားအခြားသော နိုင်ငံရေး၊ စီးပွားရေး၊ ပြည်တွင်းသူပုန်ရေး စသည့် သတင်းများထက်ပင် ထူးထူးခြားခြား အရေးတယူ ဖတ်ရှုကာ အမျိုးမျိုး ပြောဆိုဝေဖန်လျက် ရှိကြတော့၏။

အထူးသဖြင့် ထိုသတင်းနှစ်ခုသည် ယခုခေတ်အခေါ ပညာတတ် လူတန်းစား ကြေးရတတ် မနှင့် ဗျူရိုကရက် အရာရှိပိုင်းတို့မှ အဖို့၊ လူဖို့လောကကို အတော်ကလေး ဂယက်ရိုက် တုန်လှုပ်သွားတော့၏။

"ခုကာလ လူငယ်တွေကို အတော်ခက်ပါတယ်။ ဆရာသမား ဆောင် မကတော့ဘူး၊ မိဘကိုလည်း တော်လှန်နေကြတော့တာပဲ"

လူကုံထံသားရှင်၊ သမီးရှင်များက ဤလို ညည်းညူကြ၍–

"ခုခေတ်လူငယ်တစ်ချို့ဟာ မိဘကို တော်လှန်တာလောက် ဘော့ သူတို့အဖို့ အသေးအဖွဲသဘောထားနေကြတာပေါ့ဗျာ။ ဒီထက်မကတဲ့ မြန်မာတိုင်းရဲ့ အထွတ်အထိပ် သာသနာနဲ့ ဘာသာကိုတောင် ဇော်ကားမော်ကား တော်လှန်နေသေးတာကပဲ ဆန်းပါဘူး"ဟု တစ်ချို့သော လူကြီးပိုင်းကလည်း ယင်းသို့ မှတ်ချက်ချကြပြန်သည်။

"လူတစ်ယောက်အနေနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးကို ခံရင့်ရင့် တိုက်ယူလိုက်တာပဲ။ ဒီအမျိုးသမီးကို ငါတို့ လိုက်လိုက် ခဲ့လို့ ချီးကျူးရမယ်"

နိုင်ငံရေးသမားအချို့ကလည်း ဤသို့ သုံးသပ်ကြ၏။

www.burmeseclassic.com



"နေရာတိုင်း မိဘစကားကို တော်လှန်ပုန်ကန်တာတော့ ကျုပ်တို့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး။ ဒါပေမယ့် ခုလို အစီပွါယ်ရှိရှိနဲ့ အခွင့်အရေးကို တရားနည်းလမ်းကျကျ အရယူတာမျိုးကိုတော့ ထောက်ခံရမှာပဲ"

ထိုသို့လည်း အမြော်အမြင်ရှိသူများက ထင်မြင်ကြ၏။

"ဘယ့်နှယ့်လဲဟေ့ ခင်ကျော့ရှင်း၊ ဒီနေ့ သတင်းစာ ဖတ်ပြီးပလား"

"အင်း ပထမတော့ ကိုယ် သတိမထားမိဘူး ဆရာ၊ ခုနကပဲ အယ်လီဇဘတ်ဖိုးက တယ်လီဖုန်းနဲ့ လှမ်းပြောလို့ ကောက်ဖတ်ကြည့်မိတယ်။ မေမေလတ်ဆိုတဲ့ တေမက တော်တော် သတ္တိကောင်းတယ်နော်"

"အစစ်ပဲဆရာ ကိုယ်တော့ ဒီလို မလုပ်ရဲဘူး၊ နို့ ခင်ကျော့ရှင်းကော တယောပြားနဲ့ ကျော်မွဲ ဂီတဆရာလေးကို ယူမလား၊ မိဘ စေ့စပ်ထားတဲ့ အတွင်းဝန်ကို ယူမလား"

"အို ဒါတွေ မေးမနေစမ်းပါနဲ့ကွာ၊ အလိုလိုက ဦးနှောက် ရှုပ်ရတဲ့အထဲ"

ဤသို့လည်း ဂုဏ်ပကာသနသမား အထက်တန်းစား လောကကို ကျကျနနကြီး တုန်လှုပ်သွားစေ၏။

"ကိုစိန်နိုင်ဆိုတဲ့ လူက အပျော်စားနဲ့ တူပါတယ်။ ကျုပ်လို လူတော့ ဘယ်ရမလဲ၊ ဒီလို လူပါးဝတဲ့ မိန်းမမျိုး မယူတော့ဘူး။ စေ့စပ်ရေးကို ချက်ချင်း ရုပ်သိမ်းလိုက်မှာပဲ"

"အေးဗျာ တကယ်ဆိုရင် ကိုယ်ဟာကိုယ် အကဲခတ်ပြီး မကျေနပ်တော့မှ စေ့စပ်ရေး ဖျက်သိမ်းလိုက်ရင် ပြီးတာပဲ။ ဒီလို တော့ မကြော်ငြာသင့်ဘူး"

"ဒါ အင်မတန် တရားနည်းလမ်းကျတဲ့ ကြေညာချက်ပဲ။ ကျွန်တော်တို့တော့ ကြိုက်သဗျ"

"ဒီလို ထင်ပါရဲ့ဗျာ၊ မေမေလတ်ဆိုတဲ့ မဒီက ခု စေ့စပ်တဲ့ ကိုစိန်နိုင်ကိုလည်း သဘောကျတယ်၊ ဒီပြင်လည်း အဆက် တစ်ယောက်တစ်လေလည်း ရှိနေလိမ့်မယ်။ ဒါကြောင့် တစ်ယောက် မဟုန်ရင် တစ်ယောက်ဆိုပြီး နှစ်ယောက်စလုံး မျှော်လင့်ချက်ပေး ထားတဲ့ သဘောမျိုး ဖြစ်ပါလိမ့်မယ်"

အချို့သော ကာလသားများကလည်း ကိုယ့်အတွေးနှင့် ကိုယ်အမျိုးမျိုး ယူဆကြပြန်သည်။

◆

ထိုထိုသော လူတန်းစားအမျိုးမျိုးတို့၏ ရပ်ကွက်တွင် ထင်မြင်ချက်အဖုံဖုံပေး၍ ရေပေးတယူ ပြောဆို ဆွေးနွေးနေကြသည့် နည်းတူ ဦးဘိုးလတ်-ဒေါ်ဒေါ်မေနှင့် မေမေလတ်တို့ သားအမိ သုံးယောက်မှာလည်း ဧည့်ခန်းတွင် ထိုင်ရင်း ထိုသတင်းစာပါ ငြေရှင်းချက်အတွက် အတော်ကလေး ပွက်လောရိုက်နေကြပြန်၏။

"အဲဒါ သက်သက် မိဘကို ချေးလုပ်တာပဲ"

မေမေလတ်၏ မိခင် ဒေါ်ဒေါ်မေမှာ အလွန့်အလွန်ဒေါသ ဖြစ်နေသည် မှန်သော်လည်း သမီးဖြစ်သူအား ပြင်းပြင်းထန်ထန် မျက်နှာထားတင်းတင်းဖြင့် ကြိမ်းမောင်းရန် မဝံ့သလို ရွံ့သလိုလို နှင့်ပင် ဤသို့ ရေရွတ်လိုက်ရင်းက တစ်ဖက်သို့ မျက်နှာလွှဲလိုက်၏။

"မဟုတ်ဘူး မေမေရယ်၊ အချို့ စေ့စပ်ကြောင်းလည်းပြီးမှ အကြောင်းအမျိုးမျိုးတွေ ပေါ်လာလို့ စေ့စပ်ရေး ရုပ်သိမ်းလိုက်ရ

www.burmeseclassic.com

တာတွေ မကြာခဏ တွေ့နေရတယ် မဟုတ်လား မေမေရဲ့၊ ခု သမီးကြောင့်ချက်ဟာ ဘယ်လောက်များ လွန်သွားလို့လဲ"

ကြက်သွေးရင့်ရောင် ပိုးတွန့်လုံချည် ပျော့ပျော့ကလေး ဝတ်ထားသောကြောင့် သဘာဝ အလုံးအဖန်အတိုင်း ဖြစ်ပေါ်နေသော ပေါင်ကလေးနှစ်ဖက် မှေး၍ ခပ်အေးအေးပင် ပြောလိုက်သော မေမေလတ်၏ စကားဆုံးသည်နှင့် ဒေါ်ဒေါ်မေသည် သမီးဖြစ်သူဘက်သို့ မျက်စောင်းကလေးချီ၍ ကြည့်လိုက်ကာ...

"အေး တကယ်ဆိုရင် သမီးလည်း သူများနည်းတူ ကိုယ်မကျေနပ်တဲ့ အပြစ်ပေါ်လာမှ စေ့စပ်ရေး ရုပ်သိမ်းတန် သိမ်းပေါ့၊ ခုတော့ ညည်းဥစ္စာက မိဘ လက်နဲ့ရေးတာ ခြေနဲ့ဝင်ဖျက်သလို"

"ဒါတော့ မေမေက သမီးကို သက်သက် ငရဲပေးသလို ပြောတာပဲ၊ မေမေတို့ လက်နဲ့ရေးတာကို သမီးကခြေနဲ့ ဝင်ဖျက်သလို ဖြစ်ရအောင် အဲဒီစေ့စပ်ရေးဟာ ပျက်သွားပြီလို့ အစိပ္ပါယ်မှ မရ ပါဘဲကလား မေမေရယ်"

မေမေလတ်သည် ဝမ်းနည်းသွားသလို အသံကလေးဖြင့် ဖြည်းဖြည်းမှန်မှန် ပြောလိုက်၏။

ဒေါ်ဒေါ်မေကား တစ်စုံတစ်ရာ ဘာမျှ ပြန်မပြောသေးဘဲ ခပ်ငေးငေး စဉ်းစားရင်း အံတကြိတ်ကြိတ် ဖြစ်နေ၏။ ဆေးပြင်းလိပ်ကို ကျကျနနခဲ၍ သမီးနှင့် ဇနီးကို အကဲခတ်နေသူ ဦးဘိုးလတ်မှာ ဘာစကားမျှဝင်ရောက် ပြောဆိုခြင်းမရှိ၊ ပကတိတည်ငြိမ်သော ဣန္ဒြေဖြင့် မှင်သေသေ သုံးသပ်လျက် ရှိ၏။

"ခက်တယ် ခက်တယ် ခုကာလ သားသမီးတွေကို အတော် ခက်တယ်၊ မိဘက ကောင်းစေချင်လို့"



ထိုအခိုက် အိမ်ရှေ့တံခါးဘက်ဆီမှ ခြေသံများနှင့်အတူ ဖြူဖြူခန့်ခန့် လူကြီး ဇနီးမောင်နှံတစ်စုံနှင့် ခပ်ပိန်ပိန် လူရွယ်တစ်ယောက်ပါ ဝင်လာသည်ကို မြင်ရသောကြောင့် ဒေါ်ဒေါ်မေမှာ ရုတ်တရက် စကားပြတ်သွားပြီး ထို ဝင်လာသူများအား ပျာပျာသလဲ ကုလားထိုင်များ ထိုးပေးလိုက်၏။

"နေကောင်းကြရဲ့နော် မောင်စိန်နိုင်တို့ အဖေနဲ့ အမေ"

အားတောင့်အားနာ ဖြစ်နေသော အမူအရာဖြင့် ဒေါ်ဒေါ်မေက မေးလိုက်သော စကားအားဖြင့် ထိုဝင်လာသူ ဧည့်သည်များမှာ သတို့သားလောင်း ကိုစိန်နိုင်၏ မိဘများဖြစ်သော ဦးလူဖေ-ဒေါ်ဝင်းတို့ ဖြစ်ကြောင်း သိရတော့လျက်-

"အင်း အားလုံးပဲ နေကောင်းကြပါတယ်၊ ဒါနဲ့ မနက်က သတင်းစာထဲ ဖတ်လိုက်ရတာဖြင့် စိတ်မကောင်းစရာပါပဲလား မေရယ် ဟင်"

ဒေါ်ဝင်းက ခြုံထားသော ပုဝါကို ဘေးသို့ ချလိုက်ရင်းက ဤသို့ ပြောလိုက်သည်ကြောင့် ဒေါ်ဒေါ်မေမှာ အတော်ကလေး မျက်နှာပျက်သွားရှာ၏။

"ဟုတ်တာပေါ့ မဝင်းရယ်၊ သားသမီးမကောင်း မိဘခေါင်းဆိုတာလို ပြောစရာတော့ ဖြစ်နေပြီကောလေ"

မေမေလတ်၏ ကြေညာရှင်းလင်းချက်ကြောင့် အခြေအနေ ချုပ်ဆိုးသွားသည်နှင့်အမျှ ဒေါ်ဒေါ်မေမှာလည်း မျက်နှာမထား တတ်အောင်ပင် ဖြစ်နေရတော့၏။

သို့ သားရှင်၊ သမီးရှင်၊ မိန်းမချင်းဖြစ်သော ဒေါ်ဒေါ်မေနှင့် ဒေါ်ဝင်းတို့ ဤလို ဆွေးနွေးနေကြစဉ်၌ ကိုစိန်နိုင်၏ ဖခင်

www.burmeseclassic.com



ဦးလှဖေကမူ တစ်စုံတစ်ရာ ဘာမျှ ဝင်ရောက်ပြောဆိုခြင်း မပြုသေးဘဲ ဦးဘိုးလတ်အား လှမ်းကြည့်ကာ မျက်စေ့မှိတ်ပြ လိုက်ရင်း အဓိပ္ပါယ်တစ်မျိုးဖြင့် ပြုံးနေ၏။

"ခုပဲ ဒီကြေညာချက်နဲ့ ပတ်သက်ပြီး သမီးကို ဆူနေရသေးတယ်၊ ကျွန်မဖြင့် မျက်နှာကို ဓားနဲ့ လှီးပစ်လိုက်ချင်တော့တာပဲ ဒီအထိ ရှက်ပါတယ် မဝင်းရယ်၊ အဟုတ်ပါ၊ ကဲ မဝင်းတို့က အဲဒါကို ဘယ်လို လုပ်စေချင်သလဲ"

"နေကြပါဦးလေ ဒီလောက်ထိအောင် ဖြစ်နေဖို့လည်း မလိုပါဘူး"

ဦးလှဖေက ဤသို့ ဝင်ပြောရင်း တစ်စုံတစ်ရာကို စဉ်းစား သကဲ့သို့ မေးဖျားကို လက်တစ်ဖက်ဖြင့် ပွတ်နေ၏။ မေမေလတ်မှာ ဦးလှဖေနှင့် မလှမ်းမကမ်းတွင် ထိုင်နေသော ကိုစိန်နိုင်အား မသိမသာ အကဲခတ် ကြည့်ရှုနေရာမှ ဦးလှဖေဘက်သို့ မျက်နှာ မ,ယင်း နားစွင့်နေစဉ်ပင်။

"ဒီမှာ မေမေလတ် ဦးလေးတစ်ခု ပြောမယ်နော်၊ ဒီမှ သတင်းစာထဲမှာ ငါတူမ ဖြေရှင်းချက် ရေးလိုက်တာနဲ့ ပတ်သက်ပြီး ဦးလေးတို့သဘော ပြောရမယ်ဆိုရင် နည်းနည်းတော့ မကျေနပ် ဘူးပေါ့ကွယ်၊ ဒါပေမယ့် ခေတ်ဆိုတာမျိုးက အမြဲပြောင်းလဲနေတာ ခေတ်ကို လိုက်ပြီး ဝေဖန်မယ်ဆိုရင်တော့ ဒါဟာ စိတ်ဆိုးစရာရယ်လို့ မယူဆသင့်ပေဘူး"

ထိုစကားကြားလိုက်ရသည်နှင့် စိုးရိမ်သလို၊ အားနာသလို ဖြစ်နေသော မေမေလတ်၏ မျက်နှာကလေးမှာ တစ်မဟုတ်ချင်း လင်းထိန်ကြည်လင်လာ၏။



"ခုခေတ်က ဘာသာနဲ့ သာသနာကိုတောင် တော်လှန် ဇော်ကားနေတဲ့ ခေတ်ဖြစ်လေတော့၊ ငါ့တူမရဲ့ အစဉ်အလာ တော်လှန်မှုဟာ ယောင်ကန်းကန်း နိုင်ငံရေးသမားတစ်ချို့ ဘာသာကို ဇော်ကားနေတာနဲ့ စာရင် ငါ့တူမက အဓိပ္ပါယ်ရှိလိမ့်မယ် ထင်တာပဲ ဟုတ်ဘူးလား ကိုဘိုးလတ်"

ဦးလှဖေသည် မေမေလတ်အား ပြောနေရာမှ ဦးဘိုလတ်ကို တစ်ဆက်တည်း မေးလိုက်သောကြောင့် ဦးဘိုးလတ်မှာလည်း ယခုမှပင် မျက်နှာထားတတ်သလို ပြုံးရင်း ခေါင်းညိတ်ပြလိုက်၏။

"ကိုင်း ငါ့တူမကြီးက ဦးလေးကို ပြောပြပါလား၊ ဘာ့ကြောင့် ဒီလို ဖြေရှင်းရတယ်ဆိုတဲ့ ရည်ရွယ်ချက်ကို"ဟု ဦးလှဖေက ဆက်၍ မေးလိုက်သည်နှင့် မေမေလတ်သည် သူ့နှုတ်ခမ်း နီစိမ့်စိမ့်ကို လျှာကလေးဖြင့် လိမ့်၍ သပ်လိုက်ခါ–

"ဒီလိုပါ ဦးလှဖေ၊ ကိုစိန်နိုင်နဲ့ ကျွန်မကို နေရာချပေးဖို့ စီစဉ်ကြတုန်းက တစ်ကြိမ်၊ သတင်းစာထဲ ထည့်မယ့်နေ့ကတစ်ကြိမ် ကျွန်မ တောင်းဆိုခဲ့တယ် မဟုတ်လား၊ ကိုစိန်နိုင်ကို ကျွန်မရဲ့ အိမ်ထောင်ဖက်အဖြစ် ရွေးသင့်, မရွေးသင့် အကဲခတ်ပါရစေဦးလို့"

"အင်း ဒါ မှန်တယ်၊ အဲဒီတုန်းက ဦးလှဖေပဲ ဝင်ပြောသေးတယ် မဟုတ်လား၊ (ကွယ် ရတ်တရက် မင်္ဂလာဆောင်ဦးမှာမှ မဟုတ်ဘဲ ဒီရက် အတောအတွင်းမှာ အကဲခတ်ပေါ့)လို့ အဲဒါ ဟုတ်ပြီ၊ ကဲ ရှေ့ဆက်ဦး တူမကြီး"

ဦးလှဖေသည် စီးပွားရေးသမား တစ်ယောက်ပီပီ၊ လေချိုကလေးသုံး၍ ခပ်ပြုံးပြုံး ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မှန်တဲ့အတိုင်း ပြောပါမယ် ဦးလှဖေ အဲဒီတုန်းက ကျွန်မ အတိုက်အခံလုပ်ပြီး ငြင်းဆန်ဦးမလို့ဘဲ၊ နောက်တော့ ဦးလှဖေတို့ကို အားနာသလိုလို ရှိတာနဲ့"

"ကိုယ့်အချင်းချင်း ပြောရမှာကိုတော့ အားနာတယ် လူသိရှင်ကြား သတင်းစာထဲ ထည့်ဖို့တော့ ညည်း အားမနာဘူးလား"

ဒေါ်ဒေါ်မေက ဒေါသတကြီး ဤလို ဝင်မေးလိုက်သည်နှင့်–

"နေစမ်းပါဦး မမေရာ၊ ခင်ဗျားကလည်း ဒေါသတယ်ကြီးသကိုးဗျ၊ ကဲ တူမကြီး ဆက်ပြောပါဦး၊ ပထမတော့ အားနာလို့ နောက်တော့ ဘာဖြစ်လို့ သတင်းစာထဲက ဖြေရှင်းရသလဲကွယ်"

"ဒီလိုပါ ဦးလှဖေ အဲဒီနေ့က ကျွန်မ အားနာပြီး ပြင်းပြင်းထန်ထန် မငြင်းမိတာဟာ ကျွန်မရဲ့ ပထမအမှားပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ အားနာမှုဟာ ကောင်းကျိုးထက် ဆိုးကျိုးပေးဖို့က ပိုပြီး များလိမ့်မယ်လို့ နောက်မှ စဉ်းစားမိတယ်"

"အင်း ဘယ်လိုပါလိမ့် ရှင်းစမ်းပါဦးကွယ်"

ဦးလှဖေသည် ကုလားထိုင်ကို မှီထားရာမှ ရှေ့သို့ ကုန်း၍ ဤသို့ မေးလိုက်သည်တွင်–

"ခုကိစ္စမှာ အကြင်လင်မယားအဖြစ် ပေါင်းကြရမှာက ကျွန်မနဲ့ ကိုစိန်နိုင်နော်"

"မှန်တယ်"

"ကျွန်မ သဘောကို ပြောရမယ်ဆိုရင် အိမ်ထောင်ရေးကိစ္စ လွန်ခဲ့တဲ့ အနှစ် ၂၀–လောက်က စနစ်မျိုးနဲ့ လွယ်လွယ်ကလေး မပြီးစေချင်ဘူး၊ ဒါကြောင့်လဲ ကျွန်မ အကဲခတ်ပါရစေဦး တောင်းပန်ခဲ့တာပါပဲ"



ထိုစကားကို ကြားလိုက်ရသည်နှင့် ဒေါ်ဒေါ်မေရော၊ ဒေါ်ဝင်း မသိမသာအားဖြင့် မကျေနပ်သလို မဲ့လိုက်၏။ ဦးလှဖေကမူ ကိုးလတ်သို့ လှည့်၍ ပြုံးပြလိုက်၏။

"လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က စနစ်ဆိုတော့ ဦးလှဖေ ဟောဒီ တူမရဲ့ ဒေါ်ဒေါ် မဝင်းတို့ လူပျို၊ အပျို ခေတ်တုန်းက စနစ်မျိုးဆိုပါတော့ကွယ်။ အင်း အဲဒီနစ်က ဘာဖြစ်လို့လဲကွဲ ပါဦး"

ဦးလှဖေက ဒေါ်ဝင်းကိုပါ လက်ညှိုးထိုးပြရင်း မေးလိုက် ကြောင့်–

"ဟုတ်ကဲ့ ဖေဖေတို့၊ မေမေတို့ လူပျို၊ အပျိုခေတ်လောက် ဆိုပါတော့ ဦးလှဖေ၊ ကျွန်မ သိသလောက် ပြောရမယ်ဆိုရင် နဲ့ မေမေဟာ တစ်ယောက်နဲ့ တစ်ယောက် တစ်ခါမှ ဘူးကြဘဲ မင်္ဂလာဆောင်ခါနီး သုံးရက်လောက်အလိုမှာ ကြရတယ်။ ဒါပေမယ့် တစ်ယောက်နဲ့ တစ်ယောက် စကား ပြောရဲကြဘူးတဲ့"

"ဟုတ်သလားဗျ မမေ"

ဦးလှဖေ ဤလိုမေးလိုက်သည်နှင့် ဒေါ်ဒေါ်မေက ဦးဘိုးလတ် သို့ မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်ရင်း–

"ဟော ကိုဘိုးလတ်ပေါ့ရှင်၊ ပြောသင့်၊ မပြောသင့် စဉ်းစားဘူး ငယ်ငယ်က အကြောင်းတွေ သမီးကို အကုန်ပြောပြ ယ်။ တားလို့ကို မရဘူး သူမို့ မရှက်တယ်"

"ငါက တွေ့ကရာတွေ လျှောက်ပြောတာမှ မဟုတ်ဘဲ ရယ်၊ အိမ်ထောင်ရေး ဗဟုသုတဖြစ်အောင် ပြောသင့်တာ ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးလတ် ဤသို့ ပြန်ဖြေသည်နှင့်–

“အင်း ဒါကြောင့်ပေါ့ သမီးမှာ ဗဟုသုတတွေ တိုး... မိဘမျက်နှာ အိုးမဲသုတ်”

“တော်ပါတော့ မမေရာ ခင်ဗျာမလဲ အပြစ်ဆိုဖို့လော... စိတ်စောနေတာကိုး၊ ကဲ တူမကြီးတို့ ဖေဖေ၊ မေမေ အပျို လူပျို... ခေတ်က အင်း ဆက်စမ်းပါဦးကွဲ့”

“တစ်ယောက်နဲ့ တစ်ယောက် မမြင်ဘူး၊ မတွေ့ဘူး... တစ်ယောက်အကြောင်းလည်း တစ်ယောက် ဘာမှ မသိဘဲ... မိဘပေးစားလို့သာ ညားခဲ့ကြရတယ် ဦးလူဖေရဲ့၊ ဖေဖေ... မေမေဟာ စိတ်သဘောထားချင်း မတူလို့ ညားပြီး ၂–နှစ်လော... အထိ တယ်ပြီး အစေးမကပ်ချင်ကြဘူးတဲ့”

“အေး အဲဒီတုန်းက သူတို့လည်း ဦးလူဖေတို့နဲ့ မန္တလေး... တစ်ရပ်တည်း နေခဲ့ကြလို့ သေသေချာချာ မှတ်မိသေးတယ်... ခနခန စိတ်ကောက်ကြသပေါ့”

သို့ ဦးလူဖေက မေမေလတ်ဘက်မှ ဝင်၍ ထောက်ခံလိုက်... သည်နှင့် ဒေါ်ဒေါ်မေလည်း ဦးဘိုးလတ်အား မဲ့ကာရွဲ့ကာ... မျက်စောင်းထိုးလိုက်၏။

“နို့ တူမ ဖေဖေနဲ့ မေမေ သဘောချင်း မတိုက်ဆိုင်ကတာ... ဘယ်အချက်တွေလဲတဲ့”

မေမေလတ်သည် သူ့ဖခင်အား လှမ်းကြည့်လိုက်ရာ... ဦးဘိုးလတ်ကလည်း သမီးဖြစ်သူ ဤသို့ လှမ်းကြည့်လိုက်သည်... အဓိပ္ပါယ်ကို သဘောပေါက်သွားသည့်အလား ခပ်ပြုံးပြုံးပင် မျက်... ပစ်ပြလိုက်သောကြောင့်–



“ဦးလူဖေတို့လည်း တစ်ရပ်တည်း နေလာကြတဲ့ သူငယ်ချင်း ...ပဲ သိမှာပေါ့၊ ဖေဖေ့ဝါဒက တစ်မျိုး ဘုန်းကြီးဆွမ်းကျွေးတယ် ...င် ဘုန်းကြီးတွေကိုသာ ပင့်ပြီး ကျွေးချင်တယ်၊ မေမေကတော့ ... မဟုတ်ဘူး၊ ဘုန်းကြီးဆွမ်းကျွေးတာက ၁၀–ပါး၊ လူတွေကို ...တာ ၅၀ လောက်”

“တော်တော့ ကမြင်းမကလေး တွေ့ကရာတွေ လျှောက်ပြော ...နဲ့ ဟို ဖအေလုပ်တဲ့ လူကလည်း နည်းနည်းမှ မကောင်းဘူး၊ ...ကို တစ်လုံးမကျန် ပြောပြတာပဲ”ဟု ဒေါ်ဒေါ်မေက မကျေနပ် ...လို ပြောလိုက်သော်လည်း ဦးဘိုးလတ်ကမူ တစ်စုံတစ်ရာ ...မျှ ပြန်မပြောဘဲ ပြုံးနေ၏။

“ဖေဖေ့ ဝါဒက ဘုန်းကြီးဆွမ်းကျွေးရင် ဘုန်းကြီးသာကျွေး၊ ...တွေကို ကျွေးချင်သပ ဆိုရင်လည်း ထမင်းမြိန်စားဆိုပြီး ...သပ် ဖိတ်ကျွေး၊ အဲသလို ကြိုက်တယ်။ မေမေကတော့ ဘာ ...ပဲလုပ်လုပ် လူတွေသာ အဓိက ထားတတ်လို့ ဖေဖေနဲ့ ...သဘောချင်း မတိုက်ဆိုင်ကြဘူး။ ဒါကြောင့် ဖေဖေနဲ့ မေမေဟာ ...ယောက်နဲ့ တစ်ယောက် အစေးမကပ်ကြဘဲ မကြာခဏ ...များကြရတယ်။ ပြီးတော့ ဦးလူဖေရဲ့ ဖေဖေက ငွေပိုငွေလျှံကို ...ဖြစ်အောင် အိမ်မြေ၊ လယ်ယာ စသဖြင့် ဝတ်ထားချင်တယ်။ ...ကတော့ အဝတ်အစားနဲ့ စိန်ရွှေကို ဝယ်တယ်၊ ဒါနဲ့ ...ချင်း မကိုက်ညီဘူး။ ဒီပြင်လည်း အများကြီး ကျန်ပါသေးတယ်။ ...ထောင်ရေးမှာ အဲသလို သဘောချင်း မတိုက်ဆိုင်လို့ ...လာရမယ့် စိတ်မချမ်းသာမှုတွေကို ကျွန်မ ကြောက်တယ်။ ...ကြောင့် ကိုစိန်နိုင်ဟာ ကျွန်မနဲ့ အိမ်ထောင်ဖက် ဖြစ်နိုင်,

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်၊ ဝါဒချင်း တူ,မတူဆိုတာတွေ အကဲခတ်ချင်သေး စေ့စပ်တဲ့ နေ့က ခွင့်တောင်းခဲ့တာပါပဲ ဦးလှဖေ"

ထိုသို့သော မေမေလတ်၏ စကားကြောင့် ဒေါ်ဒေါ်မေ ဒေါ်ဝင်းပါ မကျေနပ်သလို အမူအရာမျိုး ပြနေကြသလော ဦးလှဖေနှင့် ဦးဘိုးလတ်တို့မှာ တစ်ယောက်မျက်နှာ၊ တစ်ယော ကြည့်ရင်း အဓိပ္ပါယ်ကိုယ်စီဖြင့် ပြုံးနေကြ၏။

ကိုစိန်နိုင်မှာမူကား မေမေလတ်၏ စကားများတွင် စိတ် စားစွာနှင့် နားထောင်နေရုံမှအပ ဘာမျှလည်း ဝင်မပြော မပြုံးမရယ်၊ မတုန်မလှုပ်နှင့် ငုတ်တုတ်ကြီး ငြိမ်နေ၏။

"နို့ကွယ်... ခုလို သတင်းစာထဲမှာ ကြော်ငြာချက် မထည့်တ ကော အကဲခတ်လို့ မဖြစ်နိုင်ဘူးလား"

ဦးလှဖေ ဤသို့ မေးခွန်းထုတ်လိုက်သည်နှင့်...

"ဟုတ်ကဲ့ ဖြစ်နိုင်ပါတယ် ဦးလှဖေ၊ ဒါပေမယ့် ကျွန်မ မြန်မာတွေဟာ (**စေ့စပ်ကြောင်းလမ်းခြင်း**)ဆိုရင်ပဲ ဒီ–သတို့သ သတို့သမီးဟာ ကဲကေ လက်ထပ်ကြတော့မှာပဲလို့ ယူဆထား ကြပါတယ်။ အဲသလို ကျွန်မတို့ စေ့စပ်ရေးနဲ့ ပတ်သ ကျွန်မနဲ့ ကိုစိန်နိုင်ဟာဖြင့် တစ်နေ့နေ့မှာ အမှန် လက်ထပ်ကြ မှာပဲ ဆိုတာတော့ ကျွန်မ အထင်မခံချင်ဘူး"

"ဪ တူမက မောင်စိန်နိုင်ကို မေတ္တာ မရှိနိုင်ဘူးလို့ ဆိုလိုသလား"

မေမေလတ်က ဖျစ်ခနဲ လက်ကာပြရင်းက–

"ကျွန်မ မေတ္တာမရှိနိုင်ရင် ဒီစေ့စပ်ရေးကို လုံးဝ ဖြ လိုက်မှာပေါ့ ဦးလှဖေ"

"ဒါဖြင့် မောင်စိန်နိုင်ကို ယူဖို့ ရာခိုင်နှုန်း"

"မကပါဘူး ဦးလှဖေ၊ အဲဒီ စေ့စပ်ရေးကြော်ငြာကို မကန့်ကွက်ခဲ့တာကို ထောက်ခြင်းအားဖြင့် ကိုစိန်နိုင်ကို ယူဖို့ ရာနိုင်နှုန်း ၉၅ လောက် သေချာတယ် ဆိုတဲ့ အဓိပ္ပါယ်မျိုး ရပါတယ်"

"တူမကြီး စကားအရဆိုရင်ဖြင့်ကွယ် ကြော်ငြာချက်တွေ ဘာတွေ ရေးဖို့ မလိုဘူး ထင်တာပဲ"

"လိုပါတယ် ဦးလှဖေ၊ ကျွန်မ ရှင်းပြပါရစေ၊ နားနဲ့ မနာ ဝါ နဲ့နာတော်မူပါ၊ ကျွန်မ သတင်းစာထဲ ကြော်ငြာလိုက်တဲ့ အတိုင်းဆိုရင် ကိုစိန်နိုင်ကို ကျွန်မရဲ့ စိတ်ကျေနပ်မှုနဲ့ တိုက်ဆိုင်မှသာ ယူမယ်လို့ အဓိပ္ပါယ်ရပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ကျွန်မကို မေတ္တာရှိနေကြတဲ့ ယောကျ်ားကောင်းတွေအနက် လက်ရွေးစင် လူတော်တွေဟာ တစ်ဒါဇင်ထက် မနည်း ရှိနေပါတယ်။

ထိုစကားကြောင့် ကိုစိန်နိုင်တွင် မသိမသာ မျက်နှာပျက်သွား ၏။ ထိုအချက်ကို မေမေလတ်သည်လည်း အကဲခတ်မိလိုက်၏။

"ခုန‌ပြောတဲ့ စကားထဲမှာ ကျွန်မက မေတ္တာရှိနေတယ်ဆိုတဲ့ သဘောမျိုး မပါဘူးနော် ဦးလေးဖေ၊ သူတို့ကသာ ကျွန်မရဲ့မေတ္တာကို တောင်းဆိုနေကြတာ၊ ကျွန်မ သဘောထားကတော့ ကျွန်မကို ချစ်နေရုံနဲ့ ပြန်မချစ်နိုင်ဘူး၊ ကျွန်မရဲ့ လိုအင်ဆန္ဒနဲ့ အံကျ ကိုက်ညီမှသာ ပြန်ပြီး မေတ္တာမျှနိုင်မှာပဲ၊ ခု–ကိုစိန်နိုင်ကိုလည်း ကျွန်မ အဲဒီလိုပဲ သဘောထားတယ်၊ နို့ပေမယ့် ဟိုလူတွေနဲ့ ဆာရင် ကိုစိန်နိုင်က ကျွန်မရဲ့ မေတ္တာကိုရယူနိုင်ဖို့ ၉၅–ရာခိုင်နှုန်း နီးစပ်နေပါပြီ ဦးလှဖေ၊ ဒါပေမယ့် ကျန်တဲ့ ၅–ရာခိုင်နှုန်းက

www.burmeseclassic.com

အရေးကြီးပါတယ်။ အကဲခတ်ပါရစေ။ အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ နာရောရှိရင် ကျွန်မတို့ မိန်းမသားတွေသာ နာဘက်ကချည်း နေရတာတဲ့တာမို့"

"ငါ့ တူမ ဘာကို ဆိုလိုတာလဲကွဲ့"

"မိန်းကလေးနဲ့ ယောကျ်ားလေး နှစ်ဖက်မိဘ သဘောတူ ပေးစားဖို့ စေ့စပ်ကြောင်းလမ်းခြင်းဆိုတဲ့ ကြော်ငြာထည့်လိုက်ပြီးမှ နောင်အကြောင်းတစ်ခုခုကြောင့် ဒီစေ့စပ်ရေးကို ရုပ်သိမ်းလိုက်ရတဲ့ အခါမျိုးမှာတောင် ဒီမိန်းကလေးရဲ့ ဂုဏ်သရေ ဘာပဲဖြစ်ဖြစ် မူလရှိရင်းစွဲထက်တော့ ယုတ်လျော့သွားတာပဲ မဟုတ်လား ဦးလူဖေ"

"မှန်ရဲ့"

"တကယ်လို့ ကိုစိန်နိုင်နဲ့ ကျွန်မ အကြောင်းမညီညွတ်လို့ မယူဖြစ်ကြရင်လည်း ဒီလိုပဲဖြစ်ရမှာ သေချာတယ်။ ဒါကြောင့်လည်း ဒီအန္တရာယ်ကို ကာကွယ်တဲ့အနေနဲ့ (တစ်နည်းအားဖြင့်) ကျွန်မ အပေါ်မှာ မေတ္တာရှိနေကြတဲ့ လူတော်ယောကျ်ားတွေ ကျွန်မအပေါ် မျှော်လင့်ချက် မစွန့်လွှတ်စေချင်တဲ့ သဘောမျိုးနဲ့ ဖြေရှင်းချက် ထည့်လိုက်ခြင်းသာ ဖြစ်ပါတယ်"

"တကယ်လို့ မောင်စိန်နိုင်နဲ့ ငါ့တူမ ဝါဒချင်း မတိုက်မခိုက် ဖြစ်ပြီး စေ့စပ်ကြောင်းလမ်းခြင်း ရုပ်သိမ်းလိုက်ရတယ်ဆိုပါတော့ အဲဒီအခါမှာ တူမကို မေတ္တာရှိနေကြတဲ့ လူတွေက အရင်စိတ်မျိုး ပြန်ထားကြလိမ့်ဦးမယ်လို့ ငါ့တူမကြီး ယုံကြည်သလား"

"ဒီပြဿနာက နှလောလောဆယ်မှာ မေးခွန်းတစ်ခုအဖြစ်နဲ့ ပေါ်လာဖို့ အချိန်စောလွန်းနေပါသေးတယ် ဦးလူဖေ"

ဤသည့်နောက်တွင် နှစ်ဖက်စလုံး စကားသံများ တိတ်သွား၏။ နှစ်ဖက်မိဘများမှာ အတွေးကိုယ်စီဖြင့် ရီဝေဝေ ဆေးနေကြလျက် မေမေလတ်တွင်လည်း ဖြူဖွေးသေးသွယ်က ချစ်စဖွယ် အချိုးကျနေသော လက်ချောင်းကလေးချင်း လိမ်ကာရှက်ကာဖြင့် တစ်စုံတစ်ရာ ကို တွေးနေသကဲ့သို့ ငြိမ်နေ၏။

မိန်းမ၊ ယောကျ်ား မည်သူပင်ဖြစ်စေ လူတွင် ထူးခြားချက် တစ်ရပ်ရှိ၏။ မည်မျှပင် အရုပ်ဆိုး အကျည်းတန်စေကာမူ ထိုသူကို မြင်ရုံနှင့် ချစ်ခင်လာစေနိုင်သော ကျက်သရေမျိုး ဆောင်တတ်သည် လည်း ရှိ၏။ တစ်ဖန် ရုပ်ရည်ရူပကာ မည်မျှပင် လှပချောမွေ့ နေစေကာမူ ထိုသူကို မြင်မြင်ခြင်း အော့နှလုံးနာစရာ ကျက်သရေ ကင်းမဲ့နေတတ်သည်လည်း ရှိ၏။ တစ်ဖန် အရုပ်ဆိုးသလောက် ရှုချဖွယ်ကောင်း၍ ရုပ်ချောသလောက် ချစ်စရာကောင်းသည်လည်း ရှိ၏။ ချစ်စရာကောင်းခြင်းနှင့် ကျက်သရေရှိခြင်းမှာ တစ်ခြားစီ ဖြစ်၏။

မေမေလတ်မှာ အထက်ပါ အမျိုးအစားအနက် မည်သည့် အမျိုးအစားတွင်မှ မထည့်နိုင်အောင် ထူးခြားနေသူ ဖြစ်၏။ ရွှေ ရောင်လည်းမကျ၊ အဝါသွေးလည်း မကသော ကြက်ဥနှစ်ကို နွားနို့စစ်စစ်နှင့် ရောထားဘိသကဲ့သို့ မေမေလတ်၏ အသားရောင်မှာ ဝင်းဝင်းဝါဝါနှင့် စိုနေ၏။ အသားအရည်မှာလည်း အနုံးညှံဆုံး သော ပိုးသားကတ္တီပါကဲ့သို့ ပျော့ပျောင်းချောညက် အိအိစက်စက် နေတော့ကာ ပြာလဲ့သော မျက်လုံးနှင့် မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း ကလေးပါမကျန်အောင် အလိုအပိုမရှိ၊ အဓိပတိ ပန်းချီကျော်

www.burmeseclassic.com



တစ်ယောက် စိတ်ရှိသလောက် မှုန်းထားသော ရုပ်လုံးနှင့်အလှကို အချိုးအစားကျကျ သရုပ်ဖော်ပြထားသည့်နှယ် ချစ်စဖွယ် ချောသူ တစ်ယောက် ဖြစ်၏။

မေမေလတ်ကား ချောရုံသာချော၍ ချစ်စဖွယ် လှရုံသာ မဟုတ်သေး၊ အင်္ဂရုပ်အားဖြင့်လည်း ချိုပြုံးသောအသွင်၊ ကြည်လင်သော မျက်နှာပေး၊ အေးဆေးတည်ငြိမ်သော အမူအရာ၊ ကြင်နာသနားတတ်သော လက္ခဏာအပြင် မှင်သေသေ ဣန္ဒြေသန့်သန့်နှင့် ကျက်သရေရှိရှိ ခန့်နေပြန်သေး၏။

ထိုမျှချော၍ ထိုသို့ခန့်ပြီး ထိုလို ကျက်သရေရှိသောကြောင့် ပေလော မပြောတတ်။ ကိုစိန်နိုင်သည် မေမေလတ်အား ဇနီးအဖြစ် ချစ်ခွင့်ရလျှင် တော်ပြီ၊ သူတောင်းသမျှ လိုလားချက်ကို ချွင်းချက်မရှိပေးရန် အသင့်ကဲ့သို့သော အသွင်ကို ဆောင်နေတော့၏။ မေမေလတ် ခေါင်းကလေးငုံ့၍ မလှုပ်မရှက် ငြိမ်နေသည်ကိုပင် သူ့အဖို့ ဧရာမ အခွင့်အရေးဟု ယူဆကာ အာသာငင်ငင်ကြီးဖြင့် စူးစူးစိုက်စိုက် ငေးကြည့်နေ၏။

မကြာမီပင် မေမေလတ် ဆတ်ခနဲ မော့၍ ကိုစိန်နိုင်ဘက်သို့ မျက်လုံးကစားလိုက်သဖြင့် တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်း ဆုံသွားကြတော့ကာ ကိုစိန်နိုင်မှာမူ အနည်းငယ်ဆိုသလို ရှက်သယောင် ဖြစ်သွားသော်လည်း မေမေလတ်တွင်ကား ဝုန်လှုပ်သည့် အမူအရာဆို၍ လုံးဝ မပြရုံသာမက သူကပင် ဣန္ဒြေရ ပြုံးပြလိုက်သေးတော့၏။

ထိုအချက်ကို မျက်စောင်းကလေး ချီ၍ မသိမသာ အကဲခတ်နေသော ဦးလူဖေက–

"အင်း ငါ့တူမပြောပြတဲ့ အကိုးအကား၊ အထောက်အထားနဲ့ ဆိုရင် အစဉ်အလာမဟုတ်တဲ့အတွက် ထောင့်တောင့်တောင့်ကြီး ဖြစ်နေတာကလွဲလို့ အားလုံး တရားနည်းလမ်းကျတယ်လို့ ဆိုရမှာ ပေါ့ကွယ်။ နို့ပေမယ့် သတင်းစာထဲ တို့ ထည့်လိုက်တဲ့ စေ့စပ် ကြောင်းလမ်းခြင်းထဲမှာ တူမကြီးနဲ့ မောင်စိန်နိုင်ဟာ ငါ့တူမကြီး ပြောသလို ဇက်ဇက လက်ထပ်ကြတော့မယ်ဆိုတဲ့ အဓိပ္ပါယ်မှ ပါဘဲဟာ"

"ဟုတ်ကဲ့၊ ကျွန်မတို့သာ မဟုတ်ဘူး။ ဘယ်စေ့စပ်ကြောင်း လမ်းခြင်းသတင်းပဲ ဖတ်ကြည့်ကြည့် အဲဒီ သတင်းမှာ ပါတဲ့ သတို့သားနဲ့ သတို့သမီးဟာ မလွဲကေ် လက်ထပ်ကြတော့မယ်ဆိုတဲ့ သဘောမျိုး အရိပ်အယောင်ကလေးသော်မှ* မပါပေမယ့်လည်း လူတွေကတော့ ကာယကံရှင်နှစ်ဦးကို လူပျို၊ အပျိုစာရင်းက တော်ပယ်ပစ်လိုက်သလိုပဲ သဘောထားတတ်ကြပါတယ်။ တကယ် တော့ စေ့စပ်ကြောင်းလမ်းတာဟာ ပဏာမသာ ဖြစ်တယ်။ တရားဝင် လင်မောင်နှံအဖြစ် သေချာပြီလို့လည်း မယူနိုင်ဘူးရယ်လို့ ကျွန်မတို့ မြန်မာတိုင်းက သဘောပေါက်နေတယ်ဆိုရင်တော့ဖြင့် ကျွန်မ လက်ထပ် ဖြေရှင်းနေဖို့ မလိုဘူးပေါ့ ဦးလူဖေ။ ဒါပေမယ့်လည်း ဒီဖြေရှင်းချက်နဲ့ ပတ်သက်လို့ ကျွန်မအပေါ် မကျေနပ်တာရှိရင် တော့ ပြောသာပြောပါ။ ဒီကိစ္စဟာ ကျွန်မအဖို့ အရေးကြီးသလောက် စိန်နိုင်အဖို့လည်း အရေးကြီးပါတယ်။ ကျွန်မကမှ အားမနာဘဲ ရှင်းချက်တွေ ဘာတွေ လုပ်နေရသေးတာပဲ။ ကိုစိန်နိုင်တို့ လည်း အားမနာနဲ့ပေါ့၊ ဟုတ်ဘူးလား ဦးလူဖေ"

www.burmeseclassic.com



ရဲရဲတင်းတင်းနှင့် အသံမြှင့်မြှင့်ကလေးသော်မှ တုန်သွားခြင်း မရှိဘဲ မေမေလတ်သည် ဤသို့ပြောရင်း ကိုစိန်နိုင်အား မပြုံးမရယ် ထည်ထည်ခန့်ခန့်ကလေး စိုက်ကြည့်နေ၏။ ကိုစိန်နိုင်က တည်တည်ငြိမ်ငြိမ် ပြန်၍ ပြုံးပြရုံမှအပ ဘာစကားမျှ ပြောဆိုခြင်း မရှိဘဲ သူ့ဖခင်ကြီး ဦးလူဖေဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်၏။

"ဒီနေ့ မနက် သတင်းစာထဲမှာ တုမကြော်ငြာကို မောင်စိန်နိုင် ပထမဆုံးတွေ့လို့ ဦးလူဖေကို လာပြတယ်။ ဖြုန်းခနဲတော့ တို့လည်း စိတ်မကောင်း ဖြစ်သွားတာပေါ့ကွယ်။ နောက် ကာယကံရှင် မောင်စိန်နိုင်ကို ဘယ်လို သဘောရသလဲ မေးတော့"

(ဘယ်လို သဘောရဖို့ လိုသေးသလဲ ဖေဖေ၊ ကြော်ငြာချက် သေသေချာချာ ဖတ်ကြည့်တော့ အရုပ်ဆိုးစရာ အချက်ဆို တစ်ကွက်မှ မပါဘူး။ စေ့စပ်ကြောင်းလမ်းကိုလည်း မထိခိုက်ဘူး အစဉ်အလာနဲ့ ဆန့်ကျင်တာကလေး တစ်ခုပဲ ပြောစရာရှိပါတယ် နို့ပေမယ့် အဲဒါ သူ့အခွင့်အရေး ဖေဖေ၊ ကျွန်တော်တို့ ပေးရမှာ ဒါကို ကျွန်တော်တို့ ကန့်ကွက်ရင် ကျွန်တော်တို့ မှားမှာပေါ့)တဲ့ ကဲ-ကဲ။ အဲဒီတော့ မင်းတို့ လူငယ်ချင်း အကဲခတ်ကြဦးပေါ့ကွ ဟုတ်လား။ တို့ လူကြီးချင်းတွေကလည်း ညီအစ်ကိုမက ခင်မင်ကြ လူရင်းတွေ ဖြစ်နေတော့ ထွေထွေရာရာ ဇာချဲ့နေဖို့ မလိုတော့ ဟုတ်ဘူးလားဗျာ ကိုဘိုးလတ်"

လူကုံတန် လောကကြီးအား အတော်ကလေး ဂယက်ရိုက် လှုပ်ရှားသွားလောက်အောင် အရုပ်ဆိုးစေခဲ့သော မေမေလတ်၏ ဖြေရှင်းချက်အတွက် ကိုစိန်နိုင်ဘက်မှ ဒေါသထွက် အမျက်ယှ

...တောက်ကဆနှင့် မကျေနပ်ဖြစ်ရမည့်အစား ယခုမူ သူတို့ကပင် ...သပြေပြထိုးသလို တိုးလျှိုးတောင်းပန် လုပ်နေသေးတော့၏။

"ကြားရတာ ဝမ်းသာပါတယ် ကိုလူဖေ၊ တကယ်ဆိုတော့ ...ပြုံးမယ့်သာ ပြုံးနေရတယ်။ စိတ်ကတော့ တယ်မကောင်းလှဘူး။ ...နောက်ဆုံး ခင်ဗျားတို့ မကျေနပ်ရင် ကြိုက်တဲ့နည်းနဲ့ တောင်းပန် ...တော့မှာပဲလို့ ဆုံးဖြတ်ပြီးသားပါ။ ခုလို ဆိုတော့ အတိုင်းထက် ...လွန်ပ, ကိုလူဖေ"

"ကိုင်း၊ မမေကောဗျ ကျေနပ်ရဲ့ မဟုတ်လား နို့ ...စမ်းပါဦးဗျာ။ ခင်ဗျားကြည့်ရတာ မျက်နှာကြီး ၁၂-ခေါက်ချိုးနဲ့ ...ဖြစ်နေတာတုန်း၊ စိတ်ဆိုးရမယ့်လူက တောင်းပန်နေတာတောင်"

"မဟုတ်ပါဘူး ကိုလူဖေ၊ ရှင်တို့ မဝင်းတို့ကို အားနာလေ ...ကောင်မလေးကို အသည်းနာလေမို့ပါ"

ဒေါ်ဒေါ်မေသည် ပြောရင်းဆိုရင်းကပင် မေမေလတ်အား ...က်စောင်းတစ်ချက် လှည့်ထိုးလိုက်ပြန်၏။

"ကဲဗျာ။ ကဲဗျာ။ ဒီကိစ္စတွေ ပြည်ဖုံးကားချလိုက်ကြပေ ...ဗျာ၊ သူတို့ လူငယ်ချင်း ကျေကျေနပ်နပ် ရှိမှပဲ လက်ထပ်ဖို့ ကိစ္စ ...ဦးကြစို့ရဲ့နော်ဗျာ။ အင်း သူတို့ခေတ်မှာ ပေါ်လာတဲ့ စနစ်က ...မ်ထောင်ရေး တည်တံ့နိုင်မြဲမှုကို ရည်ရွယ်တာမို့ လက်ခံသင့် ...ယ်လို့ ဆိုရမှာပဲ" ဟုတ်တယ်လေ။ ကျုပ်တို့ ငယ်ငယ်တုန်းက ...ည်း ကိုယ်ကြိုက်တဲ့ လူကိုမှ ယူချင်ကြတာပဲ မဟုတ်လား၊ ...ယ်ချင်းစာရပေမပေါ့ဗျာ"

ခပ်စောစောက မကြည်မလင်နှင့် ရှင်ပြမှုကင်းမဲ့နေကြသော ...သူတို့ခေါက်ဦးမှာ ယခုသော် ပျော်တပြုံးပြုံးနှင့် နှလုံးလေးမွေ့

www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသော အရသာတစ်မျိုးကို တွေ့နေဘိသကဲ့သို့ ကြည်
မြူးရွှင် နေကြ၏။

"ဒါနဲ့ ခင်ဗျားတို့ မန္တလေးကို ဘယ်နေ့ ပြန်ကြမလဲ"

ဦးဘိုးလတ် ဤသို့ မေးလိုက်သည်ကို–

"အခြေအနေက ပြောင်းလဲသွားပြီမို့ သန်ဘက်ခါ ပြန်တော
မယ်လေ။ ဟိုမှာကလည်း အလုပ်တွေ တန်းလန်းနဲ့။ ကဲလာ
ကိုဘိုးလတ် လေယာဉ်ပျံရုံးသွားကြရအောင်"ဟု ပြောပြောဆို
ဦးလှမေ ထရပ်လိုက်သည်တွင်မှ ဒေါ်ဒေါ်မေလည်း တစ်စုံတစ်ရာ
သတိရသကဲ့သို့–

"ကဲ။ ဖြစ်ရပုံများနှယ်။ သတိက ဒီအထိ မကောင်းတာ
ကိုလှမေတို့ နေကြဦးရှင်။ ကော်ဖီမှ မသောက်ကြရသေးဘဲ"

"တော်စမ်းပါ မမေရာ၊ ညွှံသည် ပြန်တော့မယ်လု
လောကွတ်တွေ များနေပြန်ပြီ"

"အမယ်လေး ဒီလို မဟုတ်ပါဘူး ကိုလှမေရယ်။
ဖြစ်ရတဲ့ ကိစ္စကြောင့် တစ်ခေါင်းလုံး နောက်ကျိပြီး ဘာ
သတိမရသလို"

"အလကား နောက်တာပါဗျာ။ ကျုပ်တို့ ညွှံသည်
တာကပဲ။ ကဲ၊ အချိန်ရှိတုန်း သွားလိုက်ကြရအောင်ဗျာ"ဟု
ဦးလှမေ၏ စကားဆုံးသည်နှင့်–

"ဒီမှာမေမေ။ ဦးလေးလတ်က ကျောင်းကို သွားရင်း
လေယာဉ်ရုံးကို ကျွန်တော်ပဲလိုက်ပြီး လက်မှတ်ယူပေးပါ့
ဦးလေးလတ်ကု အပူရှာမနေပါနဲ့တော့"ဟု ကိုစိန်နိုင်က ထိုင်
ထရင်း ပြောလိုက်၏။



"ဦးအတွက် ကိစ္စမရှိပါဘူး မောင်ရာ၊ ကဲ–ကဲ၊ မောင်တို့
လည်း လွတ်လွတ်လပ်လပ် ဆွေးနွေးချင် ဆွေးနွေးနေကြဦးပေါ့။
ဦးတို့ လူကြီးချင်းလည်း လေယာဉ်ပျံရုံးသွားရင်း တိုင်ပင်ချင်တာ
တိုင်ပင်ကြဖို့က ရှိသေးသကွဲ့"

"နို့။ မမေလတ်ကော ကျောင်းမှာ စာပြဖို့ ကိစ္စရှိသေး
မဟုတ်လား ဦးရဲ့"

ကိုစိန်နိုင်သည် မမေလတ်အား လှည့်ကြည့်ရင်းက
ပြောလိုက်သည်ကို–

"ကနေ့ တစ်နေ့တော့ အရေးမကြီးပါဘူးကွာ။ သူ့အတန်းက
ဦးပြလိုက်လည်း ပြီးနိုင်ပါတယ်"

"ဟုတ်ကဲ့။ တနင်္ဂနွေနေ့ကျမှပဲ အေးအေးဆေးဆေး
ဆွေးနွေးဖို့ လာခဲ့ပါ့မယ်"

ကိုစိန်နိုင်သည် ဤသို့လျှင် တစ်စုံတစ်ရာကို အကြောင်း
မပြဘဲ ငြင်းပယ်လိုက်သောကြောင့် မမေလတ်မှာ မကျေနပ်
သလိုဖြင့် အံကလေးကြိတ်လိုက်၏။ သို့ မကျေနပ်ဖြစ်ရသည်မှာ
လည်း ကိုစိန်နိုင်အား ချစ်သူအဖြစ် လက်ခံ၍ လွတ်လွတ်လပ်လပ်
စကားပြောလိုလွန်းလှ၍ကား မဟုတ်၊ မိန်းကလေးကမူရမည့်အစား
ယောကျ်ားကလေးက ရှောင်နေသကဲ့သို့သော အဖြစ်ကို မခံချင်သော
ကြောင့်သာ ဖြစ်ပေါ်လာသည့် မကျေနပ်မှုသာ ဖြစ်တန်ရာ၏။

"ဟုတ်ပါတယ်မေမေရယ်။ ဒီနေ့လည်း သမီးအတန်းက
ကျောင်းသူကလေးတွေကို အရေးကြီးတဲ့ သင်တန်းပေးစရာ
ရှိနေတယ်"ဟု မမေလတ်က ခပ်ဆတ်ဆတ်ကလေး ပြောရင်း
အခန်းတွင်းသို့ လှည့်ဝင်သွား၏။

www.burmeseclassic.com



သို့ မေမေလတ် အခန်းထဲဝင်သွားသည်နှင့် မရှေးမနှောင်းတွင်ပင် ကိုစိန်နိုင်လည်း ဧည့်ခန်းထဲမှ ထွက်လာပြီး အိမ်နှင့် မလှမ်းမကမ်း သစ်ပင်အောက်တွင် ရပ်ထားသော ဂျစ်ကားပေါ်တက်ထိုင်လိုက်သည်၌–

"ဘယ်နှယ့်လဲ အစ်ကိုလေး၊ ချော့ချော့မော့မော့ပဲလား"

ကားမောင်းသည့်နေရာတွင် ထိုင်နေသူ လူငယ်တစ်ယောက်က ဤသို့ မေးလိုက်သည်နှင့်–

"မချော့မော့လို့ ဘယ်ဖြစ်မလဲကွ။ သူ့ဖြေရှင်းချက်က ဆေ့စပ်ရေးကို ထိမိုက်တာမှ မဟုတ်ဘဲ။ ပြီးတော့ သူရှင်းပြတာတွေကလည်း တရားနည်းလမ်းကျနေတော့ တို့လည်း မငြင်းသာဘူး"

"ဒါတင်ပဲလား အစ်ကိုလေးရာ၊ ကျွန်တော့်အထင်တော့ အစ်ကိုလေးကလည်း မမလတ်ကို လက်လွှတ်ရမှာ စိုးရိမ်နေပြီ ထင်ပါရဲ့"

သို့ မေးလိုက်သော လူငယ်အား ကြည့်ရသည်မှာ ဝတ်ဆင်ထားသော အဝတ်အစားအားဖြင့်လည်းကောင်း၊ ရုပ်ရည်အားဖြင့်လည်းကောင်း၊ မည်သည့်နည်းနှင့်မျှ ကိုစိန်နိုင်နှင့် ဆွေမျိုးတော်စပ်မရဘဲ ကိုစိန်နိုင်တို့ ငှါးထားသော ဒရိုင်ဘာတစ်ယောက် အဖြစ်နှင့်သာ အကဲခတ်၍ရ၏။ သို့သော် ထိုလူငယ်မေးလိုက်သောစကားမှ အတော်ကလေး အရောတဝင်ရှိနေပြန်သောကြောင့် ကိုစိန်နိုင်သည်ပင် လူတန်းစား မခွဲခြားဘဲ ဒရိုင်ဘာကို ဤအတိုင်း ရင်းရင်းနှီးနှီး ဆက်ဆံလေသလောဟု စဉ်းစားစရာရှိ၏။

"အေး၊ မင်းပြောတာလည်း ပါတာပေါ့ကွာ၊ ဟုတ်တယ် မေမေလတ်ကို ငါတော့ အတော်ပဲ စွဲစွဲလမ်းလမ်း ချစ်နေမိပြီကွ

...ကိုတော့ လက်အံလွှတ်မခံနိုင်ဘူး၊ သူ့အကြိုက်ကိုတော့ တတ်နိုင်သလောက် လိုက်ရမှာပဲ"

မကြာမီပင် ဦးဘိုးလတ်၊ ဦးလှမေ၊ ဒေါ်ဝင်းနှင့် မေမေလတ်တို့ ...က်လာကြပြီး။

"ဒီမှာ မောင်စိန်နိုင်၊ မောင့် မေမေမေမေများကလည်း ...ရားဖူးချင်သေးသတဲ့ကွဲ့၊ ဒီတော့ မောင့်ကားနဲ့ မေမေလတ်ကို ...ျှောင်းလိုက်ပို့ပြီး ကျောင်းကပဲ စောင့်နေပေါ့ကွာနော်၊ ကိုလှမေတို့ ...ဦးလေးကားနဲ့ပဲ ဘုရားလိုက်ပို့ပြီး အေးအေးဆေးဆေး ပြန်လာ...ယ်"

ကိုစိန်နိုင် ထွက်လာသည့် အချိန်နှင့် မေမေလတ်ကလည်း ...ခန်းထဲဝင်၍ အဝတ်အစားလဲနေသည့် အချိန့်တွင် နှစ်ဘက် ...ချင်း မည်သို့ စည်းဝါးရိုက်ထားကြသည်မသိ၊ ယခုမှ ရုတ်တရက် ...လို့ ပြောလိုက်သည့်တိုင်အောင် ကိုစိန်နိုင်အဖို့၌ ဘာမျှ ထူးခြား...းသည်ကို မမြင်ရသော်လည်း မေမေလတ်တွင်မူကား မျက်နှာ...းကလေးအို၍ အလိုမကျသလို သက်ပြင်းကလေးတစ်ချက် ...သွက်သွက် ချလိုက်ရာမှ တစ်စုံတစ်ရာပြောတော့မည် အပြုတွင်–

"ကဲ သမီး၊ ကားပေါ်တက် မောင်စိန်နိုင် လိုက်ပို့လိမ့်မယ်"

... ဦးဘိုးလတ်က မေမေလတ်၏ ပခုံးကလေးကို ဖေး၍ ...ဖြည်းဖြည်း တွန်းပြီး ကိုစိန်နိုင့် ဂျစ်ကားဆီသို့ ပို့လိုက်သောကြောင့် ...နိုင်က အလိုက်သိစွာပင် ကားပေါ်မှဆင်း၍ ရှေ့တန်းထိုင်ခုံ ...တံခါးကို ချိုးပေးလိုက်၏။

စက္ကန့်ပိုင်းလောက်အတွင်းမှာပင် မေမေလတ် ကားပေါ်...က်၍ နောက်ပိုင်းတွင် ခပ်ဆောင့်ဆောင့်ကလေး ထိုင်ချလိုက်သည် ... ဂျစ်ကားလည်း ရှာခနဲ ကွေ့ထွက်ပျောက်ကွယ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင်မှပင် နှစ်ဖက်သော မိဘများ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အဓိပ္ပါယ်ကိုယ်စီဖြင့် ပြုံးနေကြပြီး ချက်ချင်း သလိုပင် မလှမ်းမကမ်းတွင်ရပ်ထားသော ဦးဘိုးလတ်၏ ဂျစ်ကား ပေါ်သို့ တက်သွားကြ၏။

တိရစ္ဆာန်ရုံအောမှ ပတ်၍ ခပ်ဖြည်းဖြည်း မောင်းလာခဲ့သော ကိုစိန်နိုင်တို့ ဂျစ်ကားကလေးမှာ မကြာမီပင် တိရစ္ဆာန်ရုံဒေါ် စစ်ပြေငြိမ်း အထိမ်းအမှတ် ကျောက်တိုင်အနီးသို့ ရောက်လာခဲ့

မေမေလတ်တို့ နေထိုင်ရာ ကျောက်မြောင်း(ဦးထွန်းမြ လမ်း)မှသည် ဤနေရာသို့ ရောက်ခဲ့ကြသည်အထိ ကိုစိန်နိုင်နှ မေမေလတ်မှာ တစ်ဦးနှင့်တစ်ဦး မည်သူကမျှ စကားစ၍ မပြော အတွေးကိုယ်စီနှင့်ပင် လိုက်ပါခဲ့ကြ၏။ ကားရှေ့တန်း ဒရိုင်ဘာ ကလေးနှင့် ယှဉ်၍ထိုင်လိုက်လာသူ ကိုစိန်နိုင်၏ နောက်ကျောပိုင်း ရှုးစိုက်ငေးကြည့်နေသော မေမေလတ်၏ အမူအရာမှာ တစ်စုံတ စ် ပြောတော့မည်ကဲ့သို့ ပါးစပ်တပြင်ပြင် ရှိနေသော်လည်း ထိုအ အထိ ဘာစကားမျှ ထွက်မလာဘဲ သက်ပြင်းကလေးသာ တမြမြ ချနေရှာ၏။

"ငါက မိန်းမသားပဲ၊ တကယ်ဆိုရင် သူက စကားစ ဖို့ ကောင်းတယ် ဟင်း"

ဤသို့လည်း စိတ်ထဲမှ ကြိတ်၍ ရေရွတ်လိုက်၏။

"သူမပြောကာ၊ ဘာအရေးလဲ ငါလည်း မပြောဘဲ ရှိတာပေါ့၊ ဘာရမလဲ"

သို့နှင့်ပင် ဂျစ်ကားလည်း ပန်းဆိုးတန်းရှိ လတ်တက္ကသို ကျောင်းရှေ့သို့ ရောက်လာခဲ့ကာ ကားထိုးဆိုက်လိုက်သည်

ကိုစိန်နိုင်က ဆင်း၍ နေရာဖယ်ပေးလိုက်သဖြင့် မေမေလတ်သည် သွက်လက်စွာ ကားပေါ်မှဆင်းလျက် ကျောင်းဘက်သို့ ထွက်သွား တော့မည် ပြုပြီးမှ ကိုစိန်နိုင်ဘက်သို့ လှည့်၍...

"ဒီမှာ ကိုစိန်နိုင်။ ဦးလှမေတို့ကို ဒီကားပေါ်ကပဲ စောင့် မလား၊ ကျောင်းပေါ်ကို လိုက်ပြီး ထိုင်စောင့်မလား"

မေမေလတ်၏ အမူအရာမှာ စိတ်ပါလက်ပါ မေးနေသည့် သဘောမျိုးမဟုတ်ဘဲ မလွှဲသာ၍ ဝတ္တရားအလျောက် ဝတ်ကျေ ဝတ်ကုန် မေးနေရသည့် အသွင်မျိုး ဆောင်နေသည်ဖြစ်ရာ...

"ခင်ဗျား ဘယ်လိုဆိုရင် သဘောကျမလဲ၊ ကျွန်တော့်အဖို့ တော့ ဘယ်ကပဲ ထိုင်စောင့်ရ စောင့်ရ မထူးလှပါဘူး"

ထိုစကားကြားရသည်နှင့် မေမေလတ်သည် နဖူးရေကလေး တွန့်သွားသည်အထိ မျက်မှောင်ကုတ်၍ ကြည့်လိုက်ပြီး...

"ဘာလဲ ကိုစိန်နိုင်၊ ကျွန်မ သဘောကျသလို လုပ်မယ် ဆိုတော့ ကျွန်မ ထားသလို နေပါ့မယ်ဆိုတဲ့ အဓိပ္ပါယ်လား၊ အင်း ဒါဟာ ကျွန်မရဲ့ မေတ္တာကို ရယူဖို့အတွက် နိဒါန်းပျိုးလိုက်တဲ့ လိုက်လျောမှုပဲထင်တယ်"

"ဟုတ်ကဲ့ အဲသလိုလည်း ယူဆနိုင်ပါတယ်"

"ဒါဖြင့် ဒီကားပေါ်ကပဲ ထိုင်စောင့်နေပေါ့ရှင် ဟုတ်လား၊ ကျွန်မ သွားမယ် ကျောင်းပေါ်ကို"

"ကောင်းပါပြီ၊ ဦးလေးလတ်တို့ ရောက်လာလို့ မေးရင်လည်း ပြောလိုက်ပါ့မယ်။ (မေမေလတ်ကတော့ ကျောင်းပေါ်ကို လိုက်ခဲ့ဖို့ ခေါ်ရှာပါတယ်။ သူ့စာသင်ချိန်ကို နှောက်ယှက်ရာ ကျမှာစိုးလို့ ကျွန်တော် လိုက်မသွားတာပါ)လို့"

www.burmeseclassic.com

www.burmeseclassic.com



မေမေလတ် မျက်လုံးကလေး ဝိုင်းသွားအောင် ပြူးကြည့်လိုက်ရာမှ…

"ဘယ်လို ဒါက ဘာသဘောလဲ ကိုစိန်နိုင်"

"ဪ ဒေ့သည်ကို အောက်မှာ ပစ်ထားရကောင်းလား ဆိုပြီး ခင်ဗျား မေမေက ခင်ဗျားကို ဆူမှာစိုးလို့ ကာကွယ်တဲ့ သဘောပါ။ ကျွန်တော့် ကိုယ်ကျိုးအတွက် မဟုတ်ပါဘူး"

မေမေလတ် ရုတ်တရက် တွေသွား၏။ ဘာပြန်၍ ဘာပြောရမည် မသိသကဲ့သို့ ခေါင်းကလေးငုံ့ကာ စဉ်းစားနေပြီးမှ…

"အေးလေ ရှင်ပြောချင်သလိုပဲ ပြောပေါ့"

စကားဆုံးသည်နှင့် မေမေလတ်သည် လှည့်ထွက်သွားတော့မည်ကဲ့သို့ ခြေလှမ်းပြင်လိုက်သည်တွင်…

"ဪ…ဒါနဲ့ တနင်္ဂနွေနေ့ကို ကျွန်တော်လာခဲ့မယ်နော်"

ကိုစိန်နိုင်သည် ခန့်ခန့်နှင့် ရိုးသော မျက်နှာထားမျိုးဖြင့် ပြောလိုက်သောကြောင့် မေမေလတ်သည် ရုတ်တရက် အဖြေမပေးသေးဘဲ တွေဝေးကလေး စဉ်းစားနေပြီးမှ…

"လာချင်လာပေါ့၊ တနင်္ဂနွေနေ့မှာ သွားစရာကိစ္စတစ်ခု ရှိတာပဲ၊ ကြာကြာစကားပြောဖို့တော့ အချိန်ရမယ် မထင်ဘူး။ ခု တနင်္ဂနွေ မလာဘဲ နောက် တနင်္ဂနွေနေ့ ဆိုရင်ကော"

"ကျွန်တော်မအားဘူးထင်တယ်ဗျာ။ အဲဒီ နောက်တနင်္ဂနွေမှာ သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်အတွက် ကူညီပြီး ဧည့်ခံပေးဖို့ကိစ္စက ရှိနေသေးတော့"

"ဒါဖြင့်လည်း ရှင်အားတဲ့ တနင်္ဂနွေနေ့မှာ လာပေါ့ရှင်။ ကျွန်မအိမ်မှာရှိတဲ့ အချိန်နဲ့ကြုံရင် စကားပြောခွင့်ရမှာပဲ"ဟု ပြောပြောဆိုဆိုပင် ကိုစိန်နိုင် စကားပြန်မဆက်မီ ချာခနဲ လှည့်ထွက်သွား၏။

◆

ဦးဘိုးလတ်နှင့် ဒေါ်ဒေါ်မေတို့မှာ တနင်္ဂနွေနေ့ နံနက်တိုင်း ရွှေတိဂုံစေတီတော်သို့ ပန်းဆီမီး ကပ်လှူရန် အမြဲသွားလေ့ရှိသည်ဖြစ်ရာ ထိုနေ့တွင်လည်း နံနက် ၅–နာရီလောက်ကပင် အိပ်ရာမှထ၍ ဘုရားသွားရန် ပြင်ဆင်လျက်ရှိ၏။

မေမေလတ်မှာမူ ရံဖန်ရံခါမှသာ ဘုရားဖူးလိုက်လေ့ ရှိသော်လည်း သူ့မိဘများအတွက် အဝတ်အစား ထုတ်ပေးခြင်း၊ မီးခြင်းကြီးအတွက် သနပ်ခါး သွေးပေးခြင်း၊ တိုတိုထွာထွာ ကူညီခြင်းစသော ဝတ္တရားများကို ဖြည့်စွမ်းပေးလေ့ ရှိသည့်အတိုင်း ထိုနေ့တွင်လည်း မေမေလတ်သည် ဒေါ်ဒေါ်မေ၏ အင်္ကျီကို ကြယ်သီးတပ်ရင်း တစ်စုံတစ်ရာကို စိတ်ကူးနေသကဲ့သို့ ငိုင်တွေတွေ ဖြစ်နေ၏။

"ဒီမှာ သမီး။ ဒီနေ့ မောင်စိန်နိုင် လာလိမ့်မယ် ထင်တယ်။ ဟိုနေ့ကတော့ တနင်္ဂနွေနေ့လာမယ် ပြောသွားတာပဲ။ အဲဒါ ကိုရိုကားယားတွေတော့ လျှောက်မပြောပါနဲ့ သမီးရယ်။ အစဉ်အလာနဲ့ဆိုရင် တော်တော်ကြီး အရုပ်ဆိုးတဲ့ ဖြေရှင်းချက်ကိုတောင် သဘောထားကြီးကြီးနဲ့ သူခွင့်လွှတ်ခဲ့တော့ ဒီထက်ပိုပြီး စော်ကားမော်ကားပြောရင်တော့ တရားလွန်ကုန်လိမ့်မယ် သမီးရယ်နော်"

ဦးဘိုးလတ်သည် သမီးအနားသို့ လျှောက်လာပြီး ပိတ်ဖြူဘက်ကို နှစ်ဖက်အစ အကျညီအောင် ညှိနေရာမှ ဤသို့ ပြောလိုက်သည်နှင့် မေမေလတ်က ဆတ်ခနဲ မော်ကြည့်လိုက်ကာ–

"သမီး ဒီလောက် ရိုင်းပါ့မလား ဖေဖေရယ်"

"အေး ဒါတော့ ဖေဖေသိသပေါ့။ မလိုလည်း လိုလည်း သတိပေးရတာပေါ့ကွယ်။ နို့ ဟိုနေ့က မောင်စိန်နိုင်ကို ကျောင်းလိုက်ပို့နိုင်းတုန်းကတော့ ဘာကြောင့် သမီးမျက်နှာ မသာမယာဖြစ်ရတာလဲ"

www.burmeseclassic.com

"ဒါကတော့ မေမေတို့ကို မကျေနပ်လို့ဘဲ"

"ဘာကြောင့်ပါလိမ့် သမီးရယ်"

"မေမေတို့ သမီးရှင် မဟုတ်ပါလား မေမေရယ်။ တကယ်ဆိုရင် သမီးနဲ့ ကိုစိန်နိုင် နှစ်ယောက်တည်း လွတ်လပ်စွာ သွားလာခွင့်ကို ယောကျ်ားလေးဘက်ကသာ တောင်းဆိုသင့်တယ် မဟုတ်လား။ ခုတော့ မေမေတို့ လိုက်လျောအားကြီးနေလို့မို့ သူရောင့်တက်မှာ စိုးတာပါပဲ"

"ဒါကိုတော့ သမီးဘက်က ကျွန်မ ထောက်ခံရမှာပဲ။ ဟုတ်တယ် ကိုဘိုးလတ် ရှင်လုပ်ပုံက နည်းနည်းပိုအားကြီးတယ်"

ဒေါ်ဒေါ်မေက ဤသို့ ဝင်ပြောလိုက်သောကြောင့် ဦးဘိုးလတ်မှာ ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေ၏။

"အေး သမီးပြောတာ မှန်တယ်။ ဒီလိုကိုးကွဲ့ သမီးရဲ့ မြေရှင်းချက်နဲ့ ပတ်သက်ပြီး မေမေက သူတို့ကို အားနာနေတာလည်း တစ်ကြောင်း၊ ပြီးတော့ ကိုလှမေတို့ကလည်း ဘုရားဖူးချင်တယ်ပြောတာနဲ့ သမီးကို မောင်စိန်နိုင်နဲ့ ကျောင်းအပို့ခိုင်းရတာပဲ။ နောက်နောင် ဆင်ခြင်ရမှာပေါ့ သမီးရယ်။ အေး ဒီနေ့များ မောင်စိန်နိုင်လာလို့ရှိရင်တော့ သိမ်သိမ်မွေ့မွေ့ ပြောဆိုနော်။ မေမေတို့ ငါးထပ်ကြီး မဇင်တို့ ဇရပ်မှာ ထမင်းစားပြီး ညနေမှပဲ အေးအေးဆေးဆေး ပြန်လာမယ်"

"ဟုတ်ကဲ့ပါ မေမေ"

မေမေလတ်သည် ထိုမျှသာ အဖြေပေးလိုက်၏။ ခတ်ဆေးစောကမူ ကိုယ်က သမီးရှင်ဖြစ်လျက်နှင့် လိုက်လျောမှု ပိုရပါလားဟု ဖခင်ကြီးအား အပြစ်ဆိုသယောင် ပြောခဲ့သော မေမေလတ်သည် ယခု သူ့မိဘများက ကိုစိန်နိုင်လာမည့်ရက်ဖြစ်၍ တစ်နေကုန်ရှောင်ပေးသည်၏ အဖြစ်ကိုကား သူ့အပြစ်မတင်။ သို့အပြစ်မပြောသည်မှာ မေမေလတ်ကိုယ်၌က သဘောမပေါက်၍လော၊ လုံးဝ မဟုတ်ပါလေ။ သူ့မိဘများ ရှောင်ပေးခြင်းဖြစ်သည်၏ အဓိပ္ပါယ်အကျယ်အနက်ကို အချက်ကျကျ နားလည်သဘောပေါက်သည်သာ ဖြစ်သော်လည်း ဤလို အခွင့်အရေးကိုမူ သူအလိုရှိ၏၊ တောင့်တ၏။ ဟုသော သတ္တဝါသည် ဤသို့လည်း ကိုယ့်ကိုယ်ကို လှည့်စား၍ ဖောက်ပြန်မှန်း မသိ ဖောက်ပြန်နေသော သတ္တဝါတွေပါတကား။

"ခါတိုင်း မေမေတို့ ဘုရားဖူးသွားရင် ထမင်းစားချိန်လောက် ပြန်လာတာပဲ မဟုတ်လား။ ဒီနေ့မှ တစ်နေကုန်နေမယ်ဆိုတော့ ကိုစိန်နိုင်အတွက် အခွင့်အရေးရအောင် လိုက်လျောပေးတာပဲ"

ဤကား မေမေလတ်သည် အပြစ်ဆိုသင့်ပါလျက်နှင့် တစ်စုံတစ်ရာမျှ မပြောဘဲ "ဟုတ်ကဲ့ပါ မေမေ"ဟူသော စကားဖြင့်သာ ကိုယ်သူ လှည့်စားရင်း ကျန်ရစ်ခဲ့၏။

ဦးဘိုးလတ်တို့ ထွက်သွားပြီးသည်၏ နောက်ပိုင်းအချိန်များ၌ မေမေလတ်မှာ ရေမိုးချိုး၊ သနပ်ခါးလိမ်း၊ ဘုရားဆွမ်းတော်ကပ်နှင့် အချိန်ကုန်ခဲ့တော့ကာ ၇-နာရီသာသာလောက်တွင်မှ ဧည့်ခန်း၌ အေးအေးဆေးဆေး ထိုင်ရင်း ရောက်နေသော သတင်းစာများကို စောင်ပြီးတစ်စောင် ဆွဲယူဖတ်ရှုလျက် ရှိ၏။

သို့ သတင်းစာ ဖတ်နေသည့်အခိုက် မော်တော်ကား သံကြားတိုင်း မေမေလတ်သည် လည်တံကလေး ဆန့်ကာ ကားဖြင့် ခြံဝဆီသို့ မျှော်၍ လှည့်ကြည့်မိ၏။ သူ့စိတ်ထဲတွင် "ကိုစိန်နိုင်များလား"ဟူသော ထင်မြင်ချက်ဖြင့် ဤသို့ လှည့်ကြည့်ကာ သုံးလေးကြိမ် ကြည့်မိပြီးမှ တစ်စုံတစ်ရာကို သတိရဟန်ရှိ၏။

www.burmeseclassic.com

"ဒီတနင်္ဂနွေတော့ ကျွန်မ သွားစရာကိစ္စတစ်ခု ရှိနေတာ
ကြာကြာ စကားပြောခွင့်ရမယ် မထင်ဘူး"

ကိုစိန်နိုင် တနင်္ဂနွေနေ့ လာမည်ဆိုစဉ်က မေမေလတ်သ
ဤအတိုင်း ပြောခဲ့၏။ သို့ဖြစ်လျှင် ယနေ့အဖို့ ကိုစိန်နိုင် လာ
အကြောင်း လုံးဝမရှိ၊ ယင်းသည့်အဖြစ်ကို တွေးမိမှပင် မေမေလ
လည်း ကားဖွန်းသံကြားတိုင်း မျှော်ကြည့်ခြင်းမှ ရပ်စဲတည်ငြိမ်
တော့၏။ မြန်မာသတင်းစာ သုံးစောင်ဖတ်ပြီးသည်နှင့် အင်္ဂ
သတင်းစာကို ကောက်ယူ၍ ပထမမျက်နှာမှ သတင်းတစ်
ဖတ်နေစဉ်တွင် တံခါးပေါက်မှ လူရိပ်တစ်ခု ပေါ်လာသောကြော
လှည့်ကြည့်လိုက်ရာ ဖြူဖြူသန့်သန့်နှင့် ခန့်ခန့်ချောချော လူ
တစ်ယောက် သံတံခါး အပြင်ဘက်တွင် ရပ်နေသည်ကို တွေ့ရ

"ဟဲလို ကိုမင်းမောင်။ စောစောစီးစီး ဘယ်က ဘယ်လို
မျက်စေ့လည်လာတာလဲ"

မေမေလတ်သည် သတင်းစာဖတ်နေရာမှ ထ,လာ
တံခါးဖွင့်ပေးရင်း ဤသို့ ပြောလိုက်သောကြောင့်...

"မျက်စေ့လည်လာတာ မဟုတ်ပါဘူး လတ်ရယ်၊ ဒီ
တမင်လာခဲ့တာပါ၊ သတင်းစာထဲ လတ်ရဲ့ ဖြေရှင်းချက်
ဖတ်ရပြီးကတည်းက လာမလို့ဟာ အလုပ်တွေကများ"

"အင်း မေမေလတ်တစ်ယောက် စေ့စပ်ပြီးသွားပြီမို့ ငါ
ဖြင့် မျှော်လင့်ချက် ကုန်ပြီရယ်လို့ မလာတော့တာဘဲ မဟုတ်
ကိုမင်းမောင်"

တံခါးအဖွင့်တွင် မေမေလတ်က ရှေ့ဆောင်၍ ဧည့်ခန်း
ခေါ်ဆောင်သွားရင်း ကိုမင်းမောင် စကားမဆုံးမီ ကြားဖြတ်ပြော
ပြန်သည်နှင့်...





"ဒါ အဆန်းမဟုတ်တာ လတ်ရယ်၊ လူ့သဘာဝဟာ
ဒီအတိုင်းပဲပေါ့၊ နို့ လတ်က တစ်ခြားလူတစ်ယောက်နဲ့ လက်ထပ်ဖို့
စေ့စပ်ပြီးတဲ့နောက်ပိုင်းမှာ ကိုမင်းမောင်တို့ မျှော်လင့်ချက်ထားမှုကို
ခံယူချင်သေးလို့လား"

"ဒီမှာ ကိုမင်းမောင် ယောကျ်ားနဲ့ မိန်းမ စေ့စပ်ကြောင်းလမ်း
ရုံနဲ့ သူတို့ဟာ အသေအချာ လက်ထပ်ကြတော့မယ်လို့ အဓိပ္ပါယ်
မရဘူးဆိုတာ နားလည်ထားစမ်းပါ။ တကယ်ဆိုတော့ ကျွန်မတို့
မြန်မာတွေဟာ ကိုဖြူနဲ့ မနီ စေ့စပ်ကြောင်းလမ်း ပြီးပြီဆိုတာနဲ့
တစ်ပြိုင်နက် အင်း သူတို့နှစ်ယောက်တော့ သေချာပေါက် လင်မယား
ဖြစ်တော့မှာပဲလို့ ၉၅–ရာခိုင်နှုန်းလောက်က ယူဆကြပါတယ်။
ဒါကြောင့်လဲ ကျွန်မ ဖြေရှင်းလိုက်ရတာပေါ့ ကိုမင်းမောင်"

ထိုစကားဆုံးသည်နှင့် မေမေလတ်သည် သူတို့၏ ကော်ဖော်
လောင်ဖက်နှင့်တူသော မိန်းကလေးတစ်ယောက်အား လှမ်းခေါ်၍
ကော်ဖီဖျော်ခဲ့ရန် အမိန့်ပေးလိုက်၏။

"မသိလို့ မေးပါရစေဦး လတ်ရယ်၊ အဲသလို ဖြေရှင်းချက်
ထည့်လိုက်တာက ဘယ်လိုသဘောလဲ"

"ခုန ကျွန်မ ပြောသလိုပေါ့ရှင်၊ ကျွန်မနဲ့ ကိုစိန်နိုင်နဲ့ဟာ
စိတ်သဘောချင်း တိုက်ဆိုင်မှ လက်ထပ်မယ်လို့သာ ရည်ရွယ်တယ်
ဘာပဲဖြစ်ဖြစ် ယူမယ်လို့ အတိအကျ စာချုပ်ထားတာမျိုး မဟုတ်ဘူး
ဆိုတဲ့ သဘောပေါ့ ကိုမင်းမောင်"

"ဒီလိုဆိုတော့ လတ်ရဲ့ မေတ္တာကို တောင့်တနေကြတဲ့
ကာလသား ပရိသတ်အဖို့ မျှော်လင့်ချက် ရှိသေးတာပေါ့နော်"

"အသေအချာ ရှိတာပေါ့ရှင်၊ ကိုစိန်နိုင်ဆိုတာက ခုလို
မစေ့စပ်ခင် ၁၀–ရက်လောက်ကမှ တွေ့ဖူးလေတော့ သူဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါဆိုတာ အကဲခတ်ဖို့ အချိန်လိုဦးမယ် မဟုတ်လား လင်ရည်၊ မယားရယ်လို့ ဖြစ်လာကြရင် တစ်ယောက်နဲ့တစ်ယောက် သဘောချင်း တိုင်ဆိုင်ညီညွတ်ဖို့ဟာ အဓိကလို့ ကျွန်မ ယူဆတယ် ဖြေရှင်းချက် ထည့်ရတဲ့ ရည်ရွယ်ချက်ကလည်း သူနဲ့ ကျွန်မ သဘောချင်း မတိုက်ဆိုင်ရင် မယူဘူး၊ စေ့စပ်ရေး ဖျက်ပစ်မယ်ဆိုတဲ့ သဘောပဲ၊ ပြီးတော့ ကျွန်မရဲ့ မေတ္တာကို မျှော်လင့်နေကြတဲ့ လူတွေအတွက်လည်း အခွင့်အရေး မကုန်ဆုံးသေးဘူးလို့ ထုတ်ဖော်တာနဲ့ မထူးပါဘူး၊ ဒီနေ့အဖို့ဆိုရင် ကျွန်မ ရည်ရွယ်သလို ဖြစ်လာတာမို့ အောင်မြင်တယ်လို့ ဆိုရမှာပဲ"

"ဘယ်လို အောင်မြင်တာလဲ လတ်ရဲ့"

"စေ့စပ်ကြောင်းလမ်းခြင်း သတင်းပါပြီးကတည်းက ကိုမင်းမောင် ပေါ်မလာတော့ဘဲ၊ ဖြေရှင်းချက် ရေးထည့်လိုက်မှ ရှင်ရောက်လာလို့ပေါ့"

ကိုမင်းမောင် ကျေကျေနပ်နပ်ကြီး ပြုံးလိုက်၏။

"ဒါဖြင့် ကိုမင်းမောင်လည်း မျှော်လင့်ချက် ထားနိုင်သေးတာပေါ့နော်"

"ခုနပြောပြီးပါပြီကော မျှော်လင့်ချက် မကုန်သေးပါဘူးလို့ ရှင်းရှင်းပြောရရင် ဒီနေ့အထိ ကိုစိန်ကိုလည်း ကျွန်မ ချစ်သူအဖြစ် မရွေးချယ်ရသေးပါဘူး"

ထိုအခိုက် ကားဟွန်းသံတစ်ခုနှင့်အတူ ဂျစ်ကားတစ်စီး ထိုးဆိုက်လာပြီး မကြာမီပင် ကိုစိန်နိုင် ဆင်းလာသည်ကို တွေ့ရ၏

"လာ ကိုစိန်နိုင် ဟောဒါ ကျွန်မတို့နဲ့ ကျောင်းနေဖက် သူငယ်ချင်း ကိုမင်းမောင်ဆိုတာပေါ့၊ ခု P.O အဖြစ်နဲ့ အစိုးရ အမှုထမ်းနေတယ်"

မေမေလတ်သည် ဝင်လာသူ ကိုစိန်နိုင်အား ခရီးဦးကြိုပြုသလို ထရပ်ရင်း ကိုမင်းမောင်နဲ့ မိတ်ဆက်ပေးလိုက်သောကြောင့်...

"ဟုတ်ကဲ့ ခုလို သိရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော့်အဖို့ မိတ်ဆွေကောင်းတစ်ယောက် တိုးတာပဲ"

"ကိုစိန်နိုင်ကတော့ ဆိပ်ကမ်းသာလမ်း၊ အိုးဝေသတင်းစာတိုက်နဲ့ မျက်စောင်းထိုး တိုက်တန်းလျားရဲ့ တောင်ဘက်ဒေါင့် အခန်းမှာနေပါတယ်"

ကိုစိန်နိုင်နှင့် ကိုမင်းမောင်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်၍ အပြုံးနှင့် မိတ်ဖွဲ့နေကြ၏။ မေမေလတ်ကပင် ဆက်လက်၍ ကိုစိန်နိုင်၏ အလုပ်အကိုင်၊ အရောင်းအဝယ် အကြောင်းများကို ပြောပြနေ၏။ ၁၅–မိနစ်ခန့် ကြာသည့်တိုင်အောင် ကိုမင်းမောင်နှင့် ကိုစိန်နိုင်တို့ စကားကောင်းနေကြပြီးမှ...

"ကိုင်း ကိုစိန်နိုင်၊ ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာနော်၊ သွားစရာကိစ္စကလေး တစ်ခု ရှိနေသေးတယ်၊ နောက်မှ အေးအေးဆေးဆေး တွေ့ကြသေးတာပေါ့ဗျာ၊ ပြန်ဦးမယ်နော် လတ်"

ယဉ်ကျေးမှုနှင့် လူ့အခွင့်အရေးတို့ နားလည်သော ကိုမင်းမောင်သည် ကိုစိန်နိုင်နှင့် မေမေလတ်တို့ လွတ်လပ်စွာ စကားပြောနိုင်ရေးကို ရှေ့ရှုကာ အလိုက်သိစွာပင် ပြောဆိုထ,ပြန်သွား၏။

"မေမေလတ်ကို သူက (လတ်)လို့ ခေါ်တယ်နော်"

ကိုမင်းမောင် ထွက်ခွာသွားသည်နှင့် ကိုစိန်နိုင်က မေမေလတ်အား ဤသို့ အရေးတကြီး မေးလိုက်၏။

"ကြားတဲ့အတိုင်းပဲပေါ့ ကိုစိန်နိုင်၊ ရှင်ဆက်မမေးခင် ပြောပြရဦးမယ်၊ ကျွန်မကို မေတ္တာရှိနေကြတဲ့ လူတွေထဲမှာ

www.burmeseclassic.com



သူလည်း တစ်ယောက်အပါအဝင်ပဲ၊ ဒါကြောင့် လတ်လို့ ချစ်ခေါ်တာဖြစ်မှာပေါ့"

"ဒါကို မေမေလတ်က ခွင့်ပြုသလား"

"ချစ်လို့ ခေါ်တာပဲရှင် ခွင့်ပြုရသပေါ့၊ ကိုယ်က ပြန်မချစ်နိုင်မယ့် လူဆိုရင်တော့ တားမြစ်ရမှာပဲ"

"ကျွန်တော်က ဒီလိုပဲ (လတ်)လို့ တစ်လုံးတည်း အဖျားဆွတ်ခေါ်ရင်ကော တားမြစ်ဦးမှာလား"

မေမေလတ်သည် တစ်စုံတစ်ရာ အဖြေမပေးသေး ကိုစိန်နိုင်အား ငေးစိုက်ကြည့်နေပြီးမှ...

"ခေါ်ချင်လည်းခေါ်ပေါ့၊ ဒါပေမယ့် ကိုစိန်နိုင်ဟာ ကျွန်မ ပြန်ပြီး ချစ်နိုင်ဖို့ အလားအလာရှိတဲ့ လူတစ်ယောက်သာ ဖြစ်တ နော်၊ ချစ်နေပြီဆိုတဲ့ အဓိပ္ပါယ်တော့ မပါဘူး"

ကိုစိန်နိုင်သည် နှုတ်ခမ်းတစ်ခုလုံး မဟုတ်ဘဲလကျ်ာဘ ဒေါင့်ကလေး တစ်နေရာတည်းမှ ကြိုကြိုဖန်ဖန် ပြုံးပြလိုက်

"ကိုမင်းမောင်ဟာ ခင်ဗျားကို မျှော်လင့်နေတုန်းပဲ ထင်ပါ

"ဟုတ်မှာပေါ့၊ ကျွန်မရဲ့ ဖြေရှင်းချက်ကို သဘောပေါက် လို့ သူလာတာပဲ၊ ကျွန်မကလည်း ခပ်ရှင်းရှင်းပဲ ဖွင့်ပြောလို တယ် ကိုစိန်နိုင်၊ ကိုမင်းမောင်နဲ့ ကျွန်မ မေတ္တာကို အလိုရှိ ဘယ်သူဖြစ်ဖြစ် ကျွန်မနဲ့ စိတ်သဘောချင်း တိုက်ဆိုင် လိုက်ပြောနိုင်မယ့် လူကိုမှ ယူမယ်လို့"

"ဒီလိုဆိုတော့ မေမေလတ် စိတ်ဥပုံက လေ့နံ နှစ်ဖက်နှ ကျမနေပေဘူးလား"

"ဩ ဒီလိုလား ဥပမာပေး အရင်မလိုနဲ့ ကို ရှင်ပြောတဲ့အတိုင်းဆိုရင်တော့ ကျွန်မ လေ့နံကို နှစ်ဖက် န

သလို ဖြစ်နေတာတော့ အမှန်ပဲလို့ ကျွန်မ ဝန်ခံပါတယ်။ ဒါပေမယ့် ကိုစိန်နိုင်သိထားဖို့က လေ့နံကို နင်းတော့မယ်ဆိုရင်လေ နှစ်ဖက်စလုံး နင်းရတယ်ရှင့်၊ တစ်ဘက်တည်းနင်းရင် လေ့မှောက်တာပဲ ဟုတ်ကဲ့လား ကိုစိန်နိုင်"

ကိုစိန်နိုင် အဖြေမပေးဘဲ ပြုံးနေ၏။

"ကျွန်မအဖို့မှာက ကိုစိန်နိုင် ဘယ်လိုလူစားမှန်း မသိရသေးဘဲနဲ့ မိဘရေ့လောကြီးမှုကြောင့် စေ့စပ်ကြောင်းလမ်းခြင်း ကြော်ငြာ အထည့်ခံရကတည်းက ကျွန်မဟာ လေ့နံကို တစ်ဘက် တည်း နင်းထားသလို ဖြစ်နေပြီ။ ကိုစိန်နိုင်ဟာ လူကောင်းတစ် ယောက် မဟုတ်ရင်တော့ ဒီလေ့မှောက်တော့မှာပဲ ကောင်း,မကောင်း မသေချာဘူး။ ဒါ့ကြောင့် ကျွန်မ နှစ်ဖက်နင်းပြီး ထိမ်းရပါတယ် ဆိုရင် ကိုစိန်နိုင် ကျေနပ်ကောင်းပါရဲ့နော်"

"မကျေနပ်လို့ မေးတာ မဟုတ်ပါဘူး။ အကြောင်းယုတ္တိရှိ, မရှိ သိချင်လို့ မေးတာပါပဲ၊ ဒါနဲ့ မေမေလတ် ဒီနေ့ သွားစရာရှိတယ်ဆိုတာ ဘယ်အချိန်လောက် သွားရမှာလဲ"

"ပြောစရာရှိတာသာ ပြောပါ ကိုစိန်နိုင်၊ ကျွန်မသွားဖို့ အချိန်ကျရင် ကျွန်မ ပြောမပေါ့၊ နို့ ဒီနေ့ ကျွန်မ သွားစရာရှိတယ် ပြောလိုက်ရက်သားနဲ့ ဘာဖြစ်လို့ လာရတာတဲ့လဲ"

မေမေလတ်သည် ကိုစိန်နိုင်အား အကဲခတ်ရင်း ဤသို့ မေးလိုက်သည်ကို–

"မေးစရာရှိတာ မေးချင်လို့လည်း တစ်ကြောင်း၊ ပြီးတော့"

ကိုစိန်နိုင်သည် ဤတွင် စကားကို ဆွေ့ရပ်၍ မေမေလတ် အား ခပ်တွေတွေ ကြည့်နေပြီးမှ–

www.burmeseclassic.com

www.burmeseclassic.com



"ခပ်ရှင်းရှင်းပြောရရင် ခင်ဗျားကို တွေ့တဲ့နေ့ကစပြီး ကျွန်တော် စွဲစွဲလန်းလန်း ချစ်နေမိရာက"

"မမြင်ရရင် မနေနိုင်ဘူးလို့ကော ဆက်ပြောချင်သေးသလား ကိုစိန်နိုင်"

"ဒါတော့ ထင်ချင်သလို ထင်နိုင်ပါတယ် မေမေလတ်၊ ဒါနဲ့ မေမေလတ်ရဲ့ စိတ်တိုင်းကျ ဖြစ်နိုင်ဖို့ သဘောချင်း တိုက်ဆိုင်ဖို့ဟာ ဘယ်လိုအရည်အချင်းတွေနဲ့ ပြည့်စုံရမလဲဆိုတာ မသိရဘူးလား"

"ကိုစိန်နိုင်တို့ ဖေဖေ ပြောပြချက်အရဆိုရင် ကိုစိန်နိုင်ဟာ ခေတ်ပညာ ၁၀-တန်းပဲ အောင်တယ်လို့ သိရတယ်။ ကျွန်မက ဘီ အေ၊ ရှင်က ဆယ်တန်းဆိုတော့ ရှင့်အဖို့ ဂုဏ်နိမ့်မနေဘူးလား ကိုစိန်နိုင်"

"ဒါတွေက ဘာဆိုင်လို့လဲ မေမေလတ်ရယ်"

"မဟုတ်ဘူးလေ ကျွန်မက ဘီအေဆိုတော့ ကျွန်မရဲ့ ယောက်ျားအဖြစ် ခံယူမယ့် လူဟာ အမ်အေလောက် ဘီအေ ဘီအယ်လ်လောက် ဖြစ်ရမယ်မဟုတ်လား။ ယုတ်စွအဆုံး ဘီအေ လောက်တော့ တန်းတူပညာ ရှိသင့်သပေါ့ရှင်"

"မေမေလတ်နဲ့ သဘောချင်း တိုက်ဆိုင်မှုမှာ ဒါ အဓိက ပဲလား"

ကိုစိန်နိုင်သည် ခေါင်းငုံ့ထားရာမှ မျက်လွှာကို လှန်ကြည့်ရင်း မေးလိုက်၏။

"အဓိကတော့ မဟုတ်ပါဘူး၊ ကျွန်မ လိုလားတဲ့ အချက် တစ်ချက်သာ ဖြစ်ပါတယ်"

မေမေလတ်က ခပ်ပြုံးပြုံးပင် ဖြေလိုက်၏။

"ဒါဖြင့် အဓိက အရေးကြီးတဲ့ အချက်ဟာ ဘာလဲ"

"ကိုယ်ကျင့်တရား ကောင်းရမယ်၊ အပျော်အပါး အသောက် အစားနဲ့ လောင်းကစားမှု ကင်းရမယ်၊ အနာရောဂါ ကင်းပြီး ကျန်းမာသန်စွမ်းရမယ်"

"ကောင်းပြီ ကိုယ်ကျင့်တရားကိုတော့ ကျွန်တော် မပြောလို ဘူး၊ မေမေလတ်ပဲ အကဲခတ်ကြည့်ပါ၊ ဒီပြင်အချက်တွေ တော့ ကျွန်တော် အားလုံး တာဝန်ယူပါတယ်။ ခေတ်ပညာ ဒီဂရီမရတာ တော့ဖြင့် ကျွန်တော် မတတ်နိုင်ဘူး မေမေလတ်"

ကိုစိန်နိုင် စကားဆုံးသည်နှင့် မေမေလတ်သည် မျက်ခုံး လေးချီ၍ ကြည်ကြည်လင်လင် စိုက်ကြည့်နေပြီးမှ-

"မတတ်နိုင်ဘူးဆိုတဲ့ စကားကို မပြောပါနဲ့ ကိုစိန်နိုင်၊ ရှင့်အသက်ဟာ အများဆုံးရှိလှမှ အစိတ်ပေါ့"

"အင်း ၂၅-နှစ်ရှိပြီ၊ ကျွန်တော့်အသက်"

"အဲဒီတော့ ကိုစိန်နိုင် ကျောင်းပြန်တက်ပြီး ၄-နှစ် ကြိုးစားလိုက်ရင် ဒီဂရီ မရနိုင်ပေဘူးလား"

"ဗျာ ဒီအသက်အရွယ်ကြီးနဲ့ ကျောင်းပြန်တက်လို့ ဖြစ်နိုင် လား မေမေလတ်ရယ်၊ စဉ်းပဲ စဉ်းစားကြည့်စမ်းပါဦး"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ ကိုစိန်နိုင်၊ တစ်ချို့ သား သားနဲ့ လူတွေတောင် ကျောင်းတက်နေကြသေးတာကပဲ"

"ဒီမှာ မေမေလတ် မေးစမ်းပါရစေဦး၊ တကယ်လို့ ကျွန်တော် ကျောင်းမတက်နိုင်တော့လို့ ဒီဂရီမရရင်ကော ဆေးစပ် ကို ထိခိုက်စရာ ရှိနေသလား"

"တိုက်ရိုက် မထိခိုက်တောင် မဲတစ်မဲတော့ လျော့သွားမှာ ပဲ ကိုစိန်နိုင်၊ ရှင်းရှင်းပြောရရင် ကျွန်မတို့ မိန်းမတွေဟာ

www.burmeseclassic.com

များသောအားဖြင့် ဘီအေ၊ အမ်အေ၊ အိုင်စီ အက်စ် စသဖြင့် ဂုဏ်ထူး ဘွဲ့ထူးရှိတဲ့ ယောက်ျားကို ပိုပြီး မက်တတ်ကြတယ်။ အဲဒီတော့ ကျွန်မကိုယ်၌က ဘီအေ၊ ဒီဂရီ ရနေမင့်ဟာပိုပြီးတော့ မမက်သင့်ပေဘူးလားရှင်"

"ဒါကတော့ဗျာ"

"ဒါကတော့ မနေပါနဲ့လေ တကယ်လို့ ကျွန်မသာ ရှုရှအာအာရှင် စတာလင်ရဲ့ သမီးဆိုရင် ရှင်ခုထက်ပိုပြီး သဘော ကျမှာ အမှန်ပဲ၊ ဒါ လူ့သဘာဝရှင့်၊ တကယ်ဆိုတော့ ကျွန်မက သွယ်ဝိုက်ပြီးနေတာ ကိုစိန်နိုင် ကျွန်မကို အစိုးရိမ်ကြီးရန်ကောလို့ ထင်မှာစိုးလို့ ရှင်းရှင်းပြောရရင် ခု ကိုစိန်နိုင်ဟာ မိဘရဲ့ အရိုး အာဝါသကို နိုလှုံပြီး စားနေတယ် မဟုတ်လား၊ ထားတော့ မိဘသေရင်လည်း ဒီအမွေ ရှင်ပဲ ရမှာမို့ ဒီတစ်သက် စားမကုန်နိုင် တာ မှန်တယ်။ ဒါပေမယ့် ပစ္စည်းဆိုတာ သင်္ခါရ ကိုစိန်နိုင် ခုခေတ်မှာသာပြီးတော့ သင်္ခါရ ဖြစ်သေးတယ်။ ကုန်းကောက်စေ တောင် ကျန်မှာမဟုတ်ဘူး။ မတော်တဆ အဲသလိုများ ဖြစ်သွားခဲ့ ရှင်ကျွန်မကို ဘာလုပ်ကျွေးမလဲ"

ကိုစိန်နိုင် တွေသွား၏။

"လင်မရှာနိုင်တဲ့အခါ မယားက ရှာကျွေးရမယ်ဆို တာဝန်ကို မသိလို့ ပြောနေတာ မဟုတ်ဘူးနော်၊ နှစ်ယောက်ရှာ ပိုပြီး ချောင်လည်မှာကို ရည်ရွယ်ပြီး ပြောနေတာပါ။ တကယ် ရှင်သာ ကျောင်းဆက်နေပြီး တက္ကသိုလ်က ဘွဲ့ထူး တစ် ရမယ် ဆိုရင် ရှင်လည်း ဂုဏ်မငယ်ဘူး၊ နောင်ရေးအတွက်လည်း စိတ်ချရရော"



ကိုစိန်နိုင်သည် ခေါင်းငုံ့တွေဝေသွားရာမှ ရုတ်တရက် မော်ကြည့်လိုက်၏။

"ဘာလဲ မေမေလတ် ကျွန်တော် ဘီအေ အောင်မှပဲ နေ့စပ်ရေး အထမြောက်တော့မှာလား"

"ခုန ပြောခဲ့ပြီကော ကိုစိန်နိုင်၊ မဲတစ်မဲသာ ဖြစ်ပါတယ်လို့ တင်စစ်တော့ အဲဒီမဲဟာ ရှင့်အဖို့ရော၊ ကျွန်မအဖို့ပါ အတော်ကလေး တန်ဖိုးရှိတဲ့ မဲရယ်လို့ ကိုစိန်နိုင် သဘောပေါက်လောက်ပါပြီရှင်"

"ကောင်းပါပြီလေ ကျွန်တော် မေမေလတ်ကို ချစ်တယ်၊ တကယ်ပဲ ချစ်တယ်။ အဲဒီတော့ မေမေလတ်ရဲ့ အကြိုက်ကို လိုက်ရမှာပဲ၊ ဒါပေမယ့် ကျောင်းတော့ မတက်ချင်ဘူး။ အလွတ်ပညာ သင်ကျောင်း တက်ပြီး အပြင်ကပဲ ဖြေမယ် ဘယ့်နှယ့်လဲ"

မေမေလတ်သည် ကျေကျေနပ်နပ်ကြီး ပြုံးသွားရာမှ-

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ကိုစိန်နိုင် ဒီဂရီရရင် ပြီးတာပဲ"

"ဒါနဲ့ စကားမစပ် ကျွန်တော် ဘီအေ အောင်မှပဲ လက်ထပ်ဖို့ကိစ္စ စဉ်းစားမှာလား"

ကိုစိန်နိုင် ဤသို့ မေးလိုက်သည်ကို-

"ဒီလို မဟုတ်ပါဘူး ကိုစိန်နိုင်၊ ရှင်ဘီအေ မအောင်ခင် အတောအတွင်းမှာပဲ ကျွန်မ ကျေနပ်လောက်မယ့် သဘောချင်း တိုက်ဆိုင်မှုမျိုးရရင် မင်္ဂလာဆောင်ကိစ္စ ပြီးလိုက်ကြမှာပါပဲ"

ထိုနေ့အဖို့ ထိုမျှလောက်သာ ဆွေးနွေးပြီး ကိုစိန်နိုင်က သူ ပညာဆက်သင်တော့မည် ဖြစ်ကြောင်း ကတိပေးကာ မကြာမီ နှုတ်ဆက်ထွက်ခွာသွား၏။

ညနေ ၄-နာရီသာသာလောက်တွင်မှ ပြန်လာကြသော ဘနှစ်ပါးအား မေမေလတ်သည် ကိုစိန်နိုင်နှင့် ခုနက တွေ့ဆုံ

www.burmeseclassic.com

www.burmeseclassic.com

ဆွေးနွေးကြသည်များကို တစ်လုံးမကျန် ပြန်လည်ပြောပြလိုက်သည်တွင်–

“၇–နှစ်၊ ၈–နှစ် စာနှင့် ကင်းကွာနေပြီးမှ ကျောင်းပြန်နေရမည်ဆိုတော့ သမီးဉစ္စာက အနိုင်ကျင့်ရာ မကျလွန်းဘူးလားကွယ်၊ တင်းလွန်းရင် ပြတ်ဆိုသလို စိတ်မချမ်းသာစရာတွေ ဖြစ်လာရင်တော့ မကောင်းဘူးနော်သမီး”

ဦးဘိုးလတ်က ခေါင်းတရမ်းရမ်းနှင့် ညည်းညူရင်း ဤသို့အပြစ်ဆိုလိုက်၏။

“သမီး ဇွတ်လုပ်ရတာ မဟုတ်ပါဘူး ဖေဖေရယ်၊ အကျိုးသင့်အကြောင်းသင့် ပြောပြပြီးမှ တိုက်တွန်းလို့ သူက ကျေကျေနပ်နပ်သဘောတူတာပါ၊ သူက တင်းတင်းမာမာ ငြင်းဆန်ရင် သမီးကလည်း အပြင်းအထန် တိုက်တွန်းဖို့ မရည်ရွယ်ခဲ့ပါဘူး ဖေဖေရဲ့”

စသဖြင့် နောင်ရေးအတွက်ပါ စိတ်ချရစေလိုသောကြောင့် ဤသို့ကျောင်းနေနိုင်းရခြင်း ဖြစ်သည်တို့ကိုပါ အသေးစိတ် ရှင်းပြလိုက်သည်တွင်မှ ဦးဘိုးလတ် ကျေနပ်သွားတော့၏။

“အေးကွယ် အခွင့်အရေးဆိုတာ ယူလွန်းအားကြီးရင်တစ်ဖက်လူက ရှုံးသွားတတ်တယ် သမီးရဲ့၊ တကယ်ဆိုတော့မောင်စိန်နိုင်ဟာ ခေတ်ပညာ ဒီဂရီ မရပေမယ့် ဝမ်းရေးအတွက်တော့ ဒီလောက်ပူစရာ မလိုပေဘူး။ အရောင်းအဝယ် စီးပွားရေးအလုပ်မှာ တော်ရှာသားပဲ”

“မှန်ပါတယ် ဖေဖေ၊ ဒါပေမယ့်လည်း ခုခေတ် မြန်မာပြည်ရဲ့အခြေအနေက နိုင်ငံရေးသမားတွေ တစ်မိုးလုံး ဖျောက်ဆိပ်လုပ်နေတဲ့အခါမျိုး စီးပွားရေး၊ လုပ်ပြန်ရင်လည်း သွေးစုတ်ကောင် အမြတ်ကြီးစား မနေရှင်လို့ ပုတ်ခတ်ပြီး၊ အစိုးရ လခစား အမှုထမ်းလုပ်တော့လည်း သူတို့ဘက်သား မဟုတ်ရင် မြို့ရိုကရက်၊ အရာရှိဆိုးအညာနဲ့ စွပ်စွဲပြန်ရော၊ တော်ကြာ ဖောက်ပြန်နေတဲ့ ပညာတတ်ပုဂ္ဂိုလ်တန်းစားဆိုတာက ရှိသေးတယ်၊ မခက်ဘူးလား။ ဒါတွေကိုလည်း အသိသားနဲ့၊ သူတို့ နိုင်ငံရေးသမားတွေ အကြိုက်ကိုက်လုပ်ဖို့ သူတို့ဖက် မျှော်ကြည့်လိုက်ပြန်တော့လည်း တိုင်းပြည်ကောင်းအောင် မယ်မယ်ရရ ဘာမှ လုပ်တာ မတွေ့ရဘူး၊ ချင်းချင်း သတ်နေကြတာပဲ မဟုတ်လား ဖေဖေရဲ့”

“အင်း ဒါလည်း ဟုတ်တာပဲ သမီးရယ်၊ လည်သလိုကြည့်လုပ်မှ အစားရချောင်တဲ့ ခေတ်ဖြစ်နေတော့”

“အဲဒါလည်း မသက်သာဘူး ဖေဖေ၊ လည်သလို ကြည့်လုပ်ပြန်ရင်လည်း ခွတုတ်လို့ စွပ်စွဲဦးမှာပဲ”

“တော်တော့သမီးရယ် ဒါတွေ မကြားချင်ဘူး၊ ဖေဖေခေါင်းရှုပ်လာပြီ ကဲ သမီးသာ မောင်စိန်နိုင်နဲ့ တိုင်ပင်ပြီးကြည့်ကြပေတော့”

◆

ထိုသည့်နေ့ နောက်အရက် ၂၀–လောက်ကြာခဲ့ပြီးသောတစ်နေ့၏ ည ၉–နာရီလောက်တွင် စာအုပ် သုံးလေးအုပ်ပိုက်၍ပြန်လာသော ကိုစိန်နိုင်အား ညှေ့ခန်းတွင် ထိုင်၍ စာဖတ်နေသူမေလတ်က ခပ်ပြုံးပြုံး မော်ကြည့်ရင်း–

“ဘယ့်နှယ့်လဲ ကိုစိန်နိုင် အတော်ကလေး မောလာပြီထင်တယ်”

“အင်း စိတ်တော့ နည်းနည်းမောသွားတယ် မေမေလတ်”

ကိုစိန်နိုင်မှာ ဤလို လှမ်းပြောရင်းနှင့်ပင် မေမေလတ်ထံသို့ ရောက်လာပြီး မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

မေမေလတ်၏ တိုက်တွန်းချက်အရ၊ ကိုစိန်နိုင်မှာ အိုင်အေတန်းကို အလွတ်ဝင်၍ ဖြေရန် ဆုံးဖြတ်ခဲ့သည်၌ ဦးဘိုးလတ်ကိုယ်တိုင်က အလွတ်ပညာသင် လတ်တက္ကသိုလ် ကျောင်းအုပ်ကြီးဖြစ်နေခဲ့သည့်တိုင်အောင် ကိုစိန်နိုင် ရှက်မည်စိုးသည်နှင့် အခြားကျောင်းတွင်လည်းကောင်း၊ မိမိကျောင်းတွင်လည်းကောင်း၊ နေ့ခွင့်မပြုဘဲ ဦးဘိုးလတ်ကိုယ်တိုင်ပင် ည ၇–နာရီမှ ၉–နာရီခွဲအထိ အပင်ပန်းခံ၍ သီးခြားသင်ပြခဲ့သည် ဖြစ်ရာ ယနေ့လည်း ကိုစိန်နိုင် စာသင်ချိန်စေ့သည်နှင့် အပေါ်ထပ်မှ ဆင်းအလာတွင် မေမေလတ်က ဤသို့ ဆီးကြိုမေးမြန်းလိုက်ခြင်း ဖြစ်၏။

"စိတ်မောရုံလောက်က မပင်ပန်းပါဘူး ကိုစိန်နိုင်။ တစ်နေ့ကျရင် မပြောကောင်း ပြောကောင်း ချွေးသံရွှဲရွှဲ ပင်ပင်ပန်းပန်း လုပ်ကျွေးနေရမှာစိုးလို့ စေတနာနဲ့ တိုက်တွန်းရတာပါ"

"ဟုတ်ပါတယ်လေ၊ ကျွန်တော်ကလည်း မှန်တာပြောရရင် မေမေလတ်ကို ချစ်လွန်းလို့သာ ကြိတ်မှိတ်ကြိုးစားပြီး သင်နေရတာ အမှန်ကတော့ တယ်ပြီး စိတ်မရှိလှဘူး"

"ဒီလို မလုပ်ပါနဲ့လေ။ ပညာရှိဆိုတာမျိုးက သင်ထားနိုင်သေ အကျိုးရှိလေပဲ မဟုတ်လား။ ဪ ဒါနဲ့ ကိုစိန်နိုင် ဂီတ ဝါသနာပါသလား"

"သိပ်မပါလှဘူး မေမေလတ်၊ အသင့်အတင့်ပဲ"

"ဒါဖြင့် စာပေကော"

"အင်း စာပေတော့ ဝါသနာပါတယ်။ ခုထွက်နေတဲ့ မြန်မာမဂ္ဂဇင်း ဂျာနယ်ရော၊ အင်္ဂလိပ်မဂ္ဂဇင်းတွေပါ မလွတ်တမ်း ဖတ်နေတာပဲ ဘာဖြစ်လို့လဲ"



"မဖြစ်ပါဘူး၊ ကျွန်မနဲ့ ဝါသနာချင်း တူမတူ မေးကြည့်တာပါ။ ကိုစိန်နိုင် စာပေဝါသနာပါတယ်ဆိုတော့ ရုပ်ရှင်လည်း အမြဲကြည့်မှာပေါ့နော်"

"ကျွန်တော့်အဖို့မှာ ပြင်ပ ပျော်ရွှင်မှုဆိုလို့ ရုပ်ရှင်ပဲ ရှိတယ်"

မေမေလတ်သည် ကိုစိန်နိုင် စကားအဆုံးတွင် ခပ်ပြုံးပြုံးကလေး မျက်စောင်းချီလိုက်ကာ...

"ရှင့်မှာ ရုပ်ရှင်ကလွဲပြီး တစ်ခြား ပြင်ပ ပျော်ရွှင်မှု မရှိဘူးဆိုတော့ ကိုစိန်နိုင်ဟာ လူရိုးကလေးပေါ့နော်"

"မေမေလတ်က ကျွန်တော့်ကို ခနဲ့လိုက်တာများလားဗျာ"

"ဟုတ်တယ် ကိုစိန်နိုင်။ ဒီရန်ကုန်မြို့ကြီးမှာ ငွေကို ဖောဖောသီသီ သုံးနိုင်တဲ့ သူဌေးသား လူပျိုတစ်ယောက်က ဒီလို လူရိုးကလေး ဖြစ်နေတယ်ဆိုတော့"

မေမေလတ် စကားမဆုံးမီ ကိုစိန်နိုင်က ကြားဖြတ်၍...

"ဘာကို ရည်ရွယ်ပြီး ပြောနေတာလဲ မေမေလတ်ရယ်"

"စင်စစ်တော့ ဒါဟာ ရှက်စရာ စကားတော့ ဟုတ်မယ် မထင်ပါဘူးနော်။ ကျွန်မ သိချင်တာက ကိုစိန်နိုင် အပျော်အပါး လိုက်မလိုက် ဆိုတာပါပဲ။ ခုနေ မေးရင်တော့ မလိုက်ဘူးပြောမှာပေါ့နော်။ ဒါပေမယ့် အမှန်ကို ကျွန်မလည်း သိနိုင်မှာ မဟုတ်ဘူး။ ကိုစိန်နိုင် အပျော်အပါး လိုက်ခဲ့သည်ဖြစ်စေ၊ မလိုက်ခဲ့သည်ဖြစ်စေ ပေါ့ရှင်။ တစ်ခု တောင်းပန်ချင်တာကတော့ ဒီနေ့က စပြီး အဲဒါတွေ ရှောင်ပါလို့ ဒါပါပဲ"

ကိုစိန်နိုင်မှာ ဘာပြော၍ ဘာဖြေရမည် မသိသလို အောင့်သက်သက် အမူအရာမျိုးဖြင့် ငေးကြည့်နေပြီးမှ–

www.burmeseclassic.com

www.burmeseclassic.com

"ယုံချင်ယုံ မယုံချင်လည်း နေပေါ့ မေမေလတ်၊ ကျွန်တော်တော့ အဲဒါတွေ သေသေချာချာ ကင်းခဲ့တယ်လို့ သစ္စာ ဆိုဝံ့တယ်။ ကျွန်တော်သာ အဲဒီစိတ်မျိုးတွေ ပြင်းထန်ခဲ့ရင် မိန်းမယူပြီးတာ ကြာလှရော့မယ်"

မေမေလတ်သည် တစ်စုံတစ်ရာ ဘာမျှ ပြောဆိုမေးမြန်းခြင်း မပြုသေးဘဲ အောက်နှုတ်ခမ်းကလေးကို အပေါ်သွားဖြင့် ခတ်၍ ကိုက်ရင်း စဉ်းစားသလို တွေနေ၏။

"ကျွန်တော်သာ အဲသလို စိတ်မျိုးတွေ ပြင်းထန်နေခဲ့ရင် မိန်းမယူပြီးတာ ကြာလှရော့မယ်"

ထိုစကားသည် ကိုစိန်နိုင် အပျော်အပါး ကင်းကြောင်းခိုင်လုံသော အထောက်အထားဟူ၍ မေမေလတ် ယူဆ၏။ ယခုခေတ် ယောကျ်ားများမှာ အသက် ၂၀–ဆိုလျှင်ပင် သားနှင့်မယားနှင့် ဖြစ်နေကြသည်။ မေမေလတ်တို့ ခြံနှင့်ကပ်လျက်ရှိသော အိမ်တစ်အိမ်မှ တက္ကသိုလ်ကျောင်းသားတစ်ယောက်သည်ပင် အသက် ၁၈–နှစ်သာ ရှိပါသေးလျက် ကလေးတစ်ယောက်အဖေ ဖြစ်နေသည်ကို မြင်ယောင်လာ၏။

ကိုစိန်နိုင်မှာမူ အသက် ၂၀ကျော်၍ ၆–နှစ်ပင် စွန်းပြီ ဖြစ်ပါလျက် ယနေ့တိုင် လူပျိုဘဝနှင့် ရှိနေသေးသည်မှာ စဉ်းစားစရာ ဖြစ်နေ၏။ မရနိုင်၍ကား မဟုတ်တန်ရာ။ မေမေလတ်နှင့် တွေ့သည့်မှစ၍ ယနေ့တိုင်အောင် ကိုစိန်နိုင်၏ ပြောဆိုဆက်ဆံမှာ မ,သတ္တဝါနှင့် တစ်ခါတစ်ခါမျှ ပွဲတိုးဖူးသည့် အမူအရာမျိုး အတော်ကလေး ရက်ရှု့သည့် အသွင်မျိုးဆောင်နေတတ်သည်ဖြစ်သောကြောင့် အပျော်အပါးနှင့် ကင်းတန်ရာ၏ဟု မေမေလတ် အကဲခတ်မိသော်လည်း လုံးလုံးလျားလျားကား စိတ်မချသေး ကုတ်ကုတ်ကလေးနှင့် ကမြင်းသော ယောကျ်ားမျိုးလည်း ရှိတတ်သေးသောကြောင့်–

"မယုံတယုံဘဲ ဆိုပါတော့ရှင်။ ဒါပေမယ့် နည်းနည်းတော့ ကျေနပ်ပါတယ်။ စကားမစပ် ခုအပတ်ထဲ ဘယ်ရုံကကား ကြည့်ပြီးပြီလဲ ကိုစိန်နိုင်"

"တစ်နေ့ကတော့ (The Kissing Bandit) ကြည့်တယ်။ အတော် • ရယ်ရတဲ့ကားပဲ။ ဒီပြင်ရုံတွေမှာတော့ ဒီအပတ်တယ် ကောင်းလှဘူး"

မေမေလတ်သည် မျက်နှာကျက်ကို ခပ်မော့မော့ကလေး ကြည့်နေရာမှ ကိုစိန်နိုင်ဘက်သို့ လှည့်လိုက်ကာ–

"ကာလ်တန်မှာ တာဇံပြနေတယ် မဟုတ်လား ကိုစိန်နိုင်။ တာဇံ စွန့်စားခန်းတွေ ရှင်မကြိုက်ဘူးလား"

"လုံးလုံး မကြိုက်ဘူးတော့ မဟုတ်ပါဘူး။ တစ်ခါတစ်လေ ကြည့်ချင် ကြည့်လိုက်တာပါပဲ"

"ကျွန်မတော့ တာဇံကို သိပ်သဘောကျတာပဲ၊ တာဇံဟာ တောတွင်းသား လူရိုင်းအသွင် ဖန်တီးထားပေမယ့် မတရားမလုပ်ဘူး၊ သစ္စာရှိတယ်၊ ဒုက္ခရောက်နေတဲ့ လူမပြောနဲ့ တိရစ္ဆာန်ကိုတောင် ကယ်ဆယ်တတ်တယ်။ တာဇံဟာ လူရိုင်းတောတွင်းသားပေမယ့် မြို့နေလူတန်းစားတွေလို ကောက်ကျစ်မှု၊ တစ်ကိုယ်ကောင်းကြံမှု၊ ကြွားဝါမှု မရှိဘူး။ အဆုံးမတော့ တာဇံဟာ အမူအရာ ကြမ်းတမ်းသလောက် ရိုးသားပြီး ကိုယ်ကျင့်တရားကောင်းတဲ့ တကယ့်လူ ဖြစ်သရုပ်ဖော်ထားတာမို့ တာဇံဆိုရင် ကျွန်မ ဘယ်တော့မှ ကြည့်မလွှတ်ဘူး။ အမြဲကြည့်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ခုပြနေတဲ့ တာဇံလည်း ကြည့်ပြီးပြီပေါ့။ အတော် ကောင်းသလား မမေလတ်"

"ဟင့်အင်း မကြည့်ရသေးဘူး။ တစ်နေ့သွားမယ်၊ တစ်ေ သွားမယ်ဟာနဲ့ အချိန်ကို မရဘူး"

"ကျွန်တော် လိုက်ပြမယ်လေ ကြည့်မလား"ဟူသေ စကားမျိုးကို အလိုရှိ၍ ရေလာမြောင်းတူးသလို ခပ်မြူးမြူးကလေ ပြောလိုက်သည့်တိုင်အောင် ကိုစိန်နိုင်ကား အင်းအဲမလုပ်နှ ငုတ်တုတ်ကြီး တွေနေပြီးမှ-

"ဒါဖြင့်လည်း နက်ဖြန် ၆-နာရီပွဲ ကြည့်ပါလား ကျွန်တော် လက်မှတ် ဝယ်ခဲ့မယ်လေ။ နို့ ဦးလေးတို့ကော"

"ဖေဖေတို့ ရုပ်ရှင် သိပ်မကြည့်ကြတော့ဘူး။ နှစ်စော ဝယ်ခဲ့ပေါ့"

"ကောင်းပြီလေ နက်ဖြန် ကျွန်တော့်အတွက် ကျော တစ်ရက်ပိတ်ပေးဖို့ ဦးလေးကို ပြောရဦးမှာပဲ"

ကိုစိန်နိုင်က ရှိုးရိုးယဉ်ယဉ်ကလေး မျက်လုံးထုတ်လိုက်သည မမေလတ် သဘောကျသွားဟန်တူ ပြုံးနေ၏။

"ဒါနဲ့ ကျွန်တော်တို့ နှစ်ယောက်တည်း သွားလို့ တော် မလား မမေလတ် ဟင်"

"အောင်မယ်၊ ဒါ ကျွန်မက မေးရမယ့် စကား ကိုစိန်နိုင်။ နှစ်ယောက်ထဲသွားတော့ ဘာဖြစ်သလဲ၊ ကိုယ့်အချင်းချ စည်းစောင့်ရင် ပြီးတာပဲ မဟုတ်လား"

"သြော် မမေလတ်က ကျွန်တော့်ကို အတိအ ရွေးချယ်သေးတာ မဟုတ်တော့ မတော်တဆ ကိုမင်းမောင် မြင်သွားရင် ဘာဘာညာညာ ထင်မစိုး[illegible]ပါဗျာ"

မမေလတ်သည် သူ့အား ကိုစိန်နိုင် ခနဲ့လိုက်ခြင်း ဖြစ်သည်ကို သိ၏။ သို့သော် မကျေနပ်သော အမူအရာ လုံးဝမပြဘဲ ထိုသို့ အချစ်ကြောင့် ဖြစ်ပေါ်လာသော မနာလိုမှုနှင့် ခနဲ့လိုက်သည် ကိုပင် သဘောကျသွားသည့်အလား မမေလတ်သည် ခပ်ဟားဟား ကလေး ရယ်လိုက်ပြီးမှ-

"ကဲ ဆရာကြီး ကြွပေဦးတော့၊ ဟိုမှာ ၉-နာရီ ခွဲနေပြီ"ဟု ပြောရင်း မမေလတ်က ထ၍ သံတံခါး ဖွင့်ပေးလိုက်သည်နှင့် ကိုစိန်နိုင်လည်း ခါတိုင်းထက်ထူးပြီး မြူးမြူးရွှင်ရွှင် နှုတ်ဆက် ထွက်ခွာသွား၏။

◆

နောက်တစ်နေ့ ညနေ ၃-နာရီခန့်တွင် ကိုစိန်နိုင်မှာ မန္တလေးမှ ရောက်လာသော ပိုးထည်အထွာများကို ထုထယ် တစ်ဦးအား ဖွင့်ခိုင်း၍ သူကိုယ်တိုင်လည်း စာရင်းစာအုပ် တစ်ချက် ဖြင့် အလုပ်ရှုပ်နေ၏။ နာရီဝက်သာသာခန့်တွင် သေတ္တာသုံးလုံးထဲမှ အထည်များ စားပွဲကြီး တစ်လုံးပေါ်သို့ နေရာတကျ ရောက်သွားကာ စာရင်းအင်းပါ ရေးမှတ်ပြီးသည်နှင့်-

"ကဲ ကျင်မောင်ရေ ယောဒီ ကျစ်ပိုးချိတ် လုံချည် အုပ် ၃၀ ကို ဗိုလ်ချုပ်ဈေးက "ယွန်း"ပိုးထည်တိုက်ကိုပို့၊ ဒီမြောက် ပြင်အုပ် ၃၀-က ကုန်ဈေးတန်း ဦးမောင်ကလေး-ဒေါ်ကျုပ်ဆိုင်ကို ပို့ရမယ်။ ကျန်တာတွေတော့ နက်ဖြန်မှ ပို့ပေါ့ကွာ အချိန်မရှိဘူး။ ကဲ အထည်တွေ ကားပေါ်တင် မြန်မြန်သွား မြန်မြန်လာ"

ကျင်မောင်ဆိုသူသည် ကိုစိန်နိုင် အမိန့်ပေးသည့်အတိုင်းပင် လျှင်မြန်ဖျတ်လတ်စွာ အထည်များကို ပွေ့ယူဆင်းသွားပြီး ကုန်ကား ပေါ်တင်၍ မောင်းနှင်ထွက်ခွာသွား၏။

www.burmeseclassic.com

www.burmeseclassic.com

၄၅–မိနစ်အကြာတွင် ကျင်မောင် ပြန်ရောက်လာပြီး စားပွဲပေါ်မှ အထည်များကို မှန်ဗီရိုထဲသို့ စနစ်တကျ ထည့်၍ သော့ခတ်လိုက်ကာ မှန်တင်ခုံရှေ့တွင် ရပ်၍ ခေါင်းဖီးနေသော ကိုစိန်မောင်ဆီသို့ လျှောက်လာပြီး သော့တွဲကို လှမ်းပေးရင်းက ပြုံးစေ့စေ့နှင့် ကြည့်လိုက်ပြီး–

"ဒီနေ့ အဖို့ရာမှာ အစ်ကိုလေးတော့ သိပ်ပျော်နေမှာပဲနော်၊ မမလတ်နဲ့ စုံတွဲ ရုပ်ရှင်ကြည့်ရမှာမို့ ဇိမ်ပဲ"

"မဖိမ်ပါဘူး ကျင်မောင်ရာ သူငါ့ကို အသေအချာ ယူမယ်လို့ ဆုံးဖြတ်သေးတာ မဟုတ်ဘူးကွ၊ ငါ့မှာသာ မစားရ ဝ,ကမန်းဖြစ်နေတာ၊ ဤှိုင်းကျင်မောင် အစ်ကိုလေး ခုနမှာလိုက်ဟာ မေ့သွားတယ် တတ်ဆီ ၄–ဂါလံ သွားဝယ်ပြီး အောက်ကပဲ စောင့်နေတော့"ဟု ပြောရင်း ကိုစိန်နိုင်က ဆယ်တန်တစ်ရွက် ပေးလိုက်သောကြောင့် ကျင်မောင်လည်း ပိုက်ဆံကို လှမ်းယူလျက် သွက်လက်စွာ ပြေးဆင်းသွားပြန်၏။

ညနေ ၄–နာရီသာသာခန့်တွင် ဒန်ရည်သုတ်အပို ကိုရိယာတန်ဆာပလာများဖြင့် မွမ်းမံထားသောကြောင့် ထူးထူးခြားခြားလှနေသော ငွေစိမ်းရောင် (ငွေမှုန်နှင့် အစိမ်းရောထားသောဆေးရောင်) ဂျစ်ကားကလေးတစ်စင်းသည် ဆိပ်ကမ်းသာလမ်းထဲမှ မြောက်ဖက်သို့ ခပ်ပြင်းပြင်း မောင်းထွက်လာပြီး အနောက်ဖက်သို့ ချိုးကွေ့သွားကာ ၃၂–လမ်းထိပ်သို့ ရောက်သည်နှင့် ရုပ်ရှင်ရုံတစ်ရုံရှေ့တွင် ထိုးရပ်လိုက်၏။

ချက်ချင်းဆိုသလိုပင် ဂျစ်ကားပေါ်မှ ကိုစိန်နိုင် ဆင်းလာပြီး လက်မှတ်ရုံတွင် အထူးတန်းလက်မှတ် ၂–စောင်ယူ၍ ကားပေါ် ပြန်ထိုင်လိုက်သည်နှင့် ဂျစ်ကားလည်း အရှေ့ဘက်သို့ ပြန်ကွေ့

ဆောင်းနှင်သွားကာ ပန်းဆိုးတန်းထဲ ချိုးဝင်ပြီး သုံးထပ်တိုက်ဝါကြီးတစ်လုံးရှေ့တွင် ရပ်ဆိုင်းသွားပြန်၏။

ကိုစိန်နိုင်သည် ကားပေါ်မှ ဆင်းပြန်ကာ ထိုတိုက်ပေါ်သို့ ပြေးတက်သွားပြီး ဒုတိယအထပ်၏ လက်ျာဘက် အခန်းသို့ ချိုးကွေ့ဝင်သွားသည်တွင် စားပွဲတစ်လုံး၌ ထိုင်နေသော မေမေလတ်သည် မျက်နှာချင်းဆိုင်မှ လူရွယ်တစ်ယောက်နှင့် ရယ်ကာမောကာ စကားပြောနေသည်ကို တွေ့ရသောကြောင့် ကိုစိန်နိုင်မှာ မသိမသာ မျက်နှာပျက်သွား၏။

မေမေလတ်မှာမူ မျက်နှာထား အမူအရာ အနည်းငယ်မျှ မပျက်ဘဲ သွက်လက်စွာပင် စကားပြောနေရာမှ–

"ကဲ ကိုစိန်နိုင် ရှင်သွားနှင့်ပြီး အိမ်ကပဲ စောင့်ပေတော့နော် ညွှန်မ ဖေဖေနဲ့မှပဲ ပြန်လာခဲ့မယ်"

မေမေလတ်က ခပ်အေးအေးပင် ပြောလိုက်သောကြောင့် ကိုစိန်နိုင်မှာ ကုလားထိုင် အလွတ်တစ်ခုတွင် ထိုင်မည်ပြုပြီးမှ ခတ်ချင်းပင် လှည့်၍ ထွက်လာခဲ့ရတော့၏။

ဂျစ်ကားပေါ်တွင် ထိုင်၍ ငိုင်တိငိုင်တိုင်နှင့် ပါလာသော ကိုစိန်နိုင်၏ မျက်နှာထားမှာ စောစောကလောက် ရွှင်လန်းသာယာခြင်း မရှိတော့ပေ။ တစ်စုံတစ်ရာသော တွေးကွက်တွင် နက်နက်နဲနဲ တွေးစားနေသကဲ့သို့ သူ့မျက်လုံးများမှာ ရီဝေဝေ ဖြစ်နေ၏။

"ကောလိပ်ကျောင်းရောက်ပြီးတဲ့ မိန်းကလေးမှန်ရင် များသောအားဖြင့် အနောက်နိုင်ငံသူဆန်ကုန်ကြတာပဲ၊ မြန်မာပီပီ ဘုန်းသိက္ခာမရှိတော့ဘူးလို့ ကြားဖူးတယ် ဟုတ်မှာပဲ၊ ပြီးတော့ ယောက်ျားကိုလည်း လူမထင်ဘူး၊ အထူးသဖြင့် အင်္ဂလိပ် စာမတတ်တဲ့ လူဆိုရင် အင်း ဒါလည်း မမှားဘူး သူငါ့ကို

www.burmeseclassic.com



ဒီလိုပဲသဘောထားပုံရတယ်၊ ပြောပုံ၊ ဆိုပုံကလည်း မောက်မောက် မာမာနဲ့ ခက်တာပဲ ဒီလိုဟာမျိုးမှ ငါက ရွေးပြီး ချစ်နေမိတော့"

ကိုစိန်နိုင်မှာ ဤသို့ စိတ်ထဲမှ ရေရွတ်၍ တွေးရင်း ငေးရင်းနှင့်ပင် ဦးထွန်းမြတ်လမ်းရှိ မေမေလတ်တို့ ခြံထဲ ရောက်လာခဲ့၏။

"ဘယ့်နှယ့် မောင်စိန်နိုင် ဒီနေ့ ညနေ မေမေလတ်နဲ့ ရုပ်ရှင်သွားကြမလို့ဆို၊ အင်း မင်းနဲ့တော့ အတော်ကလေး လေပေးဖြောင့်နေပြီ ထင်တယ်၊ ရွယ်တူယောကျ်ားကလေး တစ်ယောက်နဲ့ လွတ်လွတ်လပ်လပ် ရုပ်ရှင်ကြည့်တာ ဒါ- ပထမဆုံးအကြိမ်ပဲကွဲ့"

ခြံအတွင်း သစ်ပင်ရိပ်ကောင်းကောင်းတွင် လမ်းလျှောက်ရင်း စိပ်ပုတီးစိပ်နေသော ဒေါ်ဒေါ်မေအား ကိုစိန်နိုင် သွားရောက် နှုတ်ဆက်သည့်တွင် ဤလို ဆီး၍ ပြောလိုက်ခြင်းကြောင့် ကိုစိန်နိုင် ရုတ်တရက်သော် အတော်ကလေး ဝမ်းသာသွား၏။

"သူက မအေမို့ သမီးဘက်လိုက်ပြီး ဝါဒဖြန့်တာ ထင်ပါရဲ့" ဟူသော အတွေးဝင်လာသည်နှင့် အဆိုပါ ဒေါ်ဒေါ်မေ၏ စကားမှ ကိုစိန်နိုင်အဖို့ မထူးခြားတော့သလို ဖြစ်သွားပြန်၏။

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ခုတော့ဖြင့် လေပေးဖြောင့်ပါတယ်၊ ကျွန်တော်ကလည်း သူနဲ့ စိတ်သဘောချင်း တိုက်ဆိုင်မှုရအောင် တတ်နိုင်သလောက် ကြိုးစားနေရက်ပါပဲ ခင်ဗျာ"

"ကြားရတာ ဝမ်းသာစရာပဲ မောင်စိန်နိုင်၊ ဒါပေမယ့် ငါ့တူသဘောကောင်းသလောက် သူ နဲ့ဆိုးဆိုးနေတာမို့ ဒေါ်ဒေါ်ပြ အားနာလှပါပြီကွယ်"

"မလိုပါဘူး ဒေါ်ဒေါ်ရယ်၊ ကျွန်တော်ကိုယ်၌က သူ့ကို ချစ်လို့ သူ့စိတ်ကြိုက်လိုက်ပြီး"

ထိုအခိုက်မော်တော်ဆိုင်ကယ်သံတစ်ခု ပေါ်လာသည်နှင့် လှည့်ကြည့်လိုက်ကြသည်တွင် မီးခိုးရောင် သက္ကလပ်ဘောင်းဘီရှည် တွက်အင်္ကျီအပြာ အဖြူပြောက် လည်စီး (နက်တိုင်)နှင့် ဦးထုပ် ပျော့ဆောင်းကာ တကယ့် ဘိလပ်သား စတိုင် ဝတ်စား၍ မော်တော်ဆိုင်ကယ် စီးဝင်လာသော ကိုမင်းမောင်ကို တွေ့ရ၏။

"ဟလို ကိုစိန်နိုင်၊ ဘယ်အချိန်က ရောက်နေသလဲ လတ် တစ်ယောက်တော့ ကျောင်းက ပြန်မလာသေးဘူး မှတ်တယ်"

ကိုမင်းမောင်သည် ကိုစိန်နိုင်တို့ ရပ်နေသော နေရာအထိ မော်တော်ဆိုင်ကယ်ကို စီးဝင်လာပြီး ဤသို့ မေးလိုက်သော်ကြောင့်

"ကျွန်တော်ရောက်တာ မကြာသေးပါဘူး ကိုမင်းမောင် မေမေလတ်တော့ ကျောင်းမှာ တွေ့ခဲ့တယ်၊ ခုပြန်လာမယ် ပြောတာပဲ"

ကိုမင်းမောင်သည် မော်တော်ဆိုင်ကယ်ကို ဒေါက်ထောက်၍ ရပ်ထားလိုက်ပြီးမှ ဒေါ်ဒေါ်မေဘက်သို့ လှည့်ကာ-

"ဒေါ်ဒေါ်တို့ကော အားလုံး နေကောင်းကြရဲ့နော်"

"အေး၊ အားလုံးပဲ နေကောင်းကြပါတယ်ကွယ်၊ ကဲလာကြ အိမ်ထဲ ထိုင်ချည်ရအောင်"ဟု ဒေါ်ဒေါ်မေက ရှေ့ဆောင်ခေါ်သွား သဖြင့် ကိုစိန်နိုင်ရော ကိုမင်းမောင်ပါ နောက်မှ လိုက်သွားကြ၏။ ဒေါ်ဒေါ်မေလည်း ဧည့်ခန်းသို့ ရောက်သည်နှင့် ကိုစိန်နိုင်တို့ကို စကားပြောနေနှင့်ကြရန် မှာကြားလျက် နောက်ဖေးဘက်သို့ လှမ်း ဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ့်လဲ ကိုစိန်နိုင်၊ အလုပ်အကိုင် အရောင်းအဝယ် ကော တော်တော်ဟန်ရဲ့လား"ဟု ကိုမင်းမောင် စကားေ လိုက်သဖြင့်–

"မှန်မှန်ပါပဲ ကိုမင်းမောင်၊ ထယ်တော့ မကောင်းလှပါဘူး"

"ဒါနဲ့ ခု ခင်ဗျား ကောလိပ်မှာ ဒီဂရီယူဖို့ လတ်တို့ ဖေဖေ ဆီမှာ သင်တန်းတက်နေတယ်ဆို၊ လတ်ပြောပြမှပဲ ကျွန်တော်သိ တော့တယ်"

သို့ ကိုမင်းမောင် မေးလိုက်သည်နှင့် ကိုစိန်နိုင် ရှက်သွား လားမသိ၊ ရုတ်တရက် မျက်နှာပျက်သွားပြီးမှ။

"ဟုတ်တယ် ကိုမင်းမောင်။ မေမေလတ်က သူ့ တကယ်ချစ်ရင် တက္ကသိုလ်က ဘွဲ့တစ်ခုခု ရအောင် ယူရမယ်ဆိုလို့"

"အဲဒါ သူကတော့ ခင်ဗျားကို တကယ် ချီးကျူးစကား ပြောတာပဲ။ လတ် တစ်ယောက်ဟာဖြင့် အတော် အကဲခတ်ရခက် မိန်းကလေးပါပဲဗျာ။ ကျောင်းမှာကတည်းက သူ့စိတ်သဘောထား ဒီအချက်မှာ ဒီလိုဖြစ်မှာပဲလို့ တွက်လိုက်ရင် လွဲတာက များတယ် အကဲဖမ်းလို့ကို မမိဘူး"

ထိုစကားကြားရသည်နှင့် ကိုစိန်နိုင်မှာ မေမေလ အပေါ်တွင် ထားခဲ့သော မျှော်လင့်ချက်အတွက် အတော်က စိတ်ပျက်သလို ဖြစ်သွားမိ၏။ "ငါ့ကို လှည့်စားနေတာများလား" ဟူ၍လည်း စိတ်ထဲမှ ရေရွတ်လိုက်၏။

"နို့ပေမယ့် လတ်ဟာ သူကတိတစ်ခုပေးမိရင် ဘယ်တော့ မဖျက်ဘူးဗျ။ ဒါ တစ်ခုတော့ အတော်ချီးမွမ်းစရာ ကောင်းတယ်"

ဤတွင်မှ ကိုစိန်နိုင် အသက်ရှူဖြောင့်သွားရှာတော့၏။



မကြာမီပင် ဒေါ်ဒေါ်မေနှင့်အတူ မိန်းကလေးတစ်ယောက် ကော်ဖီဗန်းနှင့် ထွက်လာပြီး ကိုစိန်နိုင်တို့အား ကော်ဖီတစ်ခွက်စီ လှမ်းပေးကာ ရောနှော၍ ထိုင်လိုက်သောကြောင့် မေမေလတ် ပြဿနာ ဆွေးနွေးချက်မှာ ဤတွင် တစ်ခန်းရပ်သွားတော့၏။

ဒေါ်ဒေါ်မေ၊ ကိုစိန်နိုင်၊ ကိုမင်းမောင်တို့မှာလည်း ထိုထိုဤဤ စကားများပြောရင်းနှင့်ပင် ငါးနာရီ ထိုးခဲ့ပြီ ဖြစ်သော်လည်း မေမေလတ် ပေါ်မလာသေးသောကြောင့်–

"ကဲ ဒေါ်ဒေါ်။ ကျွန်တော့်ကို ခွင့်ပြုပါဦး။ ဒီပြင် သွားစရာ ကိစ္စကလေး ရှိနေသေးလို့ လတ်ကို မစောင့်တော့ဘူး။ ကျွန်တော် အလည်လာတယ်သာ ပြောလိုက်ပါတော့ ခင်ဗျားနေ သွားမယ် ကိုစိန်နိုင်"

ပြောပြောဆိုဆိုပင် ကိုမင်းမောင်လည်း ထိုင်ရာမှ ထ၍ ထွက်သွား၏။ ကိုမင်းမောင်နှင့် ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပင် ဒေါ်ဒေါ်မေကလည်း "ထိုင်ဦးနော်"ဟု ပြောကာ အပေါ်ထပ်သို့ တက်သွားပြန်၏။ သို့နှင့် ကိုစိန်နိုင်မှာ တစ်ယောက်တည်း တွေးရင်း ဟိုငေးသည်ငိုင်နှင့်ပင် ၅–နာရီခွဲသွားတော့၏။ မေမေလတ် ကား ရောက်မလာသေး။

"ကျောင်းမှာ သူနဲ့ထိုင်ပြီး စကားပြောနေတဲ့ လူဟာလည်း သူ့မေတ္တာကို တောင်းဆိုနေတဲ့ လူတစ်ယောက်ပဲ ထင်ပါရဲ့။ သူတို့နှစ်ယောက် စကားပြောနေပုံဟာလည်း အတော် ရင်းနှီးပုံ ရတယ်။ ကိုမင်းမောင်ပြောသလို အတော် အကဲဖမ်းရခက်တာပဲ။ ငါတော့ မသေချာတဲ့ အလုပ်တစ်ခုကို စိတ်အပင်ပန်းခံပြီး လုပ်နေမိသလို ဖြစ်နေရင်တော့"

ကိုစိန်နိုင်သည် မေမေလတ်အပေါ်တွင် နှစ်ခုစိတ်ကာကာ ချစ်သလောက် စစ်စစ်ပေါက်ပေါက် တွေးကာ ရင်လေးလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ့်ဆရာကြီး ပျင်းနေပြီလား"

ရုတ်တရက်ပေါ်လာသော မေမေလတ်အသံကြောင့် ကိုစိန်နိုင်မှာ ထိတ်လန့်သလို တုန်လှုပ်သွားရင်း ချာခနဲ လှည့်ကြည့်လိုက်၏။

"အင်း။ ဒါတော့ ကိုယ်ချင်းစာကြည့်ပါလား မေမေလတ်ရယ်"

မိတ်ဆွေသဘောလည်းမက ချစ်သူအနေနှင့်လည်း မကျသော ခနဲ့မျိုးဖြင့် ခပ်ညည်းညည်းပြောလိုက်သောကြောင့် မေမေလတ်မှာ ပါးကလေးချိုင့်သွားအောင် ပြုံးရင်းက–

"အိုင်အမ် ဆောရီး ကိုစိန်နိုင်၊ ကျွန်မ တောင်းပန်ပါတယ်ရှင်။ အလိုက်မသိတဲ့ လူတစ်ယောက်ကို လက်ခံစကားပြောမိလို့ ခုလို ဖြစ်ရတာပဲ။ ဒါတောင် ကျွန်မက ဗွတ်ထပြီး ထွက်လာလို့ပေါ့။ နို့မို့ရင် ဘယ်အချိန်ထိများ ထိုင်နေဦးမယ် မသိဘူး"

မေမေလတ်သည် ရယ်နေရင်းကပင် ဤသို့ ပြောလိုက်၏။

"ဘယ်ကလူလဲ မေမေလတ်"

"ဘယ်ဌာနချုပ်က ဘာအတွင်းရေးမှူးဆိုလား မပြောတတ်ပါဘူးရှင်။ နိုင်ငံရေးအရေးခြုံပြီး ပွနေတဲ့ လူပေါ့၊ အင်ပို့လိုင်စင်နဲ့ ဆွယ်ပြီး ကျွန်မကို ခေါ်နေတဲ့ လူပေါ့။ အင်ပို့လိုင်စင်နဲ့ ကျွန်မတို့ ပညာရေးကျောင်းအလုပ်နဲ့ ဘာဆိုင်တာမှတ်လို့ရှင်"

"ဒါတော့ မပြောနဲ့လေ။ ငါးပိသည်တောင် အထည်လိုင်စင် ရနေတော့"

"အို ဒါတွေကို ကျွန်မတို့ ဝါသနာမပါဘူး၊ ရှုပ်ရှုပ်ရှက်ရှက် ကိုယ့်ဟာကိုယ် ရိုးရိုးသားသားပဲ လုပ်စားချင်တယ်။ ကဲ ဒါက အရေးမကြီးဘူး လက်မှတ်ကော ဝယ်လာရဲ့ မဟုတ်လား"



"ဝယ်မလာလို့ ဖြစ်မလားဗျာ၊ ဒါ ကျွန်တော့် မျှော်လင့်ချက်အတွက် မဲတစ်မဲပဲ ဥစ္စာ"

မေမေလတ်သည် အသံကလေးများပင်ထွက်အောင် ရယ်လိုက်ပြီးမှ–

"ကဲ ဒါဖြင့် ကျွန်မ ရေမိုးချိုးပြီး အဝတ်အစားလဲလိုက်ဦးမယ်"

၆–နာရီ ထိုးပြီး၍ ၄–မိနစ်လွန်ခဲ့ပြီးဖြစ်သော အချိန်တွင် ဦးထွန်းမြတ်လမ်းထဲမှ ဖြည်းဖြည်းမှန်မှန် မောင်းထွက်လာသော ဂျစ်ကားကလေး တစ်စင်းသည် ကန်တော်ကြီးပတ်လမ်းထိပ်သို့ ရောက်သည်နှင့် လက်ျာဘက်သို့ ချိုးကွေ့လိုက်၏။

"စောစောကတောင် ကိုမင်းမောင် လာသေးတယ်လေ၊ မေမေလတ် မရောက်နိုင်တာနဲ့ ပြန်သွားတယ်"

ကားရှေ့တွင် ဒရိုင်ဘာကျင်မောင်နှင့် ယှဉ်ထိုင်လိုက်လာသူ ကိုစိန်နိုင်က နောက်သို့ သမင်လည်ပြန် လှည့်ကြည့်ရင်း ပြောလိုက်သောကြောင့်–

"ဟင် ဟုတ်လား ကိုစိန်နိုင်၊ သူ ဘာကိစ္စလာထားတဲ့လဲ"

"ဒါကို ကျွန်တော် မေးသင့်ပါ့မလား မေမေလတ်"

"အင်း ဒါလည်း ဟုတ်တာပဲ။ နို့ ကျွန်မတို့ ရုပ်ရှင်ကြည့်မယ် ဆိုတဲ့အကြောင်းကော သူ့ကို ပြောလိုက်သေးသလား"

စိုးရိမ်နေသလို မျက်နှာထားနှင့် အူယားဖားယား မေးနေပြန်၏။

"သူက မေးသည့်တိုင်အောင် ကျွန်တော် မပြောဘူးဆိုတာ ယုံစေချင်တယ်။ ဒါတွေက စိတ်သဘောထားနုပြီး အင်မတန် အပေါစားကျတဲ့ လူတွေရဲ့ ကြွားဝါမှုတွေပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မေမေလတ်သည် နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်၏။

"အဲသလို သဘောထားကြီးမှ ကျွန်မ သဘောကျတာ… ကိုစိန်နိုင်၊ ဒါလည်း ရှင့်အဖို့ မဲတစ်မဲပါပဲ"

ကိုစိန်နိုင်အဖို့ မဲတစ်မဲရသည် မှန်သော်လည်း သူ့အမူအ… မှာ ကျေနပ်လှသည့်အသွင်မျိုး ဖြစ်မလာဘဲ မေမေလတ်… လှုပ်ရှားနေသော စကားအရ ကိုမင်းမောင်အပေါ်၌ မေမေလတ်သ… မိမိထက်ပင် ချိန်ခွင်ညာ အထွက်ပိုသလိုလို ရင်တမိမိနှင့် တွေး… မိ၏။ သို့နှင့်ပင် ကာလ်တန်ရုံသို့ ရောက်လာကြပြီး ကားပေါ်မှဆင်… ရုံတွင်းသို့ တောက်လျှောက်ဝင်သွားကြ၏။

အချိန်မှာ ၆–နာရီနှင့် ၁၀–မိနစ်ခန့်သာ ရှိသေးသောကြော… မေမေလတ်တို့မှာ တိုတိုထွာထွာ စကားပြောရန် အချိန်ရနေ… သည်နှင့်–

"ဘာစားမလဲ မေမေလတ်"

"ဟင့်အင်း ဘာမှ မစားဘူး ကိုစိန်နိုင်၊ အားလပ်ချိန်… ပဲ တစ်ခုခု သောက်ကြတာပေါ့"

ယခုကဲ့သို့ အဖြေပေးလိုက်သော မေမေလတ်၏ အသံ… အဘယ်ကြောင့်ဟူ၍မသိ၊ ခါတိုင်းကဲ့သို့ ရဲတင်းပြတ်သားခြင်း… တစ်စုံတစ်ရာကြောင့် တုန်ခါနေသည်ဟု ထင်ရ၏။

မျက်နှာထား အမူအရာမှာလည်း ဣန္ဒြေပျက်လောက်… မဟုတ်သည့်တိုင် ယခင်ကနှင့် စာလျှင် ရက်သလိုလို အသွင်… ဆောင်နေ၏။

"ဒီမှာ မေမေလတ်၊ ခင်ဗျား စိတ်မဆိုးဘူးဆိုရင်… တစ်ခု မေးချင်တယ်"

"ဘာများပါလိမ့် ကိုစိန်နိုင်"



"အော် ဒီအရင်က မေမေလတ်ဟာ ခုလို ယောကျ်ား မိတ်ဆွေနဲ့ နှစ်ယောက်ချင်း လွတ်လွတ်လပ်လပ် သွားလာဖူး သလားလို့"

သို့ ကိုစိန်နိုင် မေးလိုက်သည်နှင့် မေမေလတ်၏ ဖြူဝင်းသော အသားကလေးမှာ ပန်းနုရောင်သန်းသွားလျက်–

"တကယ်လို့ ယောကျ်ားမိတ်ဆွေတွေနဲ့ နှစ်ယောက်ချင်း လွတ်လွတ်လပ်လပ် သွားလာဖူးတယ်ဆိုရင် ကျွန်မနဲ့ လက်ထပ်ဖို့ ကိစ္စမှာ အနှောက်အယှက်ဖြစ်မယ့် အမဲကွက်တစ်ခုလို့ ကိုစိန်နိုင် ယူဆမယ်ဆိုပါတော့"

မေမေလတ်၏ အသံမှာ မာမာနှင့် ထန်နေ၏။

"ဒီလိုတော့ မဟုတ်ပါဘူး မေမေလတ်၊ တကယ်လို့ ဒီပြင် ယောကျ်ားမိတ်ဆွေနဲ့ မသွားမလာဘူးဘဲ ခုလို ကျွန်တော်နဲ့ ရုပ်ရှင်ကြည့်တာ ပထမဆုံးအကြိမ်ရယ်လို့ သိရရင် ကျွန်တော့်အဖို့ ပိုပြီး ဝမ်းသာစရာရှိတာမို့ မေးကြည့်ရတာပါ"

သုန်သုန်မှုန်မှုန် ဖြစ်နေသော မေမေလတ်၏ မျက်နှာမှာ ယခုမှပင် ကြည်လင်လာတော့၏။

"ဒီမှာ ကိုစိန်နိုင်၊ ယောကျ်ားတွေနဲ့ လွတ်လွတ်လပ်လပ် သွားလာဖူးသည်ဖြစ်စေ၊ မသွားလာဘူးသည်ဖြစ်စေ အဲဒါတွေ အပထားလို့ ကျွန်မဟာ တစ်ခါမှ လူသိရှင်ကြား မဂ်လာမဆောင်ဘူး သေးတာမို့ ကျွန်မကို အပျိုလို့ပဲ ယူဆရမယ် မဟုတ်လား"

မေမေလတ်၏ စကားအဓိပ္ပါယ် ချုံ့သလောက် ကျယ်နိုင် ရော ရှိသည်ဖြစ်သောကြောင့် ကိုစိန်နိုင် ရုတ်တရက် အဖြေမပေး ခပ်တွေတွေ ငေးနေမိ၏။

"ရှင် စဉ်းစားကြည့်စမ်း ကိုစိန်နိုင်၊ ကျွန်မတို့ မိန်းမသားတွေ အဖို့ လည်ပင်းမှာ ကြပ်ထွက်နေတဲ့ ယောကျ်ားကိုတောင် လူသိ

www.burmeseclassic.com

www.burmeseclassic.com

ရှင်ကြား အိမ်ထောင်မပြုဘူးသေးရင် လူပျိုလို့ အသိအမှတ်ပြုကြတယ်။ ရှင်တို့ ယောက်ျားတွေကတော့ မိန်းကလေးတစ်ယောက်ဟာ ယောက်ျားတစ်ဦးတစ်လေနဲ့ ရုပ်ရှင်အတူတူ ကြည့်တာ မပြောနဲ့ ရည်းစားထားရုံကလေးနဲ့ပေမယ့် အပျိုလို့ အသိအမှတ် မပြုချင်တော့ဘူး။ ဒါ ဘာသဘောတွေတဲ့လဲ"

"ဒါတွေ ကျွန်တော် ဘယ်သိမလဲဗျာ"

"ဒီမှာ ကိုစိန်နိုင်၊ ရှင်းရှင်းပဲပြောမယ် ဟုတ်လား၊ ကျွန်မ တက္ကသိုလ်ကို ရောက်ပြီးတဲ့နောက် ၆-လလောက်ကစပြီး ကျွန်မအရင် ရောက်နှင့်နေကြတဲ့ မမများ ခြေရာကို နင်းပြီးတော့ ယောက်ျား သူငယ်ချင်းတွေနဲ့ နှစ်ယောက်ချင်း ထွက်လည်ခဲ့တယ် ဆော်တော်ကားနဲ့ လေညှင်းခံလိုက်တယ်၊ ရုပ်ရှင်ကြည့်တယ်၊ ဟိုတယ်တက်ပြီးတော့ တွဲက,လိုက်သေးတယ်။ ဒါပေမယ့် ဒီနေ့အထိ လက်မထပ်ရသေးလို့ ကျွန်မအပျို။ ကဲ ဘယ်လိုသဘောရလဲ။ မကျေနပ်ရင် ခုကတည်းကပြော၊ စေ့စပ်ရေး ဖျက်လိုက်ရုံပဲ"

"ခုန ကျွန်တော် ပြောပြီးပါကော မေမေလတ်၊ ကျွန်တော့်မှာ အပျို၊ အအိုဆိုတဲ့ ပြဿနာ မရှိပါဘူး။ မေမေလတ်ကို ချစ်တာဟာ ချစ်တာပါပဲ"

"ဒါဖြင့် ကိုစိန်နိုင် အချစ်က အပျိုမှဆိုတဲ့ ညှံ့ဖျင်းတဲ့ အချစ်မျိုး မဟုတ်ဘဲ တကယ် သန့်ရှင်းတဲ့ အချစ်မျိုး ဆိုပါတော့"

"ဒီအတိုင်းပါပဲ မေမေလတ်"

ကိုစိန်နိုင် ဤသို့ ဖြေလိုက်သည်နှင့် မေမေလတ်သည် လိုက်လှိုက်လှဲလှဲ သဘောကျသွားသလို ချစ်ရည်ရွှန်းသော မျက်လုံးများဖြင့် ကိုစိန်နိုင်အား ပြုံး၍ ကြည့်နေပြီးမှ တစ်စုံတစ်ရာ ပြောတော့မည်ပြုစဉ် ရုတ်တရက် ဓာတ်မီးများမှိတ်၍ ရုပ်ရှင်ပြစ, ပြုသည်နှင့် စကားပြတ်သွားကြ၏။

ပထမသတင်းကား၊ နောက် နမူနာကားများ တစ်ခုပြီးတစ်ခု ပေါ်လာပြီးမှ ဇာတ်ကား၏ အစ ပေါ်လာ၏။ မေမေလတ်မှာမူ ဘာမှပင် သောကမရှိသော စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ပြည့်စုံနေသူတစ်ယောက်၏ အသွင်လက္ခဏာအတိုင်းပင် ရုပ်ရှင်အပေါ်၌သာ အေးအေးဆေးဆေး အာရုံပြု၍ ကြည့်နေနိုင် သော်လည်း ကိုစိန်နိုင်တွင်ကား စောစောက မေမေလတ် ပြောသွားသော စကားနှင့် ပတ်သက်၍ အတော်ကလေး ဦးနှောက် ရှုပ်နေ၏။

စ,၍ တွေ့သည်မှ ယခုအချိန်အထိ မေမေလတ်ကသာလျှင် ကိုစိန်နိုင့်အပေါ်၌ ဩဇာပြ အာဏာပေးနှင့် မလေးမခန့် လွှမ်းမိုးခဲ့သည်သာ ဖြစ်၏။ ကိုစိန်နိုင်မှာလည်း အရှုံးဘက်ကချည့် နေခဲ့၏။ သို့သော် ကိုစိန်နိုင်၏ မျက်နှာထား အမူအရာမှာ မိန်းမကို မြင်ဘူး၍ ငမ်းငမ်းတက်ဖြစ်နေသည့် သဘောမျိုးမဟုတ်ဘဲ သားစွာ ချစ်သောကြောင့် တတ်နိုင်သလောက် လိုက်လျှောနေခြင်းသာ ဖြစ်၏။

ဤသည်ကိုပင် အခွင့်ကောင်းဟု သဘောထား၍လားမသိ၊ မေမေလတ်သည် တတ်နိုင်သလောက် အမြတ်ထုတ်နေတော့၏။

ရုပ်ရှင်တစ်ဝက်ပြီး၍ အားလပ်ချိန်သို့ ရောက်ခဲ့ပြီ။

"ကဲ မေမေလှတ် ဘာသောက်မလဲ၊ နို့အေးလား၊ သမနစ်လား"

"လိမ္မော်သီး စားကြရအောင်လား ကိုစိန်နိုင်"

ချက်ချင်းပင် ကိုစိန်နိုင်ထ၍ ထွက်သွားပြီး မကြာမီ ပြန်ဝင်လာသောအခါ၌ အလုံးလှလှနှင့် မှည့်မှည့် လိမ္မော်သီးလေးလုံး ပါလာကာ မေမေလတ်အား သုံးလုံး လှမ်းပေးလိုက်သည်၌...

www.burmeseclassic.com

"ဒီလို မလုပ်ပါနဲ့လေ ကိုစိန်နိုင် နှစ်လုံး၊ ကျွန်မ နှစ်လုံး ပေါ့ ညီတူမျှတူ ကောင်းပါတယ်၊ ရော့ ကိုစိန်နိုင် တစ်လုံးထပ်ယူ"ဟု ပြောပြောဆိုဆို မေမေလတ်က တစ်လုံး ပြန်ပေးလိုက်၏။

ကိုစိန်နိုင်လည်း လိမ္မော်သီးစားရင်း အချစ်နှင့် မပတ်သက်သော အခြား တွေရာလေးပါး စကားများ ပြောဆိုနေကြသည်နှင့်ပင် အချိန်ကုန်ခဲ့၍ မကြာမီ တစ်ရုံလုံး မှောင်သွားပြီး...

"ပွဲအပြီးတွင် နိုင်ငံတော်အလံကို အလေးပြုပြီးမှ ကြွကြပါ" ဟူသော စာတန်းနှင့်အတူ အလံတော်ပုံ ဆလိုက်တစ်ခု ပေါ်လာသည်တွင် ကိုစိန်နိုင်သည် "တောက်"တစ်ချက်ကို ခပ်ပြင်းပြင်းကလေး ခေါက်လိုက်သောကြောင့် မေမေလတ်မှာ ရုတ်တရက် အံ့အားသင့်သွားရာမှ ကိုစိန်နိုင်အား ပျာပျာသလဲ လှည့်ကြည့်လိုက်၏။

"ဘာလဲ ကိုစိန်နိုင်၊ ဘာဖြစ်လို့ တောက်ခေါက်တာလဲ"

"သြော် ရုပ်ရှင်ရုံတွေမှာ (နိုင်ငံတော်အလံကို အလေးပြုပြီးမှ ကြွကြပါ)ဆိုတဲ့ စာတန်းဆလိုက်ထိုးတာကို စိတ်မချမ်းသာလွန်းလို့ပါ"

"အို ဖြစ်ရလေ ကိုစိန်နိုင်ရယ်၊ အချို့ လူတွေက အလေးမပြုဘဲ ထွက်ထွက်သွားကြလို့ သတိပေးတဲ့ အနေမျိုး"

"မထူးပါဘူးဗျာ၊ ဒီသတိပေးဆလိုက် ထိုးပေမယ့်လည်း တစ်ချို့ လူတွေကတော့ အလေးမပြုကြပါဘူး"

"အေးပေါ့ ကိုစိန်နိုင်၊ အဲသလို နားမလည်တဲ့ လူတွေ နားလည်အောင် ဆလိုက်ထိုးရတာ ဖြစ်မှာပေါ့"

"ဒီမှာ မေမေလတ် ရိုင်းစိုင်းတဲ့ လူတန်းစားဟာ ဆလိုက်မကလို့ ဘာကြီးပဲ ထိုးထိုး ရိုင်းတာပဲ၊ အဲသလို အပေါက်မှာ တိုးထွက်ရမှာစိုးလို့ အလံတော်ကို အလေးမပြုဘဲ သူများအရင်

ပြင်ရောက်ချင်တဲ့ လွတ်လပ်ရေးနဲ့ မတန်တဲ့ လူစားတွေရယ်၊ တို့ရဲ့ တော်လှန်ရေးအလံကလွဲပြီး ဘယ်အလံကိုမှ အသိအမှတ် ပြုချင်တဲ့ လက်ဝဲသမား အချို့တွေရယ်"

"ဒါတော့ မဖြစ်နိုင်တာပဲရှင်၊ လက်ဝဲလည်း နိုင်ငံရေးသမားပဲ ာ နိုင်ငံတော်အလံကိုတော့ လေးစားကြမှာပေါ့၊ အဲဒီ နိုင်ငံတော် လံကို ရွေးချယ်ကြတုန်းက သူတို့ပါ သဘောတူရွေးချယ်ကြတာပဲ ာတ်လား"

"မှန်ပါတယ်။ ဒါပေမယ့် တစ်ခါက ရုပ်ရှင်အပြီးမှာ လံတော်လည်း ပေါ်လာရော ကျွန်တော့်ရှေ့က လူရွယ်နှစ်ယောက် လံတော်အလေးမပြုဘဲ ခပ်သုတ်သုတ် လစ်ထွက်သွားတာ ်တာနဲ့ တော်တော် ပြည်ထောင်စုသား မပီသတဲ့ လူတွေလို့ ာ်ထဲက ရေရွတ်ရင်း အဲဒီ လူရွယ်နှစ်ယောက်ကို သေသေချာချာ ာ်ကြည့်တော့ ကျွန်တော့် ကျောင်းနေဖက်ဟောင်းတွေ ဖြစ်နေတာ ွ့ရတယ်။ ခု သူတို့က လက်ဝဲလေ၊ တစ်နေ့တော့ အိုးရိုးယင့် တယ်မှာ သူတို့ ဓိမ်ယူနေတုန်း သွားတွေ့တာနဲ့ မေးကြည့်တော့ ်ငံတော်အလံကို အသိအမှတ် မပြုသလို လေသံမျိုး ထွက် ာတယ်"

ရုပ်ရှင်၏ ပိတ်ဖြူကားပေါ်တွင်မူ ကြော်ငြာဆလိုက် အမျိုးမျိုး ာ်ခုပြီး တစ်ခု ပြောင်းလဲလျက် ရှိ၏။

"အဲဒီတော့ ဒီလို ဆလိုက်ထိုးနေတာဟာ ပိုမနေဘူးလား မေလတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုသားပီပီ နိုင်ငံတော် လံကို အသက်နဲ့အမျှ ချစ်မြတ်နိုးလို့ လိုက်လိုက်လှဲလှဲ အလေးပြု လူတွေကိုလည်း အဲဒီ ဆလိုက်ထိုး သတိပေးချက်ကြောင့် ွဲ့သလို အလေးပြုကြရသယောင်ယောင် ဖြစ်မသွားပေဘူးလား၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နိုင်ငံခြားသား ပေါင်းစုံကြည့်ကြတဲ့ ရုပ်ရှင်ရုံတွေ ဆလိုက်ထိုးပြီး သတိပေးရလောက်အောင် ပြည်ထောင်စုသားတွေ သောက်သုံးမကျ ဖြစ်နေသလားလို့လည်း ထင်မှတ်သွားစရာ ရှိနေတယ်။ တစ်ခါ ဆလိုက်ထိုး သတိပေးရဲ့နဲ့ အလေးမပြု ထွက်သွားကြပြန်တော့ လူမျိုးခြားအမြင်မှာ ပိုပြီး ဆိုးမနေဘူးလား နောက်ပြီးတော့လည်း ရှိသေးတယ်၊ ခု ရုပ်ရှင်အပြီးမှာ နိုင်ငံတော် အလံ ပေါ်လာလိမ့်မယ် အဲဒါ မေမေလတ် သေသေချာချာ စေ့ စိုက်ပြီး ကြည့်စမ်း”

သို့ ကိုစိန်နိုင် စကားကောင်းနေစဉ်ပင် ရုပ်ရှင်ပြ ပြလာသည်နှင့် ရုတ်တရက် စကားပြတ်သွားကြ၏။

◆

၉-နာရီ ထိုးရန် မိနစ် ၂၀-ခန့်သာ လိုတော့သော အချိန်တွင် ကိုစိန်နိုင်နှင့် မေမေလတ်တို့သည် အခြား ရုပ်ရှင်ကြည့် ပရိသတ်နှင့်အတူ ရောနှောထွက်လာကြပြီး ကားပေါ်သို့ ရော သည်နှင့်...

“တစ်ခုခု စားကြရအောင်လား ကိုစိန်နိုင်၊ ညစာအတွက် တစ်ခါတည်း ပြီးသွားအောင်”ဟု မေမေလတ်က စကားစလိုက်သော ကြောင့်...

“ကောင်းသားပဲ စားချင်တာ ပြောလေ”

“ကဲ မောင်ကျင်မောင် မဂိုလမ်းကို မောင်းကွာ”

သို့နှင့် ကိုကျင်မောင်လည်း ဗိုလ်ချုပ်လမ်းအတိုင်း အနော ဘက်သို့ မောင်းထွက်သွားပြီး မဂိုလမ်းရောက်သည်နှင့် တောင်ဘ သို့ ချိုးကွေ့လိုက်၏။

ရွှေဘုံသာလမ်း ကုလားဗလီဒေါင့်တွင် ဂျစ်ကားထိုးဆိုက်လိုက်သည် နှင့် တစ်ပြိုင်နက် ခရီးဦးကြိုပြုရင်း လှမ်းခေါ်ကြသော ကုလားများ၏ အသံမှာ ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားတော့၏။

“ကဲ မေမေလတ် ကားပေါ်မှာပဲ ထိုင်စားမလား”

ကိုစိန်နိုင် ဤသို့ မေးလိုက်သည်မှာ အခြားကြောင့်မဟုတ်၊ မဂိုလမ်းရှိ ပလာတာဆိုင်များသည် မော်တော်ကားပေါ်တွင်သာ ထိုင်စားကြလိုသူများအတွက် ဖျဉ်ပြားရှည်များကို အသင့်ဆောင်ထား ကြပြီး မော်တော်ကား တံခါးနှစ်ဖက်ဆောင်ပေါ် တင်ပေးလိုက်ရုံဖြင့် စားပွဲကဲ့သို့ တင်၍ စားနိုင်သည်ဖြစ်ရာ ယခုလည်း မေမေလတ်တို့ ဂျစ်ကားထိုးဆိုက်လာသည်နှင့် ဖျဉ်ပြားရှည်ကြီးတစ်ခု ကိုင်လာသော ကုလားတစ်ယောက်က ဂျစ်ကားအနီးတွင် လာရပ်နေသောကြောင့် ကိုစိန်နိုင် ဤသို့ မေးလိုက်ခြင်း ဖြစ်၏။

“ဟို သီးသန့်အခန်းထဲပဲ သွားကြပါစို့ ကိုစိန်နိုင်ရယ်၊ ပြောချင်တာလဲ လွတ်လွတ်လပ်လပ် ပြောကြရတာပေါ့”

မေမေလတ် ဤသို့ ပြောလိုက်သည်နှင့် ကိုစိန်နိုင်လည်း ကားပေါ်မှ ဆင်းလိုက်ရင်း...

“ကဲ ကျင်မောင် မင်းလည်း စားချင်တာ မှာစားနော်”

သို့ပြောအပြီးတွင် မေမေလတ် ကားပေါ်မှ ဆင်းခဲ့ပြီး ဖြစ် သောကြောင့် ကိုစိန်နိုင်က ရှေ့ဆောင်၍ အဆိုပါ သီးသန့်ခန်းကလေး များဆီသို့ လှမ်းထွက်သွား၏။

“အို ကိုစိန်နိုင်”

နောက်ပါးမှ ကပ်၍ လိုက်ပါလာသော မေမေလတ်က ဤလို ထိတ်လန့်တကြား ရေရွတ်ရင်း သူ့ခြေဖမိုးကို ငုံ့ကြည့်နေ သောကြောင့် ကိုစိန်နိုင်မှာ ဘာအမိပွါယ်ဟု မသိရသေးဘဲ မေမေလတ်၏ ခြေဖမိုးသို့သာ ရောယောင် ငုံ့ကြည့်နေမိရာမှ...

“ဘာလဲ မေမေလတ် ဟင်”

www.burmeseclassic.com

www.burmeseclassic.com



သို့ ကိုစိန်နိုင် မေးလိုက်သည့်အချိန်တွင် ပလက်ဖောင်းပေါ်ရှိ စားပွဲ၌ ဒန်ပေါက်ထမင်း ထိုင်စားနေသူ အင်္ဂလိပ်ကပြားတစ်ယောက် ပျာပျာသလဲ ထ,လာပြီး မေမေလတ်အား အလွန်အလွန် စိတ်မကောင်းဖြစ်ရသည့် မျက်နှာမျိုးဖြင့် ဝမ်းနည်းပက်လက်တောင်းပန်နေရင်းကပင် ပလာတာဆိုင်မှ ကုလားတစ်ဦးထံတွင် စက္ကူစုတ်အနည်းငယ်ပေးရန် တောင်းနေပြန်၏။

"ကျွန်မ လျှောက်လာတာကို မမြင်လို့ ထင်ဝါရဲ့ ရုတ်တရက်လှည့်ပြီး တံထွေး ထွေးလိုက်တာ ကျွန်မ ခြေထောက်ကို"

ဤတွင်မှ ကိုစိန်နိုင် သဘောပေါက်သွားကာ မေမေလတ်ခြေထောက်အနီးတွင် ဆတ်ခနဲ ထိုင်ချလိုက်ပြီး လက်ကိုင်ပုဝါထုတ်၍ မေမေလတ်၏ ခြေဖမိုး ဖြူနုနုတွင် စုပုံပေကျံနေသော တံထွေးနှင့် ထမင်းစေ့များကို ယုယုယယ သုတ်ပေးလိုက်၏။

ထိုအခိုက်တွင် စက္ကူတစ်ရွက်ကို ကိုင်လာသော အင်္ဂလိပ်ကပြားလူရွယ်မှာလည်း မေမေလတ်တွင် ပေနေသော တံတွေးများကိုကိုစိန်နိုင် ကိုယ်တိုင် ထိုင်၍ သုတ်ပေးနေသည်ကို တွေ့ရသောကြောင့်သာလွန်၍ပင် စိတ်မကောင်းဖြစ်သွားသကဲ့သို့ မတော်တဆဖြစ်ရကြောင်းကို ခခယယ တောင်းပန်နေရှာ၏။ မေမေလတ်ကလည်း မတော်တဆ ဖြစ်ရသည်ကို သေသေချာချာ သိရ၍ မိမိခွင့်လွှတ်ကြောင်းနှင့် စိတ်မကောင်းမရှိစေရန် ပြန်လည်ပြောဆိုလိုက်၏။

မေမေလတ် ခြေဖမိုးမှ အညစ်အကြေးများ ပြောင်စင်သွားသည်နှင့် ကိုစိန်နိုင်လည်း လက်ကိုင်ပုဝါကို ခပ်လှမ်းလှမ်းသို့လွှင့်ပစ်ရင်း ထ,ရပ်လိုက်သည်တွင်လည်း အဆိုပါ ကပြားက ကိုစိန်နိုင်အား ဆက်လက်၍ တောင်းပန်နေပြန်သေး၏။ ကိုစိန်နိုင်



ကလည်း ဤကိစ္စအတွက် အပြစ်မဆိုလိုကြောင်းနှင့် ပြန်လည်ပြောကြားလိုက်သည်နှင့် အင်္ဂလိပ်ကပြားလူရွယ်သည် ကိုစိန်နိုင်ရော၊ မေမေလတ်ကိုပါ စေ့စေ့စိုက်စိုက်နှင့် နှစ်နှစ်ခြိုက်ခြိုက်ပြုံး၍ ကြည့်နေပြီးမှ ကိုစိန်နိုင်အား လက်ဆွဲနှုတ်ဆက်ရင်း...

"မြန်မာအမျိုးသားတစ်ယောက်ဟာ ကိုယ့်ဇနီးကို လူမြင်ကွင်းမှာ ဒီလောက် ယုယကြင်နာတာမျိုး ကျွန်တော် တစ်ခါမှ မတွေ့ဘူးသေးဘူး၊ ဒါ ပထမအကြိမ်ပါပဲ။ အင်အားသေးနွဲ့တဲ့ မိန်းမသားများကို အင်မတန် အရေးပေးတဲ့ ကျွန်တော်တို့ အင်္ဂလိပ်တွေထဲမှာတောင် တစ်ချို့ဟာ ဒီလို လူတွေရှေ့မှာ ယုယကြင်နာဖို့ သတ္တိမရှိကြဘူး၊ ခု ခင်ဗျား ဇနီးအပေါ်မှာ ခင်ဗျား ယုယလိုက်တဲ့ ကြင်နာမှုအတွက် ကျွန်တော် ချီးကျူးလို့ ဆုံးမှာ မဟုတ်တော့ဘူး"

ဤသို့လျှင် လှိုက်လှိုက်လှဲလှဲ ပြောဆို ချီးကျူးနေသည်၌ မေမေလတ်မှာ ပြုံးပြုံးပြုံးပြုံးနှင့် ကြည်နူးနေသကဲ့သို့ ကိုစိန်နိုင်တွင်လည်း ရယ်ကာမောကာနှင့် ကျေနပ်နေ၏။ စေ့စပ်ရေးကိုသော်မှ အတည်မပြုရသေးသော မေမေလတ်မှာ ယခု လင်မယားအဖြစ် တကယ်စွပ်စွဲနေသည်ကိုကား အရသာ မြိန်မြိန်နှင့် ခံမ်တွေ့၏။

အဆိုပါ ကပြားမှာ သို့ ချီးကျူးရုံနှင့် အားမရသေးဘဲ အင်းဘီအိတ်ထဲမှ ဒိုင်ယာရီစာအုပ်ကလေးကို ထုတ်၍ ကိုစိန်နိုင်တို့ အမည်နေရပ်ကို ရေးမှတ်၍ သူ့လိပ်စာကတ်ကလေးကိုလည်း ပေးရင်း မိတ်ဖွဲ့နေသေးတော့၏။ မေမေလတ်မှာ သူ့အား ကိုစိန်နိုင် ၏ ဇနီးမောင်နှံ ထင်နေသည်၏ အဖြစ်ကို သဘောကျနေသည် မှန်သော်လည်း တစ်ဖက်က မျက်နှာပူစရာလို ဖြစ်နေသည်နှင့် ထိုကပြားအား "စားလက်စထမင်းကို ဆက်လက် သုံးဆောင်ပါ

www.burmeseclassic.com

www.burmeseclassic.com



တော့ရှင်”ဟု စကားဖြတ်၍ သီးသန့်ခန်းကလေးထဲသို့ လှမ်းဝင်ခဲ့၏။

“ဒီမှာ ကိုစိန်နိုင်၊ ခုန ယုယလိုက်တဲ့ ရှင့် အပြုအမူအတွက် ကျွန်မရဲ့ မေတ္တာမဲ့ ဆယ်မဲ ရသွားပြီဆိုရင် ကိုစိန်နိုင် ဝမ်းမသာ ဘူးလားဟင်”

မေမေလတ်သည် ချစ်ရည်ရွှန်းနေသော မျက်လုံးဝင်းဝင်းကလေးဖြင့် ကြည့်ရင်း ပြုံး၍ မေးလိုက်သည်ကို–

“ဘယ်လို မေးလိုက်ပါလိမ့် မေမေလတ်ရယ်၊ မေမေလတ်ရဲ့ မေတ္တာကို လိုက်လိုက်လှဲလှဲ လိုချင်လို့ ဘယ်လိုအချစ်နဲ့ ဘယ်လော ကြိုးစားနေတယ်ဆိုတာ မေမေလတ်သိရင် ဒီလို မေးမှာတော မဟုတ်ဘူး”

“အမယ် ပိုလိုက်တာ”

မေမေလတ်သည် မျက်ခုံးကလေးချို၍ ကြည်ကြည်လင်လ ကြည့်ပြီး မထိတထိ ညှုလိုက်၏ ထိုစဉ်အခိုက် ပလာတာ ကြက်သားကင် ပန်းကန်များရောက်လာသောကြောင့် ပြောလ စကားမဆက်တော့ဘဲ အစားဘက်သို့ အာရုံပြောင်းသွားကြ

“ဒါနဲ့ ကိုစိန်နိုင် စောစောက ရုပ်ရှင်ရုံထဲမှာ ကျွန် ပြောတယ် မဟုတ်လား၊ နိုင်ငံတော်အလံတော်ကို သေသေ ဂရုစိုက်ပြီး ကြည့်စမ်းလို့ အဲဒါ ဘာဖြစ်လို့လဲဟင်”

“သြော် အဲဒါက ဒီလိုလေ၊ ခု ရုပ်ရှင်ရုံတိုင်းမှာ ရုပ်ရှင်ပြီ နိုင်ငံတော်အလံ ပေါ်လာတယ်နော်၊ အဲဒီအလံတော်ကို မေမေ အမှတ်တမဲ့ ကြည့်လို့မြင်ရတဲ့ အမြင်အတိုင်း ပြောစမ်းမျက်စိထဲ ဘယ်လို နေသလဲ”



မေမေလတ် ရုတ်တရက် တွေနေပြီးမှ ကြက်သားဖုတ်ကို ခရင်းဖြင့် ထိုးယူရင်း…

“ဘယ်လိုမှ မနေပါလား ကိုစိန်နိုင်”

“နို့ အဲဒီ ရုပ်ရှင်အပြီးမှာ အလံတော်ပေါ်လာတာနဲ့ ဘစ်ပြိုင်နက် စိတ်ထဲမှာကော ပီတိဖြစ်ပြီး လှုပ်ရှားမသွားဘူးလား”

“ကျွန်မ မဖြေတတ်ဘူး ကိုစိန်နိုင်”

ကိုစိန်နိုင်မှာ ခေါင်းတညိတ်ညိတ်နှင့် စိတ်ပျက်သလို ဖြစ်သွား၏။

“အင်း မေမေလတ်တို့လို လွတ်လပ်ရေးရဲ့ အရသာကို ခံစားတတ်တဲ့ ပညာတတ်တစ်ယောက်ရဲ့ စိတ်မှာတောင် ခုလို ထူးခြားရင် သာမန် လူတွေအဖို့ ဘာပြောစရာ ရှိတော့မလဲ”

“ဒီမှာ ကိုစိန်နိုင် ရှင်ဘာတွေ ပြောနေသလဲ”

“ဆိုလိုတာကတော့ ကျွန်တော်တို့ ပြည်ထောင်စုအလံတော်ကို အတိုင်းအထွာ အချိုးအစားအားဖြင့် ကြည့်ကြည့်၊ အဓိပ္ပါယ် အရုပ်ဖော်ပုံအားဖြင့်ကြည့်ကြည့်၊ အသွေးအရောင်အားဖြင့်ကြည့်ကြည့်၊ ဘယ်လိုပဲကြည့်ကြည့် ကျက်သရေမင်္ဂလာနဲ့ တကယ် ကြည့်ရဲ့တဲ့ အလံတော်ရယ်လို့ မေမေလတ်ရော ကျွန်တော်သာမက ပြည်ထောင်စုသားတိုင်း တစ်ညီတစ်ညွတ်တည်း ထောက်ခံရမှာပဲ မဟုတ်လား”

နားထောင်ချင့်စဖွယ် အသွယ်သွယ်သီ၍ စီကာပတ်ကုံး ပြောသွားသော မေမေလတ်စကားတွင် ပါးစပ်အဟောင်းသားနှင့် ၍ နားစွင့်နေသော ကိုစိန်နိုင်လည်း မေမေလတ်စကားဆုံးသည် နှင့် ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်ကာ–

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ခုနမေးတော့ စိတ်ထဲ ဘယ်လိုမှ မနေဘူးဆို"

"ဟုတ်တယ်လေ ကိုစိန်နိုင်ရဲ့ ရုပ်ရှင်ထဲက အလံတော်ကို မြင်ရတော့ စိတ်ထဲ မထူးခြားလို့ မထူးခြားဘူး ပြောရတာပဲ၊ ကဲ ပလာတာကလေးများလည်း စားပါဦး၊ စားရင်းပဲ ပြောပေါ့ရှင်"

ကိုစိန်နိုင်သည် ပလာတာ တစ်ဖဲ့ကို ခက်ရင်းနှင့် ထိုး၍ ပါးစပ်ထဲ သွင်းလိုက်ပြီး-

"ဟုတ်တယ် မေမေလတ် ရုပ်ရှင်အပြီးမှာ ထိုးပြတဲ့ အလံတော်ကဖြင့် လူ့စိတ်ကို ဆွဲငင်မှုမရှိဘူး၊ သေသေချာချာ ဂရုစိုက်ကြည့်ရင် မသေသပ်တဲ့ တိုင်မှာ ဖြစ်ကတတ်ဆန်း "ဘု" တပ်ပြီး တော်ယိရော်ယိ ကြိုးနဲ့ အလံတော်ရဲ့ ဒေါင့်ကို ကလေး ကစားသလို လုံးချည်ထားတာကို တွေ့ရမယ်၊ ပြီးတော့ အလံတော် ချုပ်တဲ့ ပိတ်သားဟာလည်း ခတ်ကြဲကြဲ အပေါစားနဲ့ ချုပ်ထားတယ် ချုပ်ပုံကလည်း မတိကျဘူး၊ ရွှဲစောင်းစောင်းနဲ့ တွန့်လိမ်နေတာ လူ့အမြင် မခန့်ထည်ဘူး"

"အဲဒီအထိတော့ ကျွန်မလည်း သတိမထားမိဘူး ကိုစိန်နိုင် ရှင်ပြောတဲ့အတိုင်းဆိုရင်တော့ အတော် အရုပ်ဆိုးတာပေါ့နော် ပြီး ကျွန်မတော့ နိုင်ငံခြားသားတွေကိုသာ ရှက်တာပဲ၊ ရုပ်ရှင်ရုံတွေ နိုင်ငံတော်အလံကို ဒါတိုင်းပြည်ရဲ့ ကျက်သရေဆောင် အထွဋ် အမြတ်ဆိုတာ သိသင့်ရက်သားနဲ့"

"ဒါ ရုပ်ရှင်ရုံနဲ့ မဆိုင်ဘူး၊ အစိုးရဌာနတစ်ခုနဲ့ ဆိုင်တယ်လို့ ကြားတာပဲ၊ တကယ်ဆိုရင် လူမျိုးပေါင်းစုံကြည့်တဲ့ ရုပ်ရှင်ရုံတွေ အတွက် မင်္ဂလာကျက်သရေနဲ့ ပြည့်စုံပြီး အလေးမပြုချင်တဲ့ လူတွေကိုပါ အလေးပြုချင်လာအောင် စိတ်ဓာတ်ကို ဆွဲဆောင်ပေး

ပိုး၊ ဖဲ၊ ဒါမှမဟုတ် ပိတ်သားကောင်းကောင်း အလံတော်ခန့်ခန့်ကို သေသေသပ်သပ်ချုပ်၊ ကျကျနနလုပ်ပြီး ဆေးသုတ်ထားတဲ့ တိုင်မှာ ဝန်းပွားကြိုးနဲ့ ချည်ထား၊ လေကစားလို့ ကြွားကြွားလူလူ လွင့်နေတုန်း ရုပ်ရှင်ရိုက်ပြီး ပေးထားဖို့ ကောင်းတယ်။ ခု ရုပ်ရှင်ရုံတွေမှာ အမြဲထိုးပြနေတဲ့ အလံတော်ကတော့ တိုင်ကြိုးက အစ အလံတော်ပါ နည်းနည်းမှ အဆင်မပြေဘူး၊ ရွဲ့တိရွဲ့စောင်းနဲ့၊ အင်း သူတို့ဝတ်တဲ့ အင်္ကျီသာ ချုပ်ရိုး နည်းနည်းစောင်းနေရင် ချက်ချင်း အပြင်နိုင်းမှာပဲ ရုပ်ရှင်ထဲက အလံတော်ပြင်ဖို့ သတိမရကြ ဘူး၊ သကြန်ပျော်ပွဲတွေကိုတော့ ဆေးရောင်စုံနဲ့ ရုပ်ရှင်ရိုက်ပြီး

"ကဲ တော်ပါတော့ ဆရာကြီးရယ် တစ်ယောက်တည်း ဒေါသကြီးနေလိုက်တာ မုန့်များလည်း စားဖို့ မေ့နေပြီ ထင်ပါရဲ့"

မေမေလတ်က ဤသို့ ပြောလိုက်မှပင် ကိုစိန်နိုင် စကားစ ဖြတ်၍ ကျန်နေသော ပလာတာများကို လက်စသတ်လိုက်ပြီး ကြောမီပင် အခန်းကလေးထဲမှ ထွက်၍ ကားပေါ်တက် ထွက်ခွာ လာကြ၏။

◆

ကိုစိန်နိုင်တို့နှစ်ယောက် အသီးသီး အိမ်ပြန်ရောက်ကြသည့် တိုယ့်အတွေးနှင့်ကိုယ် ရင်တဖိုဖို ရှိနေကြ၏။ မေမေလတ်အဖို့ တွင်ကား မဂိုလမ်း၌ တံတွေးအတွေးခံရစဉ် ကိုစိန်နိုင် မှာမှာသလဲ ဆိုင်၍ သူ့ခြေဖျားနနကို အသာအယာ စုကိုင်ပြီး တံတွေးများကို သုတ်ပေးသည့် အဖြစ်ကိုသာလျှင် မျက်စိထဲတွင် တဝဲဝဲ မြင်နေရ တော့၏။

www.burmeseclassic.com

"ဟုတ်တယ် တော်ရုံချစ်တဲ့ ယောကျ်ားဆိုရင် ဒီလို လူရှေ့သူရှေ့မှ မိန်းမတစ်ယောက်ရဲ့ ခြေထောက်ကိုကိုင်ပြီး ခုလို ယုယဝံ့မှာ မဟုတ်ဘူး၊ တစ်ခါက ကိုမင်းမောင်လာပြီး ဖေဖေ-မေမေနဲ့ ငါ့ကိုပါ ဘုရားကိုးဆူ မုန့်ဟင်းခါးစား လာဖိတ်တုန်းက ကားပေါ် အတက်လိုက်မှာ ဖိနပ်တစ်ဖက် ကျွတ်သွားတာတောင် ကိုယ့်ဟာကိုယ် ပြန်ကောက်ရတယ်၊ ကိုစိန်နိုင်သာဆိုရင် ပျာပျာသလဲ ကောက်ပေးမှာပဲ၊ ကိုမင်းမောင်ကတော့ ကြောင်တောင်ကြီး ကြည့်နေတယ်၊ သူက ကိုစိန်နိုင်လို ကြင်နာမှု မရှိဘူး"

မေမေလတ်သည် ဤသို့ တွေး၍ ဤသို့ ဇေကာ ညာလူးဘယ်လိမ့် အိပ်ရာထဲတွင် တစိမ့်စိမ့် ကြည်နူးနေ၏။

"ဒါပေမယ့် ကိုစိန်နိုင်ဟာ ငါ့ကို မရခင်မို့ ပရိယာယ် မာယာတွေ များနေတာပဲလား၊ တကယ့် စိတ်ရင်းစေတနာနဲ့ ယုယနေတာပဲလား"

ဤသို့လည်း တစ်ဘက်က လိုလိုမယ်မယ် တွေးလိုက်ပြန်၏။

"ငါ့ကို မေတ္တာရှိနေကြတဲ့ လူတွေဟာ များသောအားဖြင့် အို အားလုံးလိုလိုပါပဲလေ၊ ငါ့အကြိုက်ကို လိုက်နေကြတာချည်း ကိုစိန်နိုင်ကဖြင့် သူများထက် ပိုတယ်၊ ကိုမင်းမောင်တစ်ယောက် ငါ့ကို နေရာတိုင်း အလိုမလိုက်တာ၊ သူ ငါ့အကြိုက်ကိုချည်း လိုက်မလုပ်တာဟာ စင်စစ်တော့ ပရိယာယ် မသုံးတတ်တဲ့ လူတစ်ယောက်လို့၊ ခုလည်း အလိုမလိုက်၊ နောင်လည်း အ မလိုက်ဘူးဆိုတဲ့ သဘောမျိုး ဖြစ်မှာပဲ၊ ကိုစိန်နိုင်ကတော့ မရခင် မျှာလိုလိပ် ထိပ်ပေါ်တင်တာမျိုးလား၊ အင်း ဒီလိုလည်း ဟုတ်မယ်မထင်ပါဘူး၊ လူတွေ သူတွေကြားထဲမှာ ငါ့ခြေထောက်

မရှုံ့မရှာကိုင်ပြီး ရှုံစရာမဟုတ်သည့်တိုင်အောင် အရှက်ကိုမှ မငဲ့ဘဲ သူ ယုယကြင်နာစွာနဲ့ တဲတွေး သုတ်ပေးပုံကတော့ ပရိယာယ်လို့ စွပ်စွဲဖို့ဟာ အခက်သားပဲ ဩော် ကိုစိန်နိုင်၊ ကိုစိန်နိုင်"

မေမေလတ်တွင် ဤလို အတွေးပေါင်းချုပ်ဖြင့် စိတ်ကလေး ရှုပ်ထွေးနေသကဲ့သို့ပင် ကိုစိန်နိုင်မှာလည်း ဟိုငိုင် သည်ငိုင်ဖြင့် အတွေးနယ်ချဲ့နေသည်သာ ဖြစ်၏။

ကိုစိန်နိုင်မှာ အချစ်နှင့် ပတ်သက်၍ အပျိုစစ်သည် မစစ်သည် ကို အဓိကထားသူမဟုတ်၊ ရုပ်ရည်သန့်ရှင်း၍ အိမ်ရှင်မ အရည်အချင်း လုံလောက်လျှင် ကျေနပ်သည်သာ ဖြစ်သော်လည်း...

"ဟိုယောကျ်ားနဲ့ ရုပ်ရှင်တွဲကြည့်၊ ဒီလူနဲ့ လေညှင်းခံထွက်၊ ဟိုတယ်ပေါ်တက်ပြီး အရှက်မရှိ ယောကျ်ားတွေနဲ့ တွဲကလိုကနဲ့ ဒီလောက် ကာယိန္ဒြေမဲ့ လုတဲ့ မိန်းမမျိုးကိုမှ နွားအကျခံပြီး ယူရသလား စိန်နိုင်ရယ်"ဟူ၍ အခြားသော ဓာတ်သိမိတ်ဆွေ များက အပြစ်ဆိုမည်ကိုလည်းကောင်း...

"ဒီလူက မိန်းမ,မမြင်ဘူးလို့ ဒီလောက် ရူးနေတာပေါ့၊ ယောကျ်ားတွေနဲ့ တွဲပြီး သွားချင်ရာသွားပြီး ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ မိန်းမကိုမှ အောက်ကျနောက်ကျခံပြီး ယူတာ၊ ဒီလူတော့ အရူး အမဲသားကျွေးမိသလို ဖြစ်သွားပြီ ထင်တယ်"ဟူ၍လည်းကောင်း၊ မိမိအပေါ်၌ မ,နှင့် ပတ်သက်ပြီး အညံ့ခံလွန်းသည်၊ နွားကျလှ သည်ဟူ၍ အမျိုးမျိုး အထင်သေးကြမည်ကိုလည်း စိုးရိမ်မိ၏။

"ဘယ်သူက ဘာပဲ ထင်ထင် ငါ့အချစ် သန့်ရှင်းခဲ့ ပြီးတာပဲ၊ မေမေလတ်ဟာ ခေတ်ပညာတတ်တစ်ယောက်၊ အမြော် အမြင်ရှိပြီး ချင့်ချိန်တတ်တဲ့ မိန်းကလေး၊ အပျိုဆိုတဲ့ ဂုဏ်ကို

www.burmeseclassic.com

www.burmeseclassic.com



ထိနိုက်ရလောက်အောင်တော့ သူကာယဒိဋ္ဌိမှာ မဟုတ်ဘူး နောက်ဆုံးတစ်နေ့ သူဟာ အပျိုမဟုတ်တော့ဘူး ဆိုသည့်တိုင်အောင် ငါ တုန်လှုပ်စရာရှိသလား၊ ဒါတွေဟာ ယောကျ်ားကောင်းတွေ စဉ်းစားရမယ့် ပြဿနာမဟုတ်ဘူး၊ ပျိုချင်ပျို၊ အိုချင်အို အရေးကြီးတာက အိမ်ရှင်မပီသဖို့၊ အချစ်ချင်း ညီဖို့၊ သဘောထားချင်း တိုက်ဆိုင်ဖို့ ဒါပဲ ဟုတ်တယ် ဒါပဲ အဓိက"

ကိုစိန်နိုင်သည် ဤသို့လည်း ယောကျ်ားပီပီ မသတီစရာ အချစ်တုဖြစ်သော "အပျိုစစ် မစစ်" ပြဿနာဆိုသည့် သာမန်ကိစ္စကို အဓိက မထားဘဲ အတွေးမှန်၊ အမြင်မှန်ဖြင့် ကိုယ့်ကိုယ်ကို ဆုံးမနေပြန်၏။

✦

ထိုနေ့မှာ ၁၉၅၀–ပြည့်နှစ်၊ စက်တင်ဘာလ ၁၈–ရက်နေ့ ဖြစ်၏။

"ဘယ့်နှယ့်နေသေးလဲ မေမေလတ်ဟင်"

မေမေလတ် နေထိုင်မကောင်းဖြစ်နေသည်မှာ ၃–ရက်ရှိပြီ ဖြစ်၏။ မေမေလတ် နေမကောင်း၍ ကျောင်းမှ စောစော ပြန်သွားသည်ကို သိရသည်နှင့် ကိုစိန်နိုင်သည် အိမ်သို့ ဒုန်းစိုင်းလိုက်လာခဲ့ပြီး စိုးရိမ်တကြီး မေးမြန်းစုံစမ်း၊ ကာ ဆရာဝန်ကိုလည်း သူကိုယ်တိုင်ပင် ပြေးခေါ်၍ အတော်ကလေး ပျာလောင်ခတ်နေခဲ့၏။

မေမေလတ်အမှုအရာမှာမူ ဆရာဝန်ခေါ်ရလောက်အောင် ပြင်းပြင်းထန်ထန် ဝေဒနာခံစားနေရသည့် အသွင်မျိုးမဟုတ်သော်လည်း ဤလို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသော ကိုစိန်နိုင်၏ ဂရုတစိုက် အရေးပေးမှုကို အရသာတစ်မျိုးအနေဖြင့် ကြည်နူးခဲ့သည့်အတိုင်း တစ်စုံတစ်ရာ ငြင်းဆိုကန့်ကွက်ခြင်းမရှိဘဲ ကိုစိန်နိုင် ပျာယာခတ်နေသည်ကိုပင် သဘောကျသလို ကြည့်နေ၏။

ကိုစိန်နိုင်မှာလည်း မေမေလတ် နေထိုင်မကောင်းသည့်နေ့မှစ၍ နံနက်မိုးလင်းသည်နှင့် ရောက်လာတတ်ပြီး ရောဂါအခြေအနေကို စိုးရိမ်တကြီး မေးမြန်းတတ်၏။ ယနေ့လည်း ကိုစိန်နိုင်သည် နံနက် ၆–နာရီ သာသာလောက်တွင် ရောက်လာခဲ့သည်မှန်သော်လည်း မေမေလတ် မနိုးသေးသည်နှင့် ခုတင်ဘေးရှိ ကုလားထိုင်တွင် ထိုင်၍ သတင်းစာ ဖတ်နေရာမှ ချစ်စရာအတိနှင့် ပြည့်ပြည့်ဝဝ လှနေသော မေမေလတ်အား မကြာမကြာ ငေးစိုက်ကြည့်ရင်း မေမေလတ်အနိုးကို စောင့်စားနေခဲ့၏။ ၇–နာရီလောက်တွင်မှ မေမေလတ် လူးလွန့်၍ အွန့်ခနဲ ညည်းလိုက်ရင်း မျက်လွှာကလေး ပွင့်လာသည်နှင့် ကိုစိန်နိုင်သည် ပျာပျာသလဲ မေးလိုက်၏။

"ဘယ့်နှယ့်နေသေးလဲ မေမေလတ် ဟင်"

"အဖျားသွေးရယ်လို့တော့ မရှိတော့ပါဘူး ကိုစိန်နိုင်၊ ခေါင်းထဲမှာ မူးနောက်နောက် ဖြစ်နေတာကလေး တစ်ခုပါပဲ"

"ညကကော အိပ်လို့ ပျော်ရဲ့လား"

ကိုစိန်နိုင်သည် သတင်းစာကို အသာချ၍ ရုတ်တရက် ထလာပြီး မေမေလတ်ဘေးတွင်ပင် ဝင်ထိုင်ကာ မေမေလတ် နဖူးပြင် အနီးသို့ ကပ်လာရင်း ဤသို့ မေးလိုက်၏။

www.burmeseclassic.com



"ဟုတ်ကဲ့ အိပ်လို့တော့ ပျော်ပါတယ်။ ဒါပေမယ့် တစ်နာရီခြား တစ်ခါလောက် နိုးပြီး လန့် လန့်နေတယ်၊ ဘာဖြစ်လို့လဲ မသိဘူး ခါတိုင်း တစ်ခါမှ မလန့်ဘူးဘဲနဲ့"

"မညွန့်ကြည်ကို အနားမှာ ခေါ်သိပ်မှပေါ့ မေမေလတ်ရယ်၊ အဲသလို လန့်တာဟာ နည်းနည်းမှ မကောင်းဘူး၊ ရောဂါတိုးတတ်တယ် မေမေလတ်ရဲ့"

မေမေလတ်သည် ကိုစိန်နိုင်ပြောနေသော စကားကို နားစွင့်ရင်း ပြုံးနေရာမှ လက်ကလေးနှစ်ဖက်ကို ခေါင်းအုံးပေါ်သို့ နောက်လှန်တင်ကာ ရင်ကော့ လူးလွန့်လိုက်ပြီး–

"မပြောပါနဲ့တော့ ကိုစိန်နိုင်ရယ်၊ မညွန့်ကြည်ကို ခေါ်သိပ်ပေမယ့် မထူးပါဘူး။ ကောင်မလေးက သိပ်ပြီး အအိပ်ကြီးတာရှင့်။ သူ့ကို အော်နှိုးနေရင်လည်း မေမေတို့ပါ လန့်နိုးကုန်ကြမှာပဲ။ မေမေကတော့ ပြောပါတယ် သူလာအိပ်မယ်လို့ နို့ပေမယ့် လူကြီးတွေကို ဒုက္ခမပေးချင်ဘူး"

ကိုစိန်နိုင်သည် ကုန်းကုန်းကွကွနှင့် ခုတင်ဘောင်ကို လက်ထောက်ထားရာမှ ရုတ်တရက် ခါးကိုဆန့်လိုက်ပြီး–

"အင်း ခက်တာပဲ ပတ်ဝန်းကျင်က အထင်အမြင်လွဲပြီး မေမေလတ်ရဲ့ ဂုဏ်ကို ထိနိုက်မှာစိုးလို့သာပေါ့ဗျာ၊ နို့မို့ရင် ကျွန်တော်ကိုယ်တိုင် ညအိပ် ညနေစောင့်ပြီး ပြုစုပါတယ်"

"အမယ် ဆရာကြီး ကျွန်မက ခွင့်ပြုနိုင်၊ မပြုနိုင်လည်း ထည့်ပြီး စဉ်းစားပါဦး"



မေမေလတ်သည် ရင်ကလေး ကော့ကော့နှင့် မတ်နော့နော့ ပြောလိုက်သည်ကို...

"အင်း ပါလေ မေမေလတ်ကလည်း ခွင့်ပြုမယ်ဆိုရင် ပြောတာပါ"

မေမေလတ်သည် တစ်စုံတစ်ရာ ဘာမျှ ပြန်မပြောတော့ဘဲ ကိုစိန်နိုင်အား ခပ်တွေတွေကလေး ငေးကြည့်နေပြီးမှ ရုတ်တရက် ထ,အထိုင်လိုက်တွင် သူ့ခန္ဓာကိုယ် နွဲ့နွဲ့ကလေးမှာ နောက်ပိုင်းသို့ ငိုက်တိမ်း၍ ခပ်ယိုင်ယိုင် ယိမ်းသွားသောကြောင့် ကိုစိန်နိုင်က လျင်မြန်စွာ ထိန်းထားလိုက်ရ၏။

"အို စိတ်မဆိုးနဲ့နော် မေမေလတ်၊ ရုတ်တရက်မို့ မေမေလတ် လဲသွားမှာစိုးတာနဲ့"

ကိုစိန်နိုင်က မေမေလတ်၏ လက်မောင်းအိုးကလေးနှစ်ဖက်ကို ဆုပ်ကိုင်၍ ထိန်းထားရာမှ ရုတ်တရက်လက်ကို ဖြေရင်း တောင်းပန်သလို ပြောလိုက်သည်တွင်...

"အမယ်လေး ကိုစိန်နိုင်ရယ် ဒါများ တောင်းပန်စရာလိုက်လို့ တကတည်းမှပဲ၊ ကိုစိန်နိုင်လို ရင်းရင်းနှီးနှီး မဟုတ်တဲ့ သူစိမ်းတစ်ရဲ့ ဆွဲနဲ့တောင် တစ်ယောက်ခါး တစ်ယောက်ဖက်ပြီး က,ခဲ့သေးတာ ဆန်းပါဘူး၊ စိတ်ထားရိုးရင် ပြီးတာပါပဲ"

မြန်မာ့ယဉ်ကျေးမှု ထုံးစံအရ အရွယ်ရောက်နေပြီဖြစ်သော မိန်းမပျိုတစ်ဦး၏ လက်ကို ယောကျာ်းပျိုတစ်ယောက်တစ်လေက ဆိုလားကိုင်လားလုပ်လျှင်ပင် ယဉ်ကျေးမှုကို ချိုးဖောက်ရာကျသည်ဟု ယူဆကြပါလျက် မေမေလတ်မှာမူ သူ့လက်မောင်းအိုးနှစ်ဖက်ကို တော်စုစု ညစ်ကိုင်ခြင်းခံရလိုက်ရသည့် တိုင်အောင် အပြုံးမပျက်ဘဲ ခွင့်လွှတ်လိုက်၏။ ကိုစိန်နိုင်အား ချစ်သူဟု သဘောထား၍

www.burmeseclassic.com

ခွင့်လွှတ်သည်ဆိုလျှင်ကား တော်သေး၏။ ယခုမူ ထိုသဘောမျိုး မဟုတ်ဘဲ ဟိုတယ်၌ ပွတ်က က,ခဲ့သည်ကိုပင် အညွှတ်အနူး အသားယူသလို ပြောနေပြန်သောကြောင့် ကိုစိန်နိုင်မှာ မသိမသာ အားဖြင့် မျက်နှာပျက်သွား၏။ သို့စေကာမူလည်း သူမကျေနပ် ဖြစ်သွားရသည်ကို မေမေလတ် မသိစေလို၍လား မပြောတတ် ချက်ချင်းဆိုသလို မျက်နှာချိုလိုက်ရာမှ...

"ဒါနဲ့ ဒေါ်ဒေါ်မေက ပြောတော့ မေမေလတ်ဟာ ဘယ် ယောက်ျားကလေးနဲ့မှ နှစ်ယောက်တည်း လျှောက်မလည်ဘူးဘူးဆို"

"ကိုစိန်နိုင့်နှယ်၊ ထုပုံထုပန်းနဲ့ အ,လိုက်တာလွန်ရော ဆိုတာလို ကျနေပြီ။ ကျောင်းနေတုန်းက ယောက်ျားမိတ်ဆွေတွေနဲ့ လည်တာ ပတ်တာကို အိမ်မှာနေတဲ့ မေမေက ဘယ်သိမှာတဲ့တုန်း ဒါနဲ့ ဒီစကားကို ဘာဖြစ်လို့ ထပ်ပြောတာလဲ ကိုစိန်နိုင် ကျွန်မတို့အရင်က ယောက်ျားမိတ်ဆွေတွေနဲ့ နှစ်ယောက်ချင်း လည်ခဲ့ပတ်ခဲ့ဘူးတာကို မကျေနပ်သလို ဖြစ်နေသလား၊ ရှင်းရှင်း ပြောနော် ကိုစိန်နိုင်၊ နောက်မှ ဒါတွေကို ရမယ်ရှာရင် ကျွန် ခံမှာ မဟုတ်ဘူး ဒါပဲ"

"ဒါတွေကို မကျေနပ်ခဲ့ရင် ဟိုတစ်နေ့ မေမေလတ်ထုတ်ပြော ကတည်းက စေ့စပ်ရေးပျက်သွားမှာပေါ့၊ စကားတွေက တစ်မျိုး ဖြစ်နေလို့ မေးရတာပါ"

"ဒါဖြင့် အဲဒီကိစ္စတွေအတွက် ကိုစိန်နိုင် ကျွန်မကို ခွင့်လွှတ် တယ်ဆိုပါတော့"

"မေးဖို့တောင် မလိုတော့ပါဘူး မေမေလတ်"

"ကဲ တကယ်လို့ ကိုစိန်နိုင်နဲ့ ညားပြီးတဲ့အခါမှာ အဲသလို က,ပွဲတွေ ဘာတွေ တက်မယ်၊ ဒီပြင် ယောက်ျားမိတ်ဆွေတွေ လည်မယ် ပတ်မယ်ဆိုရင်ကော"



ကိုစိန်နိုင် ရုတ်တရက် တွေသွား၏။ ငိုင်သွား၏။ အတန် ကြာမှ အနီးရှိ ကုလားထိုင်တွင် ထိုင်ချလိုက်ပြီး–

"ဒီမှာ မေမေလတ်၊ မေမေလတ်ကိုလေ ကျွန်တော် အသည်း ထဲက ချစ်ပါတယ်၊ ချစ်လို့လည်း ဒီလောက် လိုက်လျောနေတာရယ် လို့ မေမေလတ်သိထားစမ်းပါ၊ အဲဒီတော့ မေမေလတ် စိတ်ချမ်းသာမယ်ဆိုရင်လေ ဘာပဲလုပ်လုပ် ကျွန်တော် ခွင့်ပြုမယ်"

ပြောနေသော စကားအဓိပ္ပါယ်ကဲ့သို့ပင် ကိုစိန်နိုင်၏ မျက် လုံးထားမှာ လှိုက်လှိုက်လှဲလှဲ ချစ်သောကြောင့်၊ ဘာပဲဖြစ်ဖြစ် လိုလိုက်မည်ဟူသော အသွင်မျိုးဆောင်နေ၏။

"ဘာလဲ ကိုစိန်နိုင် မရခင်မို့ အလိုလိုက်ပြီး အကြိုက်နဲ့ ...းနေတာလား၊ ဒီလိုတော့ မလုပ်နဲ့နော် အသဲတွက်ချင်း လဲပစ်လိုက် ...ယ် သိလား"

မေမေလတ်သည် ကိုစိန်နိုင်အား စူးစူးစိုက်စိုက် ကြည့်ရှု ...ကဲခတ်ရင်း မာဆတ်ဆတ် ပြောလိုက်၏။

"အေးလေ ဒါတော့ မယုံလည်း မတတ်နိုင်ဘူး၊ ဟိုအခါ ...ရင် သိမှာပေါ့"

မေမေလတ် မျက်စောင်းကလေး ငဲ့၍ ရိသဲ့သဲ့ ပြုံးလိုက် ...မှ–

"ကဲ ကိုစိန်နိုင် ပြန်တော့မလား၊ နေဦးမလား၊ ကျွန်မ ...က်နှာသစ်ချည်ဦးမယ်"

"မနေရဘူးဆိုလည်း ပြန်မှာပေါ့ဗျာ အဆန်းလုပ်ပြီး မေးတော့ ...ပါနဲ့။ မေမေလတ် နေမကောင်းတဲ့နေ့ကစပြီး တစ်နေကုန် ...်နေခမ်း အနားက မခွာဘဲ ပြုစုနေတာ အသိသားနဲ့"

"အမလေးရှင် ချွဲလိုက်တာ၊ ကဲ နေတော်မူ ကျွန်မ ...်နှာ သွားသစ်ဦးမယ်"ဟု ပြောပြောဆိုဆိုပင် မေမေလတ်သည်

www.burmeseclassic.com

www.burmeseclassic.com

စောင်အတွင်းသို့ လက်ရှိ၍ ဖရိုဖရဲဖြစ်နေသော ထမီကို ဆွဲဆန့် ပြင်ဝတ်လိုက်ပြီးမှ စောင်ကို ခွာ၍ ခုတင်ပေါ်မှ ဆင်းမည်အပြုတွင်

“ဒီမှာပဲ မျက်နှာသစ်ပါလား မေမေလတ်ရယ်၊ ရေနဲ့ သွားပွတ်တံ ကျွန်တော် ယူပေးမယ်လေ မတော်တဆ သွားရင်း လာရင်း မူးနေမှဖြင့်”

မေမေလတ်သည် ချစ်ရည်လည်နေသော မျက်လုံးများဖြင့် ကိုစိန်နိုင်အား မော်ကြည့်ရင်း ပြုံးလိုက်၏။

“ကျွန်မ သွားနိုင်ပါတယ် ကိုစိန်နိုင်”ဟု ပြောရင်း မေမေလတ်သည် ခုတင်ပေါ်မှ ဆင်း၍ ရပ်လိုက်ပြီးမှ–

“ကျွန်တော်တို့များတော့ မိန်းမကို မရခင်ကတည်းက မျက်နှာသစ်ဖို့ ရေယူပေးရတယ် သွားပွတ်တံ ယူပေးရတယ် ကွယ်ရာမှာ လျှောက်ပြောနေရင် ဘယ့်နှယ့်လုပ်ပါ့မလဲ”

မေမေလတ်က ပြုံးစနဲ့နဲ့နှင့် ခနဲ့တဲ့တဲ့ ပြောရင်း ချာခနဲ လှည့်ထွက် သွားသောကြောင့် ကိုစိန်နိုင်မှာ ဘာမှ ပြန်မပြောလိုက် အထက်ကျယ်အလယ်ကျစ်ပြီး အောက်ပိုင်းသို့ တစ်တစ်ရစ် ကားဆင်းသွားသော မေမေလတ်၏ နောက်ပိုင်းကို ငေးကြည့် ကျန်ရစ်ခဲ့၏။

၁၀–မိနစ်ခန့်ပင် မရှိသေးမီ မိန်းကလေးတစ်ယောက် ဝင်လာပြီး ကိုစိန်နိုင်အနီးရှိ စားပွဲ၍ကလေးပေါ်သို့ ကော်ဖီ ခွက်နှင့် ပေါင်မုန့်ထောပတ်သုတ် နှစ်ပန်းကန် ချပေး မေမေလတ် ရောက်လာကာ–

“မညွန့်ကြည် မမပေါင်မုန့် မစားချင်ဘူး သွား ဘီစ တစ်ပန်းကန် ယူလာခဲ့”ဟု အမိန့်ပေးလိုက်ပြီးမှ–

“ကဲ ကိုစိန်နိုင် ကော်ဖီသောက်ဦး။ မုန့်လည်း စား



သို့ပြောပြီးသည်နှင့် မေမေလတ်သည် မှန်တင်ခုံဆီသို့ လျှောက်သွားကာ အလယ် အံဆွဲရှည်ကြီးကို ဆွဲဖွင့်လိုက်ရင်းက တစ်စုံတစ်ရာကို သတိရသကဲ့သို့ ကိုစိန်နိုင်အား သမင်လည်ပြန် စောင်းကြည့်လိုက်ကာ–

“ဒီဘက်ကို လှည့်မကြည့်ရဘူးနော် အင်္ကျီလဲမလို့ ဒါပဲ”

“အမိန့်တော်မြတ် အတိုင်းပါပဲခင်ဗျာ”ဟု ပြောရင်းက ကိုစိန်နိုင်သည် သောက်လက်စ ကော်ဖီပန်းကန်ကို စားပွဲပေါ် အသာချကာ လက်ကိုင်ပုဝါထုတ်ပြီး မျက်လုံးနှစ်ဖက်ကို အုပ်၍ စီးလိုက်သောကြောင့် မေမေလတ်မှာ တခစ်ခစ်နှင့် သဘောကျနေ တော့၏။

“ဟဲ့ ဟဲ့ အို ဒါက ဘာလုပ်ကြတာလဲ”

ခရမ်းနုရောင် မေမြို့ ပန်းစည်းကြီးကို ကိုင်၍ ဝင်လာသူ ဒေါ်ဒေါ်မေက ကိုစိန်နိုင်နှင့် မေမေလတ်အား တစ်လှည့်စီကြည့်၍ မေးလိုက်သောကြောင့်–

“မေမေလတ်လေ သူအင်္ကျီလဲမှာမို့ ကျွန်တော့်မျက်စေ့ ပိတ်ထားရမယ်ဆိုတာနဲ့”

ကိုစိန်နိုင် စကားမဆုံးမီပင် မေမေလတ်က–

“အလကား ပြောတာ မေမေ သမီးက မျက်စေ့ အပိတ်မခိုင်း ဘူး လှည့်မကြည့်နဲ့လို့သာ ပြောတာ”

“နင်တို့ဟာက အရူးမဟုတ်၊ အကောင်းမဟုတ်”

ဒေါ်ဒေါ်မေလည်း ပြောပြောသွက်သွက်ပင် ဘုရားစင်ရှိရာ အိမ်ရှေ့ခန်းသို့ လှမ်းထွက်သွား၏။

“ကဲ ဖြည်လိုက်ပါတော့ ဒီလက်ကိုင်ပုဝါကြီးကို”

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံနှင့် မရှေးမနှောင်းပင် ရိုးရိုးယဉ်ယဉ်နှင့် သင်းသော ပေါင်ဒါနှင့် ရေမွှေးနံ့တို့သည် ကိုစိန်နိုင့် နှာခေါင်းဝတွင် တလှိုင်လှိုင် ကြိုင်သွားသည်နှင့်အမျှ ကိုစိန်နိုင်၏ စိတ်မှာလည်း အရိုးခံမှ ဆန်းလာပြီး ဗရမ်းဗတာ တုန်လှုပ်သွားသည် ထင်လိုက်ရ၏။

မြတ်ပါးပေါ် နံ့သာ သခဲ့သဖြင့် လှချင်တိုင်း လှနေသော မေမေလတ်၏ ကျက်သရေမှာ ကိုစိန်နိုင်အဖို့ မက်မပြေစရာ ဖြစ်နေတော့လျက်–

"မေမေလတ်တို့ကတော့ ဘယ်အချိန်ကြည့်လိုက်ကြည့်လိုက် လှနေတော့တာပဲနော်"

"အမယ် ကိုစိန်နိုင်လည်း မဆေတော့ပါလား၊ အမြှောက်တွေ အပင့်တွေတောင် တတ်နေပြီ၊ မှန်မှန်ပြောစမ်း ခုတလော ဘယ်သူတွေနဲ့ ပေါင်းသလဲ"

မေမေလတ်သည် သို့ပြောလိုက်ပြီး ပန်းဆီရောင် နှုတ်ခမ်း နုနုကလေးကို ခပ်စုစုရှုံ၍ ကျူပြုံးကလေး ပြုံးနေ၏။

"လူတွေဟာ တယ်ခက်တာပဲနော်(ပစ္စည်းမဲ့ လူတန်းစား ပပျောက်ရေး)ဆိုတဲ့ စကားဟာ အဓိပ္ပါယ် ပြည့်စုံပြီး ရည်ရွယ်ချက် ကောင်းပေမယ့် ကိုယ်ကျိုးရှာ နိုင်ငံရေးသမားတွေ ဖက်ရှင်လက်ဝဲတွေ အရေခြုံတွေက ဒီစကားကို လိုက်လိုက်ပြီး သုံးနေတာနဲ့ အဲဒီ (ပစ္စည်းမဲ့ လူတန်းစား ပပျောက်ရေး)ဆိုတဲ့ စကားတောင် တန်ဖိုး လျော့နေပြီကော၊ ဒီအတိုင်းပဲ မေမေလတ်ကို (ချစ်အရေခြုံ) ဂေါ်သမားတွေက ဝိုင်းဝိုင်းပြီး မြှောက်ကြတာနဲ့ ကျွန်တော်တို့လို လူက တကယ့် စိတ်ရင်းကောင်းနဲ့ ပြောပေမယ့်လည်း မြှောက်သလို ဖြစ်နေရတော့တာပဲ"

"ဒီက ကျီစားပြောတာပါရှင်၊ ခုမှ စကားတွေ သိပ်တိုးနေ တာပဲ"ဟု ပြောရင်း မေမေလတ်သည် ဘီစကွတ် တစ်ခုကို ...မ်းယူလိုက်၏။

"ဒီမှာ မေမေလတ် ကျွန်တော်တို့ လက်ထပ်ဖို့ကိစ္စနဲ့ ...တ်သက်ပြီး ကျွန်တော် ဒီဂရီရမှာပဲ စဉ်းစားတော့မှာလား"

မေမေလတ်သည် ရုတ်တရက် အဖြေမပေးသေးဘဲ တစ်ဝက် ...ပါး ကိုက်စားနေသော ဘီစကွတ်ကို ကော်ဖီတစ်ငုံဖြင့် ရော၍ ...ရင်း စဉ်းစားသလို တွေနေ၏။ ထိုအခိုက် ကိုစိန်နိုင်လည်း ...တ်ထဲမှ ဆေးပြင်းလိပ်တစ်လိပ်ထုတ်၍ မီးညှိရှိုက်ဖွာလိုက်ပြီး–

"ဘီအေ အောင်မှ လက်ထပ်မယ်ဆိုရင်တော့"

"၅–နှစ်လောက်ပဲ ကြာမှာပါ ကိုစိန်နိုင်၊ နို့ ဒီလောက်ကလေး ... မစောင့်နိုင်ဘူးလား၊ ဒါနဲ့များ ကျွန်မကို အသည်းထဲက ...တယ်တဲ့"

"စောင့်ဆိုရင်တော့ စောင့်ရမှာပေါ့ဗျာ၊ ဒါပေမယ့်လည်း"

"နေ့စမ်းပါဦး ကိုစိန်နိုင်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မ ...ာခဲ့ဖူးပြီကော၊ ဘီအေ အောင်တာ, မအောင်တာက ရှေ့ရေး ...တွက် မှုလုံဖို့သာ ရည်ရွယ်တယ်။ အဓိက အချက်ကတော့ ...နဲ့ ကျွန်မ သဘောချင်း တိုက်ဆိုင်ဖို့ပဲဆိုတာ အဲဒီတော့ ...စိတ်နေ သဘောထား သားမယားအပေါ် ကြင်နာယုယမှုနဲ့ ...ယူအဆ ဝါဒချင်း ကျွန်မနဲ့ ကိုက်ညီတဲ့ တစ်နေ့မှာ (ကနေ့ဖြစ်ဖြစ် ...ဖြန်ဖြစ်ဖြစ်ပေါ့ရှင်) လက်ထပ်လိုက်ကြရုံပဲ ဆိုတာကိုစိန်နိုင် ...သားစေချင်တယ်"

မေမေလတ်သည် ခုတင်ခေါင်းရင်း တန်းကို မှီရင်း ...ဆင်းထိုင်၍ ဤသို့ ပြောလိုက်ပြီး ခြေထောက်နှစ်ဘက်ကို

www.burmeseclassic.com

www.burmeseclassic.com


ရှေ့ထိုးနောက်ငင် လှုပ်ရှားလိုက်သည်၌ ဝင်းဝါနဖွေးရုံသော ခြေ သလုံးသားကလေး တစ်ဖက် တစ်ဝက်နီးပါးလောက် ပေါ်သွားသည် ကိုပင် ပြန်လည်ဖုံးအုပ်ခြင်း မပြုတော့ဘဲ အမှုမဲ့ပင် ဘီစကွတ်နှင့် ကော်ဖီကို တစ်လှည့်စီ စားသောက်နေ၏။

"အို ဆေးလိပ်နံ့ကြီးကလည်း"

ကိုစိန်နိုင် မှုတ်ထုတ်လိုက်သော ဆေးပြင်းလိပ် မီးခိုးအငွေ့ သက်သက်ကလေးများ မေမေလတ် ဘက်သို့ ဝေ့သွားသောကြောင့် မေမေလတ်သည် လက်ကလေးနှင့် ဝေ့ရမ်းရင်း ဤသို့ ရေရွတ်လိုက် ပြီးမှ–

"ကိုစိန်နိုင် အရင်က စီးကရက်သောက်တယ် မဟုတ်လား ခုမှ ဘာဖြစ်လို့ ဆေးပြင်းလိပ် ပြောင်းသောက်ရတာလဲ"

မေမေလတ်က ရှုံ့ကာမဲ့ကာ မေးလိုက်သောကြောင့် ကိုစိန်နိုင် လည်း လက်ထဲမှ ဆေးပြင်းလိပ်ကို ထွေးခံထဲ ပစ်ထည့်လိုက်၏

"စီးကရက် သောက်ရတာ ပေါ့ရှတ်ရှတ်နဲ့မို့ ဆေးပြင်း လိပ်ပြောင်းတာ သုံးရက်လောက်ပဲ ရှိသေးတယ်။ ဘာဖြစ်လို့လဲ မေမေလတ်ရဲ့"

"အဲဒါ ခက်တယ်၊ ကျွန်မကလည်း ဆေးပြင်းလိပ်အနံ့ နည်းနည်းမှ ခံလို့မရဘူး။ ရှင်နဲ့ ကျွန်မနဲ့ ညားရင်တော့ ဒီဆေးပြင်းလိပ် အနံ့ကြီးက ဒုက္ခတစ်ခုပါပဲ"

"မဆိုင်တာပဲဗျာ၊ နို့ မေမေလတ်နားမှာ မသောက်ရင် ပြီးတာပဲ မဟုတ်လား"

"ဒါလောက်နဲ့ ပြီးနိုင်ရင် ကျွန်မ မပြောပါဘူး။ ဒါပေမဲ့ ဆေးပြင်းလိပ်သောက်တဲ့ လူရဲ့ ပါးစပ်နံ့ဟာ သိပ်နံ့တာရှင့်၊ မီး ရှော့ရှော့အောက်သိုးသိုးနဲ့ တစ်မျိုးကြီးပဲ၊ ဖေဖေ စကားပြောရင်တော့ ကျွန်မ အနားကပ်ပြီး နားမထောင်ဘူး။ ဖေဖေလည်း ဆေးပြင်းလိပ် သောက်သမားမို့ ပါးစပ်နံ့ မခံနိုင်ဘူး ကျွန်မ"

ကိုစိန်နိုင်သည် ဒူးပေါ် တံတောင်ဆစ်တင်၍ လက်ဖဝါးတွင် မေးထောက်ကာ တဖျစ်တောက်တောက် ပြောနေသော မေမေလတ် ကောကို နားစွင့်နေ၏။

"ဒါကို မေမေလတ်က ဘယ်လိုဆိုချင်သလဲ"

"ထွေထွေထူးထူးတော့ မပြောချင်ပါဘူး။ ရှင်နဲ့ ကျွန်မ ညားကြတဲ့တစ်နေ့မှာ အတူတူ အိပ်ကြရမှာမို့ ဒီအနံ့ကြီးကိုသာ တစ်ညလုံး ရှူနေရမယ်ဆိုရင်တော့"

"နို့ ဆေးပြင်းလိပ်သောက်တတ်တဲ့ ဦးလတ်နဲ့ ဒေါ်ဒေါ်မေ ကော အတူတူ အိပ်ကြတာပဲ မဟုတ်လား"

"အို မေမေက မေမေပဲ၊ ကျွန်မက ကျွန်မ ဘာဆိုင်လို့လဲ"

"အင်း မိန်းမတိုင်းသာ မေမေလတ်လို စိတ်သဘောမျိုး ဆိုရင်တော့ ဆေးပြင်းလိပ်သမားတွေ မိန်းမရလို့ အတော်ခဲယဉ်းမှာ"

"စင်စစ်တော့ ဒါဟာလည်း အိမ်ထောင်ရေး စိတ်သဘောချင်း တိုက်ဆိုင်မှု မတိုက်ဆိုင်မှုမှာ ပါတာပဲ"

"ဒါတော့ စည်းမျဉ်းက တင်လွန်းလှသဗျာ"

"ဘာလို့ တင်းရမှာလဲ ကိုစိန်နိုင် လူတိုင်း လူတိုင်းမှာ ကိုယ်ကြိုက်တာ ကိုယ်လုပ်နိုင်တဲ့ အခွင့်အရေးရှိပေမယ့် တစ်ခြားလူ တစ်စုံတစ်ယောက်အဖို့ အနှောက်အယှက် ဖြစ်နေရင် ရှောင်ရမယ် မဟုတ်လား၊ တစ်ချို့ အလိုက်ကန်းဆိုး မသိတဲ့ ဆေးပြင်းလိပ်သမား တွေ ရှိသေးတယ်။ ရုပ်ရှင်ရုံထဲမှာ ဆေးပြင်းလိပ်ကြီးကို မော်တော် ကား မီးခိုးလွှတ်သလို အားရပါးရ မှုတ်နေတာပဲ ကိုယ်ကြိုက်တတ်လို့ သောက်တာ ဖြစ်ပေမယ့်လည်း ဒီအနံ့ကြီးကို ဘေးလူတွေ ခံနိုင်၊

www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်လည်း ကိုယ်ချင်းစာရသေးတယ်ရှင်၊ ယဉ်ကျေးတဲ့ နိုင်ငံတွေ တော့ ဒါမျိုးတွေ သိပ်သတိထားတယ်။ နေရာတိုင်း ဆေးလိ သောက်ခွင့် မရှိဘူး၊ သောက်နိုင်သည့် တိုင်အောင်လည်း ဘေးလူ အဖို့ အနှောက်အယှက် ဖြစ်မယ်ဆိုရင် ဆင်ခြင်ကြတယ်”

“ဒါနဲ့ မေမေလတ်ရယ်၊ ခု ကျွန်တော် ဆေးပြင်းလိ သောက်တဲ့ ကိစ္စကကော ကျွန်တော်တို့ရဲ့ လက်ထပ်ရေး ထိခိုက်စရာ အချက်ရယ်လို့ ဖြစ်နေပြန်ပလား”

“ဒီလိုလေ ကိုစိန်နိုင်ရဲ့ ယဉ်ကျေးတဲ့ နိုင်ငံတွေမှာ ဆို လင်မှာရော၊ မယားမှာပါ ကိုယ်ပိုင် အခွင့်အရေး တင်းပြည့်ကျပ်ပြ ရှိတယ်။ ကုန်ကုန်ပြောရရင် လင်ဖြစ်သူက ညအိပ်တဲ့အခါ ဟောက်တတ်တယ် ဆိုပါတော့၊ အဲဒါကို မယားဖြစ်သူ သူ့ယောကျ်ားဟာ ညညမှာ ဟောက်တတ်တဲ့အတွက် သူကောင်း ကောင်း မအိပ်ရလို့ တရားရုံးတော်မှာ အကြောင်းပြပြီး ဒီလင် ကွာရှင်းခွင့် ရှိတယ်။ လင်ကလည်း မိန်းမကိုယ်က လက်ပတ် နံပါတယ်လို့ အကြောင်းပြပြီးတော့လည်း ကွာရှင်းခွင့် လျှော ထားနိုင်တယ်။ ဒါကြောင့်လည်း သူတို့ ယဉ်ကျေးတဲ့ နိုင်ငံသား ဟာ တစ်ယောက်နဲ့ တစ်ယောက် ညားပြီးမှ ဒီလို အဆင်မပြေ တွေဖြစ်လာမှာစိုးလို့ မညားခင်က နီးနီးကပ်ကပ် လေ့လာအ ခတ်ကြတာပဲ”

မေမေလတ် စကားကြောင့် ကိုစိန်နိုင် စိတ်ပျက်သ တွေသွား၏။

“ဒါဖြင့် ကျွန်တော် ဆေးပြင်းလိပ်သောက်လို့ မဖြစ် ဆိုပါတော့ မေမေလတ်ရယ်၊ ဟုတ်လား”

“ကျွန်မကို ချစ်ရင်တော့ မသောက်စေချင်ဘူး ကိုစိန်နိ

“ကောင်းပြီး ကျွန်တော် စီးကရက်ပဲ ပြန်သောက်တော့မယ ဒါပေမယ့် တယ်မလွယ်လှဘူး၊ အတော်ကျင့်ရဦးမှာပဲ”

စ,၍ တွေ့ကြသည်မှ ယနေ့အထိ မေမေလတ်ကသာလျှင် လိုလားချက်တွေ တစ်ခုပြီးတစ်ခု တောင်းခဲ့၏။ သို့ တောင်းဆို ခဲ့သည်များတွင်လည်း တရားသည့်အချက်လည်းပါ၏၊ နည်းလမ်း မကျသောအချက်သည်လည်း ပါ၏။ ကိုစိန်နိုင် ဆေးပြင်းလိပ် သောက်သည်ကိုပင် မေမေလတ်သည် ကပ်ကပ်သပ်သပ် ကန့်ကွက် ခဲ့ပြန်သေး၏။

သို့ဖြစ်လျှင် အလိုလိုက်တိုင်း အမိုက်စော်ကားရပါမို့လားဟု မေမေလတ်အား အပြစ်ဆိုရန် သင့်ပါ၏လော၊ မေမေလတ်သည် သူ့စကားအရ တစ်ယောက်နှင့်တစ်ယောက် စိတ်သဘောချင်း တိုက်ဆိုင်မှုအတွက် လိုလားချက်တွေ တောင်းဆိုနေခြင်းသာ ဖြစ်သကဲ့သို့ ကိုစိန်နိုင်သည်လည်း သူ့စိတ်သဘောထားနှင့် ကိုက်ညီ အောင် လိုလားချက်အမျိုးမျိုးကိုလည်း ကြိုက်သလို တောင်းပိုင်ခွင့် ရှိပါလျက် ကိုစိန်နိုင် အဘယ်ကြောင့် မတောင်းသနည်း၊ မတောင်း ရုံသာမဟုတ်သေးဘဲ မေမေလတ် လိုလားသော အခွင့်အရေးကိုပင် ကိုစိန်နိုင်သည် ကျေကျေနပ်နပ် မဟုတ်သော ပေးခြင်းမျိုးဖြင့်ပင် လိုက်လျောခဲ့သေး၏။ ဤမှုနှင့်ပင် မည်သူလွန်၍ မည်သူညံ့သည်ကို ခန့်မှန်းနိုင်လောက်ပေပြီ။

◆

ကလေးတို့မည်သည် ငိုတိုင်းသာ မုန့်စားရမည်ဆိုက တည့် သည်,မတည့်သည်၊ ဆာသည်,မဆာသည် နားမလည်၊ မုန့်သည်မြင် တိုင်း ငိုမည်သာ ဖြစ်သကဲ့သို့ မေမေလတ်မှာလည်း ပထမဆော် ယုတ္တိယုတ္တာနှင့် အဓိပ္ပါယ်ရှိသော လိုလားချက်မျိုးကိုသာလျှင်

www.burmeseclassic.com

www.burmeseclassic.com


တောင်းခဲ့ရာမှ လိုက်လျောမှန်းသိလေ၊ ကဲတက်လာလေဖြင့် ကြာသော် တော်,မတော်၊ သင့်,မသင့်ကိုပင် ချင့်ချိန်ရကောင်းမှန်း မသိတော့ဘဲ ကဲသည်ထက်သာ ကဲ၍ လာတော့၏။

"ဒီမှာ ကိုစိန်နိုင်၊ နု နောက်ဆုံးလာတဲ့ ဂျက်ဗလင်ဆိုတဲ့ မော်တော်ကား ကလေးဟာ သိပ်ချစ်စရာကောင်းတာပဲ၊ အဲဒါမျိုး တစ်စင်းလောက် ဝယ်ပါလားဟင်၊ ကျွန်မ သိပ်စီးချင်တာပဲ၊ ကျွန်မကို တကယ်ချစ်တာ ဆိုရင်ဖြင့် ကိုစိန်နိုင် ဝယ်မှာပဲ"

ဤသို့ စကားမျိုးကို မေမေလတ် နာရီဝက်ပင်ကြာအောင် မပြောရ၊ ကိုစိန်နိုင် ခေါင်းညိတ်လိုက်သည်သာ ဖြစ်၏။ နေ့မဆိုင်း ညမဆိုင်း မိဘထံ စာရေးအပူကပ်၍ အဆိုပါ ကားတစ်စင်းကို တရင်းတနှီး ဆေးဝယ်ခဲ့၏။

"ဒါနဲ့ ကိုစိန်နိုင်ရယ့် ကျွန်မဖြင့် ဟောဒီ နောက်တွဲကြီး ထုံးထုံးနေရတာ ခေတ်မမီတယ်ကို မထင်တော့ဘူး။ အဲဒါကို ခုခေတ်စားနေတဲ့ "ဂုတ်ပေါ်ဝ"ဖက်ရှင်မျိုးဖြတ်ပြီး အင်္ဂလိပ်မကလေး လို အလိပ်လိပ်ကလေးတွေ လုပ်ထားရရင် မကောင်းဘူးလား ကိုစိန်နိုင်ဟင်"

"ကောင်းသားပဲ မေမေလတ် ကြိုက်သလိုလုပ်ပေါ့"

"ကိုစိန်နိုင်ကကော သဘောတူလား"

"မေမေလတ် ဘာလုပ်လုပ် ကိုစိန်နိုင်ကတော့ သဘောတူ တာပဲ၊ ချစ်တာကိုးလေ"

ကိုစိန်နိုင်သည် ဤသို့လည်း လိုက်လိုက်လွဲလွဲ ထောက်ခံ၏။

"အို ကိုစိန်နိုင်က အဝတ်အစား အဆင်အသွေး ရွေးတာ တယ်ညံ့သကိုး၊ ရှင်က အသားဖြူပြီး အရပ်အမောင်းကောင်းတယ် ဆိုတော့ လုံချည်ဝတ်ရင် မတ်တတ်စင်းကို မဝယ်ရဘူးရှင့်၊ အရပ်ဟာ နဂိုထက် ပိုရှည်သလို ထင်ရတယ်။ ကန့်လန့်စင်းတို့၊ အကွက်တို့ ဝတ်ရတယ်။ ရှပ်အင်္ကျီဆိုတာလည်း အဖြူချည်းပဲ ဝတ်လို့ ဘယ်နိုပ်မလဲ။ တစ်ခါတစ်လေ အစင်းကလေး ဘာလေး ချုပ်မှပေါ့။ ပြီး သက္ကလပ်အင်္ကျီဆိုတာလည်း အရောင်နုလွန်း၊ ရင့်လွန်းရင် ကြည့်မကောင်းဘူး။ ခပ်မှိုင်းမှိုင်းနဲ့ မျက်စိအေးတဲ့ အရောင်မျိုး ဝယ်မှပေါ့၊ ဖြစ်သေးပါဘူး၊ ကဲ နောက် ရှင် အဝတ်အစား ဝယ်ရင် ကျွန်မလိုက်ပြီး အဆင်အသွေး ရွေးပေးမယ် ဟုတ်လား"

"သဘောတော်မြတ်အတိုင်းပါပဲ ခင်ဗျာ"

မေမေလတ်သည် ကိုယ့်အကြိုက်ကိုယ်တောင်းဆိုရုံနှင့် အားမရသေးဘဲ သူတစ်ထူး၏အကြိုက်ကိုပင် ဝင်၍ ချုပ်ချယ်ခဲ့ ပြန်၏။ သို့သော် ထိုတောင်းဆိုချက်ကိုလည်း ကိုစိန်နိုင်သည် ချွင်းချက်မရှိ ပေးအပ်ခဲ့၏။

ထိုမျှသာလော၊ မကသေးပါ။ တစ်ခါကလည်း အသစ်စက် စက်ဖြစ်သော ဂျက်ဗလင်ကားလေးနှင့် လေညှင်းခံထွက်ရာတွင် ဗန်တော်ကြီးဈေး၊ ပြည်ထောင်စု ကလပ်အနီးတွင် ရုတ်တရက် ဓာတ်ဆီကုန်သွားသဖြင့် မေမေလတ် ဒေါပွလိုက်သည်မှာ ကိုစိန်နိုင် ကိုပင် ဝါးစားတော့မတတ် ဖြစ်ခဲ့၏။

"တကယ်ဆိုရင် ဓာတ်ဆီ လုံလုံလောက်လောက် ဝယ်ထင့် ထားဖို့ကောင်းတယ်။ ကြည့်စမ်း၊ ခုတော့ ဘယ်လောက် ရှက်စရာ ကောင်းသလဲ။ လူတွေထဲမှာ ခုလိုဖြစ်တာ ကျွန်မဖြင့် သိပ်ရှက်တာပဲ။ ဒရိုင်ဘာပါလို့ ရှိရင်လည်း တော်သေးရဲ့။ ခု ရှင်ဓာတ်ဆီသွားဝယ် ရင်လည်း ကျွန်မတစ်ယောက်တည်း၊ အို ရှင် နည်းနည်းမှ အသုံးမကျတဲ့ လူပဲ ရှင် အလကားလူ ထွီ"

www.burmeseclassic.com





မတော်တဆ ဖြစ်ရသောကြောင့် ခွင့်လွှတ်ပါမည့် အကြောင်း ကိုစိန်နိုင်က ရှိုက်ရှိုက်ကြီး တောင်းပန်သော်လည်း မေမေလတ်မှာ ထိတ်တွေ ထွမ်တွေနှင့် ရိုင်းပြရင့်သီးစွာ ပိုးစိုးပက်စက် ပြောခဲ့၏။

ထိုကိစ္စကား ထိုမျှနှင့် မပြီးသေးဘဲ ကိုစိန်နိုင်အား ထိုချို့ယွင်း မှုကို အကြောင်းပြု၍ ၄–ရက်တိတိ စကားမပြောဘဲ နေခဲ့သော ကြောင့်–

“ဒီတစ်ခါ ခွင့်လွှတ်ပါ မေမေလတ်ရယ်နော်၊ ကျွန်တော် တောင်းပန်ပါတယ်။ နောက်နောင် ဒီလို မဖြစ်စေရပါဘူး။ တ ကြိမ်မှားမိတဲ့အတွက်လည်း ပေးချင်တဲ့ အပြစ် ပေးပါ၊ ကျွန်တော် ခံယူပါ့မယ်။ ဒီလိုတော့ စကားမပြောဘဲ ညှင်းဆဲမထားပါ မေမေလတ်ရယ်”

ကိုစိန်နိုင်သည် ဤသို့လည်း ဒူးထောက်၍ လက်ဖြော အည့်ခံကာ အတန်တန် တောင်းပန်ခဲ့၏။

◆

သို့အားဖြင့် ကိုစိန်နိုင်တို့၏ ချစ်ကိစ္စမှာ သောင်မတင်ရေ ဇကောဇက အခြေဖြင့်သာလျှင် တစ်လပြီးတစ်လ ကုန်လွန်ခဲ့သည် ကိုစိန်နိုင်အဖို့ကား စိတ်ချလက်ချ မေမေလတ်နှင့် လက်ထပ်ရ မည်ဟူသော အရိပ်အရောင်မှာမူ မြူလောက်မျှပင်မသန်းခဲ့သော

ကြာရှိုးကြာစွယ်၏ အတိုင်းအထွာကို ခပ်လှမ်းလှမ်း ဖြစ်စေ ကြည့်ရှုအကဲခတ်ခြင်းအားဖြင့် ရေ၏ အတိမ်အနက် သိနိုင်သော်လည်း စိန်၊ ရွှေ၊ ကျောက်သံပတ္တမြားကိုမူ ခပ်လှမ်းလှမ်း ကြည့်ရှု အကဲခတ်ရုံမျှဖြင့် အဖိုးတန် ရတနာ စစ်,မစစ် မသိနိုင်။ အနီးကပ်၍ ကိုင်တွယ်ကြည့်ရှု အကဲခတ်ပြီးမှသာ ဤစိန်ကား မည်မျှအရည်အသွေးကောင်း၍ ဤပတ္တမြား မည်မျှ တန်ဖိုးရှိသည်ကို သိနိုင် အကဲခတ်နိုင်ပေမည်။

တစ်ဖန် တလက်လက်နှင့် ပြိုးပြိုးပြက်ပြက် မျက်စိကျိန်း မတတ် အရောင်ထွက်နေသော ရွှေတုံးရွှေချောင်းကိုမူကား ကိုင်တွယ် ကြည့်ရှုကာမျှဖြင့် မည်မျှအဖိုးထိုက်သည်ဟု ခန့်မှန်းရန် မဖြစ်နိုင် ပြန်ပေ။ ကြေးနီတုံး၊ ကြေးနီးချောင်းတစ်ခုကို အထပ်ထပ် အဖန်ဖန် ရွှေရည်စိမ်ထားသည့် ရွှေတုံးရွှေချောင်းအတုသည်လည်း ပြိုးပြိုး ပြက်ပြက်နှင့် လက်သည်။ ရွှေရောင်တောက်သည်၊ အမြင်အားဖြင့် လည်း ရွှေနှင့် မခြားသည်သာ ဖြစ်ရာ အပေါ်လွှာ အရောင်လက်ရုံနှင့် ဤသည်ကား ရွှေတုံးဟု ယူဆရန် ခဲယဉ်းသကဲ့သို့–

မေမေလတ်၏ အမူအရာကို ကိုစိန်နိုင်သည် အနီးကပ်၍ စေ့စေ့စပ်စပ် အကဲခတ်ခဲ့သည့်တိုင်အောင် ရွှေအစစ်လော၊ အပေါ်ယံ ရွှေရည်ပွတ်ထားသည့် ကြေးနီတုံးလော ဟူ၍ကား ယခုတိုင် ခွဲခြားမရ၊ ချစ်သလိုလိုနှင့် မုန်းကာ ပြုံးတော့မလိုလိုနှင့်လည်း မဲ့ခဲ့၏။ တစ်ဖန် မဲ့ရာမှ ပြုံး၍ မုန်းတော့မလိုလိုနှင့် ချစ်လာပြန်၏။

အင်္ဂတေကိုင်၍ ခိုင်ခိုင်ခံ့ခံ့ မြှုပ်ထားသော ခလုပ်သည်ပင် တိုက်ပါများသော် နည်းလာတတ်သေးသည်ဖြစ်ရာ ကိုစိန်နိုင်မှာ လည်း မေမေလတ်၏ ချုပ်ချယ်မှုဓော်ကားမှု၊ ညှဉ်းဆဲပြုအာဏာ ပေး၍ မလေးမခန့် ပြုမှုများကို ကြာသော် သည်းမခံနိုင်ဖြစ်လာ၏။

“ကဲ ဒီမှာ မေမေလတ်၊ ကျွန်တော့်ကို ကိုယ်ကျင့်တရားနဲ့ စိတ်နေသဘောထား အပြုအမူတွေကို မေမေလတ် အကဲခတ် လာခဲ့တာ ရက်ပေါင်း တစ်ရာကျော်ခဲ့ပြီနော်။ ခုထက်ထိ မကျေနပ် သေးဘူးလား”

ထိုနေ့မှာ (၂၆–၁၁–၅၀) ကြာသပတေးနေ့ ဖြစ်၏။ သီတင်းကျွတ် လပြည့်နေ့လည်း ဖြစ်၏။

သို့မေးလိုက်သော ကိုစိန်နိုင်၏ အသံမှာ ခါတိုင်းကဲ့သို့ ပျော့နွဲ့နွဲ့မဟုတ်ကြောင်း မေမေလတ် သတိထားမိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ကိုစိန်နိုင် လက်ထပ်ချင်လှပလား။ အိမ်ထောင်ရေးကို ရှင်တို့က တယ်ပြီး ပေါ့ပေါ့ဆဆနဲ့ ပြီးလွယ်စီးလွယ် လုပ်ချင်ကြတာကိုး၊ ကျွန်မတို့ မြန်မာတွေဟာ ရေးတုန်းက မိန်းမပျိုနဲ့ လူပျိုတစ်ယောက်နဲ့ တစ်ယောက် အကြင်လင်မယား ဖြစ်ဖို့ သုံးနှစ်သုံးမိုး စောင့်ခဲ့ရတယ်ဆို၊ ကိုစိန်နိုင် ကြားဖူးမှာပေါ့"

"အင်း"

ကိုစိန်နိုင်သည် ဆရာမပီပီ ဆရာလုပ် ပြောနေသော မေမေလတ်၏ စကားအဆုံးတွင် တိုတိုပြတ်ပြတ်နှင့် ခပ်ဆတ်ဆတ်ပင် "အင်း"လိုက်၏။

"အဲဒါ ဘာဖြစ်လို့လဲ **အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုးဆိုတဲ့**အတိုင်း ရာသက်တိုင် တည်တံ့ခိုင်မြဲမှုကို ရည်ရွယ်ပြီး တစ်ဦးနဲ့တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်၏ မတိုက်ဆိုင်၏ ဆိုတာတွေကို အကဲခတ်ဖို့ အချိန်ရအောင် စီမံလိုက်တဲ့ စနစ်ဆိုတာ ကိုစိန်နိုင်လည်း သဘောပေါက်မှာပေါ့"

"အင်း၊ အင်း"

"ရှင်နဲ့ ကျွန်မ အိမ်ထောင်ရေးကိုလည်း ကျွန်မ ရာသက်ပန် တည်မြဲမှုကို ရှေ့ရှုတယ် ကိုစိန်နိုင်၊ ဒါကြောင့် ဒီအထိ အချိန်ယူပြီး အကဲခတ်နေရတာပါ–ဒါပေမယ့် သုံးနှစ်သုံးမိုးတော့ မကြာစေရပါဘူး။ မကြာခင်ဘဲ အဖြေသိရပါစေ့မယ်"

"ခုလို ရက်ပေါင်း (၁၀၀)ကျော် လေ့လာအကဲခတ်မိတဲ့ဆီအထိ ကျွန်တော့်အပေါ်မှာ မေမေလတ် သဘောကျနိုင်တာရယ်လို့ကော တွေ့မိသေးသလား"

"စေ့စပ်ရေးကို ထိခိုက်ရလောက်အောင်တော့ မတွေ့ရသေးဘူးဆိုပါတော့ ကိုစိန်နိုင်၊ နို့ ရှင် ကျွန်မအပေါ်မှာ ဘယ်လိုသံသယမျိုး ဖြစ်နေသလဲ၊ ရှင်းရှင်းပြောရင် ကောင်းမယ်"



"မှန်တာပြောရရင် ကျွန်တော်ဟာ မေမေလတ်ကို ဘယ်လောက်အထိ စွဲစွဲလန်းလန်း ချစ်နေတယ်ဆိုတာ မေမေလတ် သိချင်မှ သိမှာပဲ။ မသိချင်ယောင်နေရင်တော့ မပြောတတ်ဘူးပေါ့လေ"

"ဒီလိုတော့ မခနဲ့ပါနဲ့ရှင်၊ ကျွန်မသိသပေါ့၊ ရှင်ကျွန်မကို ဘယ်လောက် ချစ်တယ်ဆိုတာ စင်စစ်တော့ ကိုစိန်နိုင်ဟာ ကျွန်မရဲ့ မေတ္တာကို တောင်းခံနေကြတဲ့ ယောကျ်ားတွေနဲ့ စာရင် အဖက်ဖက်က သာတယ်လို့ ကျွန်မ ဝန်ခံပါတယ်"

"ဒီအထိ ကျေနပ်မှုရနေပြီဆိုရင် ဘာဖြစ်လို့ အချိန်ဆွဲနေချင်သလဲ မေမေလတ်ရယ်"

"ဒီလိုရှိတယ်လေ၊ ခုမြင်တွေ့ ကြားသိနေရတဲ့ ရှင့်အပြုအမူ အပြောအဆိုနဲ့ အလိုလိုက် ကြင်နာယုယမှုတွေက အရေခြုံ အတုဟန်ဆောင်မှု ပရိယာယ်တွေ ဖြစ်နေရင် ဘယ့်နှယ့်လုပ်မလဲ"

"ဒါကတော့ မေမေလတ် အထင်ကိုး၊ ကျွန်တော့်ဘက်က နေပြီး စဉ်းစားကြည့်စမ်း၊ ထီတစ်စောင်မှ ထိုးမထားဘဲနဲ့ သိန်းဆုကြီးကို မျှော်မှန်းနေရတာနဲ့ တူမနေဘူးလား"

"ရှင့် အပြုအမူတွေဟာ ထီလက်မှတ်တစ်စောင်စီ ထိုးနေတာပဲလို့ မယူဆဘူးလား ကိုစိန်နိုင်"

"အစိုးရထီက တစ်စောင်ပဲ ထိုးထားဦးတော့ ဓါလီလုံးနှိုက်ပြီး ပေါက်ဂဏန်းဖွင့်တာမို့ မျှော်လင့်ချက် ရှိသေးတယ်။ ဒီအချစ်ထီကတော့ မေမေလတ်က မပေါက်ဘူးလို့ တစ်ခွန်းတည်းပြောလိုက်ရင် သွားရောပဲ။ ရှင်းရှင်းပြောရရင် ကျွန်တော့် စိတ်သဘောထားကို မေမေလတ် မယုံကြည်နိုင်သေးသလို ကျွန်တော်လည်း မေမေလတ်ရဲ့ စိတ်ကို ဘယ်လို ယုံကြည်နိုင်ပါ့မလဲ"

www.burmeseclassic.com

"ဒီတော့ စေ့စပ်ရေးကို ဖျက်လိုက်ချင်ပြီလား ကိုစိန်နိုင်"

"ဒီလို သဘောမျိုး ရှိရင်တော့ ခုလို ရှည်ရှည်ဝေးဝေးတောင် ဆွေးနွေးဖို့ မလိုပါဘူး မေမေလတ်"

"ဒါဖြင့် ဘာလုပ်ချင်သလဲ"

မေမေလတ်သည် မျက်နှာထား တင်းတင်းနှင့် ရှင်းလင်းပြတ်သားစွာ မေးလိုက်၏။

"မေမေလတ် ကျွန်တော့်အပေါ် အကဲခတ်မှုကို ဘယ်နေ့ ဘယ်ရက် အဆုံးသတ်မယ်၊ ဘယ်နေ့ ဘယ်ရက်မှာ စေ့စပ်ရေး အတည်ဖြစ်မယ်၊ ဒါမှမဟုတ် ဖျက်ပြယ်မယ် ဆိုတာကို သိချင်တယ်"

ကိုစိန်နိုင်ကလည်း မှင်သေသေနှင့် ဣန္ဒြေရရ ပြောလိုက်၏။

"ကောင်းပြီ၊ တကယ်လို့ ရှင့်ကို သုံးနှစ်သုံးမိုး အကဲခတ်ပြီးမှ အဖြေပေးမယ်ဆိုရင်ကော"

"ဒါကိုတော့ ကျွန်တော် ခေါင်းခါရမှာပဲ"

သို့ ပြောနေရင်းကပင် ကိုစိန်နိုင် ခေါင်းခါလိုက်၏။

"ဒီမှာ ကိုစိန်နိုင်၊ ဒီနေ့ဟာ သီတင်းကျွတ် လပြည့်နေ့နော်။ ပြီးတော့ ရှင်နဲ့ ကျွန်မနဲ့လည်း ညနေ ၆–နာရီခွဲလောက်ကတည်းက မီးထွန်းပွဲတွေ လျှောက်ကြည့်၊ ခေါက်ဆွဲစား၊ ဖာလူဒါသောက်နဲ့ တော်တော်ပဲ ပျော်လာခဲ့ကြတယ်။ အဲဒီလို ၂–နာရီသာသာလောက် ကြည်နူးခဲ့ရတဲ့ အရသာတွေကို ခု ၁၀–မိနစ်လောက်အတွင်းမှာ ကိုစိန်နိုင် ဖျက်ဆီးပစ်တယ် ဟုတ်လား၊ တကယ်ဆို ကျွန်မဟာ ပိုင်းလုံးလည်းမဟုတ်၊ ရှင့်ကို မြူစားနေတာလည်း မဟုတ်ဘူး ကိုစိန်နိုင်၊ အေးလေ ရှင့်စိတ်ထဲ ဝိဝါဒ မကွဲပြားဘူးဆိုရင်တော့ ကျွန်မ အဖြေပေးပါ့မယ်၊ ၃–ရက်အတွင်းမှာပဲ အဖြေပေးပါ့မယ်။ ကဲ ကိုစိန်နိုင် ရှင်ပြန်ချင်ပြန်တော့ ကျွန်မ အပေါ်တက်တော့မယ်"



မေမေလတ်သည် စကားဆုံးသည်နှင့် ဖြန်းခနဲ ထရပ်လိုက်ပြီး ဆောင့်ဆောင့်ကလေး နင်းထွက်သွားကာ အပေါ်ထပ်သို့ ခြေသံ င်းပြင်းနှင့် တက်သွား၏။

ယခင်ကသာဆိုလျှင် ကိုစိန်နိုင်သည် မေမေလတ်အား အထိ အဖြစ်မခံ၊ မျက်နှာကလေး ညိုရုံနှင့် ရှိန်းမလို ဆောင်းပန် သော ဖြစ်၏။ ယခုသော်ကား သူတို့နှစ်ယောက် စ၍ တွေ့သည်မှ မေလတ်တွင် ဤမျှလောက် စိတ်ထိခိုက်ပုံမျိုး ကိုစိန်နိုင် င်ဘူးခဲ့ပေ။ မျက်ရည်ကလေး ရစ်ဝဲနှင့် ဝမ်းနည်းသလို ဖြစ်သွား သာ မေမေလတ်၏ မျက်နှာထားကလေးကိုလည်း ကိုစိန်နိုင် ဘိထားကြည့်လိုက်မိ၏။ သို့ပါလျက် ကိုစိန်နိုင်သည် ဖယောင်းလို ခဲ့သမျှ ယခုတော့တစ်ခါ သံချောင်းလို မာကျစ်ပြီး ဟန်အဖြစ် ာက်သော်မှ ချော့မြှူဖော်မရဘဲ ထိုင်ရာမှ ဆတ်ခနဲ ထလျက် နှုတ်မလှုပ်ပင် ထွက်လာခဲ့၏။

◆

(၂၆–၁၀–၅၀)နေ့က မေမေလတ် ပေးလိုက်သော ကတိ ိုင်းဆိုလျှင် ယနေ့ ၃–ရက်မြောက်ခဲ့ပြီ။

ယနေ့ (၂၉–၁၀–၅၀) တနင်္ဂနွေနေ့ ဖြစ်၏။

ကိုစိန်နိုင်နှင့် မေမေလတ် အစေးမကပ် အဆင်ကွဲပြား ပြီမလို ဖြစ်ခဲ့သော နေ့မှစ၍ ကိုစိန်နိုင်သည် ဝတ္တရားမပျက် ိုလတ်ထံတွင် ကျောင်းတက်လျက် ရှိသော်လည်း မေမေလတ်ကို ား ထို ၂–ရက်အတွင်း တစ်ကြိမ်မျှ မတွေ့ခဲ့ရပေ။ မေမေလတ် ည် ရှောင်နေခဲ့၏။ အကယ်၍ မေမေလတ်အား တွေ့လိုသည် ကာ နေ့လည်ပိုင်းတွင် ကျောင်းသို့လိုက်သွားရုံနှင့် တွေ့ရမည်ဖြ သော်လည်း ကိုစိန်နိုင် မသွားခဲ့၊ ဤတစ်ကြိမ်၌ မာမာတင်းတင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com

ရှင်းရှင်းပြတ်ပြတ်ပင် စခန်းသွားတော့မည်ကဲ့သို့ ရင့်ရင့်ကျက်ကျက် တည်ငြိမ်နေတော့၏။

ကိုစိန်နိုင်သည် ဆေးပြင်းလိပ်ကို အားရပါးရ ဖွာ၍ဖွာ၍ မှုတ်ထုတ်၍ ဝရံတာနှင့် အတွင်းခန်း တစ်လှမ်းချင်း လျှောက်က တစ်စုံတစ်ရာသော ပြဿနာကို အထပ်ထပ်အခါခါ စဉ်းစားနေ သကဲ့သို့ မှုန်တေတေရှိနေရာမှ စာရေးစားပွဲဆီသို့ ရုတ်တရက် လျှောက်သွားပြီး ကုလားထိုင်တွင် ထိုင်ချလိုက်၏။

စားပွဲပေါ်ရှိ အပြာနုရောင် စက္ကူကပ်ကို ဆတ်ခနဲ ကော ကိုင်လိုက်ကာ ပထမဆုံး အရွက်တွင် တစ်ဝက်နီးပါးမျှ ရေးသာ ထားသော စာများကို ကိုစိန်နိုင်သည် ဆေးပြင်းလိပ်ခဲရင်း သဲသဲမဲ ဖတ်နေရာမှ စားပွဲပေါ်သို့ ပြန်ချ၍ ဖောင်တိန်ကို ကောက်ပြန်က နောက်တစ်ကြောင်းမှစ၍ ရေးနေပြန်၏။

ထိုစဉ်အခိုက် ခပ်လှမ်းလှမ်းရှိ အထည်ဗီရိုကြီးကို ဖုန်သု ရှင်းလင်းနေသော ကိုစိန်နိုင်၏ တပည့်ကျော် ကျင်မောင်လည် ကိုစိန်နိုင်ထိုင်နေသော စားပွဲဆီသို့ ရောက်လာပြီး ဓာတ်မီးခြစ် လှမ်းယူ၍ ဆေးပေါ့လိပ်ကို မီးညှိနေရာမှ ကိုစိန်နိုင်ရေးနေသော စာရေးစက္ကူကပ်ဆီသို့ မျက်လုံးရောက်သွားကာ ခိုးကြောင်ခိုးဝှ မျှော်ကြည့်လိုက်၏။

ကိုစိန်နိုင်သည် ရေးပြီးသား စာတစ်ဝက်ပေါ်တွင် လက်ဝ တစ်ဖက်တင်လျက် ဆက်လက်ရေးသားနေသည် ဖြစ်သောကြော ကျင်မောင်မှာ—

"ကျွန်တော်ချစ်သော မေမေလတ်"

အစချီသည့် ထိပ်ဆုံးစာကြောင်းကလေးမှ လွဲ၍ အခြာ စာများမှာ ကိုစိန်နိုင်တင်ထားသော လက်ဝါးကြီးက အုပ်နေသဖြ ဘာမျှ မမြင်ရဘဲ ရှိနေစဉ်—

"ဟော့ကောင်"ဟူသော ကိုစိန်နိုင်အသံကြောင့် ကျင်မောင် တစ်ကိုယ်လုံး ၄-လက်မခန့်လောက် မြောက်သွားသည်ဟု ထင်ရ လောက်အောင်ပင် တုန်လှုပ်ထိတ်လန့်သွားရာမှ မီးခြစ်ကို အသာ ချပြီး ယောင်အအ ဖြစ်နေစဉ်၌ပင်—

"ဒါက ဘာသောက်ကျင့်လဲ၊ လူတစ်ဦးတစ်ယောက် ရေးနေ တဲ့ စာကို ဒီလိုပဲ ခိုးကြည့်ရသလားကွ"

"ကျွန်တော် မေ့သွားလို့ပါ အစ်ကိုလေးရာ"

"ဘာမေ့သွားလို့လဲ ဒါပါနဲ့ဆိုရင် သုံးခါရှိပြီ။ အေး နောက်တစ်ခါဆိုရင်တော့ ငါ သည်းမခံနိုင်ဘူး၊ ဒါ အင်မတန် ရိုင်းစိုင်းတဲ့ အပြုအမူကွ၊ နားလည်လား သွား"ဟု အော်လိုက်မှ ကျင်မောင်လည်း ချာခနဲ လှည့်ထွက်ခဲ့၏။

ကျင်မောင်မှာ ကိုစိန်နိုင်၏ လခစား ဒရိုင်ဘာဖြစ်သော် လည်း တစ်ယောက်နှင့်တစ်ယောက် ပြောဆို ဆက်ဆံရာ၌ ညီရင်းအစ်ကိုကဲ့သို့ ရင်းရင်းနှီးနှီး ဆက်ဆံခဲ့သည်သာ ဖြစ်၏။ သို့သော် စည်းကမ်းစနစ်ကို ဖောက်ဖျက်လာလျှင်မူ ချမ်းသာပေးလေ့ မရှိသည့်အတိုင်းသို့ အော်ငေါက်တတ်သည်ဖြစ်ရာ ကျင်မောင်လည်း ထိုသဘောကို စောကြောနားလည်နေပြီ ဖြစ်သောကြောင့် အဆူ အကြိမ်းပင် ခံရသော်လည်း ချက်ချင်းပင် သီချင်းတအေးအေးနှင့် ဖုန်သုတ်ရှင်းလင်းလျက် အပြုံးမပျက် ရှင်နေတော့၏။

ကိုစိန်နိုင်မှာလည်း စာရေးလိုက်၊ ဆေးလိပ်ဖွာလိုက်၊ စဉ်းစားလိုက်ဖြင့် အချိန်ကုန်နေတော့ကာ တစ်နာရီသာသာခန့် အကြာတွင်မှ ရုတ်တရက်ထ၍ အညောင်းဆန့်ရင်း တစ်စုံတစ်ရာ ကို စဉ်းစားမိသလို ငေးနေပြန်၏။

www.burmeseclassic.com

"သုံးရက်အတွင်း အဖြေပေးမယ်လို့ သူပြောတယ်၊ ဒီနေ့ သုံးရက်မြောက်တဲ့ နေ့ပဲ။ ဒါပေမယ့် ငါသွားမှ အဖြေပေးမှာလား၊ သူလာပြီး ပြောမှာလား၊ စာနဲ့ပဲ ဖြေမှာလား၊ ငါလည်း မမေးခဲ့မိဘူး"

ကိုစိန်နိုင်သည် ဤသို့လျှင် စိတ်ထဲမှ ရေရွတ်လိုက်၏။ ပြီးမှ တစ်ဖန်–

"ဟယ် ဘာပဲဖြစ်ဖြစ် သူအဖြေမပေးခင် ဒီစာ သူ့လက်ထဲ ရောက်ဖို့ အဲရေးကြီးတယ်"

သို့ စိတ်ထဲမှ မြည်တမ်းရင်း ထိုင်ချလိုက်ခါ စာအိတ်တစ်ခု တွင် မေမေလတ် လိပ်စာတတ်၍ စောစောက ရေးထားသော စာရွက်များကို အစဉ်လိုက် ထပ်ခေါက်ပြီး စာအိတ်တွင် ထည့်ပိတ်လိုက်ရင်းက–

"ကျင်မောင်ရေ လာဦး၊ ရော့ ဒီစာယူသွားပြီး မေမေလတ်ကို သွားပေးချည်၊ သူ့ကို မတွေ့ရင်လည်း တစ်ယောက်ယောက်ကို ပေးထားခဲ့၊ တကယ်လို့ သူနဲ့ပဲ တွေ့ရင် စောင့်နေရဦးမလားလို့ မေးဟုတ်လား။ ကဲ သွားတော့။ ကားကိုလည်း ဖြေးဖြေးမောင်းနော်"

"ဟုတ်ကဲ့ အစ်ကိုလေး"

ကျင်မောင် ဆင်းသွားသည်နှင့် တံခါး ပြန်ပိတ်၍ လှည့်ထွက်လာသော ကိုစိန်နိုင်၏ မျက်နှာထားမှာ တစ်စုံတစ်ရာကို တင်းတင်း မာမာ ဆုံးဖြတ်လိုက်သည့် အရိပ်လက္ခဏာမျိုး ပေါ်နေ၏။ ၅– မိနစ်ခန့်ကြာသော မာမာတင်းတင်းနှင့် မျက်လုံးကြီးစင်း၍ စူးစိုက်နေရာမှ မသိမသာ ညှိုးသွားပြန်၏။ ဘာအတွက် ယူကြုံးမရ ဖြစ်နေပြန်သည်မသိ။ ဦးခေါင်းကို လေးလေးကြီး ရမ်း၍ ရမ်း၍ ခါနေပြီးမှ တစ်ဖန် မျက်လုံးကိုမှိတ်၍ အံကိုကြိတ်ပြီး စိတ်ကိုလည်း

င်းလိုက်သလို "ဟင်း"ခနဲ သက်ပြင်းတစ်ချက် မှုတ်၍ ရုတ်တရက် ကာ ဝရံတာသို့ ထွက်သွားပြန်၏။

ဆိပ်ကမ်းသာလမ်းတစ်လျှောက် တောင်မှမြောက်၊ မြောက်မှ ာင်သို့ ဥဒဟိုသွားလာနေကြသော ယာဉ်ရထားနှင့် ခရီးသည်များ ို ငုံ့ငေးကြည့်ရှုရင်း ငိုင်တွေနေသော ကိုစိန်နိုင်လည်း ဂျက်ဗလင် ားကလေး ရုတ်တရက်ထိုးဆိုက်လာပြီး ကျင်မောင် အူယား းယား ပြေးတက်လာသည်ကို မြင်ရသည်နှင့် အခန်းတွင်းသို့ ပြေးဝင်လာကာ တံခါးကို ဖွင့်၍ စိတ်တထင့်ထင့်နှင့် ရပ်စောင့်နေ၏။

ချက်ချင်းဆိုသလိုပင် ကျင်မောင်အပေါ်ထပ်သို့ ရောက်လာပြီး ာပန်းတကြီးနှင့် စာတစ်စောင် လှမ်းပေးရင်းက–

"မေမေလတ် ပေးလိုက်တယ် အစ်ကိုလေး"

သို့ပြောရင်း မောနေသော ကျင်မောင့် လက်ထဲမှ စာအိတ် ည်ကြီးတစ်ခုကို ဆွဲယူလိုက်ပြီး–

"မြန်လှချည်လား ကျင်မောင်၊ ငါ့စာကို သူဖတ်ပြီးမှ ာကို ရေးပေးလိုက်တာလား"

"မဟုတ်ဘူး အစ်ကိုလေး ဟို ဟို"

"ကဲ မောရင်လည်း ဖြေးဖြေးမှ ပြောပါကွာ ငါ့လခွေးတဲ့"

ကိုစိန်နိုင်သည် ပြောပြောဆိုဆိုပင် စာအိတ်ကို စားပွဲပေါ် တင်ပြီးမှ ကုလားထိုင့်တွင် ထိုင်ချလိုက်၏။ ဤတွင်မှ ကျင်မောင် ါးပြန်ပိတ်၍ ကိုစိန်နိုင့်အနီးသို့ လျှောက်သွားကာ–

"ဒီလိုဗျ အစ်ကိုလေးရ။ ကျွန်တော့်ကားလည်း မမလတ်တို့ ထဲဝင်သွားရော သူတို့ ဂျစ်ကားကလေးနဲ့ ခြံအလယ်မှာ သွားဆုံမိ တယ်။ ဒါနဲ့ မေမေလတ်တို့ ဒရိုင်ဘာ အဖိုးကြီးက ဆင်းလာ မင်းလာတာ အတော်ပဲဟေ့။ ငါအခုပဲ မင်းဆီလာရာကို

www.burmeseclassic.com

www.burmeseclassic.com



စာသွားပေးမလို့၊ ကဲ မင်းပဲ ယူသွားပေတော့လို့ ပြောနေတုန်း မမလတ် အိမ်ပေါ်က ဆင်းလာတယ်။ ဒါနဲ့ ကျွန်တော်က အစ်ကိုလေး စာကို ပေးလိုက်ပြီး စောင့်ရမလား မေးတော့ မလိုဘူး။ အဲဒီစာကိုသာ မင်းအစ်ကိုလေးကို ပေးလိုက်ဆိုတာနဲ့ ကျွန်တော် ထွက်လာခဲ့တာပဲ"

ကျင်မောင် စကားစဖြတ်လိုက်သည်နှင့် ကိုစိန်နိုင်သည် အင်္ကျီအိတ်ထဲမှ ၅-ကျပ်တန် တစ်ရွက်ထုတ်၍ ကျင်မောင်အား လှမ်းပေးရင်း-

"ကဲ မင်း ထမင်းသွားစားချေတော့။ အပြန်ကျရင် ငါ့ ထမင်းကြော်တစ်ခွက် ဝယ်ခဲ့။ ကြက်သွန်ချဉ်များများ စောင်းနော် ရေပ်သီးစိမ်းဖတ်ကလေးလည်း ပိုပိုမိုမို ထည့်ခဲ့ကွာ"

ကျင်မောင်ဆင်းသွားသည်နှင့် တံခါးကန့်လန့်ထိုး၍ ကုလားထိုင်တွင် ပြန်ထိုင်လိုက်ပြီး ကိုစိန်နိုင်သည် မေမေလတ် ပေးလိုက်သည်ဆိုသော စာအိတ်ရှည်ကြီးကို စိတ်ကလေး ကတုန်ကရင် ဖောက်၍ ခေါက်ထားသော စာရွက်ထပ်ကြီးကို အသာအယာ ဖြန့်လိုက်၏။

ကိုနိုင်

ခါတိုင်း ခေါ်သလို ကိုစိန်နိုင်လို့တောင် မသုံးဘဲ "ကိုနိုင်" ရယ်လို့ အဖျားဆွတ်ပြီး ချစ်စနိုး ခေါ်ဝေါ်သုံးနှုန်းလိုက်တာ မြင်ရရုံနဲ့ ကိုနိုင့်အပေါ်မှာ ကျွန်မ ဘယ်လိုသဘောထားတယ်ဆိုတာ ရှင်းပြဖို့ လိုမယ်မထင်တော့ဘူး။ ကိုနိုင်လည်း အမြဲမွေးတုန်း ဦးနှောက်ပါလာတဲ့ လူပဲ။ ဒါလောက်တော့ သဘောပေါက်မှာပေ နော်။ ကိုနိုင် သိချင်တယ်ဆိုတဲ့ စိတ်ရင်း အစစ်အမှန်သဘောထား ပြောရမယ်ဆိုရင် ...



"ပြေးလာသည့် ရွှေဘဝင် ခြေတင်သည့်အလား"ဆိုတာလို ခေစုပ်ကြောင်းလမ်းလို့မှ တစ်ပတ်မပြည့်သေးဘူး။ ကျွန်မ ဖြေရှင်းချက် ထည့်လိုက်တဲ့အတွက် ကိုစိန်နိုင်တို့ရော၊ ကျွန်မမိဘတွေပါ အတော်ကလေး ယောက်ယက်ခတ်ခဲ့တယ် ဟုတ်ကဲ့လား။ အဲသလို စိတ်မချမ်းမသာစရာကြီးကို ကျွန်မ မလုပ်ချင်တာတော့ အမှန်ပါပဲ ကိုနိုင်။ ဒါပေမယ့်လည်း ကျွန်မက သူများတွေ လင်ယူသလို ဖြစ်သမျှအကြောင်း အကောင်းချည်းဆိုတဲ့ စိတ်နဲ့ မျက်စိမှိတ် ယူချင်တဲ့ မိန်းမစားမျိုး မဟုတ်တော့။ မတတ်နိုင်ဘူး။ အစဉ်အလာကို ဆန့်ကျင်ပြီး တမင်ပဲ အခွင့်အရေး ယူလိုက်ရတယ်လေ။ အဲသလို ဘာကြောင့် ဖြေရှင်းရတယ်ဆိုတာ ကိုနိုင့်ကို ပြောခဲ့ဖူးပါပြီ။

အဲဒါတွေ အပ,ထားလို့ ကျွန်မ သဘောထားကို ရှင်းရှင်း ပြောရရင် ကျွန်မဟာ (၁) မိန်းမသား၊ (၂) ခေတ်ပညာတတ်၊ ဒီတော့ မိန်းမသားအဖြစ်နဲ့ ယောကျ်ားတစ်ယောက်ကို ပိုက်ဆံ မြမ်းသာရုံ၊ ရုပ်ချောရုံနဲ့ ကျွန်မ မယူချင်ဘူး၊ မယူရဲဘူး။ ဘယ်ကျင့်တရား ကောင်း,မကောင်း ရာသက်ပန် ပေါင်းမဲ့ စားမျိုး ဟုတ်,မဟုတ်ဆိုတာ အချိန်ယူပြီး အကဲခတ်ပြီးမှ ယူသင့်,မယူသင့် ဆုံးဖြတ်ရမှာပဲ၊ ပြီးတော့ ကျွန်မဟာ ခေတ်ပညာ တတ် မိန်းကလေးတစ်ယောက်မို့ ခေတ်ပညာမတတ်တဲ့ မိန်းကလေး ထက် ပိုပြီး စဉ်းစားစရာ အကြောင်း ရှိနေပြန်တယ်။

အနီးဆုံး ဥပမာကလေးပြပြီး ပြောရမယ်ဆိုရင် တစ်ချို့ ရွာထဲက လူပျို ကာလသားတွေဟာ ပညာကလည်း မတတ်၊ တတ်ပေမယ့်လည်း အလုပ် မလုပ်ချင်၊ ဟိုလပ်ယား ဒီလပ်ယားနဲ့ နမသားချင်း လုပ်စာကို ထိုင်စားနေပြီး ဒီကြားထဲ မိန်းမ လည်း ယူလိုက်ချင်သေးတယ်။ အဲသလို လူပေါကြော ကာလသား

www.burmeseclassic.com

မျိုးက ဘယ်လို မိန်းမမျိုးကို ရှာသလဲဆိုတော့ ချောရောင်းကောင်းတဲ့ မိန်းကလေး၊ ဆေးလိပ် အလိပ်ကောင်းတဲ့ သူငယ်မ အဲသ ဝင်ငွေရှိတဲ့ မိန်းမမျိုးကိုမှ ရွေးယူတတ်ကြတယ်။ သူတို့ကိုယ်၌ လှပျင်းဆိုတော့ သူတို့ ရှာကျွေးရမယ့် မိန်းမဆို မလိုချင်ဘူးပေါ့ သူတို့ကို ရှာကျွေးမယ့် မိန်းမကိုမှ ရွေးယူတယ်။ ဆေးလိပ်တစ်နေ့ ၁၀၀၀ လောက်ကျအောင် လိပ်နိုင်တဲ့ မိန်းကလေးဆိုရင် သူ့ အဖို့မှာ မိန်းမ အိုင်၊ စီ အက်စ်ပေါ့ရှင်–

အဲဒီသဘောမျိုးပဲ ကျွန်မတို့ အိမ်နားက ရုံးဝန်ထောက် တစ်ယောက်ဟာ အထက်တန်းစာရေးမ တစ်ယောက်ကိုမှ မရ အ ငွေအကုန်ခံ ယူခဲ့တယ်။ ယော ခုတော့ မယား စာရေးမ ငွေကို အိမ်စရိတ်အဖြစ် သုံးပြီး သူရတဲ့ ရုံးဝန်ထောက် လ တော့ မြင်းလောင်း၊ အရက်သောက်တာနဲ့ကုန်တာပဲ၊ တစ်ခါတစ် မယားလခထဲကတောင် ဖဲ့ပြီး အရက်ဖိုး ဖြည့်ရသေးတယ်...

စဉ်းစားကြည့်စမ်း ကိုနိုင်၊ ကျွန်မတို့ မိန်းမတွေ လင်ယူရ ဘယ်လောက်များ အန္တရာယ်ကြီးသလဲလို့ ဟင်–

ကျွန်မက ကိုနိုင့်အပေါ်မှာ လိုလားချက်တွေ အရေး စည်းကမ်းချက်တွေထား၊ အခွင့်အရေးတွေ တောင်းနဲ့ အမျိုး ဇိဇာကျယ်ခဲ့တာမို့ ကိုနိုင်ကတော့ ထင်မှာပဲ တော်တော် လှုပါး မိန်းမပဲလို့ တတ်နိုင်ဘူး၊ ထင်ချင်လည်း ထင်ပေါ့။

ကျွန်မတို့ မိန်းမသားအဖို့မှာ ကိုယ့်လိုလားချက်မရတဲ့အ ယောကျ်ားတစ်ယောက်ကို လက်လွှတ်လိုက်ရလို့ ဘာမှ မသွားဘူး၊ အပျိုဟာ အပျိုပဲ၊ အရင်းတိုင်း ကျွန်ရစ်ခဲ့ ယူပြီးမှ ခုနပြောတဲ့ ရုံးဝန်ထောက်လို သတ္တဝါမျိုး ဖြစ်နေရင် ပြီးရော၊ အပျိုဘဝလည်းဆုံး၊ လင်ကုန်လည်း ရှုံးတစ်သ

နာလန်ထူမှာ မဟုတ်တော့ဘူး ကိုနိုင်၊ အဲသလိုင်ဟာ အသီးသီးတွေကြောင့် ကျွန်မ ဂျီးများနေခဲ့ရပါတယ် ရှင်၊ ခွင့်လွှတ်နိုင်ကောင်းပါရဲ့နော်...” ဇိနိုင်

ခွင့်လွှတ်နိုင်ကောင်းပါရဲ့နော် ဆိုတာက ကိုနိုင့်ကို လက်လွှတ လိုက်ရမှာ စိုးလို့ တောင်းပန်နေတာရယ်လို့ မထင်လိုက်နဲ့ဦး၊ ကျွန်မ လုပ်ခဲ့ ပြောခဲ့ပုံတွေက အစဉ်အလာနဲ့ဆိုရင် ရိုင်းသလိုလို ဖြစ်နေတာမို့ ခွင့်လွှတ်နိုင်းတာသာ ဖြစ်ပါတယ်။

ကဲ ကိုနိုင့်အပေါ်မှာ ကျွန် ဘယ်လို သဘောထားတယ် ဆိုတာ ပြောတော့မယ်။ သေသေချာချာ စဉ်းစားပြီး ဖတ်နော် အမှန်ကတော့ ကျွန်မကို မေတ္တာရှိနေကြတဲ့ ယောကျ်ားတွေထဲမှာ ကိုစိန်နိုင်နဲ့ မစေ့စပ်ခင်ကဆိုရင် ကိုမင်းမောင်ဟာ ကျွန်မနဲ့ စိတ်သဘောချင်း အတိုက်ဆိုင်ဆုံးပဲ၊ ဒါပေမယ့် သူက နည်းနည်း သောက်တတ်တယ်။ အဲဒီ သောက်တတ်တာကိုပဲ ကျွန်မ သည်းမခံ နိုင်လို့ သူ့မေတ္တာကို လက်မခံခဲ့ဘူး။ သူသောက်တယ်ဆိုပေမယ့် အလွန်အကျွံတော့ မဟုတ်ဘူးဆိုတာ ကျွန်မ သိတယ်။ ဒါပေမယ့် လည်း ကျွန်မနဲ့ ညားမှ အလွန်အကျွံ ဖြစ်လာရင် မခက်လား။ အရက်သမား ဆိုတာက မှန်တိုင်းနဲ့ မိုးလို အစိုးရတာ မဟုတ်ဘူး။ သူ့အချစ်ကို ငြင်းပယ်ခဲ့တာတောင် သူဟာ ကျွန်မအပေါ် ဘယ်လောက်အထိ စွဲလန်းခဲ့သလဲဆိုတော့ ကနေ့ နက်ဖြန်ဆိုရင် သုံးနှစ်ပြည့်တော့မယ် ကိုနိုင် သူ့ကျွန်မ မေတ္တာကို တောင်းဆိုနေ ခဲ့တာ...။

ဘာပဲပြောပြော အဲဒီအချိန်ထိတော့ ကိုမင်းမောင်ဟာ ကျွန်မအဖို့ အသင့်တော်ဆုံး လူတစ်ယောက်ပါပဲ၊ ဒါပေမယ့် ဒီအထဲမှာ ကိုနိုင်ဝင်လာတော့ မှန်တဲ့အတိုင်း ဝန်ခံရရင် ကိုနိုင့်

www.burmeseclassic.com

www.burmeseclassic.com



မျိုးက ...င်းဟာ ကိုမင်းမောင်ကို လွှမ်းမိုးသွားတယ်။ ကိုနိုင်ရဲ့ မိန်းက...၊ အပြုအမူနဲ့ အသောက်အစား၊ အပျော်အပါး၊ ဝင်...စားကင်းမှုတွေဟာဖြင့် ကျွန်မ အမြတ်တနိုး လိုလားတောင့်တခဲ့တဲ့ အရည်အချင်းတွေပါပဲ–

ရွှေဘုံသာလမ်းမှာ ပလာတာသွားစားတုန်းက ကျွန်မခြေထောက်မှာ ပေသွားတဲ့ တံတွေးတွေကို မရွံမရှာဘဲ လူတွေတောထဲမှာ မရှက်မကြောက် ယုယလိုက်ပုံကလေးကဖြင့် တစ်သက် မေ့ရက်စရာ မရှိတော့ဘူး။ ခု စာရေးနေရင်းတောင် မျက်ရည်လည်မတတ် ကြည်နူးနေမိသေးတော့တယ်–

ဘယ်ဘက်ကကြည့်ကြည့် ဘယ်လိုပဲ တွေးတွေး ကိုနိုင်ဟာ ကျွန်မ သေသေကျေကျေ ယူသင့်တဲ့ လူတစ်ယောက်ပဲလို့ ကျွန်မ ယူဆထားခဲ့မိတယ်။ မဂိုလမ်းလယ်ခေါင်မှာ ကျွန်မခြေထောက်ကို ယုယုယယ တံတွေး သုတ်ပေးခဲ့စဉ်က ကျွန်မ မဟုတ်ဘဲ ဒီပြင် မိန်းမပျိုတစ်ယောက်သာ ဖြစ်ရင်တော့ ဒီမိန်းကလေးဟာ အဲဒီညမှာပဲ ကိုနိုင့်အချစ်ကို လက်ခံမိပေလိမ့်မယ်၊ ကျွန်မကိုယ်၌ကတောင် အဲဒီညက ကိုနိုင့်ရင်ခွင်ထဲ ပြေးဝင်လိုက်ချင်သလိုလို စိတ်မျိုးပေါ်လာခဲ့မိပါသေးတယ်။ နို့ပေမယ့်လည်း ၂–မိနစ်လောက်အတွင်းမှာ တွေ့ရတဲ့ သာယာမှုကလေးလောက်နဲ့ လူတစ်ယောက် စိတ်သဘောထားကို ဆုံးဖြတ်လို့ မဖြစ်ဘူး။ ယောကျ်ားဆိုတာမျိုးက ခဏဘန်းတော့ ကောင်းတတ်ကြတာပဲ။ ရေရှည်ကျတော့သာ မိန်းမတွေမှာ မျက်ရည်နဲ့ မျက်ခွက် ဖြစ်ကြရတာမို့ ကျွန်မ ရှေ့လောမကြီးဝံ့ဘူး၊ ကိုနိုင် ဒီလို စဉ်းစားမိလို့လည်း ဟိုညက ကျွန်မစိတ်ကို ကျွန်မ ထိန်းနိုင်ခဲ့တာပဲ။



ဒါတင်လား ဆိုတော့ ဘယ်ကလိမ့်ဦးမလဲ၊ ကိုနိုင်ဟာ ကျွန်မကို တော်တော်ပဲ အလိုလိုက်တယ်၊ အရေးပေးတယ်၊ ကျွန်မက ဒါလုပ်ဆို လုပ်တာပဲ၊ ဒီဟာ မကြိုက်ဘူးဆိုရင် ကိုနိုင် ...က်ချင်း ပြုပြင်တာပဲ ဟုတ်လား၊ ဆေးပြင်းလိပ် သောက်တတ်တဲ့ ...ကို ဆေးပြင်းလိပ် မသောက်ရဘူးလို့ နိုင်လိုမင်းထက် ကျွန်မ ...ခွင့်အရေးယူခဲ့တာတောင် ကိုနိုင် ကြည်ကြည်ဖြူဖြူ လက်ခံတယ်။ ကိုနိုင်နဲ့ ညားပြီးတဲ့ အခါမှာလည်း ဒီပြင် ယောကျ်ားအပေါင်းနဲ့ ...–ယောက်ချင်းလည်မယ်၊ ရုပ်ရှင်ကြည့်ချင် ကြည့်မယ်၊ ရှင်ခွင့်ပြုနိုင် ...မလား)လို့ မေးတုန်းကလည်း ကိုနိုင်က (မေမေလတ် စိတ်ချမ်း ...သာမယ်ဆိုရင် လုပ်ခွင့် ပြုမှာပါပဲ)လို့ ကိုနိုင် ပြန်ဖြေ ခဲ့တယ်လေ ...င်း ကိုနိုင်ဟာ ကျွန်မအပေါ်မှာ တော်တော် အလိုလိုက်ရှာတဲ့ ...ကောင်းတစ်ယောက်ပါပေပဲ ...။

အဲဒီ ကိစ္စနဲ့ ပတ်သက်လို့ ရှင်းပြရဦးမယ်။ ကျွန်မ ...ပြောခဲ့ဖူးတယ်နော်၊ ကျွန်မ ကောလိပ်မှာတုန်းက ယောကျ်ားတွေနဲ့ ...–ယောက်ချင်း ရုပ်ရှင်ကြည့်တယ်၊ လေညှင်းခံသွားတယ်၊ ...ဟိုတယ်တောင် တက်ပြီး တွဲကခဲ့ဖူးတယ်လို့ အဲဒါတွေ ကိုနိုင်ယုံ ...လားဟင် ကျွန်မကလည်း အတည်ပေါက် ဖိန်းခဲ့တော့ ကိုနိုင် ...ယုံချင်လည်း ယုံမှာပဲ တကယ်ဆိုတော့ ကျွန်မ ဒီလောက်တောင် ...လွှားကျဝံ့ပါ့မလား ကိုနိုင်ရယ် ရှင် စဉ်းစားကြည့်စမ်းပါဦး။ ...မြန်မာ့ဓလေ့ထုံးစံ မြန်မာ့အမြင်နဲ့ဆိုရင် ဖအေနဲ့ သမီး ခရီးအတူတူ ...သွားတာတောင် လင်မယားလို့ ထင်တတ်ကြတဲ့ ခေတ်ကြီးထဲမှာ ...ကျွန်မ ရွယ်တူယောကျ်ားမိတ်ဆွေတွေနဲ့ ၂–ယောက်ချင်း ဟည်ဝံ ...တ်ဝံ့ ရုပ်ရှင်ကြည့်ဝံ့ပါ့မလား။

www.burmeseclassic.com

အင်း တစ်ခုတော့ ရှိတယ်ပေါ့လေ၊ တက္ကသိုလ်ကျောင်းသူ အချို့ဟာ အမေ (ဦးတေနောင်)၊ အမေ(ဒေါ်သိုင်းချုံ)ဖြစ်ရက်က သူတို့ကတော့ တက္ကသိုလ်ကို ရောက်လာတာနဲ့ တစ်ပြိုင်နက် (ဒေါ်ရော်သီဒစ်)တို့ (လော်ရက်တာ)တို့ စိတ်တွေ ဝင်စားလာပြီး အနောက်နိုင်ငံ ယဉ်ကျေးမှုကိုပဲ အဟုတ်ကြီးထင်ပြီး အချိန်မတော် ယောကျ်ားတွေနဲ့ လျှောက်လည်လိုလည်၊ ဟိုတယ်တက်ပြီ တွဲကလိုကနဲ့ အတော်ကလေး အပုပ်နံ့ထွက်နေလေတော့ ကျွန်မ ပြောတာတွေလည်း ကိုနိုင်ယုံချင် ယုံမှာပဲ…။

မှန်တဲ့အတိုင်း ဖွင့်ဟ,ဝန်ခံရမယ်ဆိုရင်တော့ ကျွန်မ မေတ္တာရှိနေတဲ့ ကျောင်းသားမိတ်ဆွေတွေနဲ့ ၂-ယောက်ချင်းသွား လာဖူးပါတယ်။ ဒါပေမယ့် "ည"မဟုတ်ဘူး၊ နေ့လည်၊ နေ့ခင်း အချိန်သာ မြို့ထဲလာပြီး ဆန်းကဖီးမှာ ထမင်းစားတယ် တစ်ခါတစ်လေ ဘုံဆောမှာ လက်ဖက်ရည် သောက်တယ် ဒါ စင်စစ်တော့ အဲသလို ဘာမှ မဆော်စပ်တဲ့ ရွယ်တူယောကျ်ားလေး နေ့လည်နေ့ခင်း ၂-ယောက်ချင်းသွားတာ လာတာတောင် လွန်လှပြီ ကျွန်မ လော်လီဖောက်ပြန်ချင်တဲ့ စိတ်နဲ့ လည်ပတ်တာ မဟုတ်ဘူး ဆိုတာတော့ ကိုနိုင် ယုံချင်ယုံ၊ မယုံချင်လည်း နေပေါ့ရှင်…။

ကျွန်မကို မေတ္တာရှိနေပါတယ်ဆိုတဲ့ ကျောင်းသားတွေဟာ အားလုံးလိုလိုပဲ ကျွန်မရှေ့မှာဖြင့် အတော်ပဲ ပိပိရိရိနဲ့ ယောကျ်ား ကောင်းတစ်ယောက်အသွင် မှင်သေသေနဲ့ ဣန္ဒြေရှိနေကြတာပဲ အဲသလို,အမူအရာတွေကို အစစ်အမှန်လို့ ကျွန်မ မယူဆနိုင်ဘူး ဒါကြောင့်လဲ ကျွန်မက ပြန်ပြီး မေတ္တာမျှနိုင်မယ့်လူဆိုရင် သူနဲ့တော့ တစ်ခေါက်တစ်လေဖြစ်ဖြစ် အတူတူသွားပြီး သူ့ကိုယ်ကျင့်တရားနဲ့ အမူအရာကို အကဲခတ်လေ့ ရှိခဲ့တယ်…။

စာတောင် တော်တော်ရှည်သွားပြီ ရေးလက်စနဲ့ ကိုနိုင် နားရှင်းသွားအောင် ပြောပြရဦးမယ်၊ ကျွန်မ သိခဲ့ရသလောက်ဆိုရင် ယောကျ်ားတွေဟာ များသောအားဖြင့် အယောင်ဆောင်အရေခြုံ တွေသာ များတယ်၊ တကယ့် လူရိုးကလေးလို အင်မတန်ယဉ်ကျေးတဲ့ ကျောင်းသားတစ်ယောက်က ကျွန်မကို ချစ်ပါရစေရယ်လို့ အသနားခံလာဖူးတယ်၊ ကျွန်မကလည်း သူ့အမိုပ်အကဲကို ဂရုစိုက် လေ့လာကြည့်တော့ ဘာမှ အပြစ်ဆိုစရာမတွေ့ခဲ့ဘူး၊ တစ်နေ့တော့ သူက လက်ဖက်ရည်သောက် ဖိတ်တာနဲ့ မြို့ထဲကို သူနဲ့ အတူတူ ထွက်လာခဲ့ကြတယ်…။

ဆန်းမှာ လက်ဖက်ရည်သောက်ပြီးလို့ ဆင်းလာကြတော့ သူက…

"ဗိုလ်ချုပ်ဈေးဘက်ကို ခဏလျှောက်ရအောင်လားတဲ့"

ဒါနဲ့ ကျွန်မကလည်း သူ ဘာရည်ရွယ်ချက်နဲ့ ခေါ်တယ် ဆိုတာ သိချင်တာမို့ သူနဲ့ပဲ ဗိုလ်ချုပ်ဈေးဘက်ကို ဘုရားလမ်း ဘုတာက ဖြတ်ပြီး လျှောက်ဝင်လာခဲ့ကြတယ်။ ရှေ့ဘက်တန်း ပိုးထည်တိုက်ဆိုင်တွေနားရောက်တော့ သူက…

"နိုင်လွန်တွေကဖြင့် တယ်လှပဲနော် မေမေလတ် ကြိုက် ရင် ဝင်ကြည့်ပါလား၊ မေတ္တာလက်ဆောင်အဖြစ် ကျွန်တော် ဝယ်ပေးပါရစေလား"တဲ့လေ။ သူက သူက ဒါနဲ့ ကျွန်မကလည်း သူ့ကို ဆတ်ခနဲ မော်ကြည့်လိုက်ပြီး-

"ဘာလဲ ကိုတင်မောင်တွေး ရှင်က ကျွန်မကို ပိုးကြေး ပန်းကြေးတွေကို သွားရည်တမျှားမျှားနဲ့ လက်ခံတဲ့ အစားထဲက အောင်းမေ့လို့လား"ဆိုပြီး အဲသလို ဘုမှတ်လိုက်တော့မှ လူ့ယ်တော် မြတ် ငြိမ်ကျသွားတယ်"

www.burmeseclassic.com

ယောကျ်ားတွေဟာ တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြ သည်ဖြစ်စေ၊ မိန်းကလေးက မချစ်သည့်တိုင်အောင် သူတို့ကပဲ န်းငန်းတက် ချစ်နေရင် ဖြစ်စေ ဟိုပစ္စည်း ဝယ်ပေးရတာနဲ့ ဒီလက်ဆောင်ပို့ရတာနဲ့ အင်း အဲဒီအချိန်မှာတော့ မေတ္တာနဲ့ပါပဲ၊ ဆတနာတွေ ဗလဝနဲ့ ပေးပြီး အဆင်မသင့်လို့ မိန်းကလေးရဲ့ မေတ္တာကို မရတဲ့အခါကျတော့ စွပ်စွဲပြီး ပိုင်းလုံးလေး၊ မြူစား သလေးနဲ့ ဒါတွေကို သိလို့ ကျွန်မတော့ ဘယ်လိုယောကျ်ားမျိုးရဲ့ ဘာပစ္စည်း မေတ္တာလက်ဆောင်ကိုမှ လက်မခံခဲ့ဘူး။ သူတို့ရဲ့ မေတ္တာကို လက်ဆောင်ပစ္စည်း လက်ခံမိပြီဆိုရင်လည်း သူတို့ရဲ့ မေတ္တာလက်မခံနိုင်ဘူးရယ်လို့ ခါးခါးတူးတူး ငြင်းပယ်ဖို့ဟာ သူတို့ပေးထားတဲ့ ပစ္စည်းလက်ဆောင်တွေကို ထောက်ထားပြီး အားနာစရာ ဖြစ်လာတတ်တယ် မဟုတ်လားကိုနိုင်–

ကဲ အဲဒါထားလိုက်တော့ အထူးပြောချင်တာက ခုန ကိုတင်မောင်ထွေးကိုက ကျွန်မအဲသလို ပြောလိုက်ရော သူလည်း အတော်ကလေး မျက်နှာမကောင်း ဖြစ်သွားတာနဲ့ ကျွန်မက "ပြန်ကြစို့လား ကိုတင်မောင့်ထွေး" လို့ ပြောကာရှိသေး မိုး ဖြုန်းခနဲ ရွာချလိုက်တာနဲ့ ကားဆိပ်ကို သွားဖို့ဟာ အတော်ကလေး ဝေးကျသွားတယ်...။

ဒါနဲ့ စကားမစပ် ပြောရဦးမယ်။ အဲဒီတုန်းက ကျွန်မတို့ ရန်ကုန်မှာ မဟုတ်ဘူးနော်၊ ဖေဖေက ကျောင်းအုပ်အလုပ်နဲ့ မော်လမြိုင်မှာ နေကြတယ်။ ဒါကြောင့်လဲ ကျွန်မ ယောကျ်ားမိတ်ဆွေ တွေနဲ့ ထွက်လည်ရဲတာပေါ့။

ခုနပြောသလို မိုးက ရုတ်တရက် ရွာချလိုက်တာနဲ့ မိုးတိတ် အောင် စောင့်နေရင်လည်း နေဝင်သွားမှာစိုးလို့ ကိုတင်မောင်ထွေးကို လံချားအခေါ်ခိုင်းရတာပေါ့။ ဒီတော့မှ သူ့မျက်နှာဟာ ရွှင်ရွှင်ပျပျကြ ကြည်လင်တော့တယ်၊ သဘောအဓိပ္ပါယ်က သူနဲ့ကျွန်မ အတူ လံချားစီးရတော့မှာမို့ ထင်ပါရဲ့၊ ပျာပျာသလဲနဲ့ မိုးတဖွဲဖွဲ ရွာနေတဲ့ အထဲမှာ လံချားပြေးခေါ်လာတယ်။ လံချားလည်း ကျွန်မရှေ့မှာ ထိုးဆိုက်လိုက်ရော ကျွန်မက...

"ဒီမှာ ကိုတင်မောင်ထွေးရဲ့ နောက်တစ်စင်း ခေါ်ပါဦးလေ ရှင်စီးဖို့" လို့လည်း ပြောလိုက်ရော ဘသားချောမျက်နှာဟာ တစ်ခါ တည်း ညိုမဲသွားတော့တာပဲ၊ သူက ကျွန်မနဲ့ တွဲစီးရလိမ့်မယ် ထင်နေတာကိုး၊ ဘယ်ဖြစ်နိုင်ပါမလဲရှင် ကျွန်မက ကိုယ့်ကိုယ်ကို တန်ဖိုးထားတဲ့ မိန်းကလေးပဲဟာ...။

ဒါနဲ့ ကိုတင်မောင်ထွေးလည်း အောင့်သက်သက်နဲ့ပဲ လံချား ခေါ်ဖို့ ထွက်သွားတယ်၊ မိုးရွာနေတဲ့ အခါမျိုးမှာ လံချားဟာ အရှားဆုံးဖြစ်တဲ့အတိုင်းပဲ လံချားအလွတ်ဆိုလို့ ၅–မိနစ်တစ်စင်း တောင် လာတာမတွေ့ရဘူး၊ မိုးကလည်း ဖွဲရာက သည်းလာတာမို့ ကိုတင်မောင်ထွေးလည်း ကျွန်မ ရပ်နေတဲ့ ဆင်ဝင်အောက်ကို ပြေးဝင်လာရတော့တယ်။ ကျွန်မအတွက် ခေါ်ပြီးသား လံချားက လည်း စောင့်ရတာ ကြာတယ်ဆိုပြီး သွားတော့မယ် တကဲကဲ လုပ်နေတာနဲ့ အတော် တောင်းပန်ထားရသေးတယ်ရှင့်...။

ဒီလိုနဲ့ ၁၅–မိနစ်လောက်ကြာမှ လံချားအလွတ်တစ်စင်း ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်းက ထွက်လာတာ မြင်တာနဲ့ ကိုတင်မောင်ထွေးက အူယားဖားယား လှမ်းခေါ်လိုက်လို့ လံချားက ကျွန်မတို့ဘက် ကွေ့အလာမှာ အင်္ဂလိပ်မတစ်ယောက်က ကျွန်မတို့ ရှေ့က ကြိုပြီး အဲဒီ လံချားကို အရပ်ခိုင်းတာကို ကုလားကလည်း ရပ်ပေးလိုက်တယ်။ ဒါနဲ့ ကိုတင်မောင်ထွေးက ပြေးသွားပြီး

www.burmeseclassic.com

ျှန်တော်တို့က အရင်ခေါ်ထားတာပါလို့ အင်္ဂလိပ်မကို ပြောတော့ ဂ်လိပ်မကလည်း လံချားကုလားက ရုပ်ပေးတာတော့ မတတ်နိုင် ူးလို့ ခပ်မာမာပဲ ပြန်ပြောတယ်။ ဒါနဲ့ ကိုတင်မောင်ထွေးက လံချားပေါ် ဦးအောင် တက်ထိုင်လိုက်တော့ လံချားကုလားက လက်ကာပြပြီး အင်္ဂလိပ်မ ခေါ်ပြီးသား ဘာညာနဲ့ ငြင်းဆန်ပါလေ ရောရှင်...

လံချားကို ကျွန်မတို့က အရင်ခေါ်တာမှန်ပေမယ့် မြန်မာ တွေဟာ များသောအားဖြင့် လံချားဆိုရင် တန်ရာတန်ဖိုး မပေးချင်ကြ တော့ လံချားကုလားကလည်း ပိုရမယ်ထင်တဲ့လူ ငှားရာကိုသာ လိုက်ချင်တော့မပေါ့၊ အဲ့သလို လံချားကုလားက ငွလုပ်ပြီး ကိုတင်မောင်ထွေးကို လံချားပေါ်က မောင်းချနေတာနဲ့ ကိုတင်မောင်ထွေးက လံချားကုလားကို ပါးနားပိတ်ရိုက်ပြီး ဆင်းလာ ခဲ့တယ်။ စင်စစ်တော့ ကိုတင်မောင်ထွေးဟာ အဓိပ္ပါယ်ကင်းမဲ့တဲ့ "သူ့ရဲကောင်းဘွဲ့"ကို ကျွန်မရှေ့မှာ ခံယူလိုက်တာပဲ၊ မြန်မာက ဘာလုပ်လုပ် ငုံ့ခံမယ့် လံချားကုလားမို့ သူရိုက်ဝံ့တာပေါ့။ ဆိုက်ကားသမားသာဆိုရင်တော့ သူ ဒီလို စော်ကားရဲမှာ မဟုတ်ဘူး။ လံချားကုလားက လွန်တာ မှန်ပေမယ့်လည်း ဒီလို ဖက်ဆစ် ဆန်တာတော့ ကျွန်မ မကြိုက်ဘူး ကိုနိုင်။ သူဒီလို ပစ္စည်းမဲ့ ကျောမွဲ လံချားကုလားအပေါ်မှာ သတ္တိပြလိုက်တာနဲ့ ကျွန်မတို့ ခေါ်ထားတဲ့ လံချားကုလားတောင် ဘယ်အချိန်က လစ်သွားတယ် မသိဘူး...

အဲဒီနေ့ကများ နေဝင်လုမှပဲ ကျောင်းပြန်ရောက်တော့တယ်။ အင်မတန် ပျော့ပျောင်းပြီး မိန်းမရှာလို့ သိမ်မွေ့တဲ့ ကိုတင်မောင်ထွေး ဟာ ကျွန်မရှေ့မှာ လူရိုးကလေးလို နနယ်သလောက် သူ့ဇာတ်

အဲဒီနေ့က ကောင်းကောင်း သိလိုက်ရတာပဲ၊ တကယ်လို့ ကျွန်မသာ သူနဲ့ ခုလို အတူတူ လမ်းထွက်ပြီး အကဲမခတ်ခဲ့မိရင် သူ့ရဲ့ အစစ်အမှန် စိတ်နေသဘောထားကို သိရှိမှာ မဟုတ်ဘူး။ ကျွန်မ လည်း အဲဒီနေ့ကစပြီး သူ့မေတ္တာကို ပြောင်ပြောင်ကြီး ငြင်းပယ် လိုက်တယ်။ ဒီလို သတ္တိအလွဲသုံးစားလုပ်တတ်တဲ့ ယောကျ်ားကို မိန်းမတွေ ဘယ်လောက်ရွံတယ်ဆိုတာ ယောကျ်ားတိုင်း သိသင့်တယ် မဟုတ်လား ကိုနိုင်...

ကိုင်း ဒါတွေ လျှောက်ပြောနေရင် ဆုံးမှာ မဟုတ်တော့ဘူး။ ာရေးတဲ့ ကိုနိုင့်ကိစ္စကိုပဲ ပြောတော့မယ်ဟုတ်လား၊ ဒီစာရဲ့ စမှာ ရေးခဲ့တဲ့အတိုင်း ကိုနိုင်ဟာ ဘယ်ဘက်ကကြည့်ကြည့် ပြစ်မရှိတဲ့ လူတစ်ယောက်ပါပဲ၊ ကိုနိုင့်ကို ကျွန်မယူရင် ကျွန်မ င်သလို နေရမယ်၊ ဝတ်ရမယ်၊ စားရမယ်၊ ပျော်ရမယ်၊ ကိုနိုင် ာလည်း ကျွန်မ ထားရာကနေပြီး ကျွန်မက သေဆိုရင်သေတော့ လောက် ကျွန်မရဲ့ အလိုဆန္ဒကို လိုက်လျောလိမ့်မယ်လို့လည်း ုံကြည်တယ်...

ဒါပေမယ့် ကိုနိုင့်ကို ကျွန်မ မယူနိုင်ဘူး၊ ဘယ်နည်းနဲ့မှ ူလို့လဲ ဖြစ်မယ်မထင်ဘူး ကိုနိုင်၊ ဒီလို ပြောလိုက်တော့ ကိုနိုင် ်တရက် အံ့သြသွားမှာပဲ၊ တစ်နည်းအားဖြင့် ကိုနိုင့်ထက် ားပေးစရာ ချစ်သူတစ်ယောက် ကျွန်မမှာ ရှိနေလို့သာ ဒီလိုပြော က်တယ် ထင်မှာပဲ။ စင်စစ်တော့ အဲဒါတွေ လုံးဝ မဟုတ်ဘူး ာ ကိုနိုင်သိထားစေချင်တယ်၊ တကယ်လို့များ ခုနေအခါမှာ ာကျ်ားမယူရင် မဖြစ်တော့တဲ့ အခြေမျိုး ဆိုက်လာပြီ ဆိုပါတော့ ပဲဖြစ်ဖြစ် ကျွန်မတော့ ကိုနိုင့်ကို ယူမှာပဲ...

www.burmeseclassic.com



နို့သော်လည်း လက်ရှိအခြေအနေက ကျွန်မ အိမ်ထောင်မပြုသေးဘဲလည်း နေနိုင်တဲ့ ဘဝမျိုးမို့ အိမ်ထောင်ရေးကို လေးလေးပင်ပင် စဉ်းစားနေတုန်းပဲ ဆိုပါတော့ရှင်။ ကျွန်မတို့ မိန်းမသားတွေ အဖို့ လင်ယူတစ်ချက်မှားရင် တစ်သက်သွားရောပဲ၊ . ဒါတွေ တွေးမိလို့မို့ ဒီလောက် အချိန်ယူပြီး ကိုနိုင့်ကို အကဲခတ်ခဲ့တာပေါ့။ နောက်ထပ်လည်း ၂-လ၊ ၃-လလောက်တော့ အကဲခတ်ချင်ပါသေးတယ်။ ကိုနိုင်က မစောင့်နိုင်ဘူးဆိုလို့သာ ဖွင့်ပြောရတာကလား…

ကိုနိုင်ဟာ ကျွန်မအပေါ်မှာ သည်းခံအလိုလိုက်ပြီး အကြိုက်ချည့်လုပ်ခဲ့ရက်သားနဲ့ ဘာကြောင့် မယူနိုင်ဘူးဆိုတာ ကိုနိုင်သိချင်မှာပဲ ကဲ ကျွန်မ ရှင်းပြမယ်ဟုတ်လား-

ဒီမှာ ကိုနိုင် အိမ်ထောင်ရှင်မိန်းမ မှန်သမျှ ၁၀၀မှာ ၉၉-ယောက်က ကိုယ်လုပ်ချင်တာ လုပ်ရရင် ကျေနပ်တာပဲ တော်,မတော်၊ သင့်,မသင့် ချင့်ချိန်မနေဘူး။ ကိုယ့်စိတ်တိုင်းကျ ဝတ်ရ, စားရ, သွားရ, လာရတာကိုပဲ ဂုဏ်ယူစရာအဖြစ်နဲ့ တဝင့်ဝင့် မော်နေတတ်ကြတယ် ဟုတ်ကဲ့လား။ အဲဒါဟာ (ယောက်ျားတွေ အရက်သောက်၊ မြင်းလောင်း၊ အပျော်လိုက်နဲ့ ကိုယ်ထင်သလို လုပ်ရတာ ကောင်းတယ်လို့ ယူဆနေကြသလို) မိန်းမတွေကလည်း ဒီအတိုင်း သဘောထားတတ်ကြတယ်။ အဲဒါ လူ့သဘာဝပဲ၊ တယ်မဆန်းလှဘူး။ ဒါပေမယ့် အဲဒီ ၉၉-ယောက်သော မိန်းမတွေထဲမှာ ကျွန်မမပါဘူး ကိုနိုင်။ ကျွန်မကတော့ ၁၀၀-မှာ ၉၉-ယောက် နှုတ်လိုက်လို့ ကျန်တဲ့ တစ်ယောက်သော မိန်းမ,ပါပဲ…

ဒီလို ရေးလိုက်တော့ ကိုနိုင်ကဖြင့် ခုစာဖတ်ရှင်းပဲ ရယ်ချင် ရယ်နေမိမှာပဲ။ အင်း ရယ်လည်း ရယ်စရာပေါ့လေ ကျွန်မဟာ



ကိုနိုင့်အပေါ်မှာ နှဲ့ဆိုးဆိုးပြီး အမျိုးမျိုး ဇော်ကား ခဲ့တာ အမှန်စင်စစ်တော့ ကိုနိုင်ရယ်၊ ရှင့်အပေါ်မှာ ကျွန်မ အဲသလို အခွင့်အရေးတွေ တောင်းပြီး ကောင်းကောင်းကြီး အနိုင်ကျင့်ခဲ့တာဟာ ကျွန်မ စိတ်ထဲက ပါလို့ လုပ်တာများတော့ မထင်လိုက်ပါနဲ့ ကိုနိုင်၊ တမင်သက်သက် ကိုနိုင့်စိတ်ကို စမ်းခဲ့တာသာ ဖြစ်ပါတယ်…။

အမှန်မှာတော့ ကျွန်မဟာ အဲသလောက်ထိ မိုက်လုံးကြီးရအောင် အသိဉာဏ် မခေါင်းပါးသေးပါဘူးရှင်၊ ကိုနိုင်ဟာ ကျွန်မ အပေါ် ဘယ်လောက်အထိ အလိုလိုက်မယ်ဆိုတာ သိချင်လို့ တစ်ဆင့်ပြီးတစ်ဆင့် ဆိုးခဲ့တာသာ ဖြစ်ပါတယ်။ အဲသလို ကျွန်မ ဆိုးသလောက် ကိုနိုင် သည်းခံခဲ့တယ်။ အလိုလိုက်ခဲ့တယ်။ ဟိုတစ်ခါ မော်တော်ကား ဓာတ်ဆီ ကုန်သွားတုန်းက (ရှင်ဟာ နည်းနည်းမှ အသုံးကျတဲ့လူ မဟုတ်ဘူး ထွီ)ဆိုပြီး ကျွန်မ ရင့်ရင့်သီးသီး ပြောခဲ့တာတောင် ကိုနိုင်ဟာ စိတ်ဆိုးတဲ့ အမူအရာကလေးမှ မပြဘဲ ခခယယ တောင်းပန်နေတဲ့ မျက်နှာထားကို ကျွန်မဖြင့် ခုတောင် မြင်နေသေးတော့တယ် ကိုနိုင်၊ ဒီအရင်က ကျွန်မလေ အဲသလို စကားမျိုး ကြမ်းကြမ်းကို တစ်ခါမှ မသုံးခဲ့ဘူးဘူး ကိုနိုင်။ ဘယ်လောက်အထိ သည်းခံနိုင်မလဲဆိုတာ သိချင်လို့သာ သုံးလိုက်ရတယ်၊ အဲဒီညကများ ကိုနိုင့်ကို တွေးတွေးပြီး သနားနေတာနဲ့ အိပ်လို့တောင် မပျော်ဘူး တကယ်ပါပဲ။

ကဲ အဲဒါတွေထားပါတော့လေ။ လိုရင်းပြောရရင်ဖြင့် ကိုနိုင်နဲ့ ကျွန်မတို့ရဲ့ ဇာစပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းလိုက်ကြပါစို့ဆိုသည့် အကြောင်းပါပဲ။ ကိုနိုင်ဟာ ကျွန်မအပေါ်မှာ သူမတူအောင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါရက်ကနဲ့ (ဝါ) သည်းခံခဲ့ပါရက်နဲ့ ဘာကြောင့် မယူနိုင်ရသလဲ ဆိုတာကို နခေတ် အပျိုလောကကသာ ကြားရင်တော့ အတော်ကလေး အံ့သြသွားမှာပဲ။

ကျွန်မအဖို့ ပြောရမယ်ဆိုရင် ကျွန်မ ရည်ရွယ်ထားတဲ့ ယောက်ျား ယူနည်းက တစ်မျိုးဖြစ်ချင် ဖြစ်နေမပေါ့လေ။ အမှန်ကတော့ ကျွန်မဟာ ကိုယ်လုပ်ရာ လုပ်ခွင့်ပြုပြီး အမြဲတစေ အလိုလိုက်နေတဲ့ ယောက်ျားထက် ကျွန်မကို အလိုလိုက်သင့်တဲ့ နေရာမှာ နမကလေးလို ယုယအလိုလိုက်ပြီး ကျွန်မ မှားနေတဲ့ အချက်တွေမှာ မိတ်ဆွေကောင်းတစ်ယောက်လို စနစ်တကျ ဆုံးမဩဝါဒ ပေးတဲ့ ယောက်ျားမျိုးကိုသာ အလိုရှိတယ်၊ ကိုနိုင်ကတော့ ကျွန်မ ဘာပဲလုပ်လုပ် ခွင့်ပြုမယ်ဆိုတဲ့ လူစားမျိုးပဲ (ကိုနိုင်နဲ့ ညားပြီးတဲ့နောက် ဘယ်လိုယောက်ျားနဲ့ ဖြစ်ဖြစ် ၂-ယောက်ချင်း လည်ပတ်ခွင့်ပြုမယ်လို့) ကိုနိုင်ပြောဖူးကတည်းက ကျွန်မ ကိုနိုင့်အပေါ်မှာ အတော်ကလေး စိတ်ပျက်ခဲ့မိတယ်။

ဒီမှာ ကိုနိုင် မိန်းမဆိုတာမျိုးက အတားအဆီးမရှိ ယောက်ျားတွေနဲ့ တန်းတူသွားလာ ပျော်ရွှင်ခွင့်ရရင်လေ ပျက်စီးစရာရှိတော့ မိန်းမက အရင်ပျက်စီးတယ်ဆိုတာကို ရှင်နားလည်ထားဖို့ ကောင်းတယ်၊ အို ကိုနိုင်လည်း ဒါလောက်တော့ သိမှာပေါ့၊ ကျွန်မကို ချစ်လွန်းလို့ အလိုလိုက်ပြီး ပြောတာ ဖြစ်မှာပဲ၊ ဘယ်လိုပဲဖြစ်ဖြစ်လေ ကျွန်မ ယူမယ့် ယောက်ျားဟာ ကျွန်မ မမှားတန်မမှားရအောင် ထိန်းသိမ်းပဲ့ပြင်ပေးမယ့် ယောက်ျားမျိုးဖြစ်စေချင်တယ်၊ ကျွန်မ လုပ်ချင်တာ လျှောက်လုပ်တိုင်း အဟန့်အတားမရှိ ခွင့်လွှတ်ထားမယ်ဆိုရင် ပျက်စီးစရာရှိတော့ ကျွန်မပဲ ပျက်စီးမယ် မဟုတ်လားကိုနိုင်။

အချို့ အိမ်ထောင်ရှင်မိန်းမတွေဟာ ကိုယ့်လင်သားအပေါ်မှာ နိုင်ရတာကိုပဲ အသားယူယူပြီး ပြောတတ်ကြတယ်။ အဲဒီလို ကိုယ့်လင်သားအပေါ်မှာ နိုင်ရတာကို တဖွဖွပြောပြီး အသားယူတတ်ကြပေမယ့် ကျွန်မအဖို့ တော့ ဘယ်လိုမှ အရသာခံလို့ ခံတွင်းမတွေ့ဘူး။ လင်ကို နိုင်ရ တယ်ဆိုတဲ့ စကားကြားရတာပဲ ကျွန်မ အော်ဂလီဆန်လှပြီ။

ကျွန်မ ယူသောကတော့ မယားကို ကြောက်လို့ လိုက်လျော ရတာမျိုး အလိုမရှိဘူး။ ချစ်လို့ အလိုလိုက် ယုယတာကိုသာ တန်ဖိုးရှိတဲ့ ဂုဏ်ယူစရာလို့ ယူဆတယ်။ လင်ကလည်း ကိုယ့်ကို တရားမဲ့ မနိုင်ချင်နဲ့ ဒါပဲ။ ကျွန်မ ယူတဲ့ လင်ဟာ ကျွန်မရဲ့ အားထားရာ၊ မှီခိုရာ ဖြစ်ရမယ်။ အမှားအမှန် ခေဖန်ပိုင်းခြားပြီး တရားမျှတစွာနဲ့ ဆုံးမဩဝါဒ ပေးနိုင်ရမယ်။

ကိုနိုင်ကတော့ ကျွန်မ မျှော်လင့်သလို မဟုတ်ဘဲ ကျွန်မ ဘာလုပ်လုပ် မှားမှားမှန်မှန် လိုက်လျောမယ်ဆိုတော့ ကိုနိုင့်ကို ကျွန်မ ယူလို့ဖြစ်မှာ မဟုတ်တော့ဘူး။ ခုအတိုင်း ဆိုရင် ကျွန်မက ခေါင်းဆောင် ကိုနိုင်က နောက်လိုက်။ ကျွန်မ ဘာပြော ပြော "အင်း" လိုက်မယ့် လူစားလို ဖြစ်နေတယ်။ ကျွန်မလိုချင် တာက ကျွန်မတို့ရဲ့ အိမ်ထောင်ကို နိုင်နိုင်နင်းနင်း ခေါင်းဆောင် သွားမယ့် လင်မျိုးကိုသာ အလိုရှိတယ်။ အဲဒီတော့ ကိုနိုင့်ကို ကျွန်မ ယူလို့ ဖြစ်ပါ့မလား။

www.burmeseclassic.com

www.burmeseclassic.com

ကဲ ဒီလောက် ရေးပြလို့ရှိမှ ကိုနိုင်သဘောပေါက်ရောပေါ့နော်။ ကိုနိုင့်စိတ်ထဲကတော့ ကျွန်မကို ထင်မှာပဲ ဘယ်လို မိန်းမ,စားမျိုးပါလိမ့်လို့။ အင်း လူတစ်ကိုယ် စိတ်တစ်မျိုးဆိုတဲ့ စကားလည်းအရှိသားမဟုတ်လား။ စင်စစ်တော့ **ကျွန်မဟာ** ကိုယ်ရပြီးသားထင်သလို သွားလာဝတ်စား နေထိုင်နိုင်ခွင့် ဆိုတဲ့ "လွတ်လပ်ရေး"ကိုများလွန်းအားကြီးတယ်ဆိုပြီး ပြန်အပ်နေသလို ဖြစ်နေတာမို့တော်တော် ရူးတဲ့မိန်းမလို့ ထင်ချင်ထင်ကြမှာပဲ။

ကဲ ကိုနိုင်ရေ၊ ကျွန်မတို့ မြန်မာပြည်ကြီး မလွတ်လပ်ခင်ကသူ့ကျွန်ဘဝကို မျှော်ပြီး တွေးကြည့်စမ်း။ မြန်မာတွေ ဘယ်လောက်စည်းကမ်းရှိခဲ့ကြသလဲ။ ပလက်ဖောင်းပေါ်မှာ တဲထိုးဖို့ဆိုတာဖယ်ထား၊ ဗန်းကလေးတစ်ချပ်နဲ့ ဈေးထိုင်ရောင်းတာတောင်လမ်းပိတ်မှုဆိုပြီး ဖမ်းတယ်။ တရားဥပဒေကိုလည်း ရှိသလောက်အသုံးချခဲ့တယ် မဟုတ်လား။ **ခုတော့** ကျွန်မတို့ မြန်မာပြည်ဟာလွတ်လပ်သော ပြည်ထောင်စု **မြန်မာနိုင်ငံတော်** ဖြစ်လာပြီမို့လွတ်လပ်စွာပဲ စည်းကမ်းမဲ့နေကြတယ်။ အင်မတန်ကို သန့်ရှင်းနိုင်မှ တော်ရုံလောက်ကျတဲ့ ဆေးရုံအနား တစ်ဝိုက်မှာကြည့်စမ်း၊ ပုပ်ကုန်သိုးကုန်ဖြစ်တဲ့ ကုန်စိမ်းပွဲရုံတွေ ပြည့်ကြပ်ညပ်နေတာပဲ။ တော်ရုံမမာတဲ့ လူနာတွေမှာ ဒီအပုပ်နံ့တွေကြောင့် ရောဂါမတိုးသင့်ဘဲတိုး၊ မသေသင့်ဘဲ သေနေကြရတယ်။

အဲဒီသဘောမျိုးပဲ ကိုနိုင်။ ကျွန်မကို လုပ်ချင်သလိုလုပ်ဆိုတဲ့ ပျက်စီးရာပျက်စီးကြောင်း အိမ်ထောင်ရေး လွတ်လပ်မှုမျိုးတော့



ကျွန်မ အလိုမရှိဘူး။ ကိုယ်ကျင့်တရား မထိခိုက်အောင် လူ့ကျင့်ဝတ်ဥပဒေနဲ့ တရားနည်းလမ်းကျကျ ချုပ်ကိုင်ထားတဲ့ အိမ်ထောင်ရေးလွတ်လပ်မှုမျိုးကိုသာ အလိုရှိတယ်။ ဘယ့်နှယ့်လဲ ကိုနိုင်ပဲ။ ကျွန်မကို စည်းကမ်း**သေဝပ်အောင်** ချုပ်ချယ်နိုင်ပါ့မလား။ ဩဝါဒ ပေးနိုင်ပါ့မလား။ ကျွန်မတို့ရဲ့ အိမ်ထောင်ရေးကို လူကြီးအဖြစ်နဲ့ ခေါင်းဆောင်နိုင်ပါ့မလား။ ကျွန်မ အမြင်နဲ့ ဆိုရင်တော့ကိုနိုင်ဟာ ပျော့လွန်းအားကြီးတယ်၊ မှားမှားမှန်မှန် အညွှန့်ခံချင်တဲ့စိတ်တွေက များနေတယ်။ ကျွန်မကလည်း ခေါင်းဆောင်ဆရာလုပ်ပြီး ကိုယ့်လင်သားကို နောက်လိုက် မဖြစ်စေချင်ဘူး။ ကိုနိုင်ကလည်း ခေါင်းဆောင်မှု မပေးနိုင်တော့ ခက်တာပဲ။

ကိုင်း တော်လောက်ပြီထင်တယ် ကိုနိုင်။ စိတ်ရှိလက်ရှိသာလျှောက်ရေးရရင် ဆုံးမှာ မဟုတ်တော့ဘူး။ နောက်ဆုံး ပြောချင်တာကတော့ ကိုနိုင့်ကို ကျွန်မ ချစ်တယ်၊ ချစ်လို့လည်း ရေစပ်ရေးကိုကြော်ငြာဖို့ ခွင့်ပြုခဲ့တာပေါ့။ ဒါပေမယ့် မယူနိုင်တော့ဘူး။ဘာကြောင့် ဆိုတာလဲ ရေးခဲ့ပြီးပြီ။ တစ်ခု တောင်းပန်ချင်တာကဒီစာကို ၂–ခါလောက် သေသေချာချာ ပြန်ဖတ်ပါ။ ပြီးတော့စဉ်းစားပါ။ ဒါမှလည်း ကျွန်မ ပြုမှုပုံတွေဟာ နည်းလမ်းကျမကျသိရလိမ့်မယ်။ ပြီးတော့ ဒီစာကို ဖတ်ပြီးတဲ့ နောက်မှဖြင့်ကျွန်မနဲ့ ပြန်လည် နီးစပ်ရေးကိုတော့ ဘယ်အကြောင်းမျိုးနဲ့မှမကြိုးစားစေချင်ဘူး။ ဘာဖြစ်လို့ဆိုတော့ ကိုနိုင်ရဲ့ စိတ်ထားဟာအချစ်နဲ့ ပတ်သက်ပြီး အညွှန့်ခံချင်ဖို့လောက်သာ အာသီသ ရှိနေတယ်ဆိုတာ ကျွန်မ သိခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခုလို ကျွန်မရဲ့ သဘောထားကို ဖွင့်ပြောပြီးကာမှ ကျွန်မ ဂိုတ်ကြိုက်လိုက်ပြီး ပြုပြင်ပါ့မယ်လို့ ကိုနိုင်က ကတိပေးချင် စား မယ်။ နို့ပေမယ့် ဒါဟာ ပင်ကိုယ်စိတ် ဖြစ်မလာနိုင်တော့ဘူး။ အန်နှမကို လိုချင်လို့ လိုက်လျောတာမျိုးသာ ဖြစ်မယ်။ ဥပမာအားဖြင့် တဆွေကြောက်တတ်တဲ့ လူတစ်ယောက်ဟာ ရည်းစားနဲ့ ချိန်းထားလို့ ညကြီးသန်းခေါင် အရဲစွန့်သွားချင် သွားမယ်။ အဲဒီ ရည်းစားနဲ့ ညားပြီးတဲ့အခါကျတော့ တစ္ဆေကို ကြောက်မြဲကြောက်နေဦးမှာပဲ။ အဲဒီသဘောမျိုး၊ ကိုနိုင်ဟာ ကျွန်မကို ချစ်လို့၊ အရယူချင်လို့ ကျွန်မ ပြောသလို လိုက်လုပ်ချင်လုပ်မယ်။ ဒါပေမယ့် လူပျော့ဟာ လူပျော့ပဲ။ နောက်လိုက်စိတ်ရှိတဲ့ လူဟာ နောက်လိုက်စိတ်မျိုးသာ မွေးနေဦးမှာပဲ။ ခေါင်းဆောင်ဖြစ်မလာနိုင်ဘူး။ ဖြစ်လာဦး အပျော့စား ထဲက နေမှာပဲ။

အဲသလို အကြောင်းတွေကြောင့် ကိုနိုင့်ကို ကျွန်မ မယူနိုင်တော့တဲ့အတွက် သတင်းစာထဲက စေ့စပ်ကြောင်းလမ်းခြင်း ကို ခုတစ်ပတ်အတွင်းမှပဲ ကျွန်မ ရုပ်သိမ်းတော့မယ်ဆိုတာ ဝမ်းနည်းစွာနဲ့ အကြောင်းကြားလိုက်ရပါတယ်။ ကျွန်မ စိတ်ထဲက မပါဘဲ အကဲစမ်းတဲ့ သဘောနဲ့ ပြောခဲ့ဆိုခဲ့ ပြုမူခဲ့တဲ့ ရိုင်းရိုင်း မှုတွေအတွက်လည်း ကျွန်မ ရှိခိုးတောင်းပန်လိုက်ပါတယ်။ ကိုနိုင် ကျေနပ်ပါဟုတ်လား။ ကိုနိုင့်အပေါ်မှာ ကျွန်မ အိမ်ထောင်ဖက် ခင်ပွန်းတစ်ယောက်အဖြစ်နဲ့ မချစ်နိုင်၊ မယူနိုင်သော်လည်း ကျွန်မရဲ့ အရင်းဆုံး၊ အားအကိုးရဆုံး မိတ်ဆွေတစ်ယောက် အဖြစ်နဲ့တော့ အမြဲဆက်သွယ်သွားမယ်ဆိုတာ စိတ်ချယုံကြည်စေချင်တယ်။ ဂျင် ကလည်း ကျွန်မကို နှမကလေး အရင်းလို သဘောထား စောင့်ရှောက်သွားလိမ့်မယ်လို့လည်း ကျွန်မ ယုံကြည်လျက်ပါပဲ။

ဝမ်းနည်းစွာဖြင့်

**မေမေလတ်(၂၉-၁၀-၅၀)**

◆

ကိုစိန်နိုင်သည် ရှည်လျားလှစွာသော **မေမေလတ်၏** စာကို ဖတ်၍ ဆုံးသည်နှင့် အားရပါးရကြီး ပြုံးလိုက်၏။ သို့ ပြုံးလိုက် သော ကိုစိန်နိုင်၏ အမူအရာမှာ (သူက•ငါ့ကို မယူတော့ကော ဘာအရေးလဲ၊ လောကမှာ မိန်းမတွေ အပုံ)ဟူသော သဘောမျိုးဖြင့် မခိုးမခန့် ပြုံးလိုက်သော မဲ့ပြုံးမျိုးမဟုတ်၊ လှိုက်လှိုက်လှဲလှဲ အသည်းထဲမှ ကြည်နူးသဘောကျသွားသော အပြုံးမျိုး ဖြစ်၏။

**မေမေလတ်** ပေးစာတစ်ခုလုံး၏ လိုရင်းသဘော အတိုချုပ် မှာ ကိုစိန်နိုင်အား အခြားအခြားသော အပြုအမူများကို သဘောကျ သော်လည်း အလိုလိုက်လွန်းအားကြီးသည်ဟူသော အချက်တစ်ခု ကြောင့် မယူနိုင်ဟူ၍ အဓိပ္ပါယ်ရ၏။ အကယ်၍ ကိုစိန်နိုင်က မေမေလတ် သဘောကျသလို ပြုမူနေလိုက်ပါတော့မည်ဟု (မေမေလတ်၏ စာကို ဖတ်ပြီးမှ) ကတိပေးသည့်တိုင်အောင် မေမေလတ်က လက်ခံတော့မည် မဟုတ်ဟူ၍ ရေးလိုက်သည် ဖြစ်ရာ ကိုစိန်နိုင်တွင် သူအလွန်မြတ်နိုးသော မေမေလတ်နှင့် နီးစပ်ရေးမှာ လုံးဝ မျှော်လင့်ချက်မရှိတော့ပြီ ဖြစ်ပါလျက်



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့် ဝမ်းသာအယ်လဲ အသည်းထဲက မြူးနေရပါဘိသနည်း။

ကိုစိန်နိုင်ကား ထိုင်လိုက်၊ ထရျည်ဖြင့် မတည်မငြိမ် လှုပ်ရှားနေရာမှ မေမေလတ်၏ စာရွက်အထပ်လိုက်ကို ဆွဲယူဖတ်ရှုနေပြန်၏။ သုံးလေးရွက်မျှ ဖတ်မိသည့်အချိန်၌ မောင်ကျင်မောင် ရောက်လာပြီး ဝယ်လာသော ထမင်းကြော်ကို ပန်းကန်တစ်ခုနှင့် သေသေသပ်သပ် ထည့်၍ စားပွဲပေါ် ချပေးလိုက်သည့်တွင် ကိုစိန်နိုင်လည်း ထမင်းကြော်တစ်ဇွန်းစားလိုက် စာတစ်ကြောင်း ဖတ်လိုက်နှင့်ပင် အချိန်ကုန်နေတော့၏။

❖

ကိုစိန်နိုင်၏ မျက်နှာထားအမူအရာ မည်သို့ ရှင်လန်းနေသနည်း။ ထိုကဲ့သို့ပင် မေမေလတ်မှာလည်း သာယာမှု အထွေထွေဖြင့် ပီတိဝေလျက် ရှိပေ၏။

သူ့အိပ်ခန်းခုတင်ထက်ဝယ် ပက်လက်ကလေးလှန်၍ လက်ကလေးနှစ်ဖက်ကို ခေါင်းအုံးပေါ် ပစ်ကျွေးလျက် တစ်စုံတစ်ရာသော အတွေးဖြင့် မျက်လွှာကလေး မှေးထားရာမှ ခပ်ဖြည်းဖြည်းကလေး သက်ပြင်းတစ်ချက် ချလိုက်၏။ သို့ချလိုက်သော သက်ပြင်းမှာ စိတ်ပျက်ဖွယ်ရာသော အကြောင်းတစ်ခုခုကို အရင်းခံပြီးချသော သက်ပြင်းမျိုးမဟုတ်ဘဲ အလွန်လျှင် ကြည်နူးနှစ်ခြိုက်အသည်းနိုက်သွားလောက်အောင် ထူးခြားစွာ ခံစားလိုက်ရသည့် အရသာတစ်မျိုးကြောင့် ဖြစ်ပေါ်လာသော သက်ပြင်းချသံမျိုးဖြစ်၏။

လက်ကလေးနှစ်ဖက်ကို ခေါင်းအုံးဘက် လှန်ထားသော ကြောင့် ကော့ပျံနေသော သူ့ရင်ညွန့်ကလေးမှာ ခါတိုင်းနှင့်မတူ အသက်ရှူမမှန်သည်နှင့်အမျှ လှုပ်နေ၊ တုန်နေပုံမှာလည်း အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည် ထင်ရ၏။ ခါကလေး ကျစ်ကျစ်ကို တအင့်အင့် ရေရွတ်ရင်း မေမေလတ်သည် လွန့်လိုက်၏၊ လူးလိုက်၏၊ တစ်ဖန် ခပ်မြူးမြူးကလေး ပြုံးရောင်သန်းလာပြီး သူ့ဆားတွင် အထပ်လိုက်ချထားသော စာရွက်တွဲကြီးကို ကောက်ယူဖတ်ရှုနေပြန်၏။ **စာရွက်**များ၏ အသွေးအရောင်နှင့် လက်ရေးများကို ကြည့်ရခြင်းအားဖြင့် ထိုစာမှာ ကိုစိန်နိုင်ပေးလိုက်သော စာဖြစ်ကြောင်း သိနိုင်၏။ ယခု မေမေလတ် ကောက်ယူဖတ်သည့် အမူအရာမှာလည်း လေးလေးနက်နက်နှင့် စိတ်ဝင်စားပုံ မရဘဲ ဖတ်ပြီးသား ဝတ္ထုကို သဘောကျသောကြောင့် ဒုတိယအကြိမ် ထပ်၍ စမြုံ့ပြန်နေသည်နှင့် **တူလှတော့**၏။

**မေမေလတ်**

ကျွန်တော့်အပေါ်မှာ မေမေလတ် ဘယ်လို သဘောထားတယ်ဆိုတာကို နောက်ဆုံး စကားအဖြစ်နဲ့ ပြောဖို့ ဂတိထားခဲ့တာ ဒီနေ့ဆိုရင် သုံးရက်မြောက်တဲ့ နောက်ဆုံးနေ့ပဲနော်။ မေမေလတ် ကျွန်တော့်အပေါ် ဘယ်လို သဘောထားတယ်ဆိုတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး သုံးရက်အတွင်း အဖြေပေးမယ်လို့ မေမေလတ်က ပြောလိုက်တဲ့ နေ့တုန်းက ကျွန်တော်လည်း စိတ်ထဲမှာ ရွှေပြီး ဘာမှ သတိမရနိုင်တာနဲ့ (ဘယ်လို အဖြေပေးမှာလဲ၊ ဘယ်နေ့ ရေး ပြောမှာလား၊ ကျွန်တော်လာခဲ့ရမှာလား ဆိုတာတွေ) မမေးခဲ့မိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ဟာဖြင့် သုံးရက်မြောက်တဲ့ နောက်ဆုံးနေ့မို့ မေမေလတ်ရဲ့ အဖြေကို အမြန်ဆုံး သိချင်နေတဲ့ စိတ်ဟာ အတော်ကလေး ပြင်းထန်နေတယ်။ ဒီနေ့ မနက် အိပ်ရာက နိုးနိုးချင်း မေမေလတ်ဆီကို ထွက်လာဖို့ စိတ်ကူးမိပေမယ့်လည်း မေမေလတ်ရဲ့ မျက်နှာကို မြင်လိုက်ရရင် ကျွန်တော်ပြောချင် ဆိုချင်နေတဲ့ စကားတွေဟာ အကုန်ရေဖြစ်ကုန်မှာပဲ။ ထူးတယ်၊ မေမေလတ်ရဲ့ ရုပ်ရည်ဟာ တော်တော့ကို ထူးတယ်၊ မှန်တာပြောရရင် ကျွန်တော် မေမေလတ်ရဲ့ အပြောအဆို အပြုအမူတွေနဲ့ ပတ်သက်လို့ မကျေနပ်တာတွေ တော်တော်များများ ရှိပေမယ့်လည်း မျက်နှာချင်းဆိုင်မိရင် ပြောလို့ မထွက်တော့ဘူး။ (ဒီနေ့တော့ ဘာပဲဖြစ်ဖြစ် သူ့ကို ငါဒီလိုပြောလိုက်မယ်)ဆိုပြီး လမ်းတစ်လျှောက်လုံး ဖွဲ့တင်းလာခဲ့တဲ့ ကျွန်တော်ဟာ မေမေလတ်ရဲ့ မျက်နှာကို မြင်လိုက်ရတာနဲ့ တစ်ပြိုင်နက် မပြောရက်သလို ဖြစ်ဖြစ်သွားတယ်။ မေမေလတ် ဘာပြောပြော တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ လိုက်လျောချင်တဲ့စိတ်တွေက များနေခဲ့တယ်။ မေမေလတ်ရဲ့ မျက်နှာထားကလေးဟာဖြင့် ပါရမီထူးတယ်လို့များ ခေါ်မလားဘဲ။ အင်း စာထဲမှာ ဖတ်ဖူးတဲ့ ဘာလဲ ဟို (ယောကျ်ားတွေကို အရည်ပျော်သွားစေနိုင်တဲ့ အဆင်းရူပါ၊ မျက်နှာကလေး၏ ပိုင်ရှင်)ဆိုသလို မေမေလတ်ဟာလည်း ကျွန်တော့်အဖို့တော့ အဲဒီအတိုင်း ဖြစ်နေပါတယ်။

ဒီနေ့ မနက်လည်း မေမေလတ်ရဲ့ အဖြေကို မျက်နှာချင်းဆိုင်ပြီး မေးမယ်ရယ်လို့ စိတ်ကူးမိပါသေးတယ်။ ဒါပေမယ့် မေမေလတ်ရဲ့ မျက်နှာကို မြင်ရပြန်ရင် ကျွန်တော်သာ အရှုံးပေးရမှာကို အတတ်သိတဲ့အတွက် ခုလို စာရေးလိုက်ရခြင်း ဖြစ်ပါတယ်။

မှန်တဲ့အတိုင်းပြောရရင် ကျွန်တော်ဟာ မိန်းမတွေ အတော်များများပဲ တွေ့ခဲ့ဖူးပြီ။ တွေ့ခဲ့ဖူးပြီဆိုတာက ကျွန်တော် မေတ္တာရှိလို့ ပိုးပန်းခဲ့တာကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ယောက်တစ်လေကိုသော်မှ စည်းမဲ့ကမ်းမဲ့ အလိုမလိုက်ခဲ့ဘူး။ ဒါကြောင့်လဲ ကျွန်တော် ယနေ့အထိ မစွံခဲ့တာပေါ့။ နောက်ဆုံး ဖေဖေတို့ရဲ့ စေ့စပ်ချက်အရ မေမေလတ်ကို တွေ့ရတဲ့အခါမှာ ကျွန်တော့်စိတ်တွေဟာ ဘယ်လိုဖြစ်ကုန်တယ် မပြောတတ်ဘူး။ ကျွန်တော့်အပေါ်မှာ မေမေလတ် ငြိငြင်သွားမှာကိုပဲ စိုးရိမ်နေတော့တယ်။

ကဲ ဒါတွေ ထားလိုက်တော့၊ အမှန်အတိုင်း ကျွန်တော့်စိတ်ရင်းသဘောထားဟာ ခု မေမေလတ်နဲ့ တွေ့မှ ပြောဆို ပြုမူခဲ့တာတွေနဲ့ဆိုရင် လုံးလုံးလျားလျား ဗီလာဆန့်ကျင်နေတယ်။ ပထမဆုံး မေမေလတ်က သတင်းစာထဲ ဖြေရှင်းချက် ထည့်လိုက်ကတည်းက ကျွန်တော် မကျေမနပ် ဖြစ်ခဲ့တယ်။ ဒါပေမယ့် အဲဒီဖြေရှင်းချက်ကို သေသေချာချာ လေ့လာကြည့်တော့ ဘယ်သူ့ကိုမှ မထိခိုက်တဲ့အပြင် လူတိုင်း သတိမထားမိတဲ့ သဘောအဓိပ္ပါယ်ကိုပါ ဖော်ပြထားတာမို့ ကျွန်တော် သဘောတူခဲ့တယ်။ အဲဒီအချိန်မှာသာ ကျွန်တော်က (ဖေဖေ ဒီမိန်းမကို ကျွန်တော် မလိုချင်တော့ဘူး)လို့ ခေါင်းခါလိုက်ရင် စေ့စပ်ရေးဟာ အဲဒီနေ့မှာပဲ ပျက်ပြားသွားမယ်ဆိုတာ သေချာတယ်။ နို့ပေမယ့် ကျွန်တော်ဟာ မေမေလတ်ကို တွေ့ရတဲ့နေ့ကစပြီး ဘယ်လိုချစ်တယ်၊ ဘယ်လောက်စွဲလမ်းနေတယ်ဆိုတာ စာနဲ့ ရေးပြလို့ သရုပ်ပေါ်မယ်တောင် မထင်ဘူး။

"အမယ် ဆရာကြီးက ကျွန်မကို ဘယ်လောက်ချစ်တယ်ဆိုတာ စာနဲ့ ရေးမပြနိုင်ဘူးဆိုတော့ ဘယ်လိုများ ပြချင်သေးလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

တထယ်လို့ ကျွန်တော်သာ မေမေလတ်နဲ့ မျက်နှာချင်းဆိုင်ပြီး ပြောနေတာဖြစ်ရင် မေမေလတ် ခုအတိုင်း မေးမှာပဲ။ ဒါပေမယ့် ကျွန်တော် စကားနဲ့လည်း ဖြေတတ်မှာ မဟုတ်ဘူး။ ကျွန်တော် ခပ်ငယ်ငယ်က သူငယ်ချင်းတစ်ယောက်ဟာ မိန်းကလေးတစ်ဦးကို ရူးမတတ်၊ သေမတတ် ချစ်နေတာကို တွေ့ခဲ့ရဖူးတယ်။ ဒါတောင် မိန်းကလေးက ချစ်ပါတယ်လို့ ပြောသေးတာမဟုတ်ဘူး။ သူက တစ်ဖက်သတ် ဖြစ်နေတာ၊ အဲဒီတုန်းက သူငယ်ချင်းကို ပြောခဲ့ဖူးတယ်။ "မင်းတော်တော်ရူးတဲ့ အကောင်ပဲ၊ လောကမှာ မိန်းမ ဒါလောက် ရှားသလားကွ၊ ကလိုင်းသွက် ဖြစ်နေရတာ"လို့ အင်း အခုတော့ ကျွန်တော် သူ့နည်းလည်းပြီလေ။ မေမေလတ်ကို ကျွန်တော် ချစ်တာဟာ အဲဒီအတိုင်းပဲ ဖြစ်နေခဲ့တယ်။

ဒါပေမယ့် မေမေလတ်ရဲ့ ပြောဆိုပြုမူ ဆက်ဆံပုံတွေထဲက ကျွန်တော် မကြိုက်တာတွေ အတော်များများပဲ ရှိတယ်။ ဥပမာ ဆိုပါတော့ မေမေလတ်ဟာ ကောလိပ်မှာနေတုန်းက ယောကျ်ား မိတ်ဆွေတွေနဲ့ နှစ်ယောက်ချင်း အပြင်ထွက်လည်တယ်၊ ရုပ်ရှင်ကြည့်တယ်၊ ဟိုတယ်တောင် တက်ပြီး က,လိုက်သေးတယ်လို့ ဆိုတယ် ဟုတ်ကဲ့လား"

လွတ်လပ်ရေးမရမီ ဟို ပဝေသဏီက ကျွန်ဘဝကို နောက်ကြောင်းပြန်ကြည့်စမ်း၊ ၁၀၀ဝီ စားကအစ မြို့အုပ်ကလေးအထိ တိုင်းပြည်ကို သူ့နေရာက သူ အုပ်ချုပ်ခဲ့တဲ့ လူတွေပဲ မဟုတ်လား ဒီနေ့ကော မြန်မာပြည်ကို ဘယ်သူတွေ အုပ်ချုပ်နေသလဲ၊ တက္ကသိုလ် ကျောင်းထွက်တွေပဲနော်။ အဲဒီတော့ ရှေ့အဖို့မှာလည်း တက္ကသိုလ် ထွက်ကျောင်းသား၊ ကျောင်းသူတွေသာ မြန်မာ့ကံကြမ္မာကို ဖန်တီးကြဦးမှာပဲ။

။ မိန်းကလေးတွေကလည်း ဒီအတိုင်းပဲ။ တက္ကသိုလ်ကျောင်းသူတွေက ဘယ်လို ဖက်ရှင်ဝတ်သလဲ၊ အဲဒါကို အတုခိုးတယ်။ ရင်ကျိုးစရာ အကောင်းဆုံးကတော့ တက္ကသိုလ်မမတွေ ဟိုတယ်တက်ပြီး လူမျိုးစုံနဲ့ တွဲကနေကြတဲ့ ခေတ်ဆန်မှုတွေပဲ။ သူတို့လုပ်တာ အဟုတ်ကြီးထင်ပြီး အတုခိုးနေကြတဲ့ အမျိုးသမီးကောင်းတွေပဲ အတော်ကလေး ပျက်စီးနေကြပြီလို့ သိရတယ်။

မေမေလတ်လည်း အဲဒီ တက္ကသိုလ်(မနန့်ကြောသွဲ)တွေထဲ ပါခဲ့တယ်လို့ မေမေလတ်ကိုယ်တိုင် ဝန်ခံခဲ့ပြီ။ မေမေလတ်လည်း ဘယ်အထိ ပျက်စီးခဲ့တာလဲ ဆိုတာတော့ ကျွန်တော်လည်း မသိဘူး။ ဒါပေမယ့် မေမေလတ်ပြောသလို ယောကျ်ားတွေ လည်ပင်းမှာ ကြပ်ထွက်နေပေမယ့် အိမ်ထောင်မပြုသေးရင် လူပျိုပဲလို့ မိန်းမတွေက အသိအမှတ်ပြုသလို ကျွန်တော်လည်း မေမေလတ်ကို အသိအမှတ်ပြုတယ်။ "အပျို"လို့ ကွယ်ရာမှာ မေမေလတ် ဘာတွေပဲ ဖြစ်ခဲ့စေကာမူ ကျွန်တော့်ရဲ့ သန့်ရှင်းတဲ့ အချစ်ကိုတော့ မထိခိုက်စေချင်ဘူး၊ မေမေလတ်ပြောတာ မှန်တယ်။ "အပျိုစစ်" ဆိုတာ ယောကျ်ားတွေအဖို့ ဘာထူးသလဲလို့ သေသေချာချာ စဉ်းစားကြတော့ မယ်မယ်ရရ ဘာမှ မတွေ့ရဘူး။ ယောကျ်ားတွေ ရူးနေလို့သာ အပျိုစစ်၊ အပျိုစစ်နဲ့ ပြောနေကြတာ၊ တကယ်တန်းကျတော့ ကိုယ်ယူထားတဲ့ မယားဟာ မညားခင်က အပျိုစစ်ရဲ့လား၊ ညားပြီးတော့ကော သိသလားဆိုတော့ ဘယ်သူမှ ကိုယ့်မယားဟာ အပျိုစစ်,မစစ် မသိကြဘူး။

ဒါကြောင့် ဟိုတုန်းက မေမေလတ် ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်တော်ယူမယ်လို့ ဆုံးဖြတ်နိုင်ခဲ့တယ်။ ယူလည်း ယူမှာပဲ။ အပျိုစစ်တာ, မစစ်တာတွေ ကျွန်တော် မစဉ်းစားဘူး။

www.burmeseclassic.com

ဒါပေမယ့် မေမေလတ် တစ်ခါက ပြောဖူးတယ်၊ (ကျွန်မနဲ့ ကျင်နဲ့ ညားပြီးတဲ့ အခါမှာလည်း ကျွန်မ သဘောအတိုင်း သူစိမ်းယောက်ျားတွေနဲ့ နှစ်ယောက်ချင်း လျှောက်လည်ချင် လည်မှာပဲ။ ရုပ်ရှင်ကြည့်၊ ဟိုတယ်တက်၊ တွဲကချင် က,မှာပဲ။ ဒါကိုတော့ ရှင်ခွင့်ပြုနိုင်ပါ့မလား)လို့ ကျွန်တော့်ကို မေးခဲ့စဉ်က အမှန်အတိုင်း ဆိုရင် ကျွန်တော် သဘောမတူနိုင်ဘူး။ နို့ပေမယ့်လည်း စောစောက ပြောသလို ကျွန်တော်ဟာ ဘာပဲဖြစ်ဖြစ် မေမေလတ် ပြောတာမှန်ရင် လိုက်လျှောချင်တာတွေက များနေတာမို့ ခေါင်းတစ်ညိတ်တည်း ညိတ်ခဲ့မိတာပဲ။

ပြီးတော့တစ်ခါ မေမေလတ်က ကျွန်တော့်ကို ဒီအရွယ်ကြီးရောက်မှ ကျောင်းအတက်ခိုင်းတယ်။ အဲဒီအချက်ဟာဖြင့် ကျွန်တော့် စိတ်ကို အထိခိုက်ဆုံးပဲ။ ဒါပေမယ့် မေမေလတ်ကို ချစ်လွန်းလို့ မေမေလတ် စကားကို နားထောင်ခဲ့တယ်။

မေမေလတ်က ဂျက်ဇလင်ကား စီးချင်တယ်လို့ ပူဆာတုန်းကလည်း မေမေလတ် စိတ်ကောက်ပြီး နေ့စပ်ရေးကို ဖျက်ပစ်လိုက်လေမလားလို့ စိုးရိမ်တာကတစ်ကြောင်း၊ မေမေလတ်ကို ချစ်တဲ့ အချစ်ကလည်း အငြိုအငြင် မခံဝံ့အောင် ပြင်းထန်နေတာမို့ စိတ်မပါဘဲ လိုက်လျှောခဲ့ရတယ်။ စင်စစ်တော့ အဲဒီ မော်တော်ကားကို တယ်ပြီး မဝယ်ချင်လှဘူး။

ကျွန်တော်တို့ မြန်မာတွေဟာ ငွေကလေး လေးငါးခြောက်သောင်းနဲ့ အလုပ်စပြီး သောင်းငါးထောင်တန် ကားကို ဝယ်စီးချင်ကြတယ်။ အဲဒီဟာ ပတ်ဝန်းကျင်ရဲ့ အထင်ကြီးခံရရုံအပြင် ကိုယ့်ဖို့ ဘာမှ အကျိုးမရှိဘူး။ အကျိုးမရှိရုံတင်လားဆိုတော့ မဟုတ်သေးဘူး၊ သွယ်ဝိုက်သောနည်းနဲ့ ဘိုးယုတ်နေတာလည်း ရှိသေးတယ်။





ကုန်သည်တစ်ဦးဟာ ငွေငါးသောင်း မတည်ပြီး အရောင်းအဝယ်လုပ်တယ် ဆိုပါတော့၊ ဒီအထဲက သောင်းငါးထောင်နှုတ်ပြီး မော်တော်ကား ဝယ်စီးရင် ၃၅၀၀၀ိ/ပဲ ကျန်မယ်။ အရင်းအနှီးအင်အားမှာ ၁၅၀၀၀ိ/- လျော့သွားတဲ့အတွက် ရသင့်ရထိုက်တဲ့ အမြတ်ဟာ (ငွေတစ်ရာ တစ်လကို တစ်ဆယ်ပဲထား ဦးတော့) ၁၅၀၀၀ိ/ဆိုရင် အမြတ်ငွေ တစ်လမှာ ၁၅၀၀ိ/ မနစ်နာပေဘူးလား။ ဒါဟာ အနည်းဆုံးထားပြီး တွက်ပြတာပဲ၊ ဝင်ကုန်လုပ်ငန်းနဲ့ ပတ်သက်လို့ အစိုးရ အုပ်ချုပ်ထားတဲ့ စက္ကူတောင် ငွေတစ်ရာမှာ ၂၅–ကျပ် အမြတ်ယူခွင့် ပြုထားတယ်။ ဒီနှုန်းဆိုရင် ငွေ ၁၅၀၀၀ိ/မှာ အမြတ် ၃၇၅၀ိ/ ရနိုင်တယ်။ ကားတစ်စင်းကို ၁၅၀၀၀ိ/ ပေးပြီး ဝယ်စီးလိုက်တော့ ရသင့်ရထိုက်တဲ့ အမြတ်တွေဟာ လစဉ်နဲ့အမျှ မနစ်နာပေဘူးလား။

ဒီမှာ မေမေလတ်၊ ခုလို မဆိုင်တာတွေ ရှည်ရှည်ဝေးဝေးကြီး လျှောက်ပြောနေရန်ကောလို့ ရွှေစိတ်တော်လည်း ခုမသွားနဲ့ဦး။ ကျွန်တော်ဟာ စီးပွားရေးသမားမို့ ဒါတွေကို ပြောနေရတာ၊ မေမေလတ်နဲ့ ညားပြီးတဲ့ တစ်နေ့မှာလည်း ကျွန်တော်ဟာ ဒီလိုပဲ စည်းနဲ့ စနစ်နဲ့ စခန်းသွားမှာမို့ ရှင်းပြနေရတာပါ။ မေမေလတ် မော်တော်ကား ဝယ်ခိုင်းတုန်းကလည်း မေမေနဲ့ဆိုတာ အတော်ကလေး အတိုက်အခံ ဖြစ်ခဲ့ရသေးတယ်။ ဒါပေမယ့် မေမေလတ် စိတ်ခုမှာကို ကျွန်တော် မခံဝံ့လို့ ဇွတ်ပြောပြီး ဇွတ်ဝယ်ခဲ့ရတယ်။ စင်စစ်တော့ ကျွန်တော့်ကိုယ်၌ကလည်း စီးပွားရေးသဘောအရ ခုနပြောသလို အကျိုးယုတ်မှာမို့ မဝယ်ချင်ဘူး။ မော်တော်ကား စီးတယ်ဆိုတာ ကျွန်တော့်သဘောကတော့ ကိုယ်သွားချင်တဲ့ နေရာကို မြန်မြန်ရောက်အောင် အချိန်မရွေး သွားနိုင်အောင်လို့သာ ဝယ်စီးတာပဲ။

www.burmeseclassic.com

ဝန်နဲ့ အားနဲ့ မြားနဲ့ လေးနဲ့ ဆိုတာလို ကိုယ့်အင်အား အခြေအနေကို ကြည့်ပြီးတော့ ဈေးအသက်သာဆုံး ကားကိုသာ ဝယ်စီးသင့်တယ် မဟုတ်လား။ ဂျစ်ကားလည်း ခရီးရောက်တာပါပဲ။

ပြီးတော့ မေမေလတ်ဟာ ကျွန်တော့်အပေါ်မှာ တော်တော် ကလေး နိုင်ချင်တယ်၊ တရားမျှတဲ့ စိတ်မျိုး မရှိဘူး။ မေမေလတ် ကတော့ ဟိုဟာ လုပ်မယ်၊ ဒါမကြိုက်ဘူး။ ဒီလို မလုပ်ပါနဲ့ အမျိုးမျိုး လိုလားချက်တွေ တောင်းခဲ့တယ်။ တစ်ဖက်သား ရဲ့ အခွင့်အရေးကိုတော့ ပေးရကောင်းမှန်း မသိဘူး။ ပေးရကောင်း မှန်း မသိရုံဆို တော်သေးတယ်။ ခုတော့ မေမေလတ်ဟာ တစ်ဖက်သားရဲ့ ရသင့်ရထိုက် ရနေကျဖြစ်တဲ့ အခွင့်အရေးကိုပါ ချုပ်ချယ်လာတယ်။

ဒီမှာ မေမေလတ်၊ ယောကျ်ားမှန်ရင် များသောအားဖြင့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးတံ၊ ဆေးပြင်းလိပ် တစ်ခုခုတော့ သောက်တတ်တာပဲ မဟုတ်လား။ ဒါကို မေမေလတ်က အိမ်ထောင် ရေးမှာ ရသင့်ရထိုက်တဲ့ အခွင့်အရေးတစ်ခုအဖြစ်နဲ့ (ဆေးပြင်းလိပ် သောက်ခြင်းမှ ရပ်စဲရမည်ဆိုတဲ့ လိုလားချက်ကိုတောင် ဆန်းဆန်း ပြားပြား တောင်းခဲ့တယ်။ ဒါဟာ အိမ်ထောင်ရေးမှာ တောင်းသင့် တဲ့ လိုလားချက်ရယ်လို့ ကျွန်တော် ဘယ်တုန်းကမှ မကြားဘူးဘူး ဒါပေမယ့် ကျွန်တော် မေမေလတ်ကို ချစ်လွန်းလို့ အဲဒီ တောင်းဆို ချက်ကိုပါ လိုက်လျောခဲ့တယ်။

အမှန်အတိုင်းဆိုရင်တော့ အဲဒီအချက်ဟာ ကျွန်တော် လုံးဝ မလိုက်နိုင်တဲ့အချက်ပဲ။ မေမေလတ် စဉ်းစားလည်း ကြည့်စမ်း ပါဦး။ ဆေးလိပ်သောက်တတ်တဲ့ လူကို ဆေးလိပ် မသောက်ရဘူး ရယ်လို့ မေမေလတ်မို့ ပြောရက်တယ်။ ဒါဟာ ပုတစ်ယောက်ရဲ့

အခွင့်အရေးကို သက်သက်စော်ကားတာပဲ။ ဒါပေမယ့် မေမေလတ် ကို မပြောရဲဘူး။ မေမေလတ်ရဲ့ မျက်နှာထား အမူအရာဟာ ကျွန်တော်ရဲ့ ခက်ထန်မှုတွေကို အကုန်အရေဖျော်ပစ်သလို ဖြစ်ဖြစ် သွားတယ်။

ကျွန်တော် သည်းမခံနိုင်ဆုံး၊ ဒေါသအဖြစ်ဆုံး ကိစ္စကတော့ မော်တော်ကားနဲ့ လည်ကြတုန်း ဓာတ်ဆီကုန်သွားတော့ ကျွန်တော့်ကို မေမေလတ် ပိုးစိုးပက်စက်ပြောခဲ့တဲ့ အချက်ပဲ။ အဲဒီတုန်းကဆိုရင် ကျွန်တော့်အသားတွေဟာ တဆတ်ဆတ်တုန်လာတယ်။ ဒီပြင် မိန်းမတစ်ယောက်သာဖြင့် တစ်ခုခု လုပ်မိမှာပဲ။ ဓာတ်ဆီသွားဝယ် ရင်းတောင် မေမေလတ်ကို တစ်ယောက်တည်း ပစ်ထားပြီး ပြန်မလာဘဲ နေဖို့တောင် စိတ်ကူးမိသေးတယ်။

အဲဒီနေ့ကဖြင့် တစ်ညလုံး အိပ်မပျော်ခဲ့ဘူး။ ဘယ်လို မိန်းမမျိုးကိုမှ အလျှော့မပေးခဲ့တဲ့ အကောင် မေမေလတ်နဲ့ကျမှ အရုလို နွားဖြစ်မှန်းမသိ ဖြစ်နေရတော့ ကိုယ့်ကိုယ်ကိုတောင် အတော်ပဲ ရှက်မိတယ်။ ဟုတ်တယ် တကယ်ပဲ မေမေလတ်။ လောကမှာ မိန်းမ မရှားဘူးဆိုတဲ့ စိတ်နဲ့တောင် စေ့စပ်ရေးကို ကျွန်တော်က စပြီး ဖျက်ပစ်ဖို့ ဆုံးဖြတ်မိသေးတယ်။ ဒါပေမယ့် နောက်တော့ အကြံတစ်ခု ရတာနဲ့ အဲဒီ ဆုံးဖြတ်ချက်ကို လက်လွှတ်လိုက်တယ်။

အကြံတစ်ခုရတယ် ဆိုတာက တစ်ခြားတော့ မဟုတ်ဘူး။ မှန်တဲ့အတိုင်း ဖွင့်ပြောရရင် "ဒီလောက်တောင် ငါ့အပေါ် အနိုင် ကျင့်တဲ့ မိန်းမ။ လက်မထပ်ခင် သူ့အကြိုက်လိုက်နေပြီး ညားမှ ကောင်းကောင်းကြီး ကလဲ့စားချေပစ်လိုက်မယ်"ဆိုတဲ့ အကြံပဲ မေမေလတ်။ အဲဒီ ရည်ရွယ်ချက်နဲ့ မင်္ဂလာဆောင်ပြီး ဆောင်လုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခံနကို ညွှတ်ကျသွားအောင် ချိုးမယ်ဆိုပြီး မေမေလတ် ပြောသမျှ လုပ်သမျှတွေကို ခေါင်းညိတ်ခဲ့တာပဲ။

ကျွန်တော်ဟာ လူမှန်းသိတဲ့ အရွယ်ကစပြီး ခုထက်ထိ ဒီလို ညစ်ပတ်တဲ့စိတ်မျိုး မမွေးခဲ့ဘူးဘူး။ မကျေနပ်တာရှိရင် ဘယ်သူ့ကိုဖြစ်ဖြစ် ပြောင်ပြောင် ပြောခဲ့တာချည့်ပဲ။ မေမေလတ်နဲ့ လွဲရမှာကို စိုးရိမ်လာတယ်။ ဒါကြောင့်လဲ အဲသလို ကောက်ကျစ်တဲ့ စိတ်မျိုး မွေးမိတာပဲ။ ဒါပေမယ့် ဒီနေ့ဟာ ကျွန်တော့်စိတ်တွေ ပြောင်းလဲသွားတယ်။ ဒီနေ့ဟာ မေမေလတ်ဆီက အဖြေရမယ့်နေ့မို့ ကျွန်တော့် ဝမ်းထဲရှိတဲ့ တကယ့်စိတ်ရင်းသဘောထားကို ဖွင့်မပြောမိခင် မေမေလတ်က ကျွန်တော့်ကို ယူတော့မယ်ဆိုတဲ့ အဖြေပေးပြီဆိုပါတော့။ အဲသလိုဆိုရင် ညားပြီးတဲ့အခါမှာလည်း ကျွန်တော် အလိုလိုက်သလိုပဲ မေမေလတ်ရဲ့ အကြိုက်ကို ဆောင်ရွက်ရတော့မယ်။

ဒီလိုမဟုတ်ဘဲ ညားပြီးကာမှ ကျွန်တော် အပြုအမူတွေ ပြောင်းပစ်လိုက်ရင် တစ်နည်းအားဖြင့် မေမေလတ်ကို ပေးပါ့မယ်လို့ ဝန်ခံထားတဲ့ ကတိတွေ ရုတ်သိမ်းလိုက်ရင်၊ (ဝါ) စောစောက ပြောသလို မေမေလတ်ရဲ့ မာနကို ချိုးသလို ချုပ်ချယ်လိုက်မယ်ဆိုရင် ကျွန်တော်ဟာ ယောကျ်ားကောင်း ပီသတော့မှာ မဟုတ်ဘူး။ မိန်းမရှင်ပါးစပ်လို မရခင်တစ်မျိုးပြော၊ ရပြီးတော့ တစ်မျိုးလုပ်တဲ့ သာမန်အပေါစား ယောကျ်ားစာရင်းထဲ ပါသွားမှာပဲ။

မေမေလတ်ကတော့ ဒီအချက်မှာ ကျွန်တော့်ထက်သာတယ်။ မကျေနပ်တာကို ဗြောင်ပြောပြီး လိုလားချက်ကို ပွင့်ပွင့်လင်းလင်း တောင်းတယ်၊ တေးမထားဘူး၊ သုံးထောင်ထွာဝတ် မိန်းမတစ်ယောက်ကတောင် လာမယ့်ဘေးကို ပြေးတွေ့ဝံ့ရင် ငါကော ဘာကြောင့် ပြတ်ပြတ်သားသား ရင်မဆိုင်ဝံ့ရမှာလဲလို့ ကိုယ့်ဟာကိုယ်မေးမိတယ်၊ တွေးကြည့်တယ်။ နောက်ဆုံးကျတော့ ကျွန်တော်ဟာ မေမေလတ်လောက်မှ သတ္တိမရှိ၊ စိတ်ထားမသန့်တဲ့ ယောကျ်ားမျိုးဖြစ်နေတာ တွေးမိလို့ ကျွန်တော့်ဝမ်းထဲရှိတာ ပြောချင်နေတာတွေကို တစ်လုံးမကျန်အန်ထုတ်လိုက်တာပဲ မေမေလတ်။ ဟိုတုန်းက ကျွန်တော်ဟာ နိုင်ငံရေးစကားနဲ့ပြောရရင် ရှုပါရုံအုပ်စုထဲမှာ တွေဝေမိန်းမောပြီး တစ်ယူသန်နိုင်ငံရေးသမားလို မေမေလတ် ဘာလုပ်လုပ် ကောင်းတယ်၊ မှန်တယ်ချည်း ထင်နေခဲ့တယ်။ ကျွန်တော့် ဖေဖေနဲ့ မေမေက မေမေလတ်နဲ့ ပတ်သက်ပြီး နည်းနည်းပါးပါး မကျေနပ်သယောင်ယောင် လေသံမျိုးထွက်လာတယ်ဆိုရင်ပဲ (မော်တော်ကား ဝယ်ခိုင်းတုန်းကလို) ကျွန်တော် မခံနိုင်ဘူး ဆတ်ဆတ်ခါ နာခဲ့တယ်။ မိဘကိုတောင် ပုန်ကန်တော်လှန်ချင်တဲ့ စိတ်တွေ ဖြစ်ပေါ်လာခဲ့တယ်။

ခုတော့ ကျွန်တော် အမြင်မှန်ရပြီ။ ဟိုတုန်းက မေမေလတ်ကို မရခင်မှာ တတ်နိုင်သလောက် လိုက်လျောမယ်၊ ကျွန်တော့်ကိုယ်ကျွန်တော် သူတော်ကောင်းအရေခြုံပြီး မေမေလတ်ကို မက်လောက်တဲ့ ဝါဒတွေနဲ့ ဖြားယောင်း သွေးဆောင်မယ်၊ နောက် ကိုယ့် လက်ထဲရောက်မှ အာဏာရှင်စနစ်အတိုင်း ဖိနှိပ်မယ်၊ ချုပ်ချယ်မယ်ဆိုတဲ့ စိတ်မျိုး ရှိခဲ့တယ်။ စင်စစ်တော့ ဒါဟာ လူယုတ်မာတွေ၊ ညစ်ပတ်တဲ့ ဝါဒီသမားတွေဟာ လုပ်လေ့ရှိတဲ့ လမ်းစဉ်ပဲဆိုတာ သိပြီး တိကျတဲ့ အမြင်မှန်ရလာပြီမို့ ကျွန်တော့်စိတ်ရင်းသဘောအစစ်ကို ခု ကျွန်တော် ဖွင့်ပြောတော့မယ်။

ဒီမှာ မေမေလတ်၊ ကျွန်တော်လေ မေမေလတ်ကို ချစ်လွန်းလို့သာ ပညာဆက်သင်ပါ့မယ်၊ ဒီဂရီရအောင် ကြိုးစားပါ့မယ်လို့

www.burmeseclassic.com

ကတိခံခဲ့တာ။ အမှန်က နည်းနည်းမှ စိတ်မပါဘူး။ ဒါပေမယ့် ပညာဆက်သင်တာဟာ အကျိုးမယုတ်နိုင်တဲ့ နည်းကောင်းဖြစ်လို့ ကျွန်တော် တတ်နိုင်သလောက် ကြိုးစားသင်တယ် ဟုတ်လား။ နို့သော် ကျွန်တော် လုံးလုံး စိတ်မပါတော့တဲ့ အချိန်ကျရင် ပညာဆက်လက်သင်ကြားမှုကို ရပ်ချင် ရပ်မယ်။

ကျွန်တော် ခွင့်ပြုပါ့မယ်လို့ သဘောတူထားတဲ့ အချက်တွေထဲက (ကျွန်တော်နဲ့ မင်္ဂလာဆောင်ပြီးတဲ့နောက် သူစိမ်းတစ်ရုံး ယောက်ျားတွေနဲ့ နှစ်ယောက်ချင်း လွတ်လွတ်လပ်လပ် သွားလာခွင့်) ဆိုတာကိုလည်း ကျွန်တော် ပြန်လည် ရုပ်သိမ်းတယ်။ ကျွန်တော် နဲ့ ညားပြီးတဲ့ နေ့ကစပြီး ကျွန်တော့်ခွင့်ပြုချက်မရဘဲ၊ အသိမပေးဘဲ လူစိမ်းယောကျ်ားဆိုတာ ဖယ်ထား၊ မိန်းမအဖော်နဲ့တောင် ကျွန် တော်မသိဘဲ ဘယ်မှ သွားခွင့်မရှိဘူး။ အဲဒါကို မကျေနပ်လို့ စေ့စပ်ရေး ဖျက်ချင်သပ,ဆိုလည်း ဖျက်ပစ်နိုင်တယ်။

ပြီးတော့၊ အို အများကြီးပါပဲလေ။ ကျွန်တော် မလိုက်လျော နိုင်တဲ့ အချက်တွေ၊ မကျေနပ်နိုင်တဲ့ မေမေလတ်ရဲ့ ပြောဆိုပြု ဆက်ဆံပုံတွေ၊ နောက် ကျွန်တော်လိုလားတဲ့ မေမေလတ် ရှိသင့် ရှိအပ်တဲ့ အရည်အချင်းတွေ၊ ဒါတွေသာ စာနဲ့ ရေးပြီး ပြောရရင် ဝတ္ထုတစ်ပုဒ် ကျမ်းစာတစ်စောင်လောက် ရှိမှာ အဲဒီတော့ ကျွန်တော် ဒီနေ့ ၆-နာရီကို လာခဲ့မယ်။ မလိုတော့ဘူး လို့ ယူဆရင်လည်း ရှောင်နေပေါ့ဗျာ ဟုတ်လား မေမေလတ်

ကျွန်တော့်သဘောတော့ မိန်းမဟာ မိန်းမ ပီသရမယ် ယောက်ျားဟာလည်း ယောက်ျား ပီသရမယ်။ လူလူချင်း အတူ ဘယ်သူက ဘယ်သူ့အပေါ် တစ်လေးကျော်ပြီး အမြတ်ထုတ်တာ မကြိုက်ဘူး ဒါပါပဲ။ ကဲ ရေရေလည်လည် ဆွေးနွေးကြရအောင် ညနေမှပဲ ကျွန်တော် လာခဲ့မယ်။

စိန်နိုင်

၂၉-၁၀-၅၀

◆

မေမေလတ်သည် ကိုစိန်နိုင်၏ စာကို ဖတ်၍ ဆုံးသည်နှင့် လှိုက်လှိုက်လှဲလှဲကလေး ပြုံးလိုက်၏။ စာရွက်ထပ်ကို ကိုင်ထားသော လက်ျာလက်ကို မြှောက်၍ လက်ဝဲလက်ကို ခါးတစ်ဖက်တွင် ထောက်ပြီး ကိုယ်ကလေး လိမ်ကောက်သွားအောင် အညောင်းဆန့် လိုက်ပြီးမှ ရုတ်တရက် ထ,ထိုင်လိုက်၏။

လက်ထဲမှ စာရွက်များကို စာမျက်နှာအစဉ်လိုက် ပြန်ထပ်ကာ မူလ ခေါက်ရိုးအတိုင်း အလိုက်သင့်ခေါက်၍ စာအိတ်တွင် ပြန်ထည့်ရင်း မှန်တင်ခုံဆီသို့ လျှောက်သွားပြီး လက်ျာဘက်ရှိ အသေးစား အံဆွဲကလေးကိုဖွင့်လျက် လက်ထဲမှ စာအိတ်ကို ခပ်ဆောင့်ဆောင့်ကလေး ထည့်ပိတ်လိုက်၏။ ထို့နောက် မေမေလတ် သည် ရှေ့အစီအစဉ်၌ ဘာပြီး ဘာလုပ်ရမည်ဟု လျာထားခြင်း မရှိသည့်အလား လက်ကလေးနှစ်ဖက်ကို မှန်တင်ခုံကလေးကို ခပ်စူးစူး စိုက်ကြည့်နေကာ အတန်ကြာသော ဘာကို သဘောကျသွား သည်မသိ ပြည့်ပြည့်ဝဝကလေး ပြုံးလိုက်ပြန်၏။

ပြုံးခြင်း၏ အဓိပ္ပါယ်သည် အမျိုးမျိုးရှိ၏။ လှောင်ပြုံး၊ ခနဲ့ပြုံး၊ မဲ့ပြုံး၊ မချိပြုံး၊ နော့ပြုံး၊ မြူပြုံး၊ မှုပြုံး၊ အပြုံးပေါင်း သောင်းတစ်ရာ့ခြောက်ဆယ်အနက်မှ ယခု မေမေလတ် ပြုံးလိုက် သော အပြုံးမှာ သူ့အဖို့ လင်အဖြစ်နှင့် ကြင်မချစ်နိုင်တော့ပြီဖြစ်သော ကိုစိန်နိုင်က တစ်စုံတစ်ရာ အကြပ်ကိုင်ခြင်းမပြုဘဲ လွယ်လွယ်ကူကူ

www.burmeseclassic.com

www.burmeseclassic.com

င် မိမိအား လက်လွှတ်လိုက်ပြီ ဖြစ်သောကြောင့် သဘောကျ ကျေနပ်လှသဖြင့် ပြုံးသော အပြုံးမျိုးပင်လော၊ သို့တည်းမဟုတ် ကိုစိန်နိုင်ရေးလိုက်သော စာသွားစာလာ သဘောမှ ၁မိမိကဲ့သို့ပင် အယူအဆချင်း ကိုက်ညီနေ၍ နှစ်မြို့က်ကြည်နူးသွား သောကြောင့် ပြုံးလိုက်သည့် အပြုံးမျိုးလောဟူ၍ ခွဲခြားမရနိုင်လောက်အောင် ထူးခြားသော အဓိပ္ပါယ်ကို ဆောင်နေ၏။

မေမေလတ်သည် ချက်ချင်းဆိုသလိုပင် ပြုံးရာမှ တည်ပြီး မကြည်မလင်အသွင်သို့ ပြောင်းသွားကာ ပျာပျာသလဲနှင့် လက်ဝဲ လက်မှ အံဆွဲသေးသေးကို ဆွဲဖွင့်လိုက်ပြီး တစ်စုံတစ်ခုကို ထုတ်၍ ခပ်ငုံ့ငုံ့ငေးကြည့်နေပြန်၏။ မေမေလတ် ကိုင်ထားသည်မှာ အနောက်နိုင်ငံသား အဝတ်အစားနှင့် ရိုက်ထားသော ကိုမင်းမောင်၏ ဓာတ်ပုံ ဖြစ်၏။ ထိုဓာတ်ပုံတွင် စူးစိုက်ကြည့်ရှုနေသော မေမေလတ် ၏ အမူအရာမှာ ပြဿနာတစ်ခုနှင့် ရင်ဆိုင်တွေ့ပြီး ဝေခွဲမရသလို ဖြစ်နေတော့၏။

မျက်လွှာကိုပိတ်၊ အံကလေးကို ကြိတ်ပြီး သူ့စိတ်ကိုသူ ထိန်းသလို တင်းထားရာမှ တစ်စုံတစ်ရာကို ဆုံးဖြတ်ချက် ချလိုက် သကဲ့သို့ ဟင်းခနဲ သက်ပြင်းကလေး မှုတ်ထုတ်ရင်း အနင့်သား ပြုံးလိုက်ကာ ကိုင်ထားသော ကိုမင်းမောင်၏ ဓာတ်ပုံကလေးကို သူ့ရင်ခွင်ကြားသို့ မြုပ်သွင်းဖိကပ်လိုက်ပြီး အတန်ကြာမှ အသာ အယာ ခွာ၍ မူလ အံဆွဲထဲသို့ တရိုတသေ ထည့်လိုက်၏။

❖

နိုရောင်အရင့်စား ဂျက်ဗလင်ကားကလေး တစ်စင်းသည် မေမေလတ်တို့ ခြံဝမှ အတွင်းပိုင်းသို့ စိတ်မပါသလို ခပ်လေးလေး ပင် လိမ့်ဝင်လာ၏။ ကားကလေးအရှိန်သတ်၍ ရပ်ဆိုင်းသွားသည် နှင့် ကိုစိန်နိုင်သည် ခြံပတ်ဝန်းကျင်ဆီသို့ ရိုရိုဝေဝေလှည့်ကြည့်လိုက် ပြီး လေးကန်လှသော လှုပ်ရှားခြင်းဖြင့် ကားပေါ်မှ ဆင်းကာ တိုက်ထဲသို့ တစ်လှမ်းချင်း လျှောက်ဝင်သွား၏။

ကိုစိန်နိုင်သည် ဧည့်ခန်းအနှံ့ လည်ကလေးဆန့်၍ နေရာလပ် မကျန်အောင် ကြည့်ရှုအကဲခတ်ပါသော်လည်း မေမေလတ်နှင့် တူ၍ ဖြူဖြူအရိပ်သော်မျှ မတွေ့ရသည်နှင့် မျှော်လင့်ချက် ကင်းသွား လေပြီလားဟူသော အတွေးဖြင့် သက်ပြင်းတစ်ချက်ကို ခပ်သွက် သွက်ကလေး ချလိုက်၏။ သို့နှင့် ကိုစိန်နိုင်မှာ ထိုင်ရမလို၊ ပြန်ရတော့မယောင်ဖြင့် ကြောင်တွေတွေ ရပ်၍ ငေးနေစဉ် ဧည့်ခန်း နောက်ဖေးဖက်၏ အလည်ဗဟိုရှိ တံခါးပေါက်မှ ပန်းနုရောင် အခန်းဆီးကလေး လှုပ်ရှားသွားပြီး ကြောမိပင် မညွန့်ကြည်ကလေး ပေါ်လာသည်နှင့်-

“ဒီမှာ မညွန့်ကြည်၊ မေမေလတ် ဘယ်သွားသလဲ၊ အပေါ် ထပ်မှာလား။ ဦးတို့၊ ဒေါ်ဒေါ်တို့ကော”

ကိုစိန်နိုင်သည် မေးခွန်း သုံးလေးခုကို တစ်ဆက်တည်း မေးလိုက်၏။

“ဖေဖေကြီးနဲ့ မေမေကြီးတို့ မနက်ကတည်းက ဘုရားသွား ကြတာ ခုထက်ထိ ပြန်မလာသေးဘူး အစ်ကိုလေး၊ မမလတ်က တော့ ခုနကပဲ အပြင်ထွက်သွားတယ်”

“သူ ဘာမှ မှာမသွားဘူးလား”

“ဟင့်အင်း အစ်ကိုလေး”

“ဘာနဲ့ သွားသလဲ၊ သူနဲ့ ဘယ်သူပါသေးသလဲ”

“ကားနဲ့သွားတယ် အစ်ကိုလေး၊ ဒရိုင်ဘာ ဘကြီးနဲ့ မမလတ် နှစ်ယောက်ထဲပါ”

www.burmeseclassic.com



"ဘယ်အချိန် ပြန်လာမယ်လို့ကော ပြောမသွားဘူးလား"

"ဘာဆို ဘာမှ ပြောမသွားဘူး အစ်ကိုလေးရဲ့"

ကိုစိန်နိုင်သည် နောက်ထပ် ဘာမျှ ဆက်မပေးတော့ဘဲ "ဟဲ"ခနဲ ညည်းညူလိုက်ရင်းက နီးရာ ကုလားထိုင်တွင် ခြေပစ် လက်ပစ် ထိုင်ချလိုက်၏။

"ကျွန်တော်နဲ့ ဆွေးနွေးချင်သပဆိုရင် စောင့်နေပါ၊ မလိုတော့ဘူးလို့ ယူဆရင်လည်း ရှောင်နေပေါ့ဗျာ"

ကိုစိန်နိုင်သည် သူရေးလိုက်သော စာထဲမှ အထက်ပါ အပိုဒ်ကို ကွင်းကွင်းကွက်ကွက် မြင်နေ၏။

"အင်း ငါနဲ့ ဆွေးနွေးဖို့ မလိုတော့ဘူးထင်ပြီး ရှောင်နေတာ များလား"သို့၍လည်း စိတ်ထဲမှ ရေရွတ်လိုက်၏။ ကိုစိန်နိုင်အား ကြည့်ရသည်မှာ ဆက်လက်၍ပင် ထိုင်နေရမည်လော "ဖန်ခါးနှင့် ဆား သူခါးမှ ငါငန်မယ်"ဟူသော စိတ်မျိုးဖြင့် ထ,ပြန်ရမည်လော ဟု ဝေကွဲမရနိုင်သည့် အသွင်မျိုး ဆောင်နေ၏။

သူမှာလျှင် ငါတင်း၊ ငါတင်းလျှင် ငါဖြတ်၊ မအပ်မရာ လုပ်သည်ကား လွယ်၏။ ပေါ်လာသည့် အကောင်အထည်ကား အကျိုးမဟုတ်၊ အဆိုးသာဖြစ်လျက် တစ်ယောက်နှင့်တစ်ဦး အနူးအညွတ် ဖယားချ၍ ဂ,ဃ,န,ဏ ဆွေးနွေးပြီးမှ သဘောချင်း မတိုက်ဆိုင်သည့်တိုင်အောင် အခင်အမင်မပျက်ဘဲ မိတ်ဆွေခွဲခွဲရသည် သာလျှင် ကောင်းမြတ်မှန်ကန်သော လမ်းစဉ်ဖြစ်၏။

ဤသို့ ထို့နှယ် အသွယ်သွယ်အဖုံဖုံ အနုလုံပဋိလုံ စဉ်းစားပြီးမှ ကိုစိန်နိုင်သည် မေမေလတ် ပြန်ရောက်သည်အထိ စောင့်ကာ သေချာသော အဖြေကိုသာ ယူတော့မည်ဟု ဆုံးဖြတ်လိုက်၏။

နာရီလက်တံသည် တစ်မိနစ်မှ တစ်မိနစ်သို့ ရွေ့လျား ကူးပြောင်းနေသကဲ့သို့ ညနေစောင်း၏ မှိန်ဖျော့လှသော အလင်း ရောင်သည်လည်း လျော့သည်ထက် လျော့၍ မှောင်သည်ထက် မှောင်လာတော့၏။ ကိုစိန်နိုင် ရောက်လာသည်မှာ ၆–နာရီ မထိုးမီ ၁၅–မိနစ်ခန့်လောက်ဖြစ်၍ ယခု ၆–နာရီပင် ခွဲပြီ။ မေမေလတ်ကား ပေါ်မလာသေး။

သို့တွေးရင်းဝေးရင်း မေမေလတ်နှင့် ရင်ဆိုင်မိလျှင် မည်သို့ မည်ပုံ ပြောဆိုလိုက်မည် စဉ်းစားရင်းနှင့်ပင် ဆေးပြင်းလိပ်ကို အားရပါးရ ဖွာနေတော့၏။ ဆေးလိပ်ကား တစ်လိပ်ကုန်၍ နောက်တစ်လိပ်ပင် ထပ်ညှိနေပြီ။ မေမေလတ် ရောက်မလာသေး။ သို့နှင့် ညှိကာစ ဆေးပြင်းလိပ်ကို ဖွာ၍ ငေးနေစဉ်–

"ဟင် ကိုစိန်နိုင်၊ ရှင် ကျွန်မကို စောင့်နေသလား"

ထိုသို့သော မေမေလတ်၏ အသံကို ကြားလိုက်ရသည်နှင့် စောစောက တင်းမာနေသော ကိုစိန်နိုင်၏ မျက်နှာမှာ တစ်မဟုတ်ချင်း ပြောင်းလဲသွားတော့၏။ အတန်ကြာသည့် တိုင်အောင် ကိုစိန်နိုင် အဖြေမပေးမိဘဲ မလျှော့မတင်း ကြည်ဝင်းသော မျက်နှာထားဖြင့် ဝင်လာသူ မေမေလတ်အား ငေးကြည့်နေ၏။

မေမေလတ်လည်း အနီးသို့ ရောက်သည်နှင့် ကုလားထိုင် လွတ်တစ်ခုတွင် မျက်နှာချင်းဆိုင် ဝင်ထိုင်၍ အမောပြေသလို လက်ကိုင်ပုဝါကလေးဖြင့် ယပ်ခတ်နေ၏။

မူလက ရှုံ့ခဲ့ပုံးသူ တစ်ယောက်အား ဝံ့ဝံ့စားစား တော်လှန် ရန်မှာ လွယ်ကူသောကိစ္စမဟုတ်သည့်အတိုင်း ကိုစိန်နိုင်သည်လည်း ထို့အတူပင် မမြင်မီက မာခဲ့သလောက် ယခု တွေ့ရသော သူ့ မျက်နှာထားမှာ ဆန့်ကျင်ဘက် နိုင်ငံရေးသမားတစ်ယောက် ခန်ကြီးချုပ်နှင့် မျက်နှာချင်းဆိုင်နေသကဲ့သို့ မှိုတိုးရှုံ့တန့် ဖြစ်နေ၏။

"ကိုနိုင် ရောက်နေတာ ကြာပြီလား"

www.burmeseclassic.com

ယခုကဲ့သို့ "ကိုနိုင်"ဟူသော ချစ်စနိုး ခေါ်ဝေါ်သုံးနှုန်းလိုက်သည်မှာ(မျက်နှာချင်းအားဖြင့်) ပထမအကြိမ် ဖြစ်သောကြောင့် ကိုစိန်နိုင်သည်ပင် အတော်ကလေးထိတ်ပြီး အကြောပေါင်းတစ်ထောင် စိမ့်သွားသည်ဟု ထင်လိုက်ရ၏။

"အင်း ရောက်နေတာ ၅–နာရီခွဲလောက်ကတည်းက ဆိုပါတော့၊ နို့ မေမေလတ်က ကျွန်တော်နဲ့ ဆွေးနွေးဖို့ မလိုတော့ဘူးဆိုပြီး ရှောင်နေတာများလားဟင်"

ကိုစိန်နိုင်အသံကား မူထားမမှန်၊ နဟိုသံလည်း မဟုတ် တုန်တုန်လှုပ်လှုပ် ရှိလှတော့၏။

"ခု ၇–နာရီ ထိုးတော့မယ်နော်။ ကဲ ကိုနိုင် ၅–နာရီခွဲက ရောက်တော့ ကျွန်မကို မတွေ့ဘူး။ ပြီး ကိုနိုင့်စာထဲမှာလည်း ဆွေးနွေးဖို့ မလိုတော့ဘူးလို့ ယူဆရင် ရှောင်နေပါလို့ ပါတယ်။ အဲဒီတော့ ကိုနိုင့်စိတ်ထဲမှာ ဒီစာအရ ကျွန်မ ရှောင်နေတာလို့ မထင်ဘူးလား"

"အင်း ရိုးတိုးရိပ်တိတ်တော့ ထင်လိုက်မိတယ်လေ"

"ဒါဖြင့် ဘာကြောင့် စောင့်နေသေးတော့လဲ ကိုနိုင်"

"ဒီလို ရှိတယ်လေ မေမေလတ်ရဲ့၊ ခု မေမေလတ် အပြင်ထွက်သွားတာကို ကျွန်တော်နဲ့ မဆွေးနွေးချင်တော့လို့ ရှောင်သွားတယ် ထင်ပြီး ကျွန်တော် ပြန်သွားရင် ကျွန်တော်နဲ့ မေမေလတ်ရဲ့ သင့်မြတ်မှုဟာ ဝေးသထက် ဝေးသွားမှာပဲ။ အထင်နဲ့ ဆုံးဖြတ်တာလောက် မှားတဲ့ အမှားမျိုး လောကမှာ မရှိတော့ဘူး။ အခြားကိစ္စအရေးတကြီး ပေါ်လာလို့ အပြင်ထွက်သွားတာမျိုးလည်း ဖြစ်ချင်ဖြစ်နိုင်တယ် မဟုတ်လား။ ဒါကြောင့် ဘယ်လိုဆိုတာ သေသေချာချာ သိချင်တာတစ်ကြောင်း၊ မေမေလတ်ရဲ့ သဘောထားကို ပြတ်ပြတ်သားသား သိချင်တာ တစ်ကြောင်းကြောင့် စောင့်နေတာပဲ"

ထိုစကားကြားရသည်နှင့် မေမေလတ်သည် ကြည်ကြည်[illegible]လင်ကလေး ပြုံးလိုက်၏။

"ကဲ ကိုနိုင်၊ လွတ်လွတ်လပ်လပ် ဆွေးနွေးရအောင် အပေါ်ထပ်ကို သွားကြစို့ရဲ့"

ပြောပြောထထပင် မေမေလတ်ကစ၍ ထ,ရပ်လိုက်သောကြောင့် ကိုစိန်နိုင်ပါ ထ,ပြီး အပေါ်ထပ်သို့ တက်သွားကြ၏။ အပေါ်ထပ်သို့ ရောက်သည်နှင့် မေမေလတ်သည် ကုလားထိုင်တစ်လုံးကို မ,၍ လ,သာဆောင်ဘက်သို့ ရွှေ့ရွှေ့လိုက်သည်နှင့် ကိုစိန်နိုင်သည် မေမေလတ် လက်မှ ကုလားထိုင်ကို ပျာပျာသလဲ လှမ်းဆွဲလိုက်ကာ လ,သာဆောင်သို့ ထုတ်လာခဲ့လေ၏။ နှစ်ယောက်ထိုင်ရန် ကုလားထိုင်နှစ်လုံး ထုတ်ခဲ့ပြီးမှ နေသားတကျ ထိုင်မိကြသည်နှင့်–

"အင်း ကိုနိုင်ဟာ ကျွန်မ ထင်သလောက် အမြင်မဝေးဘူးဆိုတာ သိရလို့ အတော်ပဲ ဝမ်းသာသွားမိတယ်"

"ဘာကို ဆိုလိုတာလဲ မေမေလတ်"

"ဪ ဒီနေ့ ညနေ ၆–နာရီမှာ ကိုနိုင်လာမယ်ဆိုတာ သိရဲ့သားနဲ့ ကျွန်မ အပြင်ထွက်သွားတာကတော့ စင်စစ် ကိစ္စရှိလို့ မဟုတ်ဘူး။ ကိုနိုင်နဲ့ မဆွေးနွေးချင်တော့လို့လည်း မဟုတ်ဘူး"

ကိုစိန်နိုင်တွေသွား၏။ ဝေ့လည်လည်နိုင်လှသော မေမေလတ်၏ စကားအတွက် အစဉ်းစားရ ခက်သွားသလို မျက်လွှာကြီးလှန်၍ အတန်ကြာအောင် ငေးနေမိ၏။

"ဘာလဲ ကိုနိုင် ကျွန်မစကားကို မျက်စိလည်သွားသလား။ ဒီလိုပါလေ၊ ကိုနိုင့်စာမှာ မဆွေးနွေးချင်ရင် ရှောင်နေလို့ ပါတယ် ဟုတ်လား၊ ဒီတော့ ကိုနိုင်ဟာ ကျွန်မအပေါ်မှာ နောက်ဆုံးအကြိမ်နဲ့

www.burmeseclassic.com

သက်ကလေးမှ သည်းခံနိုင်ပါ့မလား၊ ပြီးတော့ ကိုနိုင်ဟာ ရေးကြီးတဲ့ ပြဿနာတစ်ခုကို အထင်နဲ့ ဆုံးဖြတ်မလားဆိုတာ ချင်လို့ တမင်ရှောင်ထွက်သွားတာပဲ"

ဤ၍ဤမျှ ကျယ်ဝန်းနက်နဲလှစွာ အကဲခတ် စိတ်စမ်းတတ်သော မေမေလတ်၏ ဉာဏ်ပါရမီကို ကိုစိန်နိုင်သည် မအံ့သြဘဲ မနေနိုင်အောင် ဖြစ်သွားရတော့၏။ ယခင်ကထက်လည်း ပို၍ အထင်ကြီးလာသလိုဖြင့် ကိုစိန်နိုင်သည် မေမေလတ်အား လေးစားစွာ ငေးကြည့်နေမိ၏။

"မေမေလတ် သွားတုန်းက မော်တော်ကားနဲ့ဆို၊ ပြန်လာတော့ ကားသံလည်း မကြားရပါလား"

"ဟုတ်တယ် ကိုနိုင်၊ ကားနဲ့ ထွက်သွားပြီး ဟိုဘက်ခြံဝရောက်တော့ ဆင်းနေခဲ့တယ်။ ကားကို မေမေတို့ ခြံဖို့ ဘုရားကို လွှတ်လိုက်ပြီး ကျွန်မကတော့ ဟိုဘက်ခြံထဲက ကျွန်မသူငယ်ချင်းတစ်ယောက်နဲ့ စကားပြောရင်း ကိုနိုင့် အဝင်အထွက် အကဲခတ်နေခဲ့တယ်၊ ကိုနိုင့် မော်တော်ကား ဝင်သွားတာ ကျွန်မ အမြင်သားပဲ"

"အင်း ငါပဲ အရှုံးပေးရဦးမယ် ထင်ပါရဲ့"

ကိုစိန်နိုင်သည် ဤသို့လျှင် စိတ်ထဲမှ ရေရွတ်မိရင်း မေမေလတ်အား စေ့စေ့ကြည့်ကာ–

"တကယ်လို့ ကျွန်တော် ပြန်ထွက်သွားမယ် ဆိုရင်ကော၊ မေမေလတ် ဟိုဘက်ခြံကထွက်ပြီး တားဖို့ ရည်ရွယ်သေးသလား"

ကိုစိန်နိုင်သည် သူမျှော်လင့်ချက်တွင် တစ်စုံတစ်ရာသော ဝမ်းသာစရာ အထောက်အထား ရလေမည်လားဟူသော ရည်ရွယ်ချက်ဖြင့် မေးလိုက်၏။

"ဘာတားဖို့ လိုသေးတော့သလဲ ကိုနိုင်"

မေမေလတ်သည် စကားအဖြစ်နှင့်သာ ခပ်ဝင့်ဝင့် ပြော ရသော်လည်း သူ့အမူအရာမှာကား ထိုမျှလောက် တင်းမာ ထရော်သော အရိပ်လက္ခဏာမျိုး မပေါ်မလာပေ။ ကိုစိန်နိုင်တွင် ဘာတစ်ခွန်းမျှ ပြန်မပြောနိုင်ဘဲ အငိုင်သား ငုံ့သွား၏။

"ဒီမှာ ကိုနိုင်၊ ပြီးတာတွေ ထားလိုက်တော့ ဟုတ်လား၊ ကဲ ကျွန်မ ရေးလိုက်တဲ့ စာကို သေသေချာချာ ဖတ်ပြီးပြီ မဟုတ်လား"

"အင်း ဖတ်ပြီးပါပြီ"

"အဲဒီစာနဲ့ ပတ်သက်လို့ ကိုနိုင် ဘာပြောချင်သလဲ"

"မေမေလတ် ရေးလိုက်တဲ့ စာနဲ့ ပတ်သက်လို့ ကျွန်တော် ချွင်းချက်မရှိ လက်ခံတယ်။ မှန်တာကို ပြောရရင် အဲဒီစာကို ဖတ်ရတာ ကျွန်တော်ဖြင့် မေမေလတ်ကို အရင်ကထက်သောင် ပိုပြီး–

"အမြင်ကပ် မသွားဘူးလား"

မေမေလတ်သည် မျက်ဆောင်းကလေး ဖွေလိုက်ကာ ပြုံးနွဲ့နွဲ့ မေးလိုက်သည်နှင့်–

"ချစ်လာတာပါ မေမေလတ်၊ တကယ်ပြောနေတာပါ၊ အစက မေမေလတ် ဒီလောက် လိမ္မာလိမ့်မယ်လို့ လုံးလုံးမထင်ခဲ့ဘူး။ စာထဲပါတဲ့ အချက်အလက်တွေဟာ အင်မတန် တရားမျှတနေတာပဲ ဘာမှ လက်မခံနိုင်စရာ မရှိပါဘူး"

မေမေလတ်သည် ခန့်ခန့်တည်တည်ကလေး ပြုံး၍ ကိုစိန်နိုင်၏ အမူအရာကို အကဲခတ်ကြည့်ရင်း နားစွင့်နေ၏။

"အင်း–ကျွန်တော်တစ်ခု ကံကောင်းတာက အဲဒီ မေမေလတ် စာကို မရသေးခင် ကျွန်တော်ကလည်း စာရေးမိပေသို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်သပေါ့ရှင်၊ ကျွန်မ စာကို ဖတ်ပြီးမှ ကိုနိုင် ပြန်ရင်တော့ အဲဒီစာထဲပါမယ့် အကြောင်းအရာတွေဟာ တစ်ခုမှ ခစစ်အမှန် ဖြစ်တယ်လို့ ကျွန်မ ယူဆတော့မှာ မဟုတ်ဘူး။ ကျွန်မ စာထဲရေးလိုက်သလို လူပျော့ဟာ လူပျော့ပဲလို့ သဘောထားမိမှာ သေချာတယ်"

ထိုအခိုက်တွင် မော်တော်ကား ဆိုက်သံတစ်ခု ပေါ်လာသောကြောင့် ကိုစိန်နိုင်သည် လသာဆောင်၏ ဝရံတာမှ ငုံ့ကြည့်လိုက်၏။

"ဦးတို့လာပြီ မေမေလတ်"

"မော်တော်ကား စက်သံကို ကျွန်မ မှတ်မိသားပဲ ကိုနိုင်၊ ဒါပေမယ့် ဖေဖေတို့ အပေါ်ကို တက်လာဦးမှာ မဟုတ်ပါဘူး"

ကိုစိန်နိုင်သည် မေမေလတ် စကားအဆုံးတွင် မသိမသာ ပြုံးလိုက်ကာ "အင်း တော်တော်အလိုက်သိတတ်တဲ့ ယောက္ခမကြီးတွေပဲ"ဟူ၍လည်း စိတ်ထဲမှာ ရေရွတ်လိုက်၏။

"ဘာပြုံးတာလဲ ကိုနိုင်၊ မတော်ရသေးတဲ့ ယောက္ခမကြီးတွေကဖြင့် အလိုက်သိတတ်ရန်ကောလို့ သဘောကျသွားသလား"

ကိုစိန်နိုင်၏ စိတ်ထဲတွင် ဖြစ်ပေါ်သွားသော ယူဆချက်ကို ကွက်ကွက်ကွင်းကွင်း အထင်းသား မြင်လိုက်ရသကဲ့သို့ မေမေလတ်က ဤသို့ မေးလိုက်သည်နှင့် ကိုစိန်နိုင်မှာ နိုးထုပ်နိုးထည်နှင့် အမိခံလိုက်ရသူကဲ့သို့ မျက်လုံးများ ပြာလာကာ ပြုံး၍ ရှုံ့ကြောင်ကြောင် ဖြစ်သွား၏။

"ဟုတ်တယ် မေမေလတ်၊ ကျွန်တော် ဒီအတိုင်း သဘောပေါက်သွားမိတယ်"

ကိုစိန်နိုင်လည်း မရဲတရဲနှင့် အကဲစမ်းသလို နိဒါန်းချီ၍ ဤသို့ ဝန်ခံလိုက်သည်၌ မေမေလတ်သည် တစ်စုံတစ်ရာ မနှစ်မြို့သော အမူအရာမျိုး မပြဘဲ–

"ကဲ ကိုနိုင်၊ ရှင်ပေးတဲ့ စာထဲပါတဲ့အတိုင်းဆိုရင် ကိုစိန်နိုင် ကျွန်မကို မကျေနပ်တဲ့ အချက်တွေ တော်တော်များများ ရှိလိမ့်ဦး မယ် ဟုတ်ကဲ့လား။ ကျွန်မ မှတ်မိသလောက်ကတော့ ကိုနိုင်နဲ့ အိမ်ထောင်ကျပြီးတဲ့ နေ့ကစပြီး ကျွန်မဟာ ယောကျ်ားမပြောနဲ့ မိန်းမဖော်နဲ့တောင် ကိုနိုင်မသိဘဲ ဘယ်မှမသွားရဘူးလို့ ဆိုထားတယ်"

"မှန်ရဲ့၊ အဲဒါကို မေမေလတ် လက်ခံနိုင်ပါ့လား"

"မှုအားဖြင့်တော့ လက်မခံနိုင်စရာ ဘာအကြောင်းမှ မရှိဘူး၊ ဒါပေမယ့် ကျွန်မရဲ့ အကျင့်သိက္ခာ၊ သမာဓိကို ကိုနိုင် ယုံကြည်စိတ်ချနိုင်လောက်တဲ့အခါမှာတော့ ဒီစည်းမျဉ်းကို ခုလောက် တင်းကြပ်မထားဘူးမဟုတ်လား"

ကိုစိန်နိုင်သည် ရုတ်တရက် ငိုင်သွားပြီးမှ–

"ဘာကို ဆိုလိုတာလဲ မေမေလတ်"

"ဪ–မိန်းမဖော်နဲ့တောင် ကိုနိုင် ခွင့်ပြုချက်မရဘဲ မသွားရဘူးဆိုတော့ ဥပဒေက တင်းလွန်းမနေဘူးလား၊ တကယ်လို့ အလုပ်ကိစ္စနဲ့ ကိုနိုင် မန္တလေးသွားနေတယ် ဆိုပါတော့ ဒီအခါမှာ ကျွန်မကလည်း ရုပ်ရှင်ကြည့်နေချင်တယ်၊ ကိုနိုင်ပြန်လာအောင် စောင့်ရမယ်ဆိုရင်လည်း ဒီရုပ်ရှင် ပြီးသွားလို့ ကြည့်ရတော့မှာ မဟုတ်ဘူး အဲဒီတော့"

"ဖြစ်ရလေ မေမေလတ်ရယ် ဒီလောက်ထိအောင် ကျွန်တော် မိုက်မိုက်ကန်းကန်း ချုပ်ချယ်ပါ့မလား"

"သိနိုင်ဘူးလေ ကျွန်မက တိတိကျကျမှ ကြိုက်တယ်၊ မြန်မာပြည်မှာ အခု သုံးနေတဲ့ အင်္ဂလိပ်လက်ထက်က ဥပဒေတွေလို နဝေတိမ်တောင်ဟာမျိုး မလိုချင်ဘူး။ ဒါကြောင့် ရှင်းရှင်းပြောရတာ"

www.burmeseclassic.com

www.burmeseclassic.com

မေမေလတ်သည် ထိုင်နေရင်းက ရင်ကလေး ကော့လိုက်ပြီး သူ့တင်ကားကားကလေးတွင် လက်ဖဝါးကလေး မှေး၍ ခတ်ဖေးဖေးထောက်ခါ ငေါက်ဆတ်ဆတ်ကလေး ပြော်လိုက်သောကြောင့်–

"ကဲပါဗျာ မိန်းမဖော်နဲ့ ဆိုရင်တော့ သင့်လျော် လျောက်ပတ်တဲ့ နေရာဆိုရင် ဘယ်နေရာမျိုးမျိုးဖြစ်ဖြစ် သွားခွင့်ပြုပါတယ်။ ယောက်ျားတွေနဲ့သာ"

"လင်ငုတ်တုတ်ထားပြီး ဒီပြင် ယောက်ျားတွေနဲ့ လည်ရပတ်ရအောင် ကျွန်မ မကောင်းတာလုပ်တာမှ မဟုတ်ဘဲ"

"မေမေလတ်ကလည်း ဒေါသချည့်ပဲကိုး"

"ဒေါသကြီးတာ မဟုတ်ပါဘူး ကိုနိုင်၊ ကျွန်မ ဒီလောက် အပေါစား ကျလိမ့်မယ်လို့ ရှင်ထင်နေတာကို မခံနိုင်လို့ သိလား ကျွန်မ ပေးတဲ့ စာထဲမှာလည်း ထည့်ရေးပြီးပြီ မဟုတ်လား"

ယခုတိုင်အောင် မေမေလတ်ကသာ ဩဇာသံ၊ အာဏာသံဖြင့် မှန်မှန်ကြီးတင်းနေ၏။ မျက်နှာကိုမော့ ရင်ကိုကော့ပြီး ကြော့ကြော့ထန်ထန် မာန်စရာရှိ မာန်လိုက်မည်ဟု အားခဲ ဖွဲ့တင်း၍ ရောက်လာသော ကိုစိန်နိုင်မှာမူကား ယခင်အသံ၊ ယခင်လေ ယခင်မျက်နှာထားထက် တစ်စက်ကလေးမျှ ထူးခြားတင်းမာလာသည်ကို မတွေ့ရသေး၊ ဤသည်လျှင် စိတ်ဓာတ်အင်အား နှစ်မျိုးနှစ်စား၏ ခြားနားခြင်း ဖြစ်တော့၏။

"ဒီမှာ မေမေလတ်"

"ပြောစရာရှိတာ အကုန်သာပြော ကိုနိုင်၊ တစ်ချ ချန်မထားနဲ့"

ပြောရမည့်စကား နက်နဲပြင်းထန်နေသောကြောင့်လော မသိ ကိုစိန်နိုင်သည် ရုတ်တရက် မထွက်သလို ရှိတော့ကာ အတန်ကြာ နေရာပြင်ထိုင်လိုက်ပြီးမှ–

"ကဲ ကျွန်တော် ရှင်းရှင်းပဲ ပြောတော့မယ်နော်၊ မေမေလတ်ရဲ့ လိုလားချက်တွေဟာ ဘာဆိုတာလဲ ကျွန်တော်သိပြီ၊ မေမေလတ်ရဲ့ စိတ်သဘောထား ဘယ်လိုဆိုတာလဲ အကုန်နားလည်ပြီ၊ မေမေလတ် ပေးစာထဲပါတဲ့အတိုင်းဆိုရင် ဖြည့်စရာလည်း မလိုဘူး၊ နှုတ်စရာလည်း မရှိဘူး"

"အဲဒါ သေချာရဲ့လား ကိုနိုင်၊ စဉ်းစဉ်းစားစားပြော စကားဆိုတာ ကတိလွန်ရင် မကောင်းဘူး၊ နောက်မှ ဘာဘာညာညာ မလုပ်နဲ့ ဒါပဲ"

မေမေလတ်သည် ဦးခေါင်းကလေးငုံ့ပြီး နားစွင့်နေရာမှ မျက်နှာကို မမော်ဘဲ မျက်လွှာကိုသာ လှန်ကြည့်ရင်း ပြောလိုက်သောကြောင့်

"ကျွန်တော် လေးခေါက်တိတိ ဖတ်ကြည့်ပြီးပါပြီ မေမေလတ်၊ ဘာတစ်ခုမှ မလိုက်လျောနိုင်တာကို မတွေ့ရပါဘူး။ ကဲ ကျွန်တော် လိုလားချက်တွေ၊ မကျေနပ်တာတွေကို ပြောမယ် ဟုတ်လား"

ကိုစိန်နိုင် စကားဆုံးသည်နှင့် မေမေလတ်သည် ဆတ်ခနဲ မော်ကြည့်လိုက်၏။ သို့ ဖြတ်ခနဲ ဆတ်ခနဲ မေမေလတ် မော်မော့၍ ကြည့်လိုက်သည်ကိုပင် ကိုစိန်နိုင်မှာ ရွံ့သလို တွန့်သွားသေးတော့၏။

"ပြောပေါ့ ကိုနိုင်၊ ဒါမှလည်း အပေးအယူမျှပြီး တရားသည်းလမ်း ကျတော့မပေါ့"

www.burmeseclassic.com

“ကျွန်တော့်လိုလားချက်ကတော့ မေမေလတ်ဟာ ကျွန်တော်နဲ့ လက်ထပ်ပြီးတာနဲ့ တစ်ပြိုင်နက် အိမ်ရှင်မပီပီ အိမ်ထောင်ထိန်းသိမ်းတတ်ရမယ်၊ ထမင်းဟင်းကအစ ချက်တတ် ရမယ်။ ပြီးတော့”

“နေဦး ခဏ ကျွန်မပြောမယ်၊ မေမေလတ်ဆိုတဲ့ ဟောဒီသူငယ်မဟာ လူမှန်းသူမှန်း သိတဲ့ အရွယ်ကစပြီး ကျောင်းသွားစာကျက်နဲ့ ကြီးပြင်းလာခဲ့ရတယ်။ နောက် ကျောင်းက ထွက်တော့လည်း မေမေ့ကျောင်းမှာ အလုပ်ဆက်လုပ်ရတာမို့ ထမင်းတွေ၊ ဟင်းတွေ ဘယ်ချက်တတ်မှာတုန်း”

“ခု မချက်တတ်သေးရင် သင်ပေါ့၊ ထမင်းချက်၊ ဟင်းချက်သင်တာ ဒီဂရီရအောင် ကျောင်းတက်ရတာလောက် ခဲယဉ်းတာမှ မဟုတ်ဘဲ”

ကိုစိန်နိုင့် အသံမှာ မသိမသာ မာလာ၏။

“တကယ်လို့ တတ်လည်း မတတ်ခဲ့ဘူး၊ နောင် ချက်တတ်ပြုတ်တတ်အောင်လည်း မသင်ချင်ဘူးဆိုတော့ စေ့စပ်ရေး ပျက်သွားဦးမှာလား ဆရာကြီးရဲ့”

“ဒီလောက်တော့ မပြင်းထန်ပါဘူး။ မဲတစ်မဲ လျော့သွားရုံလောက်ပါပဲ”

မေမေလတ်သည် အသံကလေးများ ထွက်အောင်ပင် ဟက်ဟက်ပက်ပက် ရယ်ချလိုက်၏။

“အင်း နောက်ကော ဘာရှိသေးသလဲ”

“လက်ထပ်ပြီးလို့ လင်မယားဖြစ်လာတာနဲ့ တစ်ပြိုင်နက်”

“အမလေးရှင် အသားယူလိုက်တာ”

မေမေလတ်သည် ကိုစိန်နိုင်အား မျက်စောင်းတစ်ချက် ထိုးရင်း တစ်မျိုးသော အမူအရာဖြင့် ပြောလိုက်၏။

“အသားယူတာ မဟုတ်ပါဘူး။ လျှာဦးတည့်ရာ ပြောတာပါ။ ကျွန်တော်နဲ့ မေမေလတ် လက်ထပ်ပြီးတဲ့နောက် ကျွန်တော့်ရောင်းရေးဝယ်တာ ကိစ္စမှာဖြစ်ဖြစ်၊ တစ်ခြား လုပ်ငန်းတစ်ခုခုမှာ ဖြစ်ဖြစ် ဝင်ရောက်စွက်ဖက်ခြင်း၊ ဩဇာလွှမ်းမိုးခြင်း မရှိစေရဘူး။ ဘယ့်နှယ့်လဲ”

မေမေလတ်သည် မျက်မှောင်ကလေးကုပ်၍ ခဏငုံ့ငုံ့ စဉ်းစားနေပြီးမှ…

“နို့ အဲဒီ ကိုနိုင့်လုပ်ငန်းနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာ ကျွန်မရဲ့ အကူအညီ မလိုဘူးလား၊ တောင်းတော့ မတောင်းဘူးလား”

“အကူအညီလိုရင်တော့ တောင်းမယ်လေ”

“အေး ကျွန်မဝင်ပြီး ကူညီရတဲ့ အလုပ်ဆိုရင် စွက်ဖက်ပိုင်ခွင့်လည်း ရှိရမယ်၊ စွက်လည်း စွက်ဖက်မှာပဲ၊ ဒါကို မကျေနပ်ရင် အကူအညီလည်း မတောင်းနဲ့”

ကိုစိန်နိုင် ငိုင်သွား၏။ ထိုင်ထားသော ကိုယ်ကို ရှေ့သို့ အနည်းငယ် ကိုင်းလိုက်ပြီးမှ–

“ဒီလိုရှိတယ်လေ၊ ကျွန်တော်ဆိုင်ဖွင့်တယ် ဆိုပါတော့ အဲဒီအခါမှာ မေမေလတ်က ကူညီပြီး စာရင်းကိုင်ပေး၊ ဝိုင်းရောင်းပေးမယ်ဆိုရင်တော့ စွက်ဖက်ခွင့် ရှိတာပေါ့”

“ကောင်းပြီ၊ နောက်ကော”

“ငွေကြေးသုံးစွဲရေးနဲ့ ပတ်သက်ပြီး မသုံးရင်မဖြစ်တဲ့ ကိစ္စကလွဲလို့ တစ်ခြား အပိုသုံးချင်တဲ့အခါ နှစ်ယောက်စလုံး သဘောတူမှ သုံးစွဲရမယ်”

“ကိုနိုင် သုံးချင်ရင်လည်း ကျွန်မ သဘောတူမှ သုံးခွင့်ရှိတယ် မဟုတ်လား”

www.burmeseclassic.com

"ဟုတ်တယ်၊ နှစ်ယောက်စလုံးက သုံးသင့်တယ်လို့ ဆုံးဖြတ်မှ သုံးရမယ်"

"အင်း၊ ပြီးတော့"

"အို အရေးအကြီးဆုံး ပထမအချက်မှ မေ့ကျန်ခဲ့တယ် မေမေလတ်"

"ဘာများပါလိမ့်"

"ဒီလိုလေ၊ ကျွန်တော်နဲ့ မေမေလတ် လက်ထပ်ပြီးတာနဲ့ တစ်အိမ်တစ်ဆောင် တစ်သီးတစ်ခြား နေချင်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ မြန်မာမှာ လူငယ်တွေ အိမ်ထောင်ကျပြီး ပေမယ့်လည်း မိဘမောင်ဘွား ဦးလေးအဒေါ် စတဲ့ ဆွေမျိုးသားချင်းတွေနဲ့ အတူတူပဲ နေလေ့ရှိတဲ့စနစ်ကို မပျောက်ကြသေးဘူး ကျွန်တော့် အမြင်မှာတော့ အဲဒါ မှားတယ်လို့ ဆိုချင်တယ်"

"ဘယ်လိုကြောင့်လဲ ကိုနိုင်"

မေမေလတ်သည် ကိုစိန်နိုင်စကားတွင် စိတ်ပါဝင်စားသွားသလို ခတ်လောလောကလေး မေးလိုက်၏။

"လူငယ် အိမ်ထောင်သည်တွေဟာ လူကြီးမိဘနဲ့ အတူတူ တစ်အိမ်တည်းနေမိတော့ စိတ်ရောလူရော မလွတ်လပ်ဘူး မယားအပေါ်မှာ လင်က မကျေနပ်တာရှိလို့ ပြောရင်ဖြစ်စေ၊ လင်အပေါ်မှာ မယားက စိတ်တိုင်းမကျလို့ ဆူချင်ကြိမ်းချင်ရင်ဖြစ်စေ ယောက္ခမမိဘရဲ့ မျက်နှာကို ထောက်နေရတော့ မလွတ်လပ်ဘူး"

"အင်း ဒါ မှန်တာပေါ့"

မေမေလတ်က ကြားဖြတ် ထောက်ခံလိုက်၏။

"လူကြီးတွေရှေ့မှာ မပြောရဲ၊ မပြောရက်ရင် ညစျေးတန်းလမ်းလျှောက်ရင်းပြောပေါ့။ ဒီလိုကော မဖြစ်နိုင်ဘူးလား"

"ဖြစ်တော့ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် လူ့စိတ်လူ့သဘာဝဆိုတာ အခက်သားပဲ၊ ခု မကျေနပ်ရင် ခုချက်ချင်း ပြောချင်တာမျိုးလည်း ရှိသေးတာကိုး၊ ပြီးတော့ ညစျေးတန်းလျှောက်ရင်း ပြောပေါ့ဆိုပေမယ့်လည်း တိုးတိုးတိတ်တိတ်သာ ပြောလို့ ဖြစ်တော့မပေါ့၊ လူ့စိတ်ဆိုတာက တစ်ခါတစ်လေ ကိုင်ပေါက်ချင်လောက်အောင် စိတ်ဆိုးပေမယ့် ကုန်းအော်လိုက်ရရင် ကျေနပ်သွားမျိုးလည်း ရှိသေးတယ်။ တစ်ချို့မိဘတွေ သားသမီးကို တစ်တစ်ခွခွ ဆဲတာကြားဖူးမှာပေါ့။ အဲဒါဟာ တစ်ချို့တော့ ပါးစပ်ကိုက ကြမ်းလို့ ဆဲတာဖြစ်တယ်။ အချို့ကတော့ မရိုက်ရက်လို့ ရိုက်မယ့် အစား အဆဲနဲ့ ကျေနပ်လိုက်ကြတာပဲ။ အဲဒီ သဘောမျိုးပေါ့ မေမေလတ်"

မေမေလတ်သည် ခေါင်းတညိတ်ညိတ်ဖြင့် နားစွင့်နေ၏။

"အဲသလို လူငယ်အိမ်ထောင်ရှင်တွေမှာ လူကြီးမိဘနဲ့ တစ်အိမ်ထောင်တည်း မတည့်တာ၊ ချွေးမနဲ့ ယောက္ခမ မသင့်မြတ်တာ၊ ယောက္ခမနဲ့ သားမက် အစေးမကပ်တာ၊ ခဲအို ခယ်မပြဿနာ အစရှိတဲ့ ကိစ္စတွေပဲ။ အဲဒါတွေဟာ လူငယ်အိမ်ထောင်တွေရဲ့ အကြီးဆုံး ဒုက္ခ၊ အဆိုးဆုံး အနှောက်အယှက်တွေပေါ့။ ဒါ့ကြောင့် လူငယ်တွေကို နေရာချပေးထားပြီးတာနဲ့ တစ်ပြိုင်နက် နှစ်ဖက်မိဘတွေက ဘယ်သူ့အိမ်မှာမှ ခေါ်တင်မထားတဲ့ တစ်အိုးတစ်အိမ် သီးသန့် နေထိုင်ခွင့် ပြုဖို့ ကောင်းတယ်"

"ဒါဖြင့် ကိုနိုင်နဲ့ ကျွန်မ လက်ထပ်ပြီးရင်လည်း ဒီအတိုင်း တစ်သီးတစ်ခြား နေချင်တယ် ဆိုပါတော့"

"ဟုတ်တယ်၊ အဲဒီနည်းဟာ အကောင်းဆုံးလို့ ကျွန်တော် ယူဆတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နို့ လူငယ်တွေဆိုတာက နုသေးတော့ ဗဟုသုတအရာမှာ လူကြီးတွေလောက် ကျွမ်းကျင်မှုရှိမှာ မဟုတ်ဘူး။ ဒီတော့ မှားစရာရှိရင် အဖတ်ဆယ်မရအောင် ဖြစ်သွားတယ်မဟုတ်လား။ လူကြီးတွေနဲ့ နေရင် လူကြီးတွေက ဖေးတန်ဖေး ထိန်းတန်ထိန်း ဆိုတော့ ယိမ်းယိမ်းယိုင်ယိုင် မဖြစ်နိုင်ဘူးပေါ့"

"ဒါလည်း မှန်သင့်သလောက် မှန်ပါတယ်၊ နို့ပေမယ့် ကွဲမယ့် လင်မယားဟာ ဘယ်လိုပဲ ထိန်းထိန်း ကွဲတာပါပဲ။ အထူးသဖြင့် လူကြီးမိဘတွေနဲ့ အတူတူ နေရရက်ကနဲ့ ကွဲကြတဲ့ အိမ်ထောင်တွေကို စာရင်းကောက် စစ်ဆေးကြည့်မယ်ဆိုရင် လင်မယားချင်း မကျေနပ်လို့ ကွဲရတာထက် အတူနေမိဘမောင်ဘွားတွေ ခလောက်ဆန်လို့ ကွဲရတာများမှာ အမှန်ပဲလို့ ကျွန်တော့် သူငယ်ချင်း အိမ်ထောင်ရေး သုတေသီတစ်ယောက်က ပြောဖူးတယ်"

"ကဲ အဲဒါကို ကျွန်မ သဘောပေါက်ပါပြီ၊ ဒီပြင်ကော ဘာလိုလားချက်တွေ ရှိသေးသလဲ"

"ကျွန်တော် ကြားဖူးသလောက်ဆိုရင် များသောအားဖြင့် ကျောင်းဆရာ၊ ကျောင်းဆရာမတွေဟာ ဘယ်သူနဲ့တွေ့တွေ့ အမြဲ ဆရာ လုပ်တတ်ကြတယ်တဲ့။ ဘယ်လိုလူကိုမှ တပည့်မခံချင်ကြဘူးတဲ့။ မေမေလတ်လည်း အဲဒီစကားနဲ့ ညီနေတာ တွေ့ရတယ်။ ကျွန်တော့်ကို မေမေလတ် အမြဲ ဆရာလုပ်နေတာပဲ"

မေမေလတ်သည် ကိုယ်ကလေးနွဲ့၍ ခပ်မဲ့မဲ့ ပြုံးလိုက်ပြီးမှ–

"အဲဒါတော့ ကိုယ်ကျွမ်းကျင်တဲ့ ကိစ္စမှာ ကိုယ်က ဆရာဖြစ်ရမယ်လေ၊ ကိုနိုင်ကျွမ်းကျင်တဲ့ အရောင်းအဝယ်မှာဆိုရင် ကျွန်မဟာ တပည့်ပေါ့။ ကိုင်း နောက် ဘာကျန်သေးသလဲ အချိန် သိပ်မရှိတော့ဘူး မြန်မြန်ကလေးပြော"

"ဒါပြင် အသေးအဖွဲ့ကလေးတွေကတော့ ပြောဖို့ မလိုပါဘူး။ အရေးကြီးတဲ့အချက်မှာ ကျေနပ်မှုရရင် ပြီးတာပဲဘဲ။ နောက်ဆုံး တစ်ခု ပြောချင်တာကတော့ လူတစ်ယောက်အနေနဲ့ ကိုယ်ကြိုက်သလို လွတ်လွတ်လပ်လပ် သုံးစွဲနိုင်တဲ့ အခွင့်အရေးကို ဘယ်သူ့ဘယ်သူမှ မချုပ်ချယ်ရဘူး၊ မစွက်ဖက်ရဘူး။ ဥပမာ ဆေးပြင်းလိပ်မသောက်ရဘူးဆိုတဲ့ ကိစ္စမျိုး၊ လင်ဝတ်ဖို့ အဝတ်အစား မယားက ဝယ်ပေးတာ၊ မယားဝတ်ဖို့ ပစ္စည်းကို လင်က ရွေးပေးတာ အဲသလို ဟာတွေ ကင်းရမယ်"

"အင်း ပြီးတော့ကော"

"သိပ်မရှိတော့ပါဘူး၊ ဒီလောက်ထိ ကျေနပ်မှုရမယ်ဆိုရင် လုံလောက်နေပါပြီ"

"ဘာပြောတယ် ကိုနိုင်၊ ကျေနပ်မှုရရင် ဟုတ်လား၊ ကျွန်မက ကိုနိုင် ပြောတာတွေကို ကျေနပ်ပါပြီလို့ ဝန်ခံပြီးပလား"

မေမေလတ် ဤသို့ မေးလိုက်သည်နှင့် ကိုစိန်နိုင် ကြောင်သွားကာ မေမေလတ်အား ယောင်တွေတွေ ငေးကြည့်နေမိ၏။

"ကဲ ကိုနိုင် ရှင်ပြောချင်တာတွေဟာ ဒါပဲလား၊ ဒီပြင်ကော ဘာရှိသေးသလဲ"

"မရှိပါဘူး"

"ကဲ ဒါဖြင့် ပြန်ချင်ရင် ပြန်နိုင်ပြီး ဖေဖေတို့လည်း အိမ်ပေါ် တက်ချင်လာရှာမယ်"

ထိုစကားကို ကြားလိုက်ရသည်နှင့် ကိုစိန်နိုင်မှာ မတုန်မလှုပ်နှင့် ကျောက်ရုပ်ကြီးလို ငြိမ်နေတော့၏။ မေမေလတ်၏

www.burmeseclassic.com

အရာမှာလည်း စောစောကကဲ့သို့ ကြည်ကြည်လင်လင် ဟုတ်တော့ဘဲ ခုံခုံနှင့် တည်နေ၏။

"သုံးရက်မြောက်တဲ့နေ့မှာ တိကျတဲ့ အဖြေပေးမယ်ဆိုတာ ဒါပဲလား မေမေလတ်"

"ဝမ်းနည်းပါတယ် ကိုနိုင်၊ အမှန်ကတော့ ဒီနေ့စကား ပြန်ဖို့ပါပဲ။ အဲလေ နေ့လည်က ကျွန်မ ပေးလိုက်တဲ့ စာက အဓိပ္ပါယ် အရှင်းသား မဟုတ်လား"

မေမေလတ်သည် မျက်လွှာကလေး မှေး၍ ခပ်အေးအေးပင် ဖြေလိုက်၏။

"ဒါဖြင့် ဘာကြောင့် ကျွန်တော့် မကျေနပ်ချက်တွေ၊ လိုလားချက်တွေကို လေကုန်ခံပြီး မေးနေရသေးတော့သလဲ၊ အဲဒါ သက်သက် လူကို အရူးလုပ်တာပဲ။ ဒီမှာ မေမေလတ်။ လူတစ်ဖက်သားကို ဒီထိအောင် စော်ကားတာတော့ တရားလွန်နေပြီ ထင်တယ်"

"ဘုရားရေ ကျွန်မက မေးချင်လွန်းလို့ ခေါ်တာလား၊ ကိုနိုင်က ပြောချင်လွန်းလို့ စောင့်နေတာလား"

"နို့ မေမေလတ် ပြန်ရောက်ရောက်ချင်း ပြောပါလား ဆွေးနွေးစရာ မလိုတော့ဘူးလို့"

"ခြော် ကိုနိုင် နောက်ထပ် ပြောမယ့် စကားထဲမှာ ကျွန်မ ကျေနပ်လောက်တဲ့ အချက်ကလေးများ ပါလေဦးမလားလို့"

"ခု မပါဘူး ဆိုပါတော့လေ ဟုတ်လား၊ ကဲ ကျွန်တော့်ကို နောက်ဆုံးအဖြေကလေးသာ ပေးလိုက်ပါ။ ပြတ်ပြတ်သားသား သိရရင် ကျေနပ်ပါပြီ"

"စဉ်းစားဖို့ အချိန်ကလေးမှ မပေးတော့ဘူးလား ကိုနိုင်"

"ဘာလဲ လူကို အရူးလုပ်ပြီးကာမှ နွားဖြစ်အောင် နှိပ်စက် ဦးမလို့လား"

"သိပ်လည်း ဒေါသမကြီးပါနဲ့လေ၊ ကဲ၊ ကဲ၊ ဒီနေ့ တနင်္ဂနွေနေ့နော်၊ အင်း အင်္ဂါနေ့၊ သန်ဘက်ကာ ထုတ်မယ့် သတင်းစာမှာ စောင့်ကြည့်ပေတော့၊ ကိုယ်သိချင်တဲ့ အဖြေကို ရေရေလည်လည် တိတိကျကျပဲ တွေ့ရလိမ့်မယ် ဟုတ်လား၊ ကျွန်မ ပါးစပ်က ပြောလိုက်တာထက် သတင်းစာမှာ ပါလာတာက ပိုပြီး တရားဝင်မယ်၊ ကဲ ဒါပါပဲ"

မေမေလတ်သည် ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည်နှင့် ကိုစိန်နိုင်သည် မေမေလတ်အား အသံပြဲကြီးနှင့် နှုတ်ဆက်၍ ခြေလှမ်းသွက်သွက်ဖြင့် ထွက်ခွာသွား၏။

ကိုစိန်နိုင် အပေါ်ထပ်မှ ဆင်းသွားသည်နှင့် မေမေလတ်သည် သူ့အိပ်ခန်းထဲသို့ လှမ်းဝင်သွားကာ မှန်တင်ခုံရှေ့တွင် ရပ်လိုက်၏။

ဖရိုဖရဲဖြစ်နေသော ဆံနွယ်ကလေးကို အသာအယာ ပင့်သပ် မ,တင်လိုက်ပြီးမှ လက်ဝဲဘက်ရှိ အံဆွဲသေးသေးကလေးကို ဖွင့်လိုက် ပြန်၏။ နေ့လည်က သူထုတ်ကြည့်သော ကိုမင်းအောင်၏ ဓာတ်ပုံကို ပင် ယုယုယယဆွဲယူပြန်ကာ ခုတင်ဆီသို့ လျှောက်လာပြီး အိပ်ရာ ထက်တွင် ပက်လက်ကလေး လှန်ချလိုက်ရင်း ဓာတ်ပုံကလေးကို စူးစူးစိုက်စိုက် ကြည့်နေပြီးမှ နေ့လည်က ပြုမူခဲ့သည့် နည်းတူ ထိုဓာတ်ပုံကိုပင် သူ့ရင်ခွင်ထဲသို့ မြှုပ်သွင်းဖိကပ်ထားလိုက်ပြန်၏။

◆

www.burmeseclassic.com

(၁၉၅၀–ခုနှစ်၊ အောက်တိုဘာလ ၃၀–ရက်)

ထိုနေ့နံနက်တွင် ကိုစိန်နိုင်သည် ၅–နာရီလောက်ကတည်းက အိပ်ရာမှ နိုးနေ၏။ ဇွတ်မှိတ်၍ ပြန်အိပ်သော်လည်း မရ၊ မမေလတ်၏ ကြော်ငြာချက်ပါမည့် နေ့ဖြစ်သောကြောင့် ကိုစိန်နိုင် စိတ်စောနေဟန်တူ၏။

သို့ဖြင့် အိပ်ရာမှထ၍ မျက်နှာသစ်လိုက်ရတော့၏။ နံနက်တိုင်း ကိုစိန်နိုင်တို့ အခန်းထဲသို့ သတင်းစာ လာပို့သည်မှာ ၇–နာရီနှင့် ၈–နာရီကြား ဖြစ်သောကြောင့် နောက်ထပ် ၂–နာရီ ကျော်ကျော် စောင့်ရဦးမည် ဖြစ်ရာ ထိုသည့် အတောအတွင်း ကိုစိန်နိုင်သည် သူ့စိတ်ကို ထိုက်စွနှင့် ပတ်သက်၍ ဒုက္ခမပေးလိုလှသည်နှင့် ထိုအာရုံကို မည်သို့ ဖျောက်ရမည်သာ တွေးလျက်ရှိ၏။

ချက်ချင်းဆိုသလိုပင် ကိုစိန်နိုင် သတိရလာ၏။ သူတို့ တိုက်သို့ သတင်းစာလာပို့သည့် အချိန်ထက် သတင်းစာ စောစော ရနိုင်သော သိမ်ကြီးဈေး နာရီစင်အောက်ကို သတိရသည်နှင့် တရုတ်တန်း၌လည်း ဆန်ပြုတ်သောက်ရင်း ဆိုသလိုပင် သုတ်ခြေတင်၍ ထွက်လာခဲ့၏။

ကိုစိန်နိုင် ဆိပ်ကမ်းသာလမ်းမှ ထွက်ခဲ့၍ ရွှေဘုံသာလမ်းထိပ် သို့ရောက် လျှင်ပင် အလင်းရောင်ကလေး ပေါ်လာပြီ ဖြစ်လျက် ကိုစိန်နိုင်မှာလည်း နာရီစင်နှင့်နီးလေ ခြေသွက်လာလေဖြင့် ခပ်သုတ်သုတ် လှမ်းလျက်ရှိ၏။

သို့ဖြင့် ကုန်ဈေးတန်းသို့ ရောက်လာခဲ့သည်တွင် သူ့မျက်လုံးများမှာ နာရီစင်၌သာ ငေးစိုက်လာသောကြောင့် လမ်းထိပ်တွင် ရပ်နေသော ကုလားတစ်ယောက်ကိုပင် မမြင်နိုင်တော့ဘဲ အင့်ခနဲ ဝင်တိုက်မိတော့၏။

ချက်ချင်းဆိုသလိုပင် ထိုကုလားနှင့် ကိုစိန်နိုင့် ခြေရင်းတွင် အင်္ဂလိပ်–မြန်မာ သတင်းစာများ အဖွေးသား ပြန့်ကြဲသွားတော့၏။ ဤတွင်မှ ကိုစိန်နိုင်လည်း သူတိုက်မိသော ကုလားမှာ သတင်းစာ ရောင်းသော ကုလားဖြစ်နေသည်ကို တွေ့ရသောကြောင့် အတော်ကလေး ဝမ်းသာသွားကာ မှာမှာသလဲပင် သတင်းစာ တစ်စောင် ကုန်းကောက်၍ ကုလားကိုလည်း တစ်ကျပ်တန်တစ်ရွက် လှမ်းပေးလိုက်၏။

ကိုစိန်နိုင်လည်း သူ့လက်ထဲရောက်နေသော သတင်းစာကို တစ်ရွက်ပြီးတစ်ရွက် လှန်၍ ရှာပါသော်လည်း စာမျက်နှာသာ ကုန်သွားလျက် မမေလတ်၏ ကြော်ငြာချက်ကို မတွေ့ရသောကြောင့်–

“ဒီကုလားနဲ့ တိုက်မိကတည်းက နိမိတ် ဘယ်ကောင်းတော့မလဲ ထွီ”

ဤသို့လျှင် မဆီမဆိုင် ရေရွတ်လိုက်သေးတော့၏။ သတင်းစာ ကုလားမှာလည်း လက်ထဲမှ လွတ်ကျသွားသဖြင့် ဖရိုဖရဲ ဖြစ်နေသော သတင်းစာများကို ပြန်၍ စီနေရသောကြောင့် ကိုစိန်နိုင်၏ တစ်ကျပ်တန်ကို ပြန်အမ်းရန် အချိန်မရရှာသေး–

“သူကြော်ငြာရင်တော့ ဒီသတင်းစာကို အမိက ထား၍ ကြော်ငြာမှာပဲ၊ ငါများ မျက်စေ့ ရှမ်းလို့လား”ဟု စိတ်ထဲမှ ရေရွတ်ရင်း ခပ်မှန်မှန် လှန်၍ ရှာနေပြန်၏။ အတန်ကြာသော ကိုစိန်နိုင် မျက်လုံးများသည် စတုတ္ထစာမျက်နှာ တတိယကော်လံ၏ အောက်ပိုင်းတွင် စူးစူးစိုက်စိုက်ကြည့်ကာ ရုတ်တရက် ငြိမ်သွားတော့၏။

www.burmeseclassic.com

## (စေ့စပ်ရေး ပြဿနာ)

ဤသတင်းစာတွင် (10-7-50)နေ့မှစ၍ ဖော်ပြပါရှိခဲ့သော ကျွန်မ မေမေလတ် (B.A.) နှင့် ရတနာဘုမ္မိပိုးထည်တိုက် မန်နေဂျာ ကိုစိန်နိုင်တို့၏ စေ့စပ်ကြောင်းလမ်းခြင်း သတင်းနှင့် ပတ်သက်၍ ကျွန်မ မေမေလတ်သည် (12-7-50) -နေ့အထိ ဖြေရှင်းချက်တစ်ရပ် ထည့်သွင်းခဲ့ပါသည်။ ထိုဖြေရှင်းချက် အတိုချုပ်မှာ ကျွန်မ မေမေလတ်က ထိုစေ့စပ်ကြောင်းလမ်းခြင်းကို လက်ခံ သဘောတူသည်ဟူ၍ ထပ်မံကြေငြာခြင်း မပြုသေးသမျှ ထိုစေ့စပ်ရေးမှာ အတည်ဖြစ်လိမ့်မည် မဟုတ်ကြောင်း။ တစ်နည်းအားဖြင့် ကိုစိန်နိုင်နှင့် ကျွန်မ ဧကန်ဧက လက်ထပ်ကြတော့မည်ဟု မယူဆကြစေလိုကြောင်း စသည်ပင် ဖြစ်ပါသည်။ ယခုသော် ပေါင်းရမည့် လူငယ်ချင်းဖြစ်သော ကိုစိန်နိုင်နှင့် ကျွန်မတို့မှာ တစ်ဦးနှင့်တစ်ဦး မျှတသော ကျေနပ်မှုရရှိပြီး ဖြစ်ပါသောကြောင့် မူလ ကြေငြာချက်ကို ရုပ်သိမ်း၍ မိဘများ ထည့်သွင်းဖော်ပြသော (စေ့စပ်ကြောင်းလမ်းခြင်း)သတင်းကို ကျွန်မ မေမေလတ်ကိုယ်တိုင် လက်မှတ်ထိုး ကြေငြာ၍ အတည်ပြုလက်ခံလိုက်ပြီ ဖြစ်ကြောင်း အားလုံးသော မိတ်ဆွေအပေါင်းတို့အား သိစေအပ်ပါသည်။

*မေမေလတ်- ဘီအေ* (31-10-50)

BURMESE CLASSIC

ထိုကြေငြာချက်ကို ဖတ်၍ ဆုံးသည်နှင့် တစ်စုံတစ်ယော
ပခုံးကို တို့လိုက်သည်နှင့် လှည့်ကြည့်လိုက်သည်တွင် တစ်ကျပ်
ယူထားသော သတင်းစာကုလားက အကြွေ ပြန်အမ်းရန် လက်
လိုက်ခြင်း ဖြစ်သည်ကို တွေ့ရသောကြောင့် ကိုစိန်နိုင်လည်
ကုလားလှမ်းပေးသော ပိုက်ဆံကို လက်ခံယူခြင်းမပြုတော့ဘဲ
"ဟေ့ မင်းနဲ့ တိုက်မိတာ လာဘ်ကောင်းတယ်ကွ၊ အဲဒီပိုက်ဆံ မင်းယူတော့၊ လက်ဖက်ရည်ဝယ်သောက်"

ကိုစိန်နိုင်လည်း ပြောပြောဆိုဆို သတင်းစာကို တရိုတသေ ခေါက်၍ အနောက်ဖက်သို့ ဆန်ပြုတ်သောက်ရန် ထွက်ခွာသွားလေတော့၏။

**သာဓု**

www.burmeseclassic.com